ဝင်းမော်ဦး

စာပေ

အမှတ် ၅၀၁ ကုန်သည်လမ်း ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် ၁၁၇၄
အဖုံးခွင့်ပြုချက်အမှတ် – – ១၇၄

၁၉၇၀–ခု စက်တင်ဘာလ
ပထမအကြိမ်

တန်ဖိုး–၉ကျပ်

အဖုံး–ကာလာမေ်ာင်ဝင်း

အုပ်ရေ–၂၀၀၀

ထုတ်ဝေသူ
ဦးတင်မောင်(၀၂၂၃) ဝင်းမော်ဦး စာပေ၊ အမှတ် ၅၀၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးခင်ဝင်း၊(၀၁၄၁၅) သူရိန် ပုံနှိပ်တိုက်၊ အမှတ်-၁၃၊ ဝတ်ကျောင်းလမ်း၊ ရေကျော် ရန်ကုန်မြို့။

၁၄၅၀၀

# ပုဂံ

## နှင့်

# ပုထိုးတော်ကြီးများ

ပထမကျော် - ဦးအေးကျော်
မန်းမစိုးရိမ်ပါဠိတက္ကသိုလ်ကထိကဟောင်း
မန်းတက္ကသိုလ် မြန်မာစာနည်းပြ

ရတနာသုံးပါး

ကျေးဇူးရှင် မိဘဆရာတို့အား

ဗုဒ္ဓနှင့် ပုဏ္ဏားတော်ကြီးများ

ဤကျမ်းစာဖြင့်

ကန်တော့ပန်း ဆင်ပါသည်။

အေးကျော်-ပထမပြန်

၃-၆-၇၉

## စာရေးသူ

ဖက်ပင်အိုင် ဆရာတော်၊ မစိုးရိမ် ဆရာတော်၊ ရွှေရေးဆောင် ဆရာတော် တို့သည် စာရေးသူ၏ တသက်တာတွင် မေ့မရသော ကျေးဇူးရှင်ကြီးများ ဖြစ်သည်။

စာရေးသူအား စေတီယင်္ဂဏ စာသင်တန်း (ပထမ) သကျသီဟ စာချတန်း၊ အစိုးရစာချတန်းတို့၌ ဂုဏ်ထူးပန်းတွေနှင့် ဝေဝေကြီး ပန်ဆင်ပေးခဲ့ကြသည်။

မစိုးရိမ်သည် သာသနာတွင် အကျော်။ မန်း-မစိုးရိမ်တွင် ပါဠိတက္ကသိုလ် ကထိကအဖြစ်

နှစ်နှစ်တိုင်တိုင် အောင်အောင်မြင်မြင်နှင့် သာသနာ့ဝန်ကို ထမ်းဆောင်ခွင့် ရခဲ့သည်မှာလည်း ကျေးဇူးရှင်ကြီးများ၏ ကျေးဇူးပင်။

မြင်းခြံခရိုင် ဖက်ပင်အိုင်ရွာ ပိဋ္ဋသတ္တာယ ပါရဂူ ဗေဒတ္တာယဝိညူ (ကျမ်းပြု) ဖက်ပင်အိုင် ဆရာတော်ကြီးသည် မွေးဖေ ဦးပု၊ မွေးမေ ဒေါ်မင်းကလေးတို့နှင့် တူဦးရိုး တော်သည်၊' စာရေးသူ နှင့်မူ အဘိုး။

စာရေးသူသည် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၊ ပုဂံကုန်းတက္ကသိုလ်၊ သျှန် တက္ကသိုလ်၊ နေပြည်တော်၊ ပညာ့ဗိမာန်၊ လူငယ့်ရေးရာနှင့် ကျူရှင်ကျောင်း များစွာတို့၌ ဘဝခရီး ဆက်သည်။ မြန်မာစာနည်းပြအဖြစ် အနှစ် နှစ်ဆယ် နီးပါး လုပ်ရှားခဲ့သည်။

[တက္ကသိုလ် ကျောင်းသားထုက "ပန်းတွင် ကံ့ကော်–မှန်းတွင်ဘေးကျော်"တဲ့ ဤအတိုင်း အတာထိ စာရေးသူ ကြိုးစားခဲ့သည်။]

ယနေ့ ၁၉၇၉–ခု။

ယခု အသက် ၄၉ နှစ်။

လက်ကျန် ခရီးကိုမူ "ဗုဒ္ဓစာပေ"၌သာ ဘဝကိုမြှုပ်နှံရန် စာရေးသူ သန္နိဋ္ဌာန် ချပြီး။ သို့ဖြင့် ဓမ္မမိတ်ဆွေတို့အား ဗွေဆောင်ဦးအနေ ဝေခဲ့သည်မှာ ဤ "ဗုဒ္ဓနှင့်ပုဏ္ဏားတော်ကြီးများ" စာ။ ။

# မာတိကာ


| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | စကားပလ္လင် | .... | .... | ၁ |
| ၁ | ဝေလာမပုဏ္ဏား | .... | .... | |
| | ဒါန သီလ ဘာဝနာ | .... | .... | ၇ |
| ၂ | ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏား | | | |
| | အလုပ်ခွင် ကျင့်စဉ် | .... | .... | ၁၉ |
| ၃ | ဗြဟ္မာယုပုဏ္ဏား | | | |
| | ဗုဒ္ဓ ပုံတော် | .... | .... | ၂၇ |
| ၄ | လောကာယတိက ပုဏ္ဏား | | | |
| | လောက အပြင်ဘက် ရောက်နေသူများ | | | ၅၅ |
| ၅ | သုဘ ပုဏ္ဏား | | | |
| | မတူညီတဲ့ လူ့ပြည် | .... | .... | ၆၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | နာဂရ ဂိန္ဒရွာက ပုဏ္ဏား သူကြွယ် ရှိခိုးခံထိုက်သူ .... .... | ၇၁ |
| ၇ | သင်္ဂါရဝ ပုဏ္ဏား ဉာဏ်အမြင် ကြည်လင်ဖို့ .... | ၇၆ |
| ၈ | ပေါက္ခရသာတိ ပုဏ္ဏား ဝိဇ္ဇာ နှင့် စရဏ .... .... | ၈၅ |
| ၉ | ဝဿကာရ ပုဏ္ဏား အောင်နိုင်ရေး လမ်းညွှန် .... | ၁၁၁ |
| ၁၀ | မနုဿနိ ပုဏ္ဏား ဗြာဟ္မပြည် ရောက်လိုသလား .... | ၁၂၁ |
| ၁၁ | ဝါသေဋ္ဌ နှင့် ဘာရဒွါဇ ပုဏ္ဏား ဗြာဟ္မာကို လေ့လာလျှင် .... | ၁၃၃ |
| ၁၂ | စင်္ကီ ပုဏ္ဏား မင်္ဂဖိုလ်လှေကား .... .... | ၁၄၅ |
| ၁၃ | ဇာဏုဿောဏိ ပုဏ္ဏား အမျှဝေက တကယ်ရ .... .... | ၁၆၃ |
| ၁၄ | ဝေရဉ္ဇ ပုဏ္ဏား အကြီးဆုံးလူ .... .... | ၁၇၇ |
| ၁၅ | လောဟိစ္စ ပုဏ္ဏား တရားနာလို တရားပြလိုလျှင် .... | ၁၈၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆ | သောဏဒဏ္ဍ ပုဏ္ဏား | |
| | ပုဏ္ဏား ဆိုတာ .... .... | ၂၀၅ |
| ၁၇ | ဥဇ္ဇယ ပုဏ္ဏား | |
| | သမ္ပဒါ ရှစ်ပါး .... — | ၂၅၆ |
| ၁၈ | ဝေဠုဒွါရ ရွာသား ပုဏ္ဏားများ | |
| | သူတော်တရား ခုနစ်ပါး .... | ၂၆၇ |
| ၁၉ | ဂေါပက မောဂ္ဂလာန် ပုဏ္ဏား | |
| | ကြည်ညိုဖွယ် ဆယ်ပါး .... | ၂၇၄ |
| ၂၀ | ဥဏ္ဏာဘ ပုဏ္ဏား | |
| | နိဗ္ဗာန်နောက် ဘာမှမရှိ .... | ၂၈၅ |

# ဗုဒ္ဓနှင့် ပုဏ္ဏားတော်ကြီးများ

## စကားပလ္လင်

မင်းမျိုး အထက်တန်း ကျသောခေတ်၌ အလောင်းတော်ကြီးတို့သည် မင်းမျိုး၌ သန္ဓေယူကြသည်။ မင်းမျိုးမှသာ 'ဗုဒ္ဓ' ဖြစ်သည်။

ပုဏ္ဏားမျိုး အထက်တန်း ကျသောခေတ်၌ အလောင်းတော်ကြီးတို့သည် ပုဏ္ဏားမျိုး၌ သန္ဓေယူကြသည်။ ပုဏ္ဏားမျိုးမှသာ 'ဗုဒ္ဓ' ဖြစ်သည်။

ဗုဒ္ဓလက်ထက်တော်က တာရုက္ခပုဏ္ဏား၊ တောဒေယျပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ စင်္ကီပုဏ္ဏား၊ ဇာဏုသောဏိ ပုဏ္ဏား၊ ဝေရဉ္စ ပုဏ္ဏား။ ထိုထို ပုဏ္ဏားတော်ကြီး တို့ကား၊ ချမ်းသာကြီးသည်။ စည်းစိမ်ဥစ္စာပေါသည်။ အခြွေရံများသည်။ ကိုယ်အား ဉာဏ်အား ကောင်းသည်။ သက်တော်ရှည်ကြီးများ ဖြစ်သည့်အပြင် ပရိဗိုဇ်အစိအစဉ် ဗေဒင်အတတ်၌လည်း တဘက်

ကမ်းခတ်။ သီလနှင့် သမာဓိနှင့် ပညာနှင့် ရည်မွန် မြင့်ကြသည်။

လူငယ် လူရွယ်ပိုင်းကို ကြည့်လျှင်လည်း ဥတ္တရ လုလင်၊ အမ္ဗဋ္ဌ လုလင်၊ ဝါသေဋ္ဌလုလင်၊ ကာပဋိကလုလင်၊ သုဘလုလင် ထိုလုလင်ပုဏ္ဏားတို့ကား တောက်မည့်မီးခဲ တရဲရဲများ။

အဘိဓာန်ပိုင်သည်။ အလင်္ကာပိုင်သည်။ သဒ္ဒါပိုင်သည်။သာမ ဣရု ယဇု ဗေဒင်သုံးပုံခွင်၌ ပြိုင်ဘက်မမြင်။ ထိုပြင် ဣတိဟာ သကျမ်း၊ လောကာယတကျမ်း၊ မဟာပုရိသ လက္ခဏာကျမ်း။ ကျမ်းပဒေသာတို့၌လည်း ယှဉ်ဘက် မထင်။ သူ့ အရွယ်နှင့် အစွယ်နှင့် ထယ်ကြ ထက်ကြသည်။

"ဗုဒ္ဓနှင့်ပုဏ္ဏားတော်ကြီးများ" ဤကျမ်းစာသည် ဗုဒ္ဓခေတ်က ပုဏ္ဏားတို့အကြောင်းကို တစေ့တစောင်း လေ့လာသည်။ သူတို့ဘာဝ သူတို့ဆန္ဒ သူတို့အစွဲ သူတို့အမြင် သူတို့စွမ်းအင်နှင့် ဘာသာရေးရာတို့ကို စိတ်ဖြာသည်။ သုံးသပ်ထားသည့် ကျမ်းစာဖြစ်သည်။

တနည်းဆိုရသော် ဗုဒ္ဓကို ကြည်ညိုကြသည့် ပရိသတ်တို့တွင် ပုဏ္ဏားပရိသတ်ကြီးက အင်နှင့်အားနှင့် ရှေ့ဆုံးမှ ပါဝင်နေကြောင်း သရုပ်ပြချက်ဖြစ်သည်။

ပုဏ္ဏား။ ပုဏ္ဏားဟူသော စကားလုံး၏ဇာစ်မြစ်ကို စိစစ်လျှင် ပါဠိသဘောသို့ မလိုက်။ ဝေါဟာရအဆင့်ဆင့် ပြောင်းလဲကာ မြန်မာတို့ ခေါ်ဝေါ်ခဲ့ကြောင်း တွေ့ရမည်။

ဗြာဟ္မဏ–သည် ပုဏ္ဏား။

သရေခေတ္တရာပြည်မှို ကောင်းစားစဉ်က ဗြာဟ္မဏကို [ဂဝံပတိ]ဟုခေါ်သည်။ ထိုခေတ် ဗြာဟ္မဏတို့သည် နွားမွေးခြင်းဖြင့် ဝမ်းကျောင်းကြသည်က များသည့်အတွက် ပါဠိလို ဂဝံပတိ၊ မြန်မာလို နွားပိုင်ရှင်ဟု တွင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ပုဏ္ဏားဟော ပါဠိအဘိဓာန်တွင် ဂဝံပတိ မပါ။ မဂဓအဘိဓာန်၌–

၁။ ဗြဟ္မဗန္ဓု
၂။ ဒွိဇ
၃။ ဝိပ္ပ
၄။ ဗြဟ္မ
၅။ ဘောဝါဒီ
၆။ ဗြာဟ္မဏ…ဟု ခြောက်မျိုးသာ ပြသည်။

သို့ကြောင့် ဂဝံပတိသည် မြန်မာတို့က မျက်မြင်အကြောင်းကို ကြည့်၍ မှည့်ခေါ် ပြောဆိုသော ပါဠိစကားဟုသာ မှတ်သားရသည်။

နောက် ပုဂံခေတ်သို့ ရောက်သောအခါ ဂဝံပတိဟု မခေါ်ကြတော့ပဲ[ဟူးရားသမား]ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ဟူးရား ဟူသည် နက္ခတ်ဗေဒင်ကျမ်း။
ဟူးရား ဟူသည် နက္ခတ်ဗေဒင်တတ်သူ။
ဟူးရားဖြူ–ဟူးရားညိုဟု နှစ်မျိုး ရှိသည့်အနက်–

ဗေဒင်တတ်သော ပုဏ္ဏားကို ဟူးရားဖြူ။ ပုဏ္ဏားမဟုတ်ပဲ ဗေဒင်တတ်သူကို ဟူးရားညို။ ဤသို့ ထပ်ဆင့်ခဲ့ကြသည်။

နောက် ပင်းယခေတ်သို့ရောက်သောအခါ ဟူးရားသမားဟု မခေါ်ကြတော့ပဲ [ပုဏ္ဏား]ဟု ပြောင်းလဲ ခေါ်ခဲ့ကြသည်မှာ ယနေ့တိုင်။

အကြောင်းမှာ ဗေဒင်တတ်သူ ဟိန္ဒူလူမျိုးတို့သည် များသောအားဖြင့် အိန္ဒိယပြည် "ပုနားမြို့မှ" ပင်းယမြို့သို့ လာခဲ့ကြသည်။ မူလ ထိုပုနားမြို့ကို စွဲ၍ [ပုနား–ပုနား]ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

နောင် ပုနား-ပုနားဟု ပြောဖန်များသောအခါ ထိုပုနားမှ စကား ရွေ့လျောကာ ပုဏ္ဏားဟု ဖြစ်လာကြောင်း ဆရာစဉ်ဆက်တို့ မိန့်ကြသည်။

ပုဏ္ဏားတော်ကြီးတို့သည် ဗုဒ္ဓဝါဒီများဖြစ်သည်။ ရှေးကံကြီးသည်။ ဆုတောင်းကောင်းသည်။ ဗုဒ္ဓနှင့် တွေ့ရဖို့မလွယ် ဓမ္မ–နာရဖို့မလွယ်။ အရိယာသံဃာတော် ဖူးမြော်ရဖို့မလွယ် ထိုထိုဒုလ္လဘတို့ကို သူတို့ ရပိုင်ခဲ့ကြသည်။

သူတို့ခေါင်းမှာ သရဏဂုံ ဦးစိုက်ပန်းနှင့်။ သူတို့ကိုယ်မှာ သီလနံ့သာနှင့်။ တင့်ကြသည်။ ဝင့်ကြသည်။ ပေါက္ခရသာတိ ပုဏ္ဏား၊ ကူဋဒန္တပုဏ္ဏားတို့၌ သောတာပတ္တိမဂ်ဉာဏ်ပင် ဆိုက်ခဲ့သည်။ လူ့ဘဝ အရ တော်ကြပါပေစွ။

"ဗုဒ္ဓနှင့်ပုဏ္ဏားတော်ကြီးများ" ဤကျမ်းစာတွင် ခြင်းရာ နှစ်ဆယ် ပါဝင်သည်။ လောကီရေးရာ လောကုတ္တရာ ရေးရာ သုတ အဖြာဖြာကို ပေးအပ်ထားသည်။

လူသားတို့၌ တူညီသော အမှတ်အသားတရပ်မှာ မသိသေးသောအရာကို သိလိုခြင်း။

ဒါနနှင့်သီလ ဘာက မြတ်ပါလိမ့်။

ဝိဇ္ဇာနှင့်စရဏ ဘယ်လို ကွာဟ ပါလိမ့်။

ဗြဟ္မာဖြစ်အောင် ဘယ်တရား ပွားရပါလိမ့်။

လူသားအချင်းချင်း ဘာ့ကြောင့် မတူကြပါလိမ့်။

အောင်နိုင်စေရန် ဘယ်ဗျူဟာကို သုံးရပါလိမ့်။

ဉာဏ်ကြည်လင်အောင် ဘယ် အရာကို သုတ်သင်ရပါလိမ့်။

မင်္ဂလာ ဖိုလ်ဆိုက်အောင် ဘယ်လို ကျင့်ဆောင်ရပါလိမ့်။

ထိုထိုအရာတို့၌ လူသားတိုင်းမှာ သံသယ။ ဖုံးနေသည်။ ထစ်နေသည်။ မပြေပြစ်သဖြင့် စိတ်ထဲ လိပ်ခဲဘည်းလည်း။ ဗုဒ္ဓဝါဒီ ပုဏ္ဏားတော်ကြီးတို့က ဗုဒ္ဓအား ရှင်းပြစေခဲ့သည်။

သို့ကြောင့် ထိုပုဏ္ဏားတော်ကြီးတို့ကို အတိုင်းမသိ ကျေးဇူးတင်ရသည်။ "လူသားတရပ်လုံးကို ကိုယ်စားမူထားသည့် ပုဏ္ဏားတော်ကြီးများ" ဟု စာရေးသူက ဖော်ကျူးရပါသည်။

ပုထုဇဉ်ဟူသည် ဉာဏ်အမြင် မစင်သေးသူ။

ဒေဝဒတ်လည်းမှားသည်။ အဇာတသတ်လည်း မှားသည်။ ပေါရိသာဒလည်း မှားသည်။ ဉာဏ်အမြင်မ စင်သေးသမျှအမှား သံသရာမှာ ချာချာလည်နေကြမည်သာ။

နူနူငယ်ငယ်အရွယ်မှာ ပို၍ မှားတတ်မြဲ။ အမ္ဗဋ္ဌလုလင်၊ ဏာပဋ္ဌိကလုလင်တို့သည် ဗုဒ္ဓနှင့်မတွေ့မီက အမှားမြင်ခဲ့သော်ငြား ဗုဒ္ဓ၏ ဒေသနာ နာကြားရသောအခါ မိမိတို့အမှားကို ပြင်ခဲ့သည်။ သူတော်စင်ဟူသည် အမှားပြင်သူ။

ပိင်္ဂါယာနီ ပုဏ္ဏားသည် ဗုဒ္ဓကို အလွန်ကြည်ညိုသည်။ ဗုဒ္ဓထံ မပြတ်ဆည်းကပ်သည်။ တနေ့တွင် ကျောင်းတော်မှအပြန်လမ်း ခွတ်လတ်၌ လိစ္ဆဝီမင်းသား ငါးရာတို့ကို တွေ့သည်။

အမောင်တို့။ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့်ရှင် နေမင်းကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်တော်မူလှသော ဗုဒ္ဓကို ငါဖူးခဲ့ပြီ။ အမောင်တို့လည်း သွားဖူးချေကြ။ ဤသို့ ပိင်္ဂယာနီ ပုဏ္ဏားက တိုက်တွန်းသည်။ သူတော်စင်ဟူသည် ကုသိုလ်ကို တယောက်ထဲ မယူ။ သူသူငါငါအား ဝေငှဖြန့်ချီတတ်သူ။

အလိမ္မာ စာမှာ ရှိပါသည်။

"ဗုဒ္ဓနှင့် ပုဏ္ဏားတော်ကြီးများ" ဤကျမ်းစာသည် ဒီဃနိကာယ်မှဖြစ်သည်။ သံယုတ္တနိကာယ်မှဖြစ်သည်။ အင်္ဂုတ္တရနိကာယ်မှ ဖြစ်သည်။ "ပုဏ္ဏားတော်ကြီးတို့အမေး။ ဗုဒ္ဓ—အဖြေ"။

ဤနိကာယ် ဤကျမ်းစာတွင် အလိမ္မာတွေ များစွာ ပါဝင်ပါသည်။ ထိုအလိမ္မာတရားတို့ကို ပန်ကာအောက် သိမ်းမထားပဲ လက်တွေ့ဘဝတွင် တွင်တွင်ကြီး အသုံးချ နိုင်ကြပါစေ။ ပုဏ္ဏားတော်ကြီးတို့လို ပညာမျက်စိ အမြင်ရှိအောင် ကျင့်ဆောင် နိုင်ကြပါစေဟု စာရေးသူက ဆန္ဒမူရပါကြောင်း။

ပထမကျော်—ဦးအေးကျော်

# (၁)

## ဝေလာမ ပုဏ္ဏား

### ဒါန သီလ ဘာဝနာ

တချိန်။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ ဗုဒ္ဓ သီတင်းသုံးသည်။

ကျောင်းဒကာ အနာထပိဏ်သဌေး ဗုဒ္ဓအနီးမှာ ရှိသည်။ "ဒကာ အနာထပိဏ် သင့် အိမ်မှာ အလှူများ ပေးလှူပါရဲ့လား" ဗုဒ္ဓက မေးသည်။

"ပေးလှူပါတယ် ဗုဒ္ဓ။ ပအုံးရည်နဲ့ ဆန်ကွဲထမင်း အမြဲ ပေးလှူနေကျ ဖြစ်ပါတယ်" သဌေးက ပြန်လျှောက်သည်။

ဒကာ-အကောင်း-အဆိုးက ပမာနမဟုတ်။ ပေးလှူတဲ့ အခါ မရှိမသေ လှူမှု၊ စိတ်မပါပဲလှူမှု၊ ကိုယ်တိုင် ကိုယ်ကျ မလှူမှု၊ လွှင့်ပစ်သလို လှူမှု၊ ကံ ကံ၏အကျိုး မယုံ ကြည် လှူမှု အဲဒီအလှူ၏ အကျိုးမျိုးက မဖွံ့ဖြိုး။ ဖြစ်ရာ ဘဝတိုင်း အစာ ညံ့ညံ့၊ အဝတ် ညံ့ညံ့၊ ယာဉ်ညံ့ညံ့၊ ကာမဂုဏ် ညံ့ညံ့သာ ရမည်။ သား မယား ကျေး ကျွန် တို့အပေါ်လည်း သြဇာမညောင်း ဖြစ်တတ်သည်။

ဒကာ-ပေးလှူတဲ့အခါ အကောင်းကို ဖြစ်ဖြစ်၊ အဆိုးကို ဖြစ် ဖြစ်။ ရှိရှိသေသေ လှူ။ စိတ်ပါလက်ပါ လှူ။ ကိုယ် တိုင် ကိုယ်ကျ လှူ၊ ကံ ကံ၏ အကျိုး ယုံယုံကြည်ကြည် လှူ။ ထိုအလှူ၏ အကျိုးမျိုးက ဖွံ့ဖြိုးသည်။ ဖြစ်ရာဘဝတိုင်း အစား၊ အဝတ်၊ ယာဉ်၊ အကောင်း ချည်း ရသည်။ ကာမစည်းစိမ် အထက်တန်းကျကျ စံ စားရသည်။ သားမယား ကျေးကျွန် စသူတို့အပေါ် လည်း သြဇာညောင်းသည်။

ဒကာ- ရှေးရှေးက ဝေလာမ ပုဏ္ဏား၏ ဒါနကို ပြောမည်။ ဝေလာမ၏ ဒါနက ကြီးကျယ်ပါဘိ။
ငွေတွေ အပြည့် ထည့်ထားသည့် ရွှေခွက် ရှစ်သောင်း လေးထောင်။
ရွှေတွေ အပြည့် ထည့်ထားသည့် ငွေခွက် ရှစ်သောင်း လေးထောင်။

ရတနာခုနစ်ပါး အပြည့်ထည့် ထားသည့် ကြေးခွက် ရှစ်သောင်း လေးထောင်။

ရွှေတံခွန်၊ ရွှေကွန်ရက်၊ ရွှေတန်ဆာတွေ ဖုံးလွှမ်းထား သည့် ဆင် ရှစ်သောင်းလေးထောင်။

ရွှေတံခွန်၊ ရွှေကွန်ရက်၊ ရွှေတန်ဆာတွေ ဖုံးလွှမ်းထားရုံ မက ခြင်္သေ့ရေ၊ သစ်ရေ၊ ကျားရေ၊ ပဏ္ဍုကမ္ဗလာတွေ ခြုံရုံထားသည့် ရထား ရှစ်သောင်းလေးထောင်။

ဘွဲ့ဖြူပုဆိုးခင်း၊ ငွေ နို့ရည်ခံခွက် ရှိသည့် နွားမ ရှစ် သောင်းလေးထောင်။

ပတ္တမြား နားတောင်းဝတ် အမျိုးသမီးပေါင်း ရှစ် သောင်းလေးထောင်။

မွေးရှည် ကော်ဇောကြီး၊ သားမွေးဖြူ အခင်း၊ ပန်း ပြောက်ခြယ် သားမွေး အခင်းတွေ ခင်းထားသည့် အပြင် စံပိုင့်ရေအခင်းမြတ်၊ နီသော မျက်နှာကြက်နှင့် အုန်းနီနှစ်ဘက်ရှိ ပလ္လင် ရှစ်သောင်းလေးထောင်။

သိမ်မွေ့နူးညံ့သော ခေါမပုဆိုး၊ ပိုးချည် အဝတ်၊ ဝါချည်အဝတ် ကုဋေရှစ်သောင်းလေးထောင်။

မြားမြောင်လှသည့် ပစ္စည်းတို့ကို ဝေလာမ ပုဏ္ဏား ကြီး ပေးခဲ့ လှူခဲ့သည်။

ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်၊ အစား အသောက်တို့ကလည်း များလှပါဘိ။ ဆိုစရာမရှိ။ မြစ် ရေစီး၏။

ဒကာ- ဝေလာမ ပုဏ္ဏားဟူသည် အခြားအခြား သူများဟု အမှတ် မမှားလေနဲ့။ ငါဘုရားလောင်းပင်။

ဒကာ- ထိုအလှူကို ခံယူထိုက်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ခဲ့။ မည်သူမျှ မသုတ်သင်နိုင်ခဲ့

ဒကာ- ငါဝေလာမ ပုဏ္ဏားသည် ကြီးကျယ်သော အလှူကို ပြုသည်။ အခြားတစ်ယောက်က အယူဝါဒ ပြည့်စုံသည့် သောတာပန်တစ်ပါးကို လှူသည်။ထိုနှစ်မျိုးတွင် သောတာပန် တစ်ပါးကို လှူရခြင်းက မြတ်သည်။

ဒကာ-တစ်ယောက်က သောတာပန်တစ်ရာကိုလှူသည်။ အခြားတစ်ယောက်က သကဒါဂါမ်တပါးကို လှူသည်။ သူတို့နှစ်ဦးတွင် သကဒါဂါမ်ကို လှူသူက မြတ်သည်။

ဒကာ- တစ်ယောက်က သကဒါဂါမ်တစ်ရာကိုလှူသည်။ အခြားတစ်ယောက်က အနာဂါမ် တစ်ပါးကို လှူသည်။ အနာဂါမ် တစ်ပါးကို လှူသူက မြတ်သည်။

ဒကာ-တစ်ယောက်က အနာဂါမ်တစ်ရာကို လှူသည်။ အခြားတစ်ယောက်က ရဟန္တာ တစ်ပါးကို လှူသည်။သူတို့နှစ်ဦးတွင်လည်း ရဟန္တာတစ်ပါးကို လှူသူက မြတ်သည်။

ဒကာ- တစ်ယောက်က ရဟန္တာတစ်ရာကို လှူသည်။ အခြားတစ်ယောက်က ပစ္စေကဗုဒ္ဓါတစ်ပါးကို လှူသည်။သူတို့နှစ်ဦးတွင်လည်း ပစ္စေကဗုဒ္ဓါ တစ်ပါးကို လှူသူကမြတ်သည်။

ဒကာ-တစ်ယောက်က ပစ္စေကဗုဒ္ဓါ တစ်ရာကို လှူသည်။ အခြား တစ်ယောက်က မြတ်ဘုရားကို လှူသည်။ သူတို့နှစ်ဦး တွင်လည်း မြတ်ဘုရားကို လှူသူက မြတ်သည်။

ဒကာ-တစ်ယောက်က မြတ်ဘုရားကို လှူသည်။ အခြား တစ် ယောက်က မြတ်ဘုရား အမှူးရှိသည့် သံဃာတော်ကို လှူသည်။ သူတို့ နှစ်ဦးတွင်လည်း မြတ်ဘုရားအမှူးရှိ သည့် သံဃာတော်ကို လှူသူက မြတ်သည်။

ဒကာ-တစ်ယောက်က မြတ်ဘုရား အမှူးရှိသည့် သံဃာတော်ကို လှူသည်။ ကျွေးမွေးသည်။ အခြား တစ်ယောက်က အရပ် လေးမျက်နှာ၌ ရှိရှိသမျှ သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်သည်။ သူတို့ နှစ် ဦး တွင် လည်း သံဃာကို ရည်ညွှန်း ကျောင်းဆောက်သူက မြတ်သည်။

ဒကာ။ တစ်ယောက်က အရပ်လေးမျက်နှာ၌ ရှိရှိသမျှ သံဃာ ကို ရည်ညွှန်း၍ ကျောင်းဆောက်သည်။ အခြား တစ်ယောက်က ဘုရား-တရား-သံဃာ ရတနာ သုံးပါး ကို ကြည်ညိုစိတ်အပြည့်ဖြင့် ဆည်းကပ်သည်။ သူတို့နှစ် ဦးတွင်လည်း ရတနာသုံးပါး ဆည်းကပ်သူက မြတ် သည်။

ဒကာ- တစ်ယောက်က ရတနာသုံးပါးဆည်းကပ်သည်။ အခြား တစ်ယောက်က ငါးပါးသီလကို ထိန်းသည်။ သူတို့နှစ် ဦးတွင်လည်း ငါးပါးသီလ သမားက မြတ်သည်။

ဒကာ - တစ်ယောက်က ငါးပါး သီလ မြဲသည်။ အခြား တစ်ယောက်က နံ့သာတရှူခန့် အချိန်လောက် မေတ္တာ ပွားသည်။ သူတို့ နှစ်ဦးတွင်လည်း မေတ္တာပွားသူက မြတ်သည်။

ဒကာ-တစ်ယောက်က မေတ္တာပွားသည်။ အခြားတစ်ယောက်က လက်ဖျစ်တတွက်ခန့် အချိန်လောက် အနိစ္စသညာ ပွား သည်။ သူတို့ နှစ်ဦးတွင်လည်း အနိစ္စသညာ ပွားသူက မြတ်သည်။

(ဤဝေလာမ သုတ္တန်ကိုလေ့လာလျှင် ဒါန-သရဏဂုံ-သီလ သမထ-ဝိပဿနာတို့ တဆင့်ထက် တဆင့် အကျိုးမြင့် ကြပုံကို တွေ့ရမည်။)

ဒါနထက် သရဏဂုံ ဆောက်တည်ခြင်းက မြတ်သည်။ သရဏဂုံဆောက်တည်ခြင်းထက် သီလစောင့်ထိန်းခြင်းကမြတ် သည်။ သီလစောင့်ထိန်းခြင်းထက် သမထ ထိုင်ခြင်းက မြတ် သည်။ သမထ ထိုင်ခြင်းထက် ဝိပဿနာပွားခြင်းက မြတ်သည်။ အကျိုးကြီးသည်။

ဒါနအရာ၌ လှူဖွယ်ပစ္စည်းက အကောင်း-အဆိုးရှိသည်။ အယုတ်-အမြတ်ရှိသည်။ ထိုပစ္စည်းအကောင်းအဆိုးက ပဓာန မဟုတ်။ ညံ့တာလှူလည်း ကုသိုလ်ရ။ ကောင်းတာလှူလည်း ကုသိုလ်ရ။

သို့သော် လှူတတ်ဖို့လိုသည်။ လှူနည်းပုံစံတို့မှာ အမျိုး မျိုး။ ထိုပုံစံတို့ကို ဤဝေလာမသုတ္တန်က ဖော်ပြထားသည်။

၁။ မရှိမသေလှူခြင်း၊ ရှိရှိသေသေလှူခြင်း။
၂။ သူတပါးအလှူခိုင်းခြင်း၊ ကိုယ်တိုင်ကိုယ်ကျလှူခြင်း။
၃။ စိတ်မပါပဲ လှူခြင်း၊ စိတ်ပါပါ လှူခြင်း။
၄။ လွှင့်ပစ်သလိုလှူခြင်း၊ကောင်းကောင်းမွန်မွန်လှူခြင်း။
၅။ ကံ၏အကျိုး မယုံမကြည်လှူခြင်း၊ ယုံယုံကြည်ကြည် လှူခြင်းတို့ဖြစ်သည်။

လှူနည်းက အောက်တန်းကျလျှင် ရလာဒ်ကလည်း အောက်တန်းကျမည်။ လှူနည်းက အထက်တန်းကျမှ ရလာဒ်ကလည်း အထက်တန်းကျမည်။

ဒါန၏ရလာဒ်မှာ ၈ ါးမျိုး။ အစားအစာ အဝတ်အထည်၊ သွားစရာ လာစရာ၊ ယာဥ်၊ ကာမ ချမ်းသာနှင့် ဩဇာအာဏာ တို့ဖြစ်သည်။

အလှူခံတို့မှာ–ကိုးမျိုး

၁။ ပုထုဇဥ်
၂။ သောတာပန်
၃။ သကဒါဂါမ်
၄။ အနာဂါမ်
၅။ ရဟန္တာ
၆။ ပစ္စေကဗုဒ္ဓါ
၇။ ဗုဒ္ဓ
၈။ ဗုဒ္ဓအမှူးရှိသော သံဃာ
၉။ အရပ်လေးမျက်နှာ ရှိရှိသမျှ သံဃာ။

ထိုအလှူခံကိုးမျိုး သရုပ်ကိုလည်း ဤသုတ္တန်က ဖော်ထုတ်ထား သည်။

ယုတ်မာသူတို့သည် ဒုစရိုက်မှုကို အားကိုးသည်။ ဖောက်ပြန်သော သဿတ စသည့်ဝါဒကို အားကိုးသည်။ အာဏာပြင်းသော မင်း အမတ်ကို အားကိုးသည်။ မဟာစောရသုတ္တန်၌ဆို၏။

အလားတူပင် သူတော်စင်တို့သည် ဗုဒ္ဓကို အားကိုးသည်။ ဓမ္မကို အားကိုးသည်။ သံဃာကိုအားကိုးသည်။ ထိုရတနာသုံးပါး၌ လေးလေးစားစား ဆည်းကပ်ကိုးကွယ်သူကို သရဏဂုံတည်သူဟု ဆိုရသည်။

ဥပါသကာ-ဥပါသိကာမ ဟု ဝေါဟာရတွေ ရှိသည်။ သီတင်းသည်-သီတင်းသည် မ ဟု သူသူငါငါ ပြောနေကြသည်။

"ဥပါသကာ-ဥပါသိကာမ စားရင်းဝင်အောင် ဘယ်ခြင်းရာတွေနှင့် ပြည့်စုံရမလဲ"။ သာကီဝင် မင်းသား မဟာနာမ်၏ အမေးကို-

"ဘုရား-တရား-သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာဟု ဆည်းကပ်ခြင်း ထိုခြင်းရာသုံးမျိုးနှင့် ပြည့်စုံလျှင် သီတင်းသည် သီတင်းသည်မ ဖြစ်ပြီ"ဟု ဗုဒ္ဓက ဖြေသည်။

သီလတွေက ငါးပါး-ရှစ်ပါး-ကိုးပါး-ဆယ်ပါး စသည်ဖြင့် များစွာ။

သီလဟူသော စကားသည် သီရသဒ္ဒါ၊ သို့မဟုတ် သီသသဒ္ဒါတို့မှ ပြောင်းလာသော ဝေါဟာရ။

သိရ-ဦးခေါင်း။ သီသ-ဦးခေါင်း။ နှစ်ပုဒ်လုံး ဦးခေါင်း ဟောချည်း ဖြစ်သည်။

သိရ မှ သီလ။ သီသမှ သီလ ဟု ပြောင်းလာခြင်း။

သတ္တဝါတို့မှာ ဦးခေါင်းသည် ပဓာန။ ဦးခေါင်း ပြတ်သွားလျှင် တကိုယ်လုံး ပျက်စီးသည်။ ထိုအတူ သီလပျက်စီးလျှင် အခြားအခြား ကုသိုလ်တရားတွေလည်း ပျက်စီးသွားတော့သည်။ (တရပ်)

သီတလ ဟူသော စကားရှိသည်။ အေးငြိမ်းခြင်း–ဟု အနက်ထွက်သည်။ ထို သီတလ သဒ္ဒါမှ အလယ်'တ'ကို ဖျောက်၍ သီလ–ဟု ဖြစ်လာခြင်း။ သီလ ဟူသည် ရှိရှိသမျှ အပူတို့ကို ငြိမ်းအေး စေတတ်သောတရား ဖြစ်သည်။ (တရပ်)

ဤသို့ အာစရိယဝါဒများ မှတ်သား ဖူးပါသည်။

ဒါနထက် သရဏဂုံက မြတ်သည်။ သရဏဂုံထက် သီလက မြတ်သည်။ သီလ ထက် မေတ္တာ စသည့် သမထက မြတ်သည်။

တဏှာပေမ၊ ဂေဟသိတပေမ၊ မေတ္တာပေမ။ ပေမ အချစ် သုံးမျိုးတွင် မေတ္တာချစ်က စင်ကြယ်သည်။ ရည်မွန်သည်။ မေတ္တာတရားပွားနေလျှင် မြတ်သောနေခြင်း ဟု ဆိုရသည်။ ဗြဟ္မဝိဟာရ–ဗြဟ္မစိုရ် စာရင်း ဝင်သည်။

ချမ်းချမ်းသာသာ အိပ်ပျော်ရသည်မှာ မေတ္တာကြောင့်။ ချမ်းချမ်းသာသာ နိုးလာရသည်မှာ မေတ္တာကြောင့်။ အိပ်မက်ဆိုးတွေ မမြင်မက်သည်မှာ မေတ္တာကြောင့်။ လူတွေသာမက

နတ်ဘီလူး ပြိတ္တာတွေကပင် ချစ်ခင် စောင့်ရှောက်ကြသည်မှာ မေတ္တာကြောင့်။ မေတ္တာ၏ စွမ်းအင်တွေက ဒုနှင့်ဒေး။

သို့သော် မေတ္တာစသည့် သမထ လုပ်ငန်းသည် ဝိပဿနာ လောက် အာနိသင် မထက်။ အနိစ္စဟု ရှု။ ဒုက္ခ ဟု သုံးသပ်။ အနတ္တဟု ဆင်ခြင်။ ရှိရှိသမျှ ရုပ်နာမ်ခန္ဓာတို့ကို လက္ခဏာယာဉ် တင် ပွားများ ဆင်ခြင်မှုသည် ဝိပဿနာဖြစ်သည်။

အနိစ္စကိုမြင်လျှင် ဒုက္ခမြင်ဖို့ လွယ်ပြီ။ အနတ္တမြင်ဖို့လွယ်ပြီ။ သို့ကြောင့် ဝေလာမ သုတ္တန်၌ အနိစ္စသညာကို မ,တည်၍ ဟော ထားခြင်း။

ဝေလာမ ပုဏ္ဏား၏ ဒါနကား ကြီးကျယ်ပါသည်။ အလှူ့ အလှူ ရည်မှန်မြင့်မြတ်ပါသည်။ အတုမရှိ။ အတူမရှိ။

ဝေလာမ ပုဏ္ဏားသည် အလောင်းတော်။
အကိတ္တိပုဏ္ဏားသည် အလောင်းတော်။

အလောင်းတော် အကိတ္တိပုဏ္ဏားမှာ မိမွေဘမွေတို့က သိန်း သန်းကုဋေ။ ကုဋေပေါင်းများစွာ။

ဤဥစ္စာပစ္စည်းတို့ကို စုဆောင်းခဲ့ကြသူတို့မှာ မိဘဘိုးဘွား များ။ ထို မိဘဘိုးဘွားတွေ ယနေ့ရှိကြတော့သလော။ ဥစ္စာ ပစ္စည်းတို့ကို စွန့်၍ သွားကြပြီ။ ငါကမူ ဤဥစ္စာပစ္စည်းတို့၏ အနှစ်အသားတို့ကို ယူသွားမည်။ ငါ့နောက်ပါစေရမည်။

အကြံဖြင့် ဘုရင့်ထံဝင်သည်။ အခွင့်ခံ၍ နိုင်ငံတော်ကို စည် လည်စေသည်။ ခုနစ်ရက်တိုင်တိုင် လှူသည်။ ကုန်ပြီလော— မကုန်သေး။

ငါ့ဒါနက အပျော်သဘောမျိုး ဖြစ်နေသည်။ စောင့်၍ လှူနေရတဲ့အတွက် အကျိုးမထက်။ မည်သူမဆို လာယူကြလေ။ တိုက်တံခါးဖွင့်သည်၊ ကျီကြတွေ ဖွင့်သည်။ ရှိရှိသမျှ စွန့်ပစ်ပြီး အကိတ္တိ တောထွက်တော်မူခဲ့သည်။

ဒါနအရာ၌ တကယ်ပီပြင်ကြသည့် ပုဏ္ဏားကြီးများ။ သူတို့ သူတို့ကို စံတင်ရမည်။ တရားကျ ကြရမည် ဟူ၍။)

(၂)

# ဂဏာက မောဂ္ဂလာန် ပုဏ္ဏား

## အလုမ်ခွင် ကျင့်စဉ်

အခါတပါး။

ဗုဒ္ဓသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးခိုက်။

ဂဏာက မောဂ္ဂလာန်ပုဏ္ဏားက ဗုဒ္ဓကို လက်အုပ်ချီမိုး ရှိခိုးနေသည်။ ဝမ်းမြောက်ဖွယ်စကား ပြောသည်။ အမှတ်ရဖွယ်စကား ဆိုသည်။ နောက် မရှင်းသော အချက်တို့ကို သိလိုရေး မေးသည်။

ဗုဒ္ဓ– ဗေဒင်သုံးပုံမှာပဲဖြစ်ဖြစ် လေးအတတ်မှာပဲဖြစ်ဖြစ် သင်္ချာပညာမှာပဲ ဖြစ်ဖြစ် သိက္ခာစဉ် ရှိသည်။ လုပ်ငန်းစဉ်ရှိသည်။ ကျင့်စဉ် ရှိသည်။ ကုန်ကုန်ဆိုရလျှင် ပုဗ္ဗာရုံကျောင်းတော်မှာပင် အောက်ခြေမှ အထက် အထိ အဆင့် နှင့် ဖြစ်သည်။

ဗုဒ္ဓ– ကျွန်ုပ်က ဂဏန်းဆရာ ဖြစ်သည်။ တပည့်တို့အား [၁-၂-၃-၄] ဦးစွာ ရေးခိုင်းသည်။ နောက် အလီကျက်စေသည်။ နောက် သိန်းသန်းကုဋေ ရေတွက် ခိုင်းသည်။ သင်္ချာကို အဆင့်နှင့် သင်ပေးပါသည်။

ဗုဒ္ဓ– ဗုဒ္ဓ၏ ဓမ္မမှာကော သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်များ ရှိပါသလော။

ဂဏကမောဂ္ဂလာန်– လိမ္မာသော မြင်းဆရာသည် အာဇာနည်မြင်းကောင်းကို ပထမ ပါးစပ်ဘဲ ပါးချုပ်ခွံ့မှု ပြုရမြဲ။ နောက် တဆင့်တဆင့် အမြင့်ဒီမြင့်ကို တက်ပေးရမြဲ။

ဂဏကမောဂ္ဂလာန်– ထိုအတူပဲ လိမ္မာသော တပည့်အား ပထမ သီလစောင့်ခိုင်းသည်။ အကျင့်ကောင်းစေသည်။ အပြစ်ရှုရန် ဘေးကို မြင်စေရန် လုပ်ငန်းစဉ် ပေးသည်။

ဒုတိယ ဣန္ဒြေ ခြောက်ပါး တံခါး ခြောက်ပေါက်တို့ကို လုံခြုံစေရန်ညွှန်သည်။

တတိယ ဘောဇဉ်၌ အတိုင်းအရှည် သိဖို့ တဆင့်တက်သည်။ အစာကို ပျော်လိုပါးလို ကစားလို၍ သုံးဆောင်ခြင်းမဟုတ်။ ကုသိုလ်တရား ပွားနိုင်စေလို၍သာ သုံးဆောင်ခြင်း။ နှလုံးမှန် သွင်းရန် ဆိုးမသည်။

စတုတ္ထ နိုးနိုးကြားကြားရှိ၊ ဝီရိယထုတ် အလုပ်လုပ်လော့။ နိဝရဏ်ကင်းအောင် နေ့မှာလည်း စိတ်ကိုသုတ်သင်။ ညမှာလည်း စိတ်ကိုသုတ်သင်။ စောစောထ၍ တရားဘာဝနာကို ဆင်ခြင်။

ပဉ္စမ အရာရာ သတိသမ္ပဇဉ်နှင့်ယှဉ်။ ရှေ့တိုးနောက်ဆုတ်ရာမှာလည်းဆင်ခြင်။ တူရူကြည့် တစောင်းကြည့်ရာ တို့မှာလည်း ဆင်ခြင်။ အဆုံးစွန် ဆိုရလျှင် ကျင်ကြီးကျင်ငယ်စွန့်ရာတို့မှာပင် သမ္ပဇဉ်တရား လွတ်မသွားစေနှင့်။ သွားတိုင်း-လာတိုင်း လှုပ်ရှားတိုင်း သမ္ပဇဉ်တရား လက်ကိုင် ထား။

ဆဋ္ဌမဆိတ်ငြိမ်ရာကိုမှီး။တော တောင် ချောက် မြောင် သင်္ချိုင်း၊ တောအုပ်၊ လွင်ပြင်၊ သစ်ပင်ရင်း။ ကြိုက်ရာကိုချဉ်း။

ဂဏကမောဂ္ဂလာန် ဤခြောက်မျိုးသည် သာသနာတော်၏ ဘင်ရိုးဖြစ်သည်။တပည့်လိမ္မာသည်ထိုကျင့်စဉ်သင်ရိုးနှင့် အညီ ထက်ဝယ် ဖွဲ့ခွေသည်။ ကိုယ်ကို ဖြောင့်ဖြောင့် ထားသည်။ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေသည်။ တရားဘာဝနာနှင့် နေသောအခါ....

- အဘိဇ္ဈာမှလည်း စိတ်စင်ကြယ်ခဲ့သည်။
- ဗျာပါဒမှလည်း စိတ်စင်ကြယ်ခဲ့သည်။
- ထိနမိဒ္ဓတို့မှလည်း စိတ်စင်ကြယ်ခဲ့သည်။
- ဥဒ္ဓစ္စကုက္ကုစ္စတို့မှလည်း စိတ်စင်ကြယ်ခဲ့သည်။
- ဝိစိကိစ္ဆာမှလည်း စိတ်စင်ကြယ်ခဲ့သည်။

ဇကာကမောဂ္ဂလာန် နောက် ပထမစျာန်ရ၏။ ဒုတိယစျာန်ရ၏။ တတိယစျာန်ရ၏။ စတုတ္ထစျာန်ရ၏။ စျာနသုခနှင့်ဘဝ သာတောင့်သာယာ။

ဂဏကမောဂ္ဂလာန် အချို့မှာ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အောက်မဂ် အောက်ဖိုလ်ကို ရပိုင်ကြသည်။ အချို့မှာ အာသဝေါကုန်ခန်း ရဟန္တာအဆင့်အထိ မြင့်သွားကြသည်။

ဗုဒ္ဓ– ကျင့်စဉ် လုပ်ငန်းစဉ်ကိုလည်း သိရပြီ။ စွမ်းအင်ကိုလည်းကြားရပြီ။ ညွှန်ပြ ဆုံးမခံရသူတိုင်း နိဗ္ဗာန်ခေမာရောက်ကြသလား။

ဂဏကမောဂ္ဂလာန် ရောက်သူလည်းရှိ။ မရောက် သူလည်းရှိ။

ဗုဒ္ဓ– ကောင်းပြီ။ နိဗ္ဗာန်သည်တည်၏။ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းသည်ရှိ၏။ တိုက်တွန်းနှိုးဆော်သည့်ဗုဒ္ဓကအထင်အရှား။ သို့ပါလျက် အချို့နိဗ္ဗာန်ရောက်၍ အချို့မရောက်ကြသလဲ။ အကြောင်း မိန့်ပါဦး။

ဂဏကမောဂ္ဂလာန် ဒီလိုဆို သင့်ကိုပြန်မေးမည်။ ရာဇဂြိုဟ်ပြည်သို့ သွားတဲ့လမ်းကို သိပါသလား။

ဗုဒ္ဓ– သိပါသည်။ ရာဇဂြိုလ်ပြည်သို့ သွားတဲ့လမ်းကို ညွှန်ကြားနိုင်ပါသည်။

ဂဏကမောဂ္ဂလာန် သေသေချာချာ နားစိုက်။ ခရီးသွားတစ်ယောက်က ရာဇဂြိုဟ်သွားလမ်းကို ညွှန်ပါ-ဟု သင့်

အားခိုင်းမည်။ ထိုအခါ သင်ပုဏ္ဏားက "ဤလမ်းအတိုင်း တန်းတန်းသွား။ ပထမရွာ ဒုတိယနိဂုံး တတိယတောအုပ် တွေ့မည်။ တောအုပ်ကျော်လျှင် ကျော်ချင်းရာဇဂြိုဟ်မြို့တော်အနီး ချဉ်းကပ်မိလိမ့်မည်" ဟု ခရီးစဉ်ကို ညွှန်သည်။

သို့သော် ထိုခရီးသွားကလမ်းမှားကို လိုက်သည်။ နောက်ပြန်လှည့်၍ သွားခဲ့သည်။ တစ်ယောက်။

ဂဏကမောဂ္ဂလာန် နောက်– ခရီးသွားတစ်ယောက်က ရာဇဂြိုဟ်ပြည်သွားလမ်းကို မေးသည်။သင်ပုဏ္ဏားကလမ်းစဉ်အမှန်ကို ညွှန်သည်။

ညွှန်သည့်တိုင်း ထိုခရီးသွားက လိုက်သည်။ ရာဇဂြိုဟ်မြို့တော်သို့ ချောချောမောမော ရောက်သွားပါသည်။ တစ်ယောက်။

ဂဏကမောဂ္ဂလာန်–သင့်ကိုမေးတော့မည်။ ရာဇဂြိုဟ်သည်ရှိ၏။ ရာဇဂြိုဟ်သွားလမ်းသည် ရှိ၏။ ညွှန်ပြသည့် သင်ပုဏ္ဏားက အထင်အရှား။

သို့ပါလျက် တစ်ယောက်ကသာ ရာဇဂြိုဟ် ရောက်၍ တစ်ယောက်က ဘာ့ကြောင့် မရောက်သလဲ။ အကြောင်းပြောပါ။

ဗုဒ္ဓ– ကျွန်ုပ် အကြောင်းမပြတတ်။ ကျွန်ုပ်ကား လမ်းညွှန်သူသာ ဖြစ်ပါသည်။

ဂဏာကမောဂ္ဂလာန်– အသင်ပုဏ္ဏားအတိုင်းပင်။ငါဘုရားလည်း
နိဗ္ဗာန် သွားလမ်းကို ညွှန်ပြသူသာ။

မှန်ပါ ဗုဒ္ဓ။ အမိုက်မှောင်ထဲ မီးရောင်ကို ဆောင်ပြသလို
ပါ-ဗုဒ္ဓ။

တပည့်ပုဏ္ဏားကား ဘုရားကိုလည်း ကိုးကွယ်ပါသည်။တရား
ကိုလည်း လေးမြတ်ပါသည်။ သံဃာကိုလည်း ဆည်းကပ်ပါ
သည်။ ဥပါသကာဟု မှတ်တော်မူပါ။

နောက် ပုဏ္ဏားကြီး၏ နှုတ်မှ ဖော်ထုတ် ရင့်ကျူး လိုက်
သည်မှာ....

အမြစ်နံ့သာတို့တွင် စန္ဒကူးနက်က အမြတ်ဆုံး။
အနှစ်နံ့သာတို့တွင် စန္ဒကူးနီက အမြတ်ဆုံး။
အပွင့်နံ့သာတို့တွင် မုလေးပန်းက အမြတ်ဆုံး။
တရားတကာတို့တွင် ဗုဒ္ဓတရားက အမြတ်ဆုံး... ဟူ၍။

(ဂဏကမောဂ္ဂလာန်သုတ္တန်ကို လေ့လာလျှင်....

အဘယ်အတတ် အဘယ်ပညာရပ်မဆို။ အဆင့်မှန်ဖို့လိုသည်။
အခြေခံခိုင်မှ အသက် အထက် ပိုင်မည် နိုင်မည် ဖြစ်သည်။
အဆင့်ကျော် ချော်တတ်သည်သာ။

ယောဂီသူတော်စင်ကို အာဇာနည် မြင်းကောင်းနှင့် ဗုဒ္ဓ
ဥပမာပြုသည်။

နိဗ္ဗာန်သည် ရွှေတောင်။ ထိုရွှေတောင်သို့ တက်လိုလျှင်
သီလစောင့်၊ တံခါးခြောက်ပေါက်ပိတ်၊ အာဟာရဆင်ခြင်၊

ဝိရိယရှိ၊ သမ္ပဇဉ်တရား လက်သုံးထား၊ ဆိတ်ငြိမ်ရာမှီး၍ ဤခြောက်နည်းသည် ခရီးစဉ်။ သို့မဟုတ် ကျင့်စဉ်။

ဤဒေသနာအရ သီလသည် အဓိက။ သီလရှိလျှင် အရာရာ သိဒ္ဓိဖြစ်သည်။ သီလရှိသူအတွက် နိဗ္ဗာန်တံခါးကြီး အမြဲပွင့်လျက် နေသည်။

နီဝရဏ တရားတို့ကား ဆိုးရွားပါဘိ။ စိတ်လည်းညစ်နွမ်းရသည်။ ပညာလည်းအားနည်းရသည်။ လေးလံထိုင်းမှိုင်းသူ၊ ပျံ့လွင့် ပူပန်သူ၊ သို့လော-သို့လော ဖြစ်နေသူ တို့မှာ စိတ်မတည်။ ဉာဏ်မကြည်။ ယင်း နီဝရဏ ဆိုးတို့ကို သတိမြဲခိုင်သည့် ကမ္မဋ္ဌာန်းအားရုံဖြင့်သာ ပယ်သတ်နိုင်သည်။

အစားအစာတို့ကို ဦးတည်ချက် အမျိုးမျိုးဖြင့် သုံးဆောင်ကြသည်။ အချို့က မြူးရန်၊ မာန်ယစ်ရန်၊ အသားပြည့်ရန်၊ အရေအဆင်း ကြည်လင်ရန်၊ စားသုံးကြသည်။ သူတော်စင်တို့ကမူ ကိုယ်ခန္ဓာတည်တံ့၍ မျှမျှတတရှိရန်၊ ဝေဒနာဟောင်းပျောက် ဝေဒနာသစ် မရောက်စေရန်၊ အပြစ်မရှိ တရားဘာဝနာကို ချမ်းချမ်းသာသာ ပွားနိုင်ရန် ရည်မှန်း၍သာ အန္နတို့ဖြင့် သုံးဆောင်ကြသည်။

ပုဏ္ဏားကမေးသည်။ ဗုဒ္ဓက ဖြေသည်။ ဗုဒ္ဓကမေးသည်။ ပုဏ္ဏားဖြေသည်။ အပြန် အလှန် မေးကြ-ဖြေကြ။

ဗုဒ္ဓသည် ပုဏ္ဏား၏ ပုစ္ဆာတို့ကို တခါဘရံ တိုက်ရိုက်ဖြေလိုက်သည်။ တခါတရံ ပုဏ္ဏားကို ပြန်၍မေး၍ အဖြေပေါ်စေသော နည်းကို သုံးသည်။

နောက်ဆုံး ပုဏ္ဏားကြီး ရင်ဝယ်စွဲငြိ ပီတိဖြစ်သွားသည်။ တရားတော်ကို သဘောကျခဲ့သည်။ သာသနာတော်ကို ပို၍ သက်ဝင်လာပါသည်။

ဪ.... ဗုဒ္ဓသာသနာတော်မှာ သဒ္ဓါမဲ့သူတွေမရှိ။ စဉ်းလဲသူတွေမရှိ။ မာန်ထောင်သူတွေမရှိ။ နှုတ်ကြမ်း ရမ်းကားသူတွေမရှိ။ တာဝန်မဲ့နေသူတွေ မရှိ။

ဪ.... ဗုဒ္ဓသာသနာတော်မှာ.... အားလုံး သဒ္ဓါသီလ ပြည့်စုံကြသည်ချည်း။ အားလုံး ဣန္ဒြေတံခါးပိတ်ထားကြသည်ချည်း။ အားလုံးအစားအစာ၌ အတိုင်းအရှည်သိကြသည်ချည်း။ အားလုံးနိုးကြားမှု၌ အားစိုက်ကြသည်ချည်း။ အားလုံး ကုသိုလ်ဓမ္မဘက် ၌ ကွက်ကြသည်ချည်း ဟု အသည်းလှိုက်အူလှိုက် ယုံကြည်သဖြင့်သာ ဥပါသကာအဖြစ် သူ ခံယူလိုက်ခြင်း။)

( ၃ )

# ဗြဟ္မာယုပုဏ္ဏား

## ဗုဒ္ဓပုံတော်

သားချင်းတို့ သွေးချင်းတို့ သာကီဝင်မင်းသား ရဟန်းဂေါတမ၊ တို့ ဝိဒေဟတိုင်းသို့ ဒေသစာရီ ကြွချီလာပြီတဲ့။

ရုတ်တရက် အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။ ထို သတင်းစကား ဝိဒေဟ တိုင်းသားတို့ ကြားကြသည်။

ဗြဟ္မာယု ပုဏ္ဏားကြီးသည်၊ ဝိဒေဟ တိုင်းတခွင်တွင် အဂ္ဂ။ မိထိလာနေပြည်တော်တွင် သေ၍။ အကြီးအမြတ်ဆုံးဖြစ်သည်။

အဘိဓာန် အလင်္ကာ သဒ္ဒါ ဣတိဟာသကျမ်း သူပိုင်သည်။ သာမ ဣရု ယဇု ဗေဒင် သုံးပုံခွင် သူနိုင်သည်။ လောကာယတ

ကျမ်း မဟာပုရိသ လက္ခဏာကျမ်း သူ တဘက်ကမ်း ခတ်သည်။

အိမ်ငင်းကြီးမြင့် ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ် ရောက်ပြီ။ အခြေအရံနှင့်ရော စည်းစိမ်ဥစ္စာနှင့်ပါ သာသူမရှိ။ သူက အဓိပတိ။ သက်တော်မှာ ၁၂၀ ရှိပြီ။

ဥက္ကာရလုလင်သည် ထိုပြဿဟ်ယု၏တပည့်။ ဆရာ့ နီးပါးတတ်သည်။ မဟာပုရိသ လက္ခဏာကျမ်းဉ်မှ တဘက်ကမ်းခတ်။ဆရာ ပုဏ္ဏားကြီးထံမှ လက်ထပ် သင်ယူပြီးဖြစ်သည်။

ဗုဒ္ဓသည် ဝိဒေဟတိုင်း ကြွသာတော်မူခိုက်။

နေ့-ဘနေ့။

ပြဿဟ်ယု ပုဏ္ဏားကြီးက တပည့်ဥတ္တရကို စေသည်။ ဂေါတမ ထံသွားလေ။ ကျော်စောသတင်း မှန်မမှန် စုံစမ်းချေ။

မဟာပုရိသ လက္ခဏာကျမ်းဟူသည် ယောကျ်ားမြတ်တို့၏ ၃၂ ပါးသော လက္ခဏာတော်များ အဖွင့် ဖြစ်သည်။ ယောကျ်ားမြတ်ကား နှစ်ယောက်သာ။

အိမ်ရာတည်ထောင် လူဝတ်ကြောင်နှင့် နေလျှင် တရားနှင့် ညီသည့်၊ လေးကျွန်းလုံးကို ပိုင်စိုးသည့်၊ ရန်အပေါင်းအောင်နိုင်သည့်၊ တိုင်းနိုင်ငံတည်ငြိမ်စေသည့်၊ ရတနာခုနစ်ပါးနှင့်လည်း ပြည့်စုံသည့် စကြာဝတေးမင်း ဖြစ်ရမည်။

စကြာရတနာ ရသည်၊ ဆင်ရတနာ ရသည်။ မြင်းရတနာ ရသည်၊ ပတ္တမြားရတနာ ရသည်။မိန်းမရတနာ ရသည်။ ထိုပြင် သားကြီးရတနာ ရသည်။

အကယ်၍ လူ့ဘောင်မနေ၊ ရဟန်းဘောင်သို့ဝင်လေလျှင် ပူဇော်အထူးကို ခံယူတော်မူထိုက်သည့် တရားဓမ္မတို့ကို ယထာဘူတကျကျ ထိုးထွင်းသိမြင်တော်မူသည့်၊ ကိလေသာ ဟူသမျှ ဖေါက်ခွဲ ဖွင့်လှစ်နိုင်သည့် ဗုဒ္ဓဖြစ်ရမည် ဟုဆိုသည်။

ကောင်းပါပြီ ဆရာ။ တပည့်ဥတ္တရက ဝန်ခံသည်။ နေရာမှ ထသည်။ ဆရာဗြဟ္မာယုအား အရိုအသေပြုသည်။ ဗုဒ္ဓထံပါး သွားသည်။

ဗုဒ္ဓနှင့် ဥတ္တရ ဝမ်းမြောက်ဖွယ်စကားတို့ကို ပြောကြဆိုကြ သည်။ ဥတ္တရက ဗုဒ္ဓကို လေ့လာသည်။ လက္ခဏာ ၃၂ ပါး တို့ကို ကြည့်သည်။ တခုပြီး တခု။ အသေးစိတ်စစ်သည်။ ပုရိသ နိမိတ်နှင့် လျှာ။ ထိုနှစ်ခုကို မမြင်ရ။ သို့လော.... သို့လော တွေးတောမိသည်။

ဥတ္တရ လုလင် တွေနေခိုက် ဗုဒ္ဓက တန်ခိုး ဖန်ဆင်းလိုက် သည်။ လုလင်မြင်သာစေရန် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသ နိမိတ်ကို ပြသည်။ နဖူးပြင်တခုလုံးကို လျှာတော်ဖြင့်လည်း ဖုံးလွှမ်းလိုက်သည်။

ဟုတ်ပြီ။ ဂေါတမသည် ဗုဒ္ဓ အစစ်။ မဟာပုရိသ လက္ခဏာ ကို ကြည့်၍ ဥတ္တရလုလင်က မှတ်ချက်ချသည်။ သို့သော် ငါမ ပြန်သေး။ သူသွားပုံ လာပုံ နေပုံ ထိုင်ပုံ အလုံးစုံက ကျန်နေ သည်။ စုံစမ်းရမည်မှာ ငါ့တာဝန်။

တာဝန်သိသော ဥတ္တရသည် ဗုဒ္ဓ၏ နောက် ခုနစ်လ လုံး လုံး အရိပ်ပမာ လိုက်နေခဲ့သည်။

ခုနစ်လပြည့်ပြီ။ ဆရာဗြဟ္မာယုထံ ပြန်သည်။ ဂေါတမ သည် မဟာပုရိသလက္ခဏာနှင့် တထယ်ပြည့်ကြောင်း၊ ဗုဒ္ဓအစစ် ဖြစ်ကြောင်း၊ ထွက်လာသော ကျော်စောသတင်းနှင့် လိုက်ဖက် ကြောင်း ပြောပြသည်။

ဥတ္တရသည် ဗုဒ္ဓကိုလည်း ရိုသေသည်။ ဆရာဗြဟ္မာယုကို လည်းလေးစားသည်။ သူလေးစားသော ဗြဟ္မာယု ပုဏ္ဏား ကြီးအား သူ ရိုသေသော ဗုဒ္ဓ၏ မဟာပုရိသ လက္ခဏာတော် တို့ကို ပြန်ပြောပြနေပုံမှာ တကယ် သက်ဝင် ကြည်ညိုဖွယ်ရာ ဖြစ်သည်။ ဗုဒ္ဓ၏ ရုပ်ပုံလွှာကား ကွင်းကွင်း ကွက်ကွက်။ မျက် ဝါးထင်ထင် ဖူးမြင်ရသလိုပင်။

( ခ )

ဆရာ ဗြဟ္မာယု။

ဗုဒ္ဓသည် မြေ၌ တညီတညာတည်း တည်သော ခြေဖဝါး ပြင် ရှိတော်မူပါသည်။

ဗုဒ္ဓသည် အကန့်တစ်ထောင် အကွပ်ပုံတောင်းတို့နှင့် တကွ ခြေဖဝါးပြင် စက်လက္ခဏာ ရှိတော်မူပါသည်။

ဗုဒ္ဓသည် တင့်တင့်တယ်တယ် ရှည်သွယ်သော ဖနောင့်ရှိ တော်မူပါသည်။

ဗုဒ္ဓသည် ရှည်သွယ် ပျော့ပျောင်းသော လက်ချောင်း၊ ခြေ ချောင်း၊ ရှိတော်မူပါသည်။

ဗုဒ္ဓသည် နူးညံ့ ပျိုနုသော လက်ဖဝါး ခြေဖဝါးရှိတော်မူပါသည်။

ဗုဒ္ဓသည် ရွှေပုတ်လုံးတွေစီထားသလို အဆစ်ချင်းညီ၊အဖျားချင်းညီသော ခြေချောင်းအစွန်း လက်ချောင်းအစွန်းရှိတော်မူပါသည်။

ဗုဒ္ဓသည် ဖမိုးမှ လေးသစ်တက်ပြီး အထက်၌ တည်သည့်ဖမျက်ရှိတော်မူပါသည်။

ဗုဒ္ဓသည် ဧကီမည်သော သားကောင်တို့၏ သလုံး စပါးဖုံးတို့လို လုံးလျောင်းချောပြေသော သလုံးမြင်းခေါင်း ရှိတော်မူပါသည်။

ဗုဒ္ဓသည် ရပ်လျက် ကိုယ်တော်ကို မကိုင်းမညွှတ်ပဲ လက်ဝါးပြင်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းကို သုံးသပ်တော် မူနိုင်ပါသည်။

ဗုဒ္ဓသည် အအိမ် အဖရေအိတ်တို့ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ် ရှိတော်မူပါသည်။

ဗုဒ္ဓသည် ရွှေစင်ဇမ္ဗူရာဇ် လှော်ဦးသစ်ကဲ့သို့ ဝါဝင်းသော အဆင်း ရှိတော်မူပါသည်။

ဗုဒ္ဓသည် သိမ်မွေ့နူးညံ့သော အရေ ရှိတော်မူပါသည်။

ဗုဒ္ဓသည် တခုတခုသော မွေးတွင်း၌ တပင်တပင်စီသာပေါက်သော မွေးညှင်း ရှိတော်မူပါသည်။

ဗုဒ္ဓသည် မျက်စဉ်းညိုအရောင်း အထက်သို့ကော့ရရော့မျှော်ထောင်နေသော မွေးညှင်း ရှိတော်မူပါသည်။

ဗုဒ္ဓသည် ဗြဟ္မာမင်း၏ ကိုယ်နှင့်အတူ ဖြောင့်မတ်သော ကိုယ် ရှိတော်မူပါသည်။

ဗုဒ္ဓသည် လက်ဖမိုးအစုံ ခြေဖမိုးအစုံ ပခုံးစွန်အစုံ လည်ဂုတ်တော်ဟူသော ခုနစ်ဌာနတို့၌ တက်ကြွပြည့်ဖြိုးသောအသား ရှိတော်မူပါသည်။

ဗုဒ္ဓသည် ခြင်္သေ့မင်း၏ ရှေ့ကိုယ်တပိုင်းအတူ ပြည့်ဖြိုးကြံ့ခိုင်သော ကိုယ် ရှိတော်မူပါသည်။

ဗုဒ္ဓသည် ကြောရိုးကြောင်းမထင် တပြင်တည်းတည်းသော သက်ပြင် ကြောသား ကြောရေ ရှိတော်မူပါသည်။

ဗုဒ္ဓသည်ပညောင်ပင်၏ အဝန်းကဲ့သို့ အလံနှင့်အရပ်မျှသဖြင့် လျောက်ပတ် တင့်တယ်သော အရပ်အမောင်း ကိုယ်လုံးကိုယ်တည် ရှိတော်မူပါသည်၊

ဗုဒ္ဓသည်။ ရွှေမုရိုးစည်ကဲ့သို့ လုံးစည်းတောင့်ခိုင်သော လည်ရိုး လည်တိုင် ရှိတော်မူပါသည်။

ဗုဒ္ဓသည် လည်ပင်း၌ ပေါင်းဆုံကုန်လျက် ရသခေတ်ဆီ ရသ ခေတ်ညွန့်တို့ကို ဆောင်သော ခုနစ်ထောင်သော အရသာကြော ရှိတော်မူပါသည်။

ဗုဒ္ဓသည် ခြင်္သေ့မင်း၏ အောက်မေးကဲ့သို့ ပြုံးနေသော အသွေး-မွေးရှိတော်မူပါသည်။

ဗုဒ္ဓသည် သွားတော်လေးဆယ် အပြည့်ရှိတော်မူပါသည်။

ဗုဒ္ဓသည် လွှဖြင့်ဖြတ်ထားသလို ညီညာသော သွားတော် အစဉ် ရှိတော်မူပါသည်။

ဗုဒ္ဓသည် မခေါမကြဲ အလွန်စေ့သော သွားတော်အစဉ် ရှိတော်မူပါသည်။

ဗုဒ္ဓသည် သောက်ရှူးကြယ်အတူ ဆွတ်ဆွတ်ဖြူသော စွယ်တော်မြတ် လေးဆူ ရှိတော်မူပါသည်။

ဗုဒ္ဓသည် နဖူးပြင်တခုလုံးကို လျှာတော်ဖြင့် အပြည့်ဖုံးနိုင်အောင် ရှည်လျားပြန့်ကျယ်သော လျှာ ရှိတော်မူပါသည်။

ဗုဒ္ဓသည် ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ဖော်နှင့် ပြည့်စုံသော အသံ ရှိတော်မူပါသည်။

ဗုဒ္ဓသည် မင် ပိတုန်းရောင်ကဲ့သို့ အလွန့်အလွန်မဲမှောင်သော မျက်နက်ဝန်း ရှိတော်မူပါသည်။

ဗုဒ္ဓသည် ယနေ့မွေးကင်းစ နွားငယ်၏ မျက်ကွင်းကဲ့သို့ကြည်လင်တင့်ရှန်းသော မျက်ကွင်း ရှိတော်မူပါသည်။

ဗုဒ္ဓသည် နဖူးပြင်အလယ်ဝယ် သောက်ရှူးကြယ်အတူ ဆွတ်ဆွတ်ဖြူသည့်ဆွဲ၍ဆန့်လိုက်လျှင်နှစ်တောင်ခန့်မျှရှည်သောဥဏ္ဏာလုံခေါ် မွေးရှင်တော်မြတ် ရှိတော်မူပါသည်။

ဗုဒ္ဓသည် နားပန်းစွန်း နှစ်ခုတို့၏အလယ်ဝယ် ရွှေစင်ရွှေပြားကပ်ထားသလို လျှောက်ပတ်တင့်တယ် ဆန်းကြယ်သော နဖူးသင်းကျစ်တော်မြတ် ရှိတော်မူပါသည်။

မဟာပုရိသလက္ခဏာဟူသည် ဤ၃၂ပါးပင်။ ထို၃၂ပါးအထင်အရှားရှိသဖြင့် ဂေါတမကို ဗုဒ္ဓဟု ဥတ္တရက ဆရာဗြဟ္မာယုအားပြောပြခြင်း။

(ဂ)

တဖန်......။

ဗုဒ္ဓ ကြွတော်မူသောအခါ လကျာ်ခြေတော် ဦးစွာချီသည်။ မဝေးလွန်းရာ၌ နုတ်၍ မနီးလွန်းရာ၌ ချသည်။ မနှေးလွန်း မမြန်လွန်း။ ပုဆစ်ဒူးဝန်းချင်းလည်း ထိခိုက်ခြင်းမရှိ။ ဖမျက်အချင်းချင်းလည်း ထိခိုက်ခြင်းမရှိ။

ပေါင်ကို မြှောက်တော်မမူ ညွှတ်တော်မမူ။ တောင့်ထားတော်မမူ။ ခါတော်မမူ။ ကိုယ်အားယူ၍လည်း ကြွတော်မမူ။ အောက်ပိုင်းကိုယ်သာလှုပ်၍ ကြွတော်မူလေ့ရှိသည်။

ဗုဒ္ဓ၏ကြွတော်မူပုံက ထူးသည်။ ဆန်းသည်။

ပြန်ကြည့်သောအခါ တကိုယ်လုံး ပြန်လှည့်ကြည့်သည်။ အထက်လည်းမမော့။ အောက်လည်းမငုံ့။ ဟိုဟိုဒီဒီလည်း မကြည့်။ ထမ်းပိုးတပြန်မျှသာ ရှုသည်။ သို့သော် ထိုထမ်းပိုးတပြန်ထက် အလွန် အပိတ်အပင်မရှိ မြင်တော်မူသည်။

ရုပ်ထဲရှာထဲ ကြွသောအခါ ကိုယ်ကို မြှောက်တော်မမူ။ ညွှတ်တော်မမူ။ တောင့်ထားတော်မမူ။ ခါ တော်မမူ။

နေရာနှင့် မနီးမဝေးမှာ ကိုယ်ကို လှည့်သည်။ နေရာ၌လက်ဖြင့်ထောက်လည်းမထိုင်။ ကိုယ်ကိုပစ်ချ၍လည်းမထိုင်။ ထိုင်နေစဉ် လက်ဆော့ ခြေဆော့မရှိ။

ဒူးဆစ်ချင်း တင်၍လည်းမထိုင်။ ဖမျက်ချင်း တင်၍လည်း မထိုင်။ မေးကိုလက်ထောက်၍လည်းမထိုင်။

ကြောက်ခြင်း၊ ကြောင်ခြင်း၊ မရှိ။ ကြက်သီးမွေးညင်းထခြင်း–နတ္ထိ။ ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံယူ၍သာ ထိုင်တော်မူသည်။ ရွာထဲရပ်ထဲ သီတင်းသုံးပါသည်။

သပိတ်ဆေးရေ ယူသောအခါ သပိတ်ကို မမြှောက်။ သပိတ်ကိုမညွတ်။ မနည်းလွန်း–မများလွန်းသော သပိတ်ဆေးရေကို ခံသည်။ ခလောက်–ခလောက် အသံမမြည်စေရ။ မှောက်၍လည်းမဆေး၊ လှန်၍လည်းမဆေး၊ မြေပေါ်ချ၍လည်းမဆေး။

လက်ဆေးလျှင် သပိတ်ဆေးပြီးဖြစ်သည်။ သပိတ်ဆေးလျှင် လက်ဆေးပြီး ဖြစ်သည်။ ဆန်းကြယ်ပါဘိ။

သပိတ်ဆေးရေကို မနီးလွန်း–မဝေးလွန်း၌စွန့်သည်။ သို့သော် ဖရိုဖရဲ မပြန့်ကြဲစေရ။

ဗုဒ္ဓ ဆွမ်းခံသောအခါ သပိတ်ကို မြှောက်တော်မမူ။ ညွတ်တော်မမူ။ တောင့် ထားတော်မမူ။ ခါ တော်မမူ။

မနည်းလွန်း မများလွန်းသော ဆွမ်းကို ခံယူသည်။ ဟင်းကို ဟင်းပမာဏဖြင့်သာ ဘုဉ်းပေးသည်။ ဟင်းကဆွမ်းလုံးကိုမလွန်စေ။ ဆွမ်းလုပ်ကို နှစ်ကြိမ်သုံးကြိမ် လွေးသည်။ ပြီးမှ မျိုချသည်။

တစုံတခုသော ဝါးဖတ်မှု မကြေညက်ပဲ ကိုယ်တော်သို့မဝင်။ တစုံတခုသော ဝါးဖတ်မှု ခံတော်တွင်း၌လည်း ကပ်မကျန်။

ဆွမ်းလုပ်၌ အာရုံမူသည်။ အရသာယူသည်။

မြူးရန်၊ မာန်ယစ်ရန်၊ တန်ဆာဆင်ရန်၊ အသား အရေ ဖွံ့ ဖြိုးတိုးပွားစေရန် ဆန္ဒ လုံးဝမရှိ။

ကိုယ်တော် တည်တံ့ရေး၊ မျှတရေး၊ ပင်ပန်းမှု၊ ငြိမ်းရေး၊ အကျင့်မြတ် ချီးမြှောက်နိုင်ရေး။ ထိုအရေးကိစ္စအတွက်သာသုံးဆောင်တော်မူခြင်း။

ဤအာဟာရကို သုံးဆောင်ရလျှင် ဝေဒနာသစ်လည်း မရောက်။ ဝေဒနာဟောင်းလည်းပျောက်။ မျှမျှတတနှင့် ချမ်းချမ်းသာသာ နေရမည်။ ထိုရည်ရွယ်ချက်ဖြင့်သာ သုံးဆောင်တော်မူသည်။

ဆွမ်းစားပြီးသောအခါ သပိတ်ကို မြေ၌မချ။ မနီးလွန်း- မဝေးလွန်း၌ ထားသည်။ သပိတ်ကို အလိုမရှိသည်လည်း မဟုတ်။ အခါလေးမြင့် ကြီးလည်း စောင့်ရှောက်နေသည် မဟုတ်။

ဆွမ်းစားပြီးလျှင် ခဏတာမျှ ဆိတ်ဆိတ်နေသည်။ သို့သော် ဆွမ်းအနုမောဒနာ ပြုရမည့်ကာလကိုမူ မလွန်စေ။

အနုမောဒနာပြုသည်။ ဆွမ်းကို လုံးဝမသရော်။ အခြားဆွမ်းကိုလည်း လုံးဝ မဖော်၊ စင်စစ် ပရိသတ်အား တရားစကားသာ မိန့်သည်။ အကျိုးစီးပွားကို မြင်သိစေ ဓမ္မကိုလည်း ထက်သန်စေသည်။

ဥတ္တရ လုလင်က မြင်ရသမျှအကုန်။ သိရသမျှအစုံ။ ဗုဒ္ဓ၏ ဂုဏ်အင်တို့ကို ပြောပြခဲ့သည်။

နာရသူ ဗြဟ္မာယု ပုဏ္ဏားကြီးမှာ ဖရဏာပီတိ ဂွမ်းဆီထိ။

ဤမျှသာလော ဥတ္တရ။

သို့ဖြင့် ဥတ္တရက ဤသို့ ဆက်ရ ပြန်သည်။

တရားပွဲပြီးသောအခါ နေရာမှ ထသည်။ မြန်မြန်ကြီးလည်း မကြွ။ နှေးနှေးကွေးကွေးလည်းမကြွ။ လွတ်မြောက်သလိုမှတ်တော်မမူ။

သကင်္န်းတော်သည် ကိုယ်မှ အလွန်လည်းမမြင့်တက်။ အလွန်လည်း လျော့မကျ။ ကပ်ငြိနေသည်ဟုလည်းမဆိုသာ။ ကွာ နေသည်ဟုလည်း မပြောသာ။

ကိုယ်တော်၌ မြူအညစ် မတင်သလို သကင်္န်းတော်၌လည်း လေမတိုက်။ လေကြောင့် မလွင့်။

ကျောင်းတော်သို့ဝင်သည်။ ခင်းထားသောနေရာ၌ ထိုင်သည်။ ပြီးမှ ခြေဆေးသည်။ ခြေဆေးစဉ် တန်ဆာဆင်လိုမှုနှင့် လုံး၀ မစပ်ယှဉ်။

နောက် ထက်ဝယ် ဖွဲ့ခွေနေသည်။ ကိုယ်ကို ဖြောင့်ဖြောင့်ထားသည်။ ကမ္မဋ္ဌာန်း ရှေးရှု သတိကို ဖြစ်စေသည်။

မိမိကိုယ်ကို ဆင်းရဲအောင်လည်းအားမထုတ်။ သူတပါး ဆင်းရဲအောင်လည်း အားမထုတ်။ နှစ်ဦးလုံး ဆင်းရဲအောင်လည်း အားမထုတ်။ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးကို ကြည့်သည်။ လောကသားအားလုံး၏ စီးပွားကို ရည်ရော်စဉ်းစားသည်။ နောက် ဗုဒ္ဓသည် ဉာဏ်တော်ကန်ရက် ဖြန့်ကျက်ရင်း ထိုင်နေလေ့ရှိသည်။

အရာမ့်သို့ ရောက်သော် ပရိသတ်အား တရားဟောသည်။ တရားပွဲ၌ ပရိသတ်ကို မမြှောက်ပင့်။ ပရိသတ်ကို မနှိမ့်ချ။ စင်စစ် တရားစကားဖြင့် အကျိုးစီးပွားကို မြင်သိ စေခြင်းသာ။

အသံတော်က သန့်ရှင်းသည်။ သိလွယ်သည်။ သာယာနာပျော်ဖွယ် ဖြစ်သည်။ ကောင်းသည်။ လုံးစည်းသည်။ ဖရိုဖရဲ မကြဲ နက်နဲသည်။ ပဲ့တင်ထပ်သည်။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါသည်။

ပရိသတ်ရှိသလောက် အသံတော်ဖြင့် သိစေသည်။ ပြင်ဘက်သို့ အသံတော် လျှံမထွက်။ ပရိသတ်၏ နားတိုင်း နားတိုင်း ကြားရသည်ချည်း။

တရားပွဲပြီးပြီ။ ပရိသတ်ကြီးက ဗုဒ္ဓကို ဖူး၍မဝကြ။ မချင့်ရဲ ချင့်ရဲဖြင့်သာ နေရာမှ ထ ဖယ်သွားကြရရှာသည်။

ဆရာပြဟ္မာယု ဗုဒ္ဓကြွသွားတော်မူပုံ၊ ရပ်တော်မူပုံ၊ ရှာထဲဝင်ပုံ၊ ဆိတ်ဆိတ်ထိုင်တော်မူပုံ တို့ကို ကိုယ်တိုင် ကိုယ်ကျ မြင်တွေ့ခဲ့ရသည်။

ဆရာပြဟ္မာယု ဗုဒ္ဓဆွမ်းဘုဉ်းပေးတော်မူပုံ၊ နောက် ဆိတ်ဆိတ်ထိုင်နေပုံ၊ ဆွမ်းအနုမောဒနာ ပြုပုံတို့ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့သည်။

ဆရာပြဟ္မာယု ဗုဒ္ဓအကြောင်း ကောင်းကောင်းကြီး လေ့လာခဲ့ပါသည်။ ကျောင်းတော်သို့ ဗုဒ္ဓပြန်ကြွပုံ၊ ဆိတ်ဆိတ်သီတင်းသုံးပုံ၊ ပရိသတ်အား တရားချီးမြှင့်ပုံ အလုံးစုံတို့ကိုလည်း ဒိဋ္ဌပင် မြင်တွေ့ခဲ့ရသည်။

ဆရာပြဟ္မာယု ဗုဒ္ဓသည် ဤသို့ ဤသို့လည်း သဘောရှိပါသည်။ ထိုထက် ထိုထက်လည်း လွန်ကဲ တော်မူပါသည်။

ဥတ္တရလုလင်၏ စကားတို့သည် အပိုမပါ။ အလိုမရှိ။ မြင်သိရသမျှ အတိအကျ။

ထိုစကားကြောင့် ဗြဟ္မာယုပုဏ္ဏားကြီးမှာ သဒ္ဓါစိတ်တွေ မိုးလိုစွေလေပြီ။ နေရာမှ ချက်ချင်းထသည်။ လက်ဝဲ တဘက် ပခုံးထက်၌ ကိုယ်ဝတ်ရုံ ပတ်တင်သည်။ ဗုဒ္ဓ ရှိရာ မျက်နှာမူ လက်အုပ် ချီမိုး ရှိခိုးကာ—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟုလည်း သုံးကြိမ် သုံးခါ ဥဒါန်းကျူးသည်။

တနေ့နေ့ တချိန်ချိန်၌ ဗုဒ္ဓနှင့် ဖူးတွေ့ရပြီး ဓမ္မကိုပါ နာရ ကောင်းရဲ့ ဟုလည်း မနေသာ ပြောနေလိုက်ပါသည်။

ထိုအခိုက် ဗုဒ္ဓသည် မိထိလာပြည် မဃဒေဝသရက် ဥယျာဉ်၌....

အပါးမှ ပုဏ္ဏားအပေါင်း ခညောင်းနေကြသည်။ အချို့က ဗုဒ္ဓအား ဝပ်တွားလျက်။ အချို့က ဗုဒ္ဓနှင့် ဝမ်းမြောက်ဖွယ် စကားဆိုလျက်။ အချို့က မျိုးနွယ်ကို လျှောက်လျက်။ အချို့ကမူ ဘာမျှမပြော တုဏှိဘော။

အကြောင်းစုံကို ဗြဟ္မာယုပုဏ္ဏား ကြားသည်။ ဗုဒ္ဓအား ဖူးမြော်လိုသော ဆန္ဒတွေက တဖွားဖွား။ သူ့တပည့်တို့ကို ခေါ်သည်။ ဥယျာဉ်တော်သို့ ချည်းကပ်တော့မည်။ သို့သော်....

ဗုဒ္ဓကို မပန်ကြားပဲ ဥယျာဉ်တော်ထဲ ဝင်ခြင်းသည် ငါ့အား မလျော်ပါလား။

အကြံပေါ်သဖြင့် တပည့်တယောက်ကို ဦးစွာ လွှတ်သည်။ ဝင်ခွင့်ပြုရန် ဗုဒ္ဓထံ ခွင့်ပန်စေသည်။

"ဖူးမြင်ရန်မှာ ထို ပြဟ္မာယု ပုဏ္ဏားရဲ့ ဆန္ဒအတိုင်းပင်" ဟု ဗုဒ္ဓက မိန့်သည်။

ပြဟ္မာယုပုဏ္ဏားကြီးမှာ အတိုင်းမသိ ပီတိ။

ဗုဒ္ဓထံပါးသွားသည်။ ဗုဒ္ဓနှင့် အလ္လာပ သလ္လာပပြောသည်။ သင့်လျော်ရာ၌ ထိုင်ရင်း ဗုဒ္ဓကို စေ့စေ့ကြည့်သည်။ မဟာပုရိသ လက္ခဏာ ၃၂ ပါးသော အင်္ဂါရပ်တို့ကို အသေအချာ ရှာသည်။

ပုရိသ နိမိတ်၌လည်း သို့လော သို့လော။

လျှာတော်၌လည်း သို့လော သို့လော

သို့ဖြင့် ဗုဒ္ဓအား ဤစကားကိုလျှောက်သည်....

ဗုဒ္ဓ- ယောကျ်ားမြတ်တို့၏ လက္ခဏာမှာ ၃၂ ပါးဟု ကျွန်ုပ်ကြားဖူးပါ၏။ လက္ခဏာနှစ်ပါးတို့က မထင်ရှား။ အဝတ်ဖြင့် ဖုံးကွယ်နေသော အင်္ဂါဇာတ်သည် သိုအိမ်၌ တည်ပါ၏လား။ လျှာတော်ကိုလည်း မမြင်ရ။ မထင်ပေါ်သည် မဟုတ်ပါလား။

ဗုဒ္ဓ- ကျွန်ုပ်၏ ယုံမှားမှုကို ဖျောက်ပါ။ အခွင့်သာလျှင် ဘဝသံသရာ ချမ်းသာစေခြင်းငှာ ပုစ္ဆာတခုကို လျှောက်လိုပါသည်။

ထိုအခါ—

"ဤပြဟ္မာယုပုဏ္ဏားသည်ယောကျ်ားမြတ်လက္ခဏာ ၃၂ ပါး အနက်အချို့ကို မြင်၏။ နှစ်ပါးကိုမမြင်။ ထိုနှစ်ပါး၌ ယုံမှား

နေသည်။ တွေးတောခဲ့သည်။ သူ မဆုံးဖြတ်နိုင် မယုံကြည်နိုင်ခဲ့။ တန်ခိုးဖန်ဆင်းပြရမှု ကောင်းလေစွ” ဗုဒ္ဓ၌ အကြံတော်ပေါ်သည်။

မကြာ....

တန်ခိုးရှင် ဗုဒ္ဓသည် ဗြဟ္မာယု မြင်သာစေရန် အအိမ်ဖြင့်ဖုံးလွှမ်းသော ပုရိသနိမိတ်ကိုလည်း ဖန်ဆင်းပြသည်။ လျှာတော်ကို လည်း ထုတ်၍ နဖူးပြင်ကို အုပ်လျက် တမျိုး၊ နားတွင်းနှစ်ဘက်ကို အပြန်ပြန်သုံးသပ်လျက်တမျိုး၊ နှာခေါင်းနှစ်ဘက်ကို အပြန်ပြန် သုံးသပ်လျက်တမျိုး၊ ပြခြင်းဖြင့် ဗြဟ္မာယု၏ ယိုးမှားမှုကို ရှင်းလိုက်သည်။

ဗြဟ္မာယု၏ ရင်တွင်းမှာ လမင်းတရာ ထိန်ထိန်သာလေပြီတည်း။

(င)

ဗုဒ္ဓ- ခွင့်ပြုပါ။
ပုစ္ဆာတခုကို ဆက်ပါရစေ။

ဗြဟ္မာယု- ဆက်လေ။ မေးလေ။

ဗုဒ္ဓ- မကောင်းမှုကို အပပြုပြီးသူဟူသည် ဘယ်သူလဲ။ သိခြင်းအဆုံး ရောက်သူဟူသည် ဘယ်သူလဲ။ စင်ကြယ်သော ပုဂ္ဂိုလ်ဟူသည်ဘယ်သူလဲ အရဟတ္တမဂ်ဉာဏ် မောနေယျ

နှင့်ပြည့်စုံသူ-ဟူသည် ဘယ်သူလဲ ဗုဒ္ဓ ဟူသည် ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ။

ဗြဟ္မာသယု- ရှေးရှေးက နေဖူးသော ခန္ဓာအစဉ်ကိုလည်း သိသည်။ နတ်ဘုံအပါယ်ဘုံတို့ကိုလည်းမြင်သည်။ ဇာတိ၏ကုန်ခြင်းသို့လည်း ရောက်သည်။ အရဟတ္တမဂ်ဉာဏ်ကိုလည်း အထူးသိမြင်သည်။ ထိုသူသည် မုနိခေါ်သော ရဟန်းဖြစ်၏။

ဗြဟ္မာသယု- ရာဂတို့မှ အချင်းခပ်သိမ်းလွတ်သည်။ အထူးသဖြင့် စင်ကြယ်သောစိတ်ကိုသိသည်။ ပဋိသန္ဓေနေခြင်း သေခြင်းဟူသမျှ ပယ်ပြီးဖြစ်သည်။ အကျင့်မြတ်အားလုံးနှင့် ပြည့်စုံသည်။ တရားအားလုံး၏ ကမ်းတဘက်သို့သည်း ရောက်သည်။ ထိုသူသည် ဗုဒ္ဓဖြစ်၏။

ဒေသနာတော် ဆုံးသော် ဗြဟ္မာသယုက ဝမ်းမြောက် နှမော်သာခုခေါ်သည်။ ဗုဒ္ဓ၏ခြေတော်စုံနှင့် ဦးတိုက်သည်။ ခြေတော်တို့ကို ပါးစပ်ဖြင့်လည်းစုပ်သည်။ လက်ဖြင့်လည်း သုံးသပ်သည်။

နောက်-ဗုဒ္ဓဘုရား။ ကျွန်ုပ်ကား ဗြဟ္မာသယုပုဏ္ဏားပါတည်း ကျွန်ုပ်ကား ဗြဟ္မာသယုပုဏ္ဏားပါတည်း။ အမည်ကိုလည်းလျှောက်သည်။

အနားရှိ ပရိသတ်ကြီးမှာ ရင်သပ်ရှုမော သောသောအုတ်အုတ်။ အံ့သြဖွယ် ကောင်းစွတကား။ မဖြစ်ဖူးမြဲ ဖြစ်စွတကား ဗြဟ္မာသယုပုဏ္ဏားကြီးသည် ဤမျှလောက်ထင်ရှားကျော်ကြားသူ

အခြံအရံပေါမျှားသူဖြစ်ပါလျက် ဗုဒ္ဓအား လွန်လွန်ကဲကဲ တုပ ဝပ်ရှိသေမှု ပြုနိုင်ဘိ၏။ အံ့ဖွယ်အတိပါပေဟု ပရိသတ်ကြီးက အံ့အဲချီးမွမ်းကြသည်။

ပုဏ္ဏား-တော်သင့်ပြီ ထ လော့၊ သင့် နေရာ၌ ထိုင်လော့။ သင့်စိတ်က ငါ့ကို တကယ် သက်ဝင် ကြည်ညိုလေပြီ။ ဗုဒ္ဓက မိန့်တော်မူမှ သူ့ နေရာ သူ ပြန်ယူပါသည်။

ဗုဒ္ဓသည် ဗြဟ္မာယုအတွက် ဓမ္မသဘင် ယင်သည်။ အစဉ် အတိုင်း တရားဟောသည်။ ဒါနနှင့်စပ်သောစကား၊ သီလနှင့် စပ်သောစကား၊ နတ်ပြည်နှင့် စပ်သောစကား။ ဟရားမျိုးစုံ ဖြစ်သည်။

ကာမဂုဏ် တို့၏ အပြစ်ကိုပြသည်။ နောက် ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းအကျိုးကို မြင်စေသည်။

ဗြဟ္မာယုမှာ အသင့်ရှိသော စိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင် နီဝရဏမှ ကင်းသော စိတ်၊ တက်ကြွသောစိတ်၊ ကြည်လင်သော စိတ်နှင့် ဖြစ်ခဲ့ပြီ။

ထိုအဆင့်ရောက်သောအခါ ဗုဒ္ဓက ဓမ္မကို မြှင့်မြှင့်ပြသည်။ ဆင်းရဲ ဒုက္ခ။ ဆင်းရဲ ဖြစ်ကြောင်း သမုဒယ။ ဆင်းရဲ ချုပ်ရာ နိရောဓ။ ထိုဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် မဂ္ဂ။ သစ္စာလေးပါးကို ဟောသည်။

မည်းညစ်ခြင်းကင်း သန့်ရှင်း ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းကောင်းကြီး စွဲယူသည် မဟုတ်လော။

ထိုနေရာ၌ပင် ဗြဟ္မာယုသန္တာန် သောတာပတ္တိမဂ်ဉာဏ် ဆိုက် လေပြီ။ ဖြစ်ခြင်းသဘောရှိသမျှ တရားဓမ္မအလုံးစုံသည် ချုပ်

ခြင်း ပျောက်ခြင်းလျှင် အဆုံးသတ်၏ ဟု ကိလေသာ ညစ်ကြေး ကင်းဝေသော တရားမျက်စိ ပေါ်ခဲ့ပြီ။

တရားကို မြင်ပြီးသော ဗြဟ္မာယု။ တရားသို့ရောက်ပြီး သော ဗြဟ္မာယု။ တရားကိုသိပြီးသော ဗြဟ္မာယု။ တရားသို့ သက်ဝင်ပြီးသော ဗြဟ္မာယု။ ယုံမှားခြင်း ကင်းပြီးသော ဗြဟ္မာယု။ သို့လော သို့လော မရှိတော့သော ဗြဟ္မာယု။ ဗြဟ္မာယုအဖို့ ဗုဒ္ဓသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်လေပြီ။

ထိုအခါ ဗုဒ္ဓအား ဤသို့ ဤသို့ လျှောက်သည်။ ဥပမာ မှောက်ထားသော အိုးကို လှန်ပြသလို။ ဖုံးထားသောအရာကို ဖွင့်ပြသလို။ မျက်စိလည်သူကို လမ်းမှန်သို့ ညွှန်ကြားသလို။ အမိုက်မှောင်ထဲ တန်ဆောင်ဆီမီး ညှိထွန်းပြသလို ဗုဒ္ဓသည် ဓမ္မကို အကြောင်းအမျိုးမျိုးဖြင့် ပြတော်မူပါသည်။

ဗုဒ္ဓကို ကိုးကွယ်ပါသည်။ ဓမ္မကို လေးမြတ်ပါသည်။ သံဃာကို ဆည်းကပ်ပါသည်။ တပည့် ဗြဟ္မာယုအား ရာသက် ပန် ဥပါသကာ ဟု မှတ်တော်မူပါ။

တဆက်တည်းပင် နက်ဖြန် တပည့်ဗြဟ္မာယု၏ ဆွမ်းကို ရဟန်းသံဃာတော်တွေနှင့်အတူ အလှူခံ ကြွတော်မူပါဟူ၍။

ဗြဟ္မာယုပုဏ္ဏား၏ ဆွမ်းအလှူပွဲကြီးက ထမင်းရည်ချောင်း စီးဖြစ်သည်။ ခုနစ်ရက်တိုင်တိုင် မြတ်သောဘောဇဉ် မြတ်သော ခဲဖွယ်တို့ဖြင့် ချည်း ဒါနပွဲကြီး ယင်သည်။

ဗုဒ္ဓက ကိုယ်တော်တိုင် ချီးမြှင့်တော်မူခဲ့သည်။

ဗုဒ္ဓသည်း ပြန်အကြွ။

ဗြဟ္မာယုလည်း လူ့ထီးငြီး၍ ဗြဟ္မာ့ထီးမှီးပြီ။ အောက်ပိုင်း သံယောဇဉ် ကင်းသည်ဖြစ်၍ဗြဟ္မာ့ပြည်၌ပင် ပရိနိဗ္ဗာန်စံဝင်ခြင်း သဘောရှိသည့် အထက် အထက် ဗြဟ္မာ့ပြည်သို့ ဥပပတ် ပဋိသန္ဓေ ချက်ချင်း ပြောင်းရွှေ့နေလိုက်တော့ပြီ။

ဗြဟ္မာယု ပုဏ္ဏားကြီးကား ကာမ ၁၁ ဘုံသား မဟုတ်တော့ချေ တကား။ ။

(ဤဗြဟ္မာယု သုတ္တန်ကို လေ့လာလျှင်....

ဗုဒ္ဓပါသည်။ ဆရာဗြဟ္မာယု ပါသည်။ တပည့် ဥတ္တရပါသည်။ သူတို့ သုံးဦး ပေါင်းသည် ဗြဟ္မာယု သုတ္တန် ဖြစ်သည်။

ဗြဟ္မာယု သုတ္တန်သည် ဗုဒ္ဓ ပုံတော်ကို ဖွင့်သည်။ ဗုဒ္ဓ၌ တင့်တယ်သောအဆင်းရှိသည်။ မကြုံစည်အပ်သော အဆင်းရှိသည်။ မနှိုင်းယှဉ်အပ်သော အဆင်းရှိသည်။ အသရေ တင့်တယ်တော်မူလွန်းသဖြင့် ရူပ အစိန္တေယျဂုဏ် စသည့် မြတ်ဗုဒ္ဓဟု ဖော်ဆောင်ကြရသည်။ ဗုဒ္ဓကို ကြည်ညိုရပါသည်။

ဗုဒ္ဓကြွတော်မူဟန်က မည်သို့နည်း။ ဗုဒ္ဓ ထိုင်တော်မူဟန်က မည်သို့နည်း။ ဗုဒ္ဓ ဆွမ်းခံဟန်က မည်သို့နည်း။ ဗုဒ္ဓ ဆွမ်စားဟန်က မည်သို့နည်း။ ဆွမ်းအနုမောဒနာပြုသောအခါ တရားဒေသနာ ဟောသောအခါ ဗုဒ္ဓ မည်သို့ မည်သို့ သိဘင်းသုံးသနည်း။ ဤအချက်တို့ကို ဗြဟ္မာယု သုတ္တန်က ဖတ်သူနာသူတို့၏ စိတ် မျက်စိတွင် ပြက်ပြက်ထင်ထင် မြင်သာစေခဲ့သည်။

ဥတ္တရသည် လိုလားအပ်သော တပည့်ဖြစ်သည်။ ဆရာဗြဟ္မာယု၏ စကား မြေဝယ်မကျစေရ။ ခုနစ်လ ကြိုးစားသည်။ ဗုဒ္ဓ၏

နေ့ခက် ကောက်ကောက် လိုက်၍ ဗုဒ္ဓအကြောင်း ကောင်းကောင်း လေ့လာသည်။ လက္ခဏာတော်ကြီး ၃၂ ပါးသာမက သွားဟန် လာဟန် လှုပ်ရှားဟန်တို့ကိုပါ လက္ခဏာကျမ်းကြီးနှင့် ညီမညီ အသေးစိတ် စိစစ်သည်။

သူကြီးစားမှုကြောင့် ဆရာဖြစ်သွားသော ဗုဒ္ဓကို တကယ်သက်ဝင်ခဲ့ခြင်း။ ဘောဘာပန်အဆင့်အထိ မြင့်သွားရခြင်း။

ဥတ္တရလုလင်မှာသာ ဆရာရှိသည် မဟုတ်။ လူသားတိုင်း လူသားတိုင်းမှာ ဆရာသမားနှင့် မကင်းကြ။ သင်ဆရာသော်ရှိမည်။ မြင်ဆရာသော် ရှိမည်။ ကြားဆရာသော် ရှိမည်။ တနည်း မဟုတ် ကနည်း ဆရာသမားတို့ထံ နည်းခံနေကြရသည့် လူသားများ။

အာစရိယဂုဏော အနန္တော၊ ဆရာ့ကျေးဇူး ကြီးသည်၊ ကျေးဇူးသိရမည် ဖြစ်သည်။ ဥတ္တရလုလင်သည် ပုံစံ။ မိမိဆရာကို ညွှန်သို့ ညွှန်သို့ ဖမ္မ နဂ္ဂဟာ အနေ.... ကျေးဇူးသိချေမှ ဆရာ့ကျေးဇူး ကြေမည်။ ဆရာ ကိုတကယ် ကျေးဇူး ဆပ်ရာရောက်သည်။ ကျွန်တော်တို့ ဥတ္တရကို အတုယူရပါမည်။

* ဗြဟ္မာယုပုဏ္ဏား ဘာ့ကြောင့် ကာမ ၁၁ ဘုံသားဘဝမှ လွတ်သွားရ ပါလိမ့်။

ဤအချက်ကို တက်ခင်လျှင် ဥတ္တရလုလင်ကို အပေးက မြင်ရပြီ ဗြဟ္မာယု၏ ကိုယ်ပိုင်သဒ္ဓါကို အနီးကပ် တွေ့ရမည် ဖြစ်သည်။

ဗုဒ္ဓသည် နဖူးသင်းကျစ်တော်နှင့် ဥဏ္ဏာလုံ မွေးရှင်တော်နှင့်၊ စွယ်တော်မြတ်လေးဆူနှင့် တကယ်သပ္ပါယ်တော်မူသည်။

ဗြဟ္မာယုလည်း လူ့ထီးငြီး၍ ဗြဟ္မာ့ထီးမိုးပြီ။ အောက်ပိုင်း သံယောဇဉ် ကင်းသည်ဖြစ်၍ဗြဟ္မာ့ပြည်၌ပင် ပရိနိဗ္ဗာန်စံဝင်ခြင်း သဘောရှိသည့် အထက် အထက် ဗြဟ္မာ့ပြည်သို့ ဥပပတ် ပဋိသန္ဓေ ချက်ချင်း ပြောင်းရွှေ့နေလိုက်တော့ပြီ။

ဗြဟ္မာယု ပုဏ္ဏားကြီးကား ကာမ ၁၁ ဘုံသား မဟုတ်တော့ချေ တကား။ ။

(၇)ဗြဟ္မာယု သုတ္တန်ကို လေ့လာလျှင်....

ဗုဒ္ဓပါသည်။ ဆရာဗြဟ္မာယု ပါသည်။ တပည့် ဥတ္တရပါသည်။ သူတို့ သုံးဦး ပေါင်းသည် ဗြဟ္မာယု သုတ္တန် ဖြစ်သည်။

ဗြဟ္မာယု သုတ္တန်သည် ဗုဒ္ဓ ပုံတော်ကို ဖွင့်သည်။ ဗုဒ္ဓ၌ တင့်တယ်သောအဆင်းရှိသည်။ မကြံစည်အပ်သော အဆင်းရှိသည်။ မနှိုင်းယှဉ်အပ်သော အဆင်းရှိသည်။ အသရေ တင့်တယ်တော်မူလွန်းသဖြင့် ရူပ အစိန္တေယျဂုဏ် စသည့် မြတ်ဗုဒ္ဓဟု ဖော်ဆောင်ကြရသည်။ ဗုဒ္ဓကို ကြည်ညိုရပါသည်။

ဗုဒ္ဓကြွတော်မူဟန်က မည်သို့နည်း။ ဗုဒ္ဓ ထိုင်တော်မူဟန်က မည်သို့နည်း။ ဗုဒ္ဓ ဆွမ်းခံဟန်က မည်သို့နည်း။ ဗုဒ္ဓ ဆွမ်းစားဟန်က မည်သို့နည်း။ ဆွမ်းအနုမောဒနာပြုသောအခါ တရားဒေသနာ ဟောသောအခါ ဗုဒ္ဓ မည်သို့ မည်သို့ သီတင်းသုံးသနည်း။ ဤအချက်တို့ကို ဗြဟ္မာယု သုတ္တန်က ဖတ်သူနာသူတို့၏ စိတ် မျက်စိတွင် ပြက်ပြက်ထင်ထင် မြင်သာစေခဲ့သည်။

ဥတ္တရသည် လိုလားအပ်သော တပည့်ဖြစ်သည်။ ဆရာဗြဟ္မာယု၏ စကား မြေဝယ်မကျစေရ။ ခုနစ်လ ကြိုးစားသည်။ ဗုဒ္ဓ၏

မေမွကိုနာသည်။ မေမွကိုကျင့်သည်။ သစ္စာတရားကို မနောအကြည်တွင်ထင်အောင်ရှုသည်။ သို့ကြောင့်အောက်ပိုင်းသံယောဇဉ်ပြတ်တောက် ကာမဘုံသား ဘဝမှ လွတ်မြောက်ခဲ့ခြင်း။

ဒုက္ခ၊ သမုဒယ နိရောဓ မဂ္ဂ။ သစ္စာလေးပါးတွင် ဒုက္ခနှင့် နိရောဓက အကျိုးသစ္စာ။ သမုဒယနှင့် မဂ္ဂ-က အကြောင်းသစ္စာ။ ယင်း သို့ဖြစ်ပါလျက် အကြောင်းကို ပထမမပြအကျိုးသစ္စာနှစ်ပါးကို ဘာ့ကြောင့် ဦးစွာ ပြပါလိမ့်။

သစ္စာလေးပါးတွင် ဒုက္ခနှင့်သမုဒယဘာတွဲနိရောဓနှင့်မဂ္ဂကတတွဲသမုဒယတဏှာကြောင့်ဒုက္ခအမျိုးမျိုးပွားစည်ရသည်ဟူ၍။

ဒုတိယအတွဲတွင် နိရောဓသည် အကျိုး မဂ္ဂသည် အကြောင်း မဂ္ဂင်ရှစ်ပါ ကို ကြိုးကြိုး စားစား အားထုတ်သဖြင့်နိရောဓသစ္စာ နိဗ္ဗာန်သို့ ဆိုက်ရသည် ဟူ၍။

လောက၌ အကြောင်း အကျိုး နှစ်မျိုးရှိသည့်အနက် အကြောင်းကမပေါ်လွင် မထင်ရှား။ အကျိုးကသာပေါ်လွင်သည်။ ထင်ရှားသည်။ လက်တွေ့ကျကျ ခံစံနေရသဖြင့် သူသူငါငါ သိလွယ်မြင်လွယ်သည်။

အကျိုးဒုက္ခကို လက်တွေ့ပြတော့ အကြောင်းလက်သည် သမုဒယကို မြင်ဖို့ မခက်။

ရလဒ်နိဗ္ဗာန်ကို ဦးစွာဟောတော့ မဂ္ဂလုသင်ကို အပတ်တကုတ် အားထုတ်ဖို့မခက်။

သည့်အတွက် ဒုက္ခနိရောဓ အကျိုးသစ္စာနှစ်ချက်ကို ဦးစွာဟောရခြင်း၊ တဆက်တည်းပင် ပြဟ္မာယုလို ဝေနေယျတွေ မြန်မြန် ကျွတ်တမ်းဝင်ရခြင်း။

* မဟာပုရိသ လက္ခဏာကျမ်း ယခုနေ့ ရှိသေးသလား။
ဗုဒ္ဓပွင့်တော့မည်။

ထိုအခါ သုဒ္ဓါဝါသ ဗြဟ္မာတို့ လူ့ပြည်ဆင်းသည်။ ပုဏ္ဏား အသွင် ဝတ်ဆင်းပြီး လက်ရှိဗေဒင်ကျမ်းတို့၌ မဟာပုရိသ လက္ခဏာတို့ကို ထည့်သွင်းသည်။ တဆက်တည်း ပညာခံရင့် သန်သည့် တပည့်တို့ကိုလည်း သင်ပေးသည်။

ဤလက္ခဏာ–ဤလက္ခဏာနှင့် ပြည့်စုံသူဟာ အိမ်ရာတည် ထောင် လူ့ဘောင်မှာနေခဲ့ရင် လေးကျွန်းသနင်း စကြာမင်း ဖြစ်မယ်။

အိမ်ရာမထောင် ရဟန်းဘောင်ဝင်ခဲ့ရင် သဗ္ဗညုအစစ် ဗုဒ္ဓ တော်ဖြစ်မယ်။

မဟာပုရိသ လက္ခဏာတော်ကျမ်း၌ ဤသို့ ဤသို့သော ဟောစာတွေလည်းပါသည်။ လက္ခဏာတော်ကြီး ၃၂ ပါး၏ အနေအထား လက္ခဏာတော်ငယ် ရှစ်ဆယ်၏ အသွင်အပြင် တွေလည်းပါသည်။ ကုန်ကုန်ဆိုရသော် ဗုဒ္ဓ၏ ပုံတော်ကို ပြထားသည့်စာသည် မဟာပုရိသ လက္ခဏာကျမ်း။

ရာမ–ဓဇ–လက္ခဏာ–ဇောတိမန္တီ
ယည–သုဘောဇ–သုယာမ–သုဒတ္တ။

ပုဏ္ဏားတော်ရှစ်ဦးကား သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့၏ ပညာ နို့သက်ခံများ ဖြစ်သည်။

သုဒတ္တ က အငယ်ဆုံး။
သုဒတ္တ က အကြွယ်ဆုံး။

လက်တချောင်းသာ ထောင်ပြီး "သိဒ္ဓတ္ထကား ဗုဒ္ဓမုချဖြစ်လတ္တံ့"ဟု ပြောင်ပြောင် ပြတ်ပြတ် ဆုံးဖြတ်ချက်ချခဲ့သူ မဟုတ်လော။

သုဒတ္တသည် မဟာပုရိသ လက္ခဏာကျမ်းကို တဖက်ကမ်းခတ်တတ်သည်။ မဟာပုရိသလက္ခဏာ ပါရဂူဖြစ်သည်၊ ထိုကျမ်းကို သုဒတ္တ က မိုးငြမ်းပြုခဲ့ခြင်း။

နေမင်းကြီး ဒေါယာကျွန်း ယွန်းပြီ။

ထိုအခါ အရှိန်သဝါတို့သည်း တစတစ ကွယ်ပ သွားကြ၏။

ဗုဒ္ဓသည် ခေမာနန်း မြန်းပြီ။

ထိုအခါ မဟာပုရိသ လက္ခဏာတော် ကျမ်းကြီးလည်း တရွေ့ရွေ့နှင့် ရွေ့သွားတော့၏။

* ဗုဒ္ဓမှာ ဘာ့ကြောင့်များ ၃၂ ပါးသော လက္ခဏာတွေနှင့် ပြည့်ကြွယ်ရပါလိမ့်။

ဤမေးခွန်း၏ အဖြေကိုမူ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ရေးစပ်ခဲ့သော မဟာပုရိသလက္ခဏာ ဒီပနီကဗျာဖြင့် ကြည်ညိုဖွယ် ဖေါ်ဆောင်လိုက်ပါသည်။

## မဟာပုရိသကဗျာမှာ

၁။ ။အတိရှေးက၊ ကုသလဉ္ဈ၊ မြဲစွ ဆောက်တည်
ခဲ့ဘူးသည်ကြောင့်၊သက်ရှည်ဆင်းဝါ၊ ချမ်း
သာစိုးရ၊ ခြေရုံခလျက်၊ ရူပသဒ္ဒါ၊ ဂန္ဓာရသ၊

ဗောဇ္ဈင်ဖြင့်၊ လွတ်ထဆယ်မည့်၊ နတ်ဖြစ်သည်
နောက်၊ လူ့ပြည်ရောက်လည်း၊ မမောက်မခွက်၊
မွတ်မွတ်ညက်သား၊ မြေထက်ဖဝါး၊ နင်းချ
သွားသော်၊ ပြားပြားညီထိ၊ သုပတိဋ္ဌိတ၊ ပါဒ
လက္ခဏာ၊ ဖြစ်ပေါ်လာ၍၊ ကင်းကွာ ရန်သူ
ထွင်းပဟူ၏။ ။

၂။ ။ဗိုလ်လူအများ၊ ချမ်းသားပွားဖို့၊ ဆီးတား
ဘေးဘျမ်း၊ ခြံရံဝန်းလျက်၊ လှူဒါန်းသည့်
တာ၊ နတ်ဖြစ်ရာမူ၊ ပုဒ်တိုင်းတူပြီ၊ ဤလူတို့
ဘောင်၊ ကန့်တထောင်နှင့်၊ ရုပ်ရောင်ပီပြင်၊
စက်ဝန်းထင်၍၊ စက္ကင်္ကိတ၊ ပါဒလက္ခဏာ၊
ပြည့်စုံလာလျက်၊ ခြေရံတက်၏။ ။

၃။ လူ့သက်မှသတ်၊ ကောင်းမှုမြတ်ကြောင့်၊ ရှည်
လတ်ပဏှိ၊ အင်္ဂုလိနှင့်၊ ဖြောင့်ဘိ ကိုယ်မှာ၊
မိုးဗြဟ္မာသို့၊ လက္ခဏာသုံးပါး၊ ပေါ်ထင်ရှား
၍၊ ရှည်လျားအသက်။ ။

၄။ ရသာမြတ်ကို၊ လှူဆက်ဖူးလေ၊ ကောင်းမှုတွေ
ကြောင့်၊ လက်ခြေပခုံး၊ လည်လုံးဖွံ့ထုတ်၊
သတ္တုဿဒါ၊ လက္ခဏာနှင့်၊ ရသာလာတ်ရ။ ။

၅။ သင်္ဂဟဝတ္ထု၊ ချီးမြှောက်မှုကြောင့်၊ မုဒုပျောင်း
ညက်၊ ကွန်ရက်ရှက်သို့၊ ခြေလက်ဖဝါး၊ နှစ်ပါး
ပြည့်လျှံ၊ ခြေရံမကွဲ၊ ထံပါးမြဲ၏။ ။

၆။ ။ခပဲလူပေါင်း၊ ချမ်းသာကြောင်းကို၊ ကျိုး
ကြောင်းပြလျက်၊ ဟောဖော် မြွက်ကြောင့်၊
ဖမျက်မြင့်ခေါင်၊ သရေဆောင်သည့်၊ ကော့
ထောင်မွေးဖျား၊ နှစ်ပါးရလာဒ်၊ သူ့ထက်
မြတ်၏။

၇။ အတတ်ပညာ၊ ပြစ်မဲ့ရာကို၊ လျင်စွာ ကာတ်
စေ၊ ပို့ချပေလို့၊ ဇော်ဇယ်၊ သလုံးလှ၍၊ဘောဂ
လျှင်စွာ၊ ပြည့်စုံလာ၏။ ။

၈။ ပညာလိုရွေ၊ မေးမြန်းလေ့ကြောင့်၊ သိမ်မွေ့
ကိုယ်ရေ၊ ဉာဏ်မိုးစွေ၏။ ။

၉။ ချပ်နေမာန်မျက်၊ သဒ္ဒါထက်၍၊ လှူဆက်
ချောနှုံ၊ ခင်းရုံမှုဝေ ဝင့်၊ရွှေတုအဆင်း၊ ချော
လွန်းမင်းသည့်၊ အခင်းကိုယ်ရုံ၊ ပေါများတို့
၏။ ။

၁၀။ မဆုံကွဲနေ၊ မျိုးမိတ်ဆွေကို၊ ရှာဖွေစပ်ပေး၊
ကုသိုလ်ရေးကြောင့်၊ ဖုံးမြေးအိမ်ရေ၊ သို့ရှိ
လေ၍၊သားတွေပေါလှ၊ထောင်မကတည့်။ ။

၁၁။ ဗလအလျော်၊ ရွေးနှုတ်ကောက်၍၊ ချိုး
မြှောက်စိုးစံ၊ကုသိုလ်ကံကြောင့်၊အလံကိုယ်ထူ၊
မညွတ်မှု၍၊ ကိုင်ယူဒူးဝန်း၊နှစ်ပါးထွန်းလျက်၊
ပြည့်မှန်းဥစ္စာ၊ ကောင်းကျိုးလာ၏။ ။

၁၂။ သတ္တဝါအများ၊ ကျိုးစီးပွားကို၊ လိုလားမမေ့
ကုသိုလ်လေ့ကြောင့်၊ ခြင်္သေ့ရှေ့ကိုယ်၊ ကဲ့နှစ်
ကိုယ်နှင့်၊ ပြည့်မိုကျောပြင်၊ လည်တွင်လုံးလှ၊
သုံးပါးရ၍၊ ဘောဂခြွေရွေ၊ မယုတ်လေ
တည့်။ ။

၁၃။ သဗ္ဗေသတ္တာ၊ ချစ်ကြင်နာ၍၊ ချမ်းသာစေလို၊
မဖျက်ဖို့တိ၊ လည်မျိုစုန့်နှောင်၊ ရသာဆောင်
သည့်၊ ခုနစ်ထောင်ကြောဖျား၊ တည်ဆုံငြား
၍၊ နှာဖျားကင်းကွေ၊ အစာကြေ၏။ ။

၁၄။ မစွေဖြောင့်စွာ၊ ချစ်မေတ္တာဖြင့်၊ မျက်လွှာဖွင့်
လျက်၊ ရှုကြည့်တွက်ကြောင့်၊ မည်းနက်ရှင်ပြုံး၊
မျက်လုံးမျက်မွေး၊ ဒွေးလက္ခဏာ၊ မျှားချစ်
ကြ၏။ ။

၁၅။ ပြုကြကုသိုလ်၊ ကံထိုထို၌၊ လူ့ဗိုလ်ရှေ့ဦး၊ ဆောင်
ခဲ့ဘူးလို့။ နဖူးသင်းကျစ်၊ ဖြစ်ပေါ် လက္ခဏာ
ဟောတိုင်းပါ၍၊ သတ္တဝါအများ၊ ကျင့်လိုက်
စား၏။ ။

၁၆။ မုသားရှောင်ကွင်း၊ ဆိုခဲ့ခြင်းကြောင့်၊ မွေးကွင်း
တစ်ကွင်း၊ မွေးတပင်နှင့်၊ လဲသွင်ဖြူတုံ၊ မျက်
မှောင်ဆုံမှာ၊ ဥဏ္ဏာလုံမွေး၊ အမှတ်ဒွေးတည်း၊
ကျွန်ကျေး ဗိုလ်ထု၊ လိုတိုင်းပြု၏။ ။

၁၇။ ပိသုကာပယ်၊ ကုသိုလ်ကယ်လို့၊ လေးဆယ်ပြည့်
မြဲ၊ သွားမကျဲဟု၊ နှင်တဲ့ လက္ခဏာ၊ ကျေရှိမှာ
လည်း၊ ညီညာကြည်အေး၊ လုံးတဆွေးသည့်။

၁၈။ ဆဲရေးဆိုမြည်၊ ရှောင်ခဲ့သည်ကြောင့်၊ ပါး
ရှည်ပြန့်လျှာ၊ သံဗြဟ္မာသို့၊ လက္ခဏာနှစ်ပါး၊
ဆိုစကားကို၊ အများယူကြ။ ။

၁၉။ ထိုးဇာတ်ပြသို့၊ သမ္ဗဖုင်းစွေ့၊ ရှောင်ကြဉ်လေ့
ကြောင့်၊ ခြသေ့မေးတူ၊ ပြည့်ဝန်းမှုလျက်၊
ရန်သူဝေးကွာ၊ မဖျက်လာတည်း။

၂၀။ မိစ္ဆာဇီဝ၊ ရှောင်ခဲ့ရလို့၊ ညီမျှသွားတော် စွယ်
တော်ဖြူလွှင်၊ နှစ်ပါးအင်နှင့်၊ သန့်စင်ဝေ ရွှေ၊
ပြည့်စုံပေ၏။ ။

(ဆိုလေသမျှ၊ ဒွတ္တိံသပေ၊ ကြည့်လှလက္ခဏာ၊
ပြည့်စုံလာမူ၊ လူ့ရွာထင်ရှား၊ စကြာမင်းနှင့်
ဘုရားသော်လျှင်၊ ဖြစ်မြဲပင်ဟု၊ ဗေဒင် ဇာတ်များ၊
ဟောမြွက်ထားသည်၊ အများနည်းသူ၊
ကျင့်ဖွယ်ကောင်းသတည်း။)

# ( ၄ )

## လောကာယတိကပုဏ္ဏား

### လောကအအမြင်ဘက်ရောက်နေသူများ

ပုဏ္ဏားနှစ်ဦးက လောကာယတဝါဒ ရှိကြသည်။ သူတို့ ဗုဒ္ဓထံရောက်သည်။ ထံတော်ပါး ဝပ်တွားသည်။ ဝမ်းသာဖွယ် စကားဆိုသည်။ ရင်ထဲမရှင်းသော အချက်တို့ကို မေးသည်။

ဗုဒ္ဓ- [ပုရာဏကဿပ က ဤသို့-ဤသို့ ဆိုပါသည်။] "ငါ အလုံးစုံကို သိ၏။ ငါ အလုံးစုံကို မြင်၏။ ရပ်နေစဉ်လည်း မြင်။ အိပ်နေစဉ်လည်းမြင်။ ထိုင်နေစဉ်လည်း မြင်။ သွားနေစဉ်လည်း မြင်၊ အဆုံးမရှိသော လောကကို အဆုံးမရှိသော ဉာဏ်ဖြင့် သိမြင်နေ၏" တဲ့။

ဗုဒ္ဓ- [နာဠမှ၏သား နိပဏ္ဍကာ ဤသို့-ဤသို့။ဆိုပါသည်။]"ငါ အလုံးစုံကို သိ၏။ ငါအလုံးစုံမြင်၏ ရပ်နေစဉ်လည်း မြင်၏။ အိပ်နေစဉ်လည်း မြင်၊ သွားနေစဉ်လည်းမြင်။ အဆုံးမရှိသော လောကကို အဆုံးမရှိသော ဉာဏ်ဖြင့် သိမြင်နေ၏"တဲ့။

ဗုဒ္ဓ- ထို ပုရာဏကဿပနှင့် နိဂဏ္ဌ သူတို့နှစ်ဦးကား ဉာဏ် ဝါဒ ဆန့်ကျင့်ဘက်ကျသည်။ အချင်းချင်း ထိပ်တိုက် ဖြစ်သည်။ ဘယ်သူ့ဝါဒက အမှန်လဲ။ ဘယ်သူက မှား၍ ဘယ်သူက မှန်ပါသလဲ။

ပုဏ္ဏားတို့-ဆိုင်ကြဦး။ သူတို့နှစ်ဦး၏ အမှားအမှန်ကို ရပ်ထား ကြဦး။ ငါဟောမည်။ ငါ့တရားကို ကောင်းစွာ နာ။

ဗုဒ္ဓ— ကောင်းပြီ။ တရားချီးမြှင့်တော်မူပါ။

ပုဏ္ဏားတို့- ယောကျာ်း လေးယောက်တို့ကား အလွန်လျင်မြန် ကြသည်။ ဤ သမုဒ္ဒရာမှ ထို သမုဒ္ဒရာသို့ပင် သွားနိုင် လွန်စေနိုင်သည့် ခြေလှမ်း ရှိကြသည်။

အရှေ့သမုဒ္ဒရာထိပ်က ယောကျာ်းသည် "လောကအ ဆုံးသို့ မရောက်ရောက်အောင်ငါခြေလျင်သွားမယ်"လို့ ကြုံးဝါးပြီး။ ခရီးစသည်။ စားချိန်သောက်ချိန်အိပ်ချိန် မပါ။ ကျင်ကြီး ကျင်ငယ် စွန့်မှုအပန်းဖြေမှု မပါ။ နှစ်တရာ သက်တမ်း၌ နှစ်တစ်ရာ အသက်ရှည်၍နှစ်တစ်ရာ လုံးလုံး သွားသော်ငြား လောက၏ အဆုံးသို့မရောက်။ ခွတ်လတ်တွင် သေပွဲဝင် မည် မလွဲ။

ထိုအတူ တောင်သမုဒ္ဒရာထိပ်ကလူ၊ မြောက်သမုဒ္ဒရာ ထိပ်ကလူ၊ အနောက်သမုဒ္ဒရာထိပ်ကလူ၊ သူတို့သုံးဦး လည်း လောက၏ အဆုံးသို့ မရောက်။ ခုတ်လတ်တွင် သေကြမည် အမှန်။

ပုဏ္ဏားတို့- လမ်းခရီးအကြားမှာပင် သေပွဲဝင်ရတာဘာ့ကြောင့် လဲလို့ သင် တို့ကမေးမည်။

ပုဏ္ဏားတို့- ဒီလို ပြေးသွားရုံမျှဖြင့် လောက၏ အဆုံးသို့ သိနိုင် မြင်နိုင် ရောက်သည်ဟု ငါမဟော။

ဒီလို လောက၏ အဆုံးသို့ မရောက်ပဲ ဆင်းရဲဒုက္ခ၏ အဆုံးကိုပြုနိုင်သည်ဟုလည်းငါမပြော။ ထို့ကြောင့်ပင်။

ပုဏ္ဏားတို့-ကာမဂုဏ် ငါးမျိုးကို အရိယာဝိနည်း၌ [လောက]ဟု ဆိုသည်။ ကာမဂုဏ်နှင့် စပ်သည့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာ ရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ယင်းတို့ကား လောကများ။

ပုဏ္ဏားတို့- ထို ကာမဂုဏ်တို့မှ ဆိတ်သည်။ အကုသိုလ်တို့ မှဆိတ် သည်။ ဝိတက်-ဝိစာရ ပီတိ-သုခ-ဧကဂ္ဂတာ စျာန် အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် ပထမစျာန်ကိုရသည်။ ထိုပထမစျာန်ရပုဂ္ဂိုလ်သည် လောက၏ အဆုံး၌ နေသူ ဟု ငါဟောသည်။ ကျန်လူတို့ကားလောကထဲ၌ အကျုံး ဝင်သူများသာ။

ပုဏ္ဏားတို့-နောက်တမျိုးမှာ ဒုတိယ စျာန်ရသူ။ တတိယစျာန် ရသူ။ စတုတ္ထ စျာန်ရသူ တို့ကိုလည်း လောက၏အဆုံး

ရောက်နေသူများဟု ငါ ဟောသည်။ ကျန်လူတို့ကား လောကမှ မလွတ်မြောက်သေးသူများသာ။

ပုဏ္ဏားတို့- နောက်တစ်မျိုးမှာ ရုပ်ဈာန်မှတ်သားမှု ရူပသညာတို့ကို လုံးဝ လွန်မြောက်၊ ထိပါးခြင်း၌ မှတ်သားမှု ပဋိဃသညာတို့က လုံးဝ ချုပ်ပျောက်။ အထူးထူး ပြားသားမှု နာနတ္တသညာတို့ကို လုံးဝ အာရုံမရောက်။ ကောင်းကင်သည် အပိုင်းအခြားမရှိဟု ပွားလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်နေသည်။ ထိုပုဂ္ဂိုလ်ကိုလည်း လောက၏ အဆုံး ရောက်နေသူ ဟု ငါ ဟောသည်။ ကျန်လူတို့ကား လောကမှ မလွတ်မြောက်သေးသူများ သာ။

ပုဏ္ဏားတို့- နောက်တမျိုးမှာ အာကာသာနဉ္စာယတန စျာန်ကို လုံးဝ လွန်မြောက်ပြီး ဝိညာဏ်သည် အပိုင်းအခြားမရှိဟု ပွားလျက်ဝိညာဏဉ္စာယတန စျာန်သို့ ရောက်နေသည်။

ဝိညာဏဉ္စာယတန စျာန်ကို လုံးဝ လွန်မြောက်ပြီး တစုံတခုမျှ မရှိဟု ပွားလျက် အာကိဉ္စညာယတန စျာန်သို့ ရောက်နေသည်။

အာကိဉ္စညာယတန စျာန်ကိုလည်း လုံးဝ လွန်မြောက်ပြီး တဆင့် နေဝသညာနာ သညာယတန စျာန်သို့ ရောက်နေသည်။

သူတို့ သူတို့ကိုလည်း လောက၏အဆုံး ရောက်နေသူများ ဟု ငါ ဟောသည်။ ကျန်လူတို့ကား လောကမှ လွတ်မြောက်ကြသေးသူများသာ။

ပုဏ္ဏားတို့-နောက်တမျိုးမှာ နေဝသညာနာသညာယတနစျာန်ကို
လုံးဝလွန်မြောက်ပြီး သညာဝေဒနာတို့၏ ချုပ်ရာနိရောဓ သမာပတ်သို့ ရောက်နေသည်။ ပညာဖြင့် မြင်၍ အာသဝေါတို့လည်း ကုန်းခန်းပြီ။ ထိုပုဂ္ဂိုလ်ကိုလည်း လောက၏အဆုံးသို့ ရောက်နေသူ ဟု ငါဟောသည်။ အခြား အခြားလူတို့ကား လောကထဲက လူသားများသာ ဟူ၍ မှတ်လေ။

သာဓု၊ သာဓု၊ သာဓု။ ပုဏ္ဏားတို့က ကောင်းချီး ပြုသည်။ လင်းပါပြီ-ဘန္တေ။

(ဤလောကာယတိက သုတ္တန်ကို-လေ့လာလျှင်...

နိဿက္က၊ အဘိဓာန်ကျမ်း၊ ဝေဒင်္ဂ-အလင်္ကာကျမ်း၊ အက္ခရပ္ပဘေဒ သဒ္ဒါကျမ်း၊ ဇာတိဟာသကျမ်း၊ ဗျာကရုဏ်ကျမ်း၊ လောကာယတ ကျမ်း၊ မဟာပုရိသ လက္ခဏာကျမ်းစသည်ဖြင့် ကျမ်းတွေက များစွာ။

ထိုတွင် လောကာယတကျမ်းသည် ဤလောကာယတိက သုတ္တန်နှင့် ယှက်နွယ်သည်။ လောကာယတဝါဒ သမားတို့၏ လက်သုံးသည် လောကာယတကျမ်း ဖြစ်သည်။

လောကာယတကျမ်း ဟူသည် ထိုကျမ်းကိုမှီ၍ သတ္တဝါတို့၏ စိတ်သည် ကုသိုလ်ကောင်းမှု၌ မဖြစ်တတ်သော တမလွန်လောက နိဗ္ဗာန်တို့ကို တားမြစ်တတ်သော တိတ္ထိတို့၏ကျမ်း ဖြစ်ကြောင်း မာဂဓေဝေ တို့က ဆိုသည်။

လောကာယတကျမ်း ဟူသည် ခက်ခဲနက်နဲသော အကြောင်း မပါ မျက်မြင်လောကကိုသာ ကြည့်၍ ပြောသော ဝါဒ ဖြစ်သဖြင့် လူတိုင်းသိလွယ်သောကြောင့် လောက၌ ထင်ရှားပြန့်နှံ့သော စာရိဗာက ဆရာ၏အယူဝါဒဖြစ်ကြောင်း သက္ကတစာပေတို့ကဆိုသည်။

ပုဏ္ဏားတော်ကြီး နှစ်ဦးကား ထို လောကာယတကျမ်းကို လေ့လာရင်း ပုရာဏကဿပဝါဒ ကိုလည်း မနှစ်သက်။ နိဂဏ္ဍနာဋပုတ္တဝါဒကိုလည်း မနှစ်သက်။ ပုရာဏကဿပလည်း ဘုရားတဲ့။ နိဂဏ္ဍနာဋပုတ္တကလည်း ဘုရားတဲ့။ သို့သော် အခြေခံဝါဒချင်းကမူ ထိပ်တိုက်။ ဘယ်သူ့ကို ယုံရပါလိမ့်။ ဘယ်ဝါဒက မှန်ပါလိမ့်။ ပုဏ္ဏားတော်ကြီးတို့ မဝေခွဲနိုင်ကြ။ သို့ဖြင့်ဗုဒ္ဓထံ ရောက်လာခဲ့ကြခြင်း။

* ပုရာဏ ကဿပ ဆိုတာ ဘယ်သူလဲ။

ပုရာဏကဿပ ဆိုတာ ကျွန်မရဲ့သား။ သူတို့ ကဿပမျိုးနွယ်မှာ သူ့ကို မမွေးမီက ၉၉ယောက် ပေါ်ပေါက်ပြီး။ သူက ရာပြည့်မြောက် ပေါက်ဖွားလာသူ ဖြစ်တဲ့အတွက် ပုရာဏ ပူရဏ ဟု ခေါ်တွင်ခဲ့ခြင်း။

ပုရာဏ အရွယ်ရောက်ပြီ။ သခင်က အိမ်မှာ တံခါးမှူးခန့်သည်။ ပုရာဏက မလုပ်လို။ တိတ်တိတ်ထွက်ပြေးသည်။ တောကြီးမျက်မဲထဲအရောက် ဒမြတွေက အဝတ်အစားတွေ ချွတ်ယူလိုက်ကြသည်။

ပုရာဏခမျာ လုံးတီး ဗလာ ကိုယ်ချည်းဖြင့် ရွာတရွာသို့ ဝင်သည်။ ရွာသားတွေက ဝိုင်း၍ အထင်ကြီးကြသည်။ အဝတ်မစည်းပဲ နေနိုင်သူဟု ဖော်ဆောင်ကြသည်။

ပုရာဏက ဆိတ်ဆိတ်။ ဆက်၍ ဟိတ်ကြီးထုတ်သာနေတော့သည်။ ကြည်ညိုသူတွေ မှိုလိုပေါက်။

ကံမဲ့ဝါဒသည် သူ့မူ။ ကုသိုလ်လည်းအပို။ အကုသိုလ်လည်းအပို။ ကောင်းမှုလည်းပြုရာ မရောက်။ မကောင်းမှု ပြုလည်းပြုရာမရောက်။ အတွင်းအတွက်ကို မထိခိုက်နိုင်သည့် အပြင်က ကိစ္စဟူသမျှ အလဟဿချည်း။ ဤသို့ ပုရာဏကဿပကဆိုသည်။

* နိဂဏ္ဌနာဋပုတ္တ ဆိုတာ ဘယ်သူလဲ။

တိတ္ထိကြီးခြောက်ဦးတွင် နိဂဏ္ဌ ၅ ထူးထူးချွန်ချွန်။ ကျန်ငါးဦးက ကျွန်မျိုး။ နိဂဏ္ဌ ဘဦးသာ လယ်သခွားမျိုး။

သံယောဇဉ်နှောင်ကြိုးကို ရိုက်ချိုးပြီး ဖြစ်သည်။ အထုံးအဖွဲ့ဟူသမျှလုံးဝမရှိ။ မဖြေရှင်းနိုင်သော ပြဿနာလည်း လုံးဝမရှိ။ သို့ကြောင့် နိဂဏ္ဌဟုတွင်ခြင်း။ နိဂဏ္ဌဟူသည် အထုံးအဖွဲ့မရှိသူ။ ကိစ္စဟူသမျှ ဖြေရှင်းနိုင်သူ တဲ့။

အဖေက နာဋ၊ နာဋရဲ့သား ဖြစ်တဲ့အတွက် နာဋပုတ္တ ဟုတွင်ခြင်း။

နိဂဏ္ဌနာဋပုတ္တလည်း အဝတ်မစည်း လုံးတီး သမားပင်။

ရေအေးဟူသမျှ ရှောင် ဝါဒသည် နိဂဏ္ဌနာဋ္ဌပုတ္တ၏ မူ။ အကုသိုလ်ဟူသမျှ ထိထိရောက်ရောက် ရှောင် ဝါဒသည် နိဂဏ္ဌနာဋ္ဌပုတ္တ၏ မူ။

မကောင်းဟူသမျှ ရှောင်ကျဉ်မည်။ သတ္တဝါတို့ကို မျှားရာကက ဆောင်သွားသည် စသည်စသည်ဖြင့် နိဂဏ္ဌက ယူသည်။ ကိုယ်ကို ဒုက္ခကြီးစွာ ခံ၍ ပြင်းစွာ ကျင့်နေသူတို့မှာ နိဂဏ္ဌဂိုဏ်းဝင်များ ဖြစ်သည်။

[အတ္တကိလ မထာနုယောဂ]ဟူသည် နိဂဏ္ဌနာဋ္ဌပုတ္တဂိုဏ်းဝင် တို့၏ လုပ်ထုံးများပင်။

ထို တိတ္ထိကြီးတို့၏ ဝါဒဟူသမျှကို အခြားအခြား သုတ္တန် တို့၌လည်း ဗုဒ္ဓက ရှင်းပြပြီး။ ဗုဒ္ဓက ပယ်ပြီး။

၁၅ [လောကာယတ]၌....

လောကဟူသည် ခင်မင်နှစ်သက်ဖွယ် အာရုံငါးပါး၊ ကာမ ဂုဏ် တရားတို့ကို ဗုဒ္ဓက ရည်ညွှန်းသည်။ ထိုဝတ္ထု ကာမဂုဏ် အာရုံငါးပါးတို့ကို လွန်မြောက်ပါမှ လောက၏ အစွန်းသို့ ရောက်ကြောင်း ဗုဒ္ဓက ဖော်ဆောင်သည်။

ပထမ ဈာန် ရသူ၊
ဒုတိယ ဈာန် ရသူ၊
တတိယ ဈာန် ရသူ၊
စတုတ္ထ ဈာန် ရသူ၊
အရူပ ဈာန် လေးပါး ရသူ၊

နိရောဓ သမာပတ်ဆိုက်သူ…တို့သည်သာ လောကပြင်ဘက် ရောက်သူများ ဖြစ်သည်။

ထိုအဆင့်သို့ရောက်အောင် ကာမဂုဏ်ကို မခုံမင်ကြဖို့။ အာရုံ ငါးပါးကို မလိုက်စားကြဖို့ပင်။

ပုထုဇဉ်ကာလ နိဂဏ္ဌနာဋပုတ္တ စသူတို့ကား ကာမဂုဏ် သမားများသာ။ လောကထဲက လူသားများသာ ဟူ၍။)

(၅)

# သုဘပုဏ္ဏား

## မတူညီတဲ့ လူ့ပြည်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်။

ဗုဒ္ဓထံပါး သုဘ ပုဏ္ဏား ရောက်လာသည်။ ဗုဒ္ဓနှင့် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားပြောသည်။ နောက်ဤစကားကို လျှောက်သည်။

ဗုဒ္ဓ- လူချင်းအတူတူဖြစ်လျက် ဘာကြောင့် အချို့ယုတ်- အချို့ မြတ်ရသလဲ။ အကြောင်း မိန့်ပါ။

သုဘ- သတ္တဝါဟူသမျှ ကံသာ ဥစ္စာရှိကြသည်။ ကံသာ အကြောင်းရှိကြသည်။ ကံသာ ဆွေမျိုး၊ ကံသာ မှီခိုရာ

ရှိကြသည်။ ရှေးရှေးက မိမိတို့ပြုခဲ့သော ကုသိုလ်ကံ၏ ကောင်းမွေ။ အကုသိုလ်ကံ၏ ဆိုးမွေးကို ခံကြရသည် ချည်း။ အယုတ် အမြတ်ဖြစ်အောင် သတ္တဝါတို့ကို ကံကသာ ဝေဖန်နေသည်။ ကံ၏ စေစားရာသည် သတ္တဝါ။

ဗုဒ္ဓ– တခုစီ မေးပါရစေ။
အချို့ ဘာ့ကြောင့် အသက်တိုကြသလဲ ။

သုဘ– သိလိုမှု နာယူ။
ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ကြမ်းကြုတ်သည်။ သတ်ပုတ်သည်။ သွေးစွန်းသော လက် ရှိသည်။ သတ္တဝါတို့ ကို မသနား။ သူ့အသက် ရက်ရက်စက်စက် သတ်သည်။ ထိုလူသားမျိုး နောက်ဘဝ ငရဲ။ ဖြစ်လေရာ ဘဝ အသက်တိုရမြဲ။

ဗုဒ္ဓ– အချို့ ဘာ့ကြောင့် အသက်ရှည်ကြသလဲ....။

သုဘ– သူ့အသက် မသတ်။ လက်နက်ချထားသည်။ သတ္တဝါတို့၏ စီးပွား လိုလို လားလား ရှိသည်။ ထိုလူသားမျိုး နောက်ဘဝ နတ်ပြည်။ ဖြစ်လေရာဘဝ အသက်ရှည်ကြသည်။

ဗုဒ္ဓ– အချို့ ဘာ့ကြောင့် ရောဂါ များ၍ အချို့ ဘာ့ကြောင့် ရောဂါကင်းကြသလဲ။

သုဘ– မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ အချို့ကား သတ္တဝါတို့ကို မသနား။ လက်ဖြင့် ရိုက်သည်။ ခြေဖြင့် ကန်သည်။ လှံ တံဖြင့် ထိုးသည်၊ နည်းမျိုးစုံဖြင့်

ညှင်းဆဲကြသည်။ ထိုလူသား နောက်ဘဝရဲ့။ ဖြစ်လေရာ ဘဝ ရောဂါများရမြဲ။

သတ္တဝါတို့ကို သနားစိတ်ရှိသည်။ ဘယ်လိုမှ မနှိပ်စက်။ နှိပ်စက် ညှင်းဆဲခြင်း မပြုသူသည်။ နောက်ဘဝ နတ်ပြည်။ ဖြစ်ရာဘဝမှာလည်း ရောဂါကင်းကြမည်။

ဗုဒ္ဓ– အချို့မှာ အဆင်းလှ၍ အချို့မှာ အဆင်းမလှ။ ဘာ့ကြောင့်ပါလဲ....။

သုဘ– တဘက်သားကို အမျက်မထွက်။ ဒေါသမကြီး။ မနှစ်သက်ဖွယ် စကား အဆိုခံရသော်ငြား နဲနဲလေးမျှ မစွဲငြိ။ ထို လူသားမျိုး အဆင်းလှ၍။ ဆန့်ကျင်ဘက်ကျသူ အဆင်းမလှ။ ဒေါသအိုး အရုပ်ဆိုးတတ်မြဲ။

ဗုဒ္ဓ– အချို့မှာ အခြွေအရံတွေနှင့်။ အချို့မှာ အခြွေအရံမဲ့။ ဘာ့ကြောင့်များ ကွဲလွဲရသလဲ....။

သုဘ– တဘက်လူ ကြီးပွားသည်ကို မရှုစိမ့်။ အမြဲ မနာလိုသည်။ ပြုစုမှုဖြင့် နှောင်ဖွဲ့သည်။ ငြူစူစိတ်ဖြင့် ပြစ်မှားသည်။ ထို လူသားမျိုး အခြွေအရံမဲ့သည်။

ငြူစူစိတ်ကင်းသည်။ ကြီးပွားသူကို ကြည့်ပြီး အမြဲကြည်သည်။ ထို လူသားမျိုး ဘဝသံသရာ၌ အခြွေအရံပေါမည်။

ဗုဒ္ဓ– အချို့မှာ စည်းစိမ်ဥစ္စာ ပါးရှား၊ ဆင်းရဲခဲ့ခတ်ကြသည်။ အချို့မှာပစ္စည်းဥစ္စာ များပြား ချမ်းသာကြွယ်ဝကြသည်။ ဘာ့ကြောင့်ပါလဲ....။

သုဘ– သမထကို လည်း လေးလေးစားစား။ ဗြဟ္မဏ ကိုလည်း လေးလေးစားစား ဆွမ်းလှူသည်။ သင်္ကန်းလှူသည်။ အလှူရေစက် လက်နှင့်မကွာ။ အလှူအတန်း ဝါသနာ ပါသူမှာ ဘဝသံသရာ၌ ချမ်းသာကြွယ်ဝသည်။ မပေးမလှူ။ စေးနဲသူ ဆင်းရဲမွဲတေမည်။

ဗုဒ္ဓ– အမျိုးဇာတ်ကို မေးပါဦးမည်။ အချို့မှာ မြတ်သော အမျိုး၌ ဖြစ်ပြီး အချို့မှာ နိမ့်သောအမျိုး၌ ဖြစ်သည်။ အကြောင်း မိန့်တော်မူပါ ..။

သုဘ– ဤလောက၌ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ်အချို့ ကခက်ထန်သည်။ ထောင်လွှားသည်။ ရှိခိုးထိုက်သူကို ရှိမခိုး။ ရိုကျိုးထိုက်သူကို မရိုကျိုး။ မြတ်နိုးထိုက်သူကို မမြတ်နိုး။ ခံယူချက်က မှားမှားယွင်းယွင်း။ ညံ့ဖျင်း သူသည် အမျိုးဇာတ် နိမ့်နိမ့်၌ ဖြစ်ပြီး။ ခံယူချက် မှန်သူ ပူဇော်ထိုက်သူကို ပူဇော်သူသည်။ အမျိုးဇာတ် မြင့်မြင့်၌ဖြစ်ရသည်။

ဗုဒ္ဓ– ဤမေးခွန်းက နောက်ဆုံးဖြစ်ပါသည်။ အချို့မှာပညာ ရှိ၍ အချို့မှာ ပညာမဲ့ကြသည်။ အကြောင်း မိန့် တော်မူပါ....။

သုဘ– သမထကို ဆည်းကပ်သည်။ ဗြဟ္မဏကို ဆည်းကပ် သည်။ ကုသိုလ် အကုသိုလ်ကိုမေး။ အကျိုးအပြစ်ကို စိစစ်သည်။ အဘယ့်သို့ပြုလျှင် စီးပွားမဲ့၍ အဘယ်သို့ ပြုလျှင် စီးပွားဖြစ်မည်နည်း စသည်ဖြင့် မေးလျှောက် လေ့ရှိသည်။

ထိုသူသည် ထိုကံကြောင့် နောက်ဘဝ နတ်ပြည်။ လူဖြစ်သော်လည်းပညာရှိ ဖြစ်ရသည်။

ထိုကံမျိုးမရှိသူ နောက်ဘဝ ငရဲ။ လူဖြစ်သော်လည်း ပညာမဲ့။

(သုဘသည် တောဒေယျပုဏ္ဏား၏ သား ဖြစ်သည်။ သူ့အကြောင်း စူဠကမ္မဝိဘင်္ဂသုတ္တန်မှာ ပါသည်။ ထို သုတ္တန်ကို လေ့လာလျှင်....

သုဘ ပုဏ္ဏားကို ကျွန်တော်တို့ များစွာကျေးဇူးတင်ရသည်။ သုဘက ဗုဒ္ဓအား လျှောက်ထားခဲ့သည့်အတွက် ကျွန်တော်တို့ ကွဲကွဲပြားပြား သိရခြင်း။

ဘာ့ကြောင့် နိမ့်ရပါလိမ့်။ ဘာ့ကြောင့်မြင့်ရပါလိမ့်။ ဘာ့ကြောင့် အဆင်းလှရပါလိမ့်။ ဘာ့ကြောင့် အရုပ်ဆိုးရပါလိမ့်။ ဘာ့ကြောင့် ပညာတတ်ရပါလိမ့်။ ဘာ့ကြောင့် ပညာမဲ့ရပါလိမ့်။

ဘဝကိုအလေးအနက်ထား စဉ်းစားသူတိုင်း ဤအချက်တွေက တထွေကြီးဝင်လာမြဲ။ ဝင်လာတိုင်းလည်း ဆရာတော်ကြီးတို့ကို ခဏခဏ မေးနေကြသည် မဟုတ်လော။ သုဘ၏ ကျေးဇူးက အတိုင်းမသိ။ လူသားတရပ်လုံးကို ကိုယ်စားပြုထားသည့် သုဘပုဏ္ဏား ဆိုရမည်။

သုဘပုဏ္ဏားသည် နောက်ဆုံး သရဏဂုံဆောက်တည်သည်။ ဗုဒ္ဓ၏ ဥပါသကာအဖြစ် ခံယူခံလိုက်သည်။

ဗုဒ္ဓ၏ ရှင်းပြချက်တို့က ရေရာသည်။ သေချာသည်။ မှောက်ထားသည့်အိုး လှန်ပြသလိုပင် ထင်ရှားလှသည်။

အိုရမည် မလဲ့။ နာရမည် မလဲ့။ သေရမည် မလဲ့။ ချစ်သူနှင့် သေကွဲ သို့မဟုတ် ရှင်ကွဲ။ တမျိုးမျိုးဖြင့် ကွဲရမည် မလဲ့။ ထိုအချက်တို့ကို မလွန်ဆန်နိုင်သလို ကံစီမံရာကိုလည်း မလွန်ဆန်နိုင်ပါလား။ "ငါဟာ-ရှေးရှေးကပြုခဲ့တဲ့ ကုသိုလ်ရဲ့ ကောင်းမွေခံ။ အကုသိုလ်ရဲ့ ဆိုးမွေခံပါလား" ဟူသော အမြင်တို့ကို ဤသုတ္တန်က ပေးထားသည်။

ဤသို့ပြုလျှင် အသက်တိုမည်။ ဤသို့ပြုလျှင် အသက်ရှည်မည်။ ဤသို့ပြုလျှင် ရောဂါများမည်။ ဤသို့ပြုလျှင် ရောဂါပါးမည်။

ဤသို့ ကျင့်လျှင် အဆင်းလှမည်။ ဤသို့ ကျင့်လျှင် အရုပ်ဆိုးမည်။ ဤသို့ ကျင့်လျှင် ချမ်းသာမည့်။ ဤသို့ ကျင့်လျှင် ဆင်းရဲမည်။

ဤသို့လုပ်လျှင် အခြွေအရံပေါမည်။ ဤသို့မလုပ်လျှင် အခြွေအရံနည်းမည်။ ဤသို့လုပ်လျှင် ပညာတတ်မည်။ ဤသို့လုပ်လျှင် ပညာမဲ့မည်။

စူဠကမ္မဝိဘင်္ဂသုတ္တန်သည် အဖြူနှင့်အမဲ ခွဲပြ၏။ အမှောင်နှင့် အလင်း ရှင်းပြ၏။ သုတ္တန်ကား လိုက်နာသူတို့အတွက် နတ်ပြည်တံခါး။ မလိုက်နာသူတို့အတွက် ငရဲ တံခါး။ ကွဲကွဲပြားပြား ပင် ကတ္တားခြားပြသည့် ဟောစဉ်....)။

# (၆)

# နဂရဂိန္ဒရွာက ပုဏ္ဏားသူကြွယ်

## ရှိခိုးခံထိုက်သူ

နဂရဂိန္ဒ တရွာလုံး တအုံးအုံး။
ပုဏ္ဏားသူကြွယ်တွေ ပျော်မဆုံး။

“သာကီဝင် မင်းသား ရဟန်း ဂေါတမသည် နတ် လူတို့၏ ပူဇော်အထူးကို ခံယူထိုက်တော်မူသော ဂုဏ်၊ လောကီ လောကုတ္တရာ တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူသော ဂုဏ်၊ ဝိဇ္ဇာ သုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံသော ဂုဏ်၊ ကောင်းသောစကားကို ဆိုတော်မူတတ်

သော ဂုဏ်၊ လောက သုံးပါးကို ခွဲခြမ်း စိတ်ဖြာ သိမြင်တော်မူသောဂုဏ်။

ထို့ပြင် ဆုံးမထိုက်သူကို ဆုံးမတတ်သဖြင့် အတုမရှိ မြင့်မြတ်သောဂုဏ်၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဂုဏ်၊ သစ္စာလေးပါးတရားကို ပိုင်းခြား သိမြင်တော်မူသော ဂုဏ်၊ ဘုန်းတန်ခိုးကြီးတော်မူသောဂုဏ်၊ ဂုဏ်မျိုးစုံနှင့် ပြည့်စုံပါပေသည်'' ဟူ၍ လည်းကောင်း၊

''သာကီဝင်မင်းသား ရဟန်း ဂေါတမသည် နတ်နှင့်တကွ မာရ်နှင့်တကွ ဗြဟ္မာနှင့်တကွသော ဩကာသ လောကကြီးကိုလည်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိသည်။ သာသနာတွင်း သာသနာပ ရဟန်း ပုဏ္ဏား တို့နှင့်တကွ မင်းများ လူများနှင့်တကွသော သတ္တလောကကြီးကိုလည်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိသည်။ သိသည့်အတိုင်းပင် မျက်မှောက်ပြုလျက် တရားဓမ္မ ဟောပြတော်မူသည်''ဟူ၍လည်းကောင်း။

''ထိုသာကီဝင်မင်းသား ရဟန်းဂေါတမ၏ တရားတော်တို့သည် အစလည်းကောင်းသည်။ အလယ်လည်းကောင်းသည်။ အဆုံးလည်းကောင်းသည်။ ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံပါပေသည်'' ဟူ၍လည်းကောင်း။

''တပည့် ရဟန်းတော် သံဃာတော်တို့ကလည်း အလုံးစုံပြီးပြည့်စုံသည့် အကျင့်မြတ်။ ထက်ဝန်းကျင် စင်ကြယ်သည့် အကျင့်မြတ်တို့ကို အထင်အရှား ပြနိုင်ကြသည်'' ဟူ၍ လည်းကောင်း။

ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်တို့ကို ပြောကြ ဆိုကြ ဖော်ကျူးကြသံတို့မှာ ကျွက်ကျွက်ညံ။

ကြုံတောင့်ကြုံခဲ ဖြစ်သည်။

ဗုဒ္ဓ ဒေသစာရီ ကြွသည်။ ကောသလတိုင်းတခွင် လှည့်သည်။ ထို နဂရဝိန္ဒရွာသို့ ရောက်တော်မူခဲ့သည်။

ရှေ့တော်မှာ နေရာလပ်မရှိ။ ပုဏ္ဏားသူကြွယ်တွေ ဖူးမြော် နေကြသည်။ အချို့က ဝပ်တွားလျက်၊ အချို့က လက်အုပ်ချီ လျက်၊ အချို့က ဝမ်းသာစကား ပြောလျက်၊ အချို့ကဆိတ် ဆိတ် နှုတ်ပိတ်ကြလျက်။

ထိုအခါဗုဒ္ဓက ပုဏ္ဏား ပရိသတ်အား ဓမ္မရေစင်ဖျန်းသည်။

ဒကာ ပုဏ္ဏားသူကြွယ်တို့ သာသနာ့ပြင်ပ ပရိဗိုဇ်တွေက သူကြွယ် တို့ကို မေးမည်။ ဘယ်လို သမဏ ဗြဟ္မဏတို့ကို အရို အသေမပေး အလေးအမြတ် မပြုကြသလဲ။ ဘာ့ ကြောင့်လဲ လို့မေးလျှင် ဤသို့ဖြေ....။

လောကီအာရုံ ကာမဂုဏ် ငါးပါးကို စင်သည်။ ရာဂ ဒေါသ-မောဟ မကင်း။ အတွင်းစိတ်မငြိမ်။ ဣန္ဒြေ မရှိ။ အရာရာ သတိလွှတ်သည်။ ကိုယ်ဖြင့်လည်း မကောင်းမှုပြုသည်။ နှုတ်ဖြင့်လည်းမကောင်းမှုပြုသည်။ စိတ်ဖြင့်လည်းမကောင်းမှုပြုသည်။

ထို သမဏ ဗြဟ္မဏ မျိုးကို တို့ ရှိမခိုး။ ထိုဘက်ပိုလွန် သောအကျင့်မြတ်မရှိတဲ့အတွက် တို့ မမြတ်နိုး ဟု ဖြေ။

ဒကာပုဏ္ဏားသူကြွယ်တို့-သာသနာ့ပြင်ပ ပရိဗိုဇ်တွေက သူကြွယ် တို့ကို ဒီလိုလည်း မေးကြလိမ့်ဦးမည်။ ဘယ်လို သမဏ

ဗြဟ္မာ တို့ကိုမှ အရိုအသေပေးအလေး အမြတ်ပြု ကြသလဲ။ ဘာ့ကြောင့်လဲ့လို့ မေးလျှင် ဤသို့ဖြေ....။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ လောကီအာရုံ ငါးပါးကို မလိုလား။ ရာဂ၊ ဒေါသ၊ မောဟ၊ ခေါင်းပါးသည်။ ကိလေသာ မြူကင်း၍ အတွင်းစိတ် ငြိမ်သည် ဣန္ဒြေရသည်။ကိုယ်ကျင့်ကောင်း နှုတ်ကျင့်ကောင်း၊ စိတ်ကျင့်ကောင်း၊ အကောင်းကို ချည်း ပြုမူကြသည်။

ထိုသမဏ ဗြဟ္မာ မျိုးကိုသာ တို့ရှိခိုးသည်။ တို့ထက်ပို လွန်သောအကျင့်မြတ်ရှိတဲ့အတွက် တို့မြတ်နိုးသည်ဟု ဖြေ

ဒကာပုဏ္ဏား သူကြွယ်တို့-သာသနာ့ပြင်ပ ထို ပရိဗိုဇ်တွေကဒီလို လည်း ထွန့်မေးကြဦးမည်။ "ရာဂ ဒေါသ မောဟ ခေါင်းပါးကြောင်း ကိလေသာ မြူကင်း အတွင်း စိတ်ငြိမ်ကြောင်း ဘာကို ထောက်၍ သိရသလဲ" လို့ မေးလျှင် ဤသို့ဖြေ....။

ရှိခိုးခံ သမဏ ဗြဟ္မာတို့က တောကျောင်းမှာနေသည်။ တောင်ကျောင်းမှာ သီတင်းသုံးသည်။ တောကျောင်း တောင်ကျောင်းဟူသည် လူနှင့် မနီး။ မြို့စွန် ရွာဖျား ကျသည်။

နှစ်သက်ဖွယ် ရူပါရုံ မက်မောဖွယ် သဒ္ဒါရုံ၊ တွယ်တာ ဖွယ် ဂန္ဓာရုံ၊ စုံမက်ဖွယ် ရသာရုံ၊ လို လားဖွယ်

ဗောဇ္ဈင်္ဂ။ လောကီအာရုံကာမဂုဏ် ငါးမျိုးတို့စင်စစ် တောကျောင်းမှာမရှိ။စင်စစ် တောင်ကျောင်းမှာ မရှိ။ သည့်အတွက် ရာဂါ ဒေါသ မောဟကင်းသည်။အတွင်း စိတ် ငြိမ် သည် ဟု ဆိုရခြင်း ထိုတမဏ ဗြဟ္မာဏမျိုး ကိုမှ တို့ ရှိခိုးခြင်း ဟု ဖြေ။

ဒေသနာတော် ဆုံးပြီ။
ပုဏ္ဏားသူကြွယ်တသိုက် ဝါဂွမ်းဆီထိ ပီတိဝှန်လှိုက်။
ဗုဒ္ဓ၏ အမြိုက်ဆေးကြောင့်....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

သရဏဂုံ ကိုယ်စီ တည်ခဲ့ကြပါသည်။

(အမည်မှာ....နာဂရဝိန္ဒေယျသုတ္တန်ဖြစ်သည်။ ထိုသုတ္တန်ကို လေ့လာလျှင်....

ရှိခိုးခြင်းမှာ ကာယဝန္ဒနာ ကိုယ်ဖြင့် ရှိခိုးခြင်း။ ဝစီဝန္ဒနာ နှုတ်ဖြင့် ရှိခိုးခြင်း။ မနောဝန္ဒနာ စိတ်ဖြင့် ရှိခိုးခြင်း။ သုံးမျိုးရှိကြောင်း အင်္ဂုတ္တရ နိကာယ်၌ မိန့်သည်။

**လောက၌ ကျေးဇူးအကြီးဆုံး ပုဂ္ဂိုလ်တို့မှာ** ဘုရား၊တရား သံဃာ၊ သရဏဂုံသုံးပါး၌ တည်စေသူ။ သစ္စာလေးပါးကို ယထာဘူတကျကျ သိမြင်စေသူ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်ရန် ညွှန်ပြသူ။ သုံးဦးသာရှိကြောင်း ဇင်္ဂုတ္တရ နိကာယ်၌ မိန့်သည်။

လောကဥ် တွေ့ကြုံရခဲ့သော ပုဂ္ဂိုလ်တို့မှာ ၁- ဗုဒ္ဓ။ ၂- တရားဓမ္မ ကောင်းကောင်း ဟောတတ်သူ။ ၃- သူ့ ကျေးဇူးအထူးသိသူ။ သုံးဦးသာရှိ ကြောင်း အင်္ဂုတ္တရ နိကာယ် ၌ မိန့်သည်။

ဝါဒပြိုင်ပွဲ ဖြစ်သည်။

သာသနာ့ပြင်ပက ပရိဗိုဇ်တို့ကား လာဘ်လာဘ ဖျေးရှူ သည်။ ကျော်ကြားမှု ဦးဇည်သည်။ ရှိခိုးခံချင်ကြသည်။ပူဇော် ခံချင်ကြသည်။ လေးမြတ်သူတွေ များလာဖို့သည် တို့ပစ်မှတ်။

ရပ်လျက် ကြင်ကြီးစွန့်၏။ ရပ်လျက် ကျင်ငယ် ပေါက်၏။ မစင်ကို လက်ဖြင့် သုတ်၏။ ငါးမစား။ အမဲမစား။ ...ချေး စား၏။ သားရေ အစအနစား၏။

သမန်းမြက်ဝတ်၏။ သစ်ခေါက်ဝတ်၏။ လူတို့ဆံပင်တွေ စုယက်ထားတာကို ဝတ်၏။ ကိုယ်မှလွတ် မဝတ်ပဲလဲ နေပြ၏။

အပြတ်ဝါဒရှိကြသည်မှာ သူတို့။ အမြဲဝါဒ ရှိကြသည်မှာ သူတို့။ သာသနာ့ပြင်ပ ပရိဗိုဇ် ဟူသမျှ အမိုက်ချည်း။

ပုဒ္ဓကား မဟာ ကရုဏာတော်ရှင်။ လူသားအားလုံးကို သနားသည်။ သက်ညှာသည်။ ထောက်ထားသည်။ ပညာ သူကြွယ်တွေ မှောင်မကျစေရန် ဒေသနာရီ ပုံစံဖြင့်ကယ်ခဲ့ခြင်း။

သုတ္တန်သည် တော၏ ဂုဏ်ကို ဖော်ဆောင်သည်။ တောက ဆိတ်၏။ ငြိမ်၏။ အပါယ်တံခါး ပိတ်လိုသူတိုင်း တောကို မှီး ဟု ညွှန်းထားသည့် ဒေသနာဖြစ်သည်။

ရှိခိုးခံထိုက်သူဟူသည်။ ကိလေသာစမြူမထ။ ရာဂ၊ ဒေါသ၊ မောဟ ကင်းသူ။ အတွင်းစိတ်ငြိမ် ဋ္ဌေးရသူ။ မြို့စွန်ရွာဖျား မှာနေ၍ တရားဓမ္မမွေ့သူ ဖြစ်ကြောင်း ဤသုတ္တန်က တိုက်ရိုက် ပြသည်။

သွယ်ဝိုက်၍မူ ပုဏ္ဏားသူကြွယ်တွေက အစ၊ ကျွတ်လိုသူတွေ အဆုံး အားလုံး တောမှာနေ၍ တရားဓမ္မမွေ့ကြလေ။ ကိလေသာကင်း အများ၏ ရှိခိုးခံထိုက်သူများ စာရင်းဝင်အောင် ကြိုးစားကြစေ—ဟု။)

(၇)

## သင်္ဂါရဝပုဏ္ဏား

### ဉာဏ်အမြင်ကြည်လင်ဖို့

နေ့တနေ့။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓ သီတင်းသုံးတော်မူခိုက်၊ သင်္ဂါရဝ ပုဏ္ဏား ရောက်လာသည်။ တခုသောနေရာမှ ရိုရိုသေသေ ထိုင်နေပြီး ဗုဒ္ဓအား ဤစကားကို လျှောက်သည်။

ဗုဒ္ဓ- ကာလရှည်စွာ ရွတ်အံပါသော်လည်းတခါတရံဗေဒင်တို့က ဉာဏ်၌မထင်၊ တခါတရံမှသာ ဉာဏ်၌ ထင်ပါသည်။ ဘာ့ကြောင့်ပါလဲ။ အကြောင်း မိန့်တော်မူပါ။

သင်္ဂါရဝပုဏ္ဏား- ကာမ၊ ရာဂ၊ ထ ူနေသောအခါ ကာမ၊ ရာဂ ၏ လွတ်မြောက်ကြောင်းကိုလည်းမသိ။ မိမိ၏အကျိုး သူတပါးအကျိုးကိုလည်းမမြင်။ ဘာကိုမှ ယထာဘူတ ကျကျမထင်။ နံနှင်း မဲနယ် နိုပါးဆေးမှုန့်တွေ ခပ်ထား တဲ့ ရေခွက်ထဲ မျက်နှာရိပ်ကိုကြည့်။ လုံးဝမမြင်ရသလို ပင်။ ရာဂကြွနေခိုက် ဘယ်ဗေဒင်မှ ဥာဏ်၌မထင်။

ကာမ ရာဂ မထကြွသောအခါမှသာ ဗေဒင်တွေ ဉာဏ် ၌ ဝင်လာမြဲ။

သင်္ဂါရဝပုဏ္ဏား- ပျက်စီးစေလိုမှု ဗျာပါဒထကြွနေသောအခါ ဗျာပါဒ၏ လွတ်မြောက်ကြောင်းကိုလည်းမမြင်။ မိမိသူ တပါး အကျိုးစီးပွားကိုလည်းမမြင်။ ရေတွေက ပွက် ပွက်ဆူ၊ အခိုးအငွေ့ ဟွှေကတလူလူ။ ထို ရေပူခွက်ထဲ မျက်နှာရိပ်ကိုကြည့် လုံးဝမမြင်ရသလိုပင်။ ဗျာပါဒ ကြွနေခိုက် ဘယ် ဗေဒင်မှ ဉာဏ်၌ မထင်။

ဗျာပါဒ ကင်းမှ ဗေဒင်တွေ ဉာဏ်မှာ ထင်ထင်လင်း လင်း။

သင်္ဂါရဝပုဏ္ဏား- လေးလံ ထိုင်းမှိုင်းမှု ထိနမိဒ္ဓတွေ ထကြွ သောင်းကျန်းနေသောအခါ ထို ထိနမိဒ္ဓတို့၏ လွတ် မြောက်ကြောင်းမမြင်။ မိမိ-သူတပါး အကျိုးစီးပွား ကိုလည်းမမြင်။ မှော်တွေ ရေညှိတွေ ဖုံးနေသော ရေ ခွက်ထဲ မျက်နှာရိပ်ကိုကြည့်။ လုံးဝ မမြင်ရသလိုပင်။ ထိနမိဒ္ဓ ထကြွနေခိုက် ဘယ်ဗေဒင်မှ ဉာဏ်၌မထင်။

ထိနမိဒ္ဓကင်းမှ ပေဒင်တွေ ဉာဏ်မှာ ထင်ထင်လင်းလင်း။

သင်္ဂါရဝပုဏ္ဏား- စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စ နှောင်တ ပူပန်မှု ကုက္ကုစ္စတွေ သောင်းကျန်းနေသောအခါ ထို ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏ လွတ်မြောက်ကြောင်းကိုလည်းမမြင်။ မိမိ သူတပါးအကျိုး စီးပွားကိုလည်းမမြင်။ လှိုင်းထနေတဲ့ ရေထဲမျက်နှာရိပ်ကိုကြည့်၊လုံးဝမမြင်ရသလိုပင်။ ဥဒ္ဓစ္စကုက္ကုစ္စတို့ သောင်းကျန်းနေခိုက် ဘယ်ပေဒင်မှ ဉာဏ်၌မထင်။ ဥဒ္ဓစ္စ ကုက္ကုစ္စ ကင်းမှ ပေဒင်တွေ ဉာဏ်မှာ ထင်ထင်လင်းလင်း။

သင်္ဂါရဝပုဏ္ဏား- မခဝခွဲနိုင်မှု ဝိစိကိစ္ဆာတွေ သောင်းကျန်းနေသောအခါ ထို ဝိစိကိစ္ဆာ၏လွတ်မြောက်ကြောင်းကိုလည်းမမြင်။မိမိသူတပါးအကျိုးစီးပွားကိုလည်းမမြင်။ ရွှံ့နှစ်ရေထဲမျက်နှာရိပ်ကိုကြည့်၊လုံးဝမမြင်ရသလိုပင်။ ဝိစိကိစ္ဆာတွေ သောင်းကျန်းနေခိုက် ဘယ်ပေဒင်မှ ဉာဏ်၌မထင်။
ဝိစိကိစ္ဆာ ကင်းမှ ပေဒင်တွေ ဉာဏ်မှာ ထင်ထင်လင်းလင်း။

သင်္ဂါရဝပုဏ္ဏား- ပေဒင်ချွင် ခုနစ်ပါးကိုပွား။ ပေဒင်ချွင်တရားတို့က အသိစိတ်ကို မပိတ်ပင်။ ကြည်လင်စေကြသည်။ ကြိမ်ဖန်များစွာ ပွားလေလေ အသိဉာဏ်အားကောင်းလေလေ။ ပေဒင်တွေ ထင်ရှားမကာ မျက်မှောက်မှာပင် ကိလေသာမှ လွတ်မြောက်လိမ့်မည် ဟူ၍။

သင်္ဂါရဝပုဏ္ဏား အမှောင်မှ အလင်းသို့ ချက်ချင်းဥပါသကာ အဖြစ် ခံယူသည်။ "တပည့်တော်အား ယနေ့မှစ၍ အသက် ထက်ဆုံး ရတနာသုံးပါး ကိုးကွယ် ဆည်းကပ်သူအဖြစ် မှတ် တော်မူပါ"ဟု ကမ္မပထ မြောက်မြောက် လျှောက်ထားလိုက် သည်။

(အမည်မှာ သင်္ဂါရဝသုတ္တန်ဖြစ်သည်။ ထိုသုတ္တန်ကို လေ့ လာလျှင်....

ဗောဇ္ဈင်တရားတို့၏ ကောင်းကျိုး၊ နီဝရဏတရားတို့၏ ဆိုး ပြစ်တို့ကို မြင်တွေ့ရမည်။

ကာမ ရာဂ ကြွသူ၏ စိတ်သည် နံ့နှင်း မဲနယ် ခပ်ထား သော ရေနှင့်တူသည်။ ဒေါသထွက်သူ၏ စိတ်သည် ပွက်ပွက် ဆူနေသည့် ရေနှင့်တူသည်။ ပျံ့လွင့် ပူပန်သူ၏ စိတ်သည် လှိုင်း ထနေသော ရေနှင့်တူသည်။ သို့လော-သို့လော ဖြစ်ခနဲ့သူ၏ စိတ်သည် ရွှံ့နှစ်ရေနှင့် တူသည်။

ကာမ၊ ရာဂ၊နီဝရဏကို နံ့နှင်း မဲနယ်နှင့် ဗျာပါဒ နီဝရဏ ကို ရေပွက်နှင့် ထိနမိဒ္ဓ နီဝရဏကို မှော်၊ ရေညှိနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို လှိုင်းနှင့် ဝိစိကိစ္ဆာ နီဝရဏကို ရွှံ့နှစ်နှင့် ဗုဒ္ဓ ဥပမာ ပြုလည်း။

စိတ်သည်ကြည်၏။ ကြည်လွန်းသဖြင့် ပြိုးပြိုးပြက်ပြက်ပင် အရောင်လက်နေ၏။

စိတ်သည် လူနှင့်တူသည်။ လူသည် ဆိုးသူနှင့်လည်းပေါင်း ရသည်။ ကောင်းသူနှင့်လည်း ပေါင်းရသည်။ အလောဘ- အဒေါသ-အမောဟ စသော အကောင်း စေတသိက်တို့နှင့်

ပေါင်းသောအခါ ကုသိုလ်စိတ်ဖြစ်၍၊ လောဘ-ဒေါသ-မောဟ စသော အဆိုး စေတသိက်တို့နှင့် ပေါင်းရသော အခါ အကုသိုလ် စိတ်ဖြစ်သည်။

ရေသည်အေး၏။ ချို၏။ မွှေး၏။ သန့်သန့်စင်စင် ကြည်ကြည်လင်လင်။

ထိုရေ ဘာ့ကြောင့် နောက်ရသလဲ။ နုံ့နှင်း-မဲနဲ စသည်တို့ကြောင့် နောက်ရခြင်း၊ ရေနောက်သဖြင့် မျက်နှာရိပ်မထင်ရခြင်း။

အနာရှိက ဆေး ရှိရမည်။

သာမ-ဣရု-ယဇု။ ဤ သုံး လေးပုံသာ ဗေဒင်မဟုတ်။ ဗေဒင်ဟူသည် ပညာရပ်ပင်။

အကြင်ပုဂ္ဂိုလ်အား -စက္ခုဝိညာဏ်စိတ် ဖြစ်ဆဲ။ ထိုပုဂ္ဂိုလ်အား သောတ ဝိညာစိတ် ဖြစ်ဆဲလား....စသော ဒေသနာတော်တို့သည် ဗုဒ္ဓ ဗေဒင် ဖြစ်သည်။

ပညာရပ်တွေ တတ်သည်။ ဗေဒင်တွေ မြင်သည်။ ပြန်စဉ်းစားသောအခါတခါတခါ ဖုနေသည်။ တခါတခါထစ်နေသည်။ ဉာဏ်ကွန်ရက် မဖြန့်ကျက်နိုင်ခဲ့။

လက်သည်မှာ နီဝရဏ ဖြစ်သည်။ လောဘ-ဒေါသ-ထိန်မိဒ္ဓ-ဥဒ္ဓစ္စ-ကုက္ကုစ္စ-ဝိစိကိစ္ဆာ။ ဤအကုသိုလ် စေတသိက်တွေကြောင့် ဉာဏ်အမြင်-မကြည်လင်ရခြင်း။

ဤနေရာ၌ စေတသိက်နှင့် နီဝရဏ အခေါ်သာ လွဲသည်။ တရုတ်နှင့် ပေါက်ဖော်။

မှတ်ဉာဏ်ကောင်းလိုသလား။
အမြင်လင်းလို သလား။
အလုပ်ခွင်၌ တရားထူး ရပိုင် လိုသလား။

၁။ သတိရှိ။ သတိသမ္ဗောဇ္ဈင်ကို ပွား။
၂။ ပညာဖြင့် စိစစ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွား။
၃။ ဇွဲကြီး။ ဝိရိယသမ္ဗောဇ္ဈင်ကို ပွား။
၄။ နှစ်သိမ့်စိတ်မွေ့။ ပီတိသမ္ဗောဇ္ဈင်ကို ပွား။
၅။ ငြိမ်းငြိမ်းအေးအေးနေ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွား။
၆။ တည်တည်ကြည်ကြည်ထား။ သမာဓိသမ္ဗောဇ္ဈင်ကိုပွား။
၇။ ညီညီမျှမျှ။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွား။

ဝင်းခြံလုံသော အိမ်၌ အဘယ်ခွေးဆိုးမှ မဝင်နိုင်သလို ဤဗောဇ္ဈင်ခုနစ်ပါး ပွားများသူ၌ အဘယ် နီဝရဏဆိုး ဝင်နိုင်ပါအံ့နည်း။

အကုသိုလ် နီဝရဏ ခုနစ်မျိုးကို ဗောဇ္ဈင်ခုနစ်မျိုးဖြင့် ရိုက်ချိုးလျှင် သာမန် ဗေဒင်တို့ကို မဆိုထားဘိ၊ ဝိမုတ္တိ အမြင်ကိုပင် ရမည် ဟူ၍။-)

( ၈ )

# ပေါက္ခရသာတိ ပုဏ္ဏား

## ဝိဇ္ဇာနှင့် စရဏ

( က )

ကုစ္ဆာနဂ်လ ပုဏ္ဏားရွာ။
ကုစ္ဆာနဂ်လ တောအုပ်။

ထိုတောအုပ်၌ ဗုဒ္ဓ သီတင်းသုံးခိုက်။
ပေါက္ခရသာတိ ပုဏ္ဏားက အမ္ဗဋ္ဌလုလင်အား....

အမ္ဗဋ္ဌ။ ဗုဒ္ဓဟာ သာကီဝင်မင်းမျိုးမှ ရဟန်းပြုတဲ့ဂေါတမ ဖြစ်တယ်။ ယခု တို့ ကုစ္ဆာနဂ်လ တောအုပ်မှာ ရောက်

နေတယ်။ နောက်မှာလည်း ရဟန်းသံဃာ ငါးရာပါသတဲ့။ ဗုဒ္ဓ ထံပါးသွား။ တကယ် ဗုဒ္ဓ စစ်မစစ် စိစစ်ချေ။စေသည်။

ကောင်းပါပြီ–အရှင်။

လုလင်က ဝန်ခံသည်။ ပေါက္ခရသာတိ ပုဏ္ဏားအား အရိုအသေပေးသည်။ ပြီးမှ ရထားထက် တက်သည်။ လုလင်များစွာ ခြံရံကာ ဣစ္ဆာနင်္ဂလ တောအုပ်သို့ ဝင်သည်။

ယာဉ်ဖြင့် သွားနိုင်သော အရပ်တိုင်း ယာဉ်ဖြင့် သွား၍ ခြေလျင် လျှောက်သင့်သော အရပ်မှာ ခြေလျင်လျှောက်သည်။

ရှေ့မှာ ကျောင်းတိုက်။

ကျောင်းတိုက်ထဲ ဝင်တော့မည့် အခိုက်။ တံခါးဝ၌ ရဟန်းတော်များက စင်္ကြံသွားလျက်။

အရှင်တို့။ ဗုဒ္ဓ ယခုဘယ်မှာ သီတင်းသုံးသလဲ။ ဗုဒ္ဓနှင့် တွေ့ချင်ပါတယ်။

ထိုစကား ကြားရသောအခါ ရဟန်းတော်များ စဉ်းစားသည်။

အမ္ဗဋ္ဌဟာ သာမန်မဟုတ်။ အမျိုးအမည်လည်း ထင်ရှား။ ဂုဏ်သတင်းကလည်းကျော်ကြား။ ပေါက္ခရသာတိ ပုဏ္ဏားရဲ့ ညာလက်ရုံးဆိုရင်လည်းမမှား။ သို့သော် ဗုဒ္ဓမှာ သူနှင့် စကားပြောရန် ဝန်မလေးမည် အမှန်။

သို့ဖြင့်....

အမောင် အမ္ဗဋ္ဌ။ ပိတ်ထားသောကျောင်းသို့ ဖြည်းညှင်းသာသာ သွားပါ၊ မုတ်ဦးသို့အသာအယာချဉ်းကပ်ပါ။ ချောင်း

ဟန့်ပြီးနောက် တံခါးခေါက်။ ဗုဒ္ဓက သင့်အား တံခါးဖွင့်ပေးပါလိမ့်မယ်။

ဗုဒ္ဓနှင့် အမ္ဗဋ္ဌ။

ဗုဒ္ဓက ထိုင်နေသည်။

အမ္ဗဋ္ဌက သွားနေသည်၊ ရပ်နေသည်။

သွားရင်းလည်းထိုင်နေသော ဗုဒ္ဓနှင့် စိုးစဉ်း-စိုးစဉ်း။ ရပ်ရင်းလည်း ထိုင်နေသော ဗုဒ္ဓနှင့် စိုးစဉ်း—စိုးစဉ်း။ စကားပြောသည် ဆိုသည်။

ဩော်– အမ္ဗဋ္ဌကား အခြေခံမှုမှန်ပါလား။ ဗုဒ္ဓက စဉ်းစားမိသည်။

အချင်းအမ္ဗဋ္ဌ– သင်ဟာ ရပ်ရင်း သို့မဟုတ် သွားရင်း ထိုင်နေတဲ့ သက်ကြီးရွယ်မား ပုဏ္ဏားတို့နှင့် စကားပြောနေကျလား။

ဗုဒ္ဓ– သွားနေတဲ့ ပုဏ္ဏားနဲ့ စကားပြောလိုရင် သွားရင်းသာ စကားပြောပါတယ်။ ရပ်နေတဲ့ ပုဏ္ဏားနဲ့ စကားပြောလိုရင် ရပ်ရင်းသာ စကားပြောပါတယ်။ ဒါပေမဲ့ ဇာတ်နိမ့်တဲ့ ဦးပြည်းရဟန်းတို့နဲ့တော့ ဗုဒ္ဓနဲ့ခုပြောသလိုသာ ပြောပါတယ်။

အချင်းအမ္ဗဋ္ဌ—သင်ဟာ ကိစ္စတခုနဲ့ ငါ့ထံလာခဲ့ခြင်း။ အဲဒီကိစ္စကိုသာ ကောင်းကောင်းနှလုံးသွင်း။ တကယ်တော့ သင်ဟာ မလိမ်မိုး-မလိမ္မာ။ မသိနားမလည်းတဲ့ ခြင်းရာတွေက သင့်မှာ ကုဋေကုဋာ။

အမွှာ မခံနိုင်တော့ပြီ။

အမွှာ ယမ်းပုံမီးကျ။

သာကီဝင်တို့ဟာ ခက်ထန်တယ်။ သာကီဝင်တို့ဟာ ကြမ်းတယ်။ ရမ်းတယ်။ သာကီဝင်တို့ဟာ စိတ်နုတယ်။ သာကီဝင်တို့ဟာ စကားများတယ်။ သာကီဝင်တို့ဟာ ဇာတ်နိမ့်တယ်။ ပြဟ္မာရဲ့ခြေဖမိုးမှ ပေါက်လာ ဖွားလာတဲ့သူများ။ ဤသို့အမွှာက မြင်သည်။ သို့ဖြင့် ...

ဗုဒ္ဓ– သာကီဝင်တို့ဟာ ပုဏ္ဏားတို့ကို မရိုကျိုး။ ရှိလဲမခိုး၊ ထော်လော်ကန့်လန့်လုပ်ခြင်းက လုံးဝမလျော်။

သုံးကြိမ် သုံးခါ သာကီဝင်တို့ကို သူသရော်သည်။ မဟုတ်မဟတ် အပုပ်ချသည်။

ထိုအခါ ဗုဒ္ဓက

အချင်းအမွှာ–သင် ဘယ်မျိုးနွယ်ထဲကလဲ၊

ကဏှာယန မျိုးနွယ်ပါ ဗုဒ္ဓ။

အချင်း အမွှာ–ဒီလိုဆို သင်ဟာ ကျွန်မရဲ့သားပေါ့။ ကဏှာရဲ့အမေဟာ ဒိသာ။ ဒိသာဟာ တို့သာကီဝင် ဗေ့ဆော်ဦးဘုရင်ရဲ့ ကျွန်မ။ ကျွန်မ ဒိသာက အဲဒီကဏှာကို မွေးဖွားခဲ့တယ်။ ဒါကြောင့် နောက်နောက်သားမြေးဟူသမျှ ကဏှာနွယ်ဘွား ချည်း။ ကဏှာနွယ်ဘွားဟူသမျှလဲ ကျွန်မရဲ့သားချည်းဟုမှတ်။

ဤသို့ ဗုဒ္ဓက မိန့်လျှင်။

နောက်ပါ ပရိသတ်ကြီးတခုလုံး ရှန်းရှန်း ရှန်းရှန်း။ သူတို့နားဝ ပုံးဆန်ခလေပြီ။

ဗုဒ္ဓ—ဗုဒ္ဓ။ အမ္ဗဋ္ဌကို ကျွန်မရဲ့သားလို့ မနိမ့်ပါနဲ့။ အမ္ဗဋ္ဌက အမျိုးသန့်။ အမ္ဗဋ္ဌက စာတတ် စကားတတ်။ အရာရာ တဘက်ကမ်းခတ်။ ဗုဒ္ဓနဲ့ တုံ့ပြန် အပြိုင် အနိုင် ပြော နိုင်သူ။

အချင်းတို့-အချင်းတို့ အမ္ဗဋ္ဌကို ဒီလောက်အထင်ကြီးနေရင် ငါ စကားအပြိုင်ပြောရန် အသင့်။

အမ္ဗဋ္ဌ သတိ။

အမ္ဗဋ္ဌ သတိ။

အမ္ဗဋ္ဌ—အကြောင်းလုံလောက်တဲ့ ပြဿနာတခုကို မေးမယ်။ အလိုမရှိသော်ငြား သင်ဖြေကြား။ အကယ်၍များ အတိအကျမဖြေပဲ လိုလွဲပြောရင် ဒါမှမဟုတ် ဆိတ်ဆိတ် နေရင် ဒါမှမဟုတ် ထသွားခဲ့ရင် သင့်ခေါင်း ခုနစ်စိတ် ခုနစ်ခြမ်း ဖြန်းခနဲကွဲမယ်နော် သတိ။

အမ္ဗဋ္ဌ- ငါ မေးတော့မယ်။

အမ္ဗဋ္ဌ—ကဏှာယန ဝင်တို့ရဲ့သမိုင်း ဘယ်သူက စခဲ့လဲ။ ဗေဒဆော်ဦး ယောက်ျားက ဘယ်သူလဲ။

အမ္ဗဋ္ဌက ဆိတ်ဆိတ်။

ဖြေလေ အမ္ဗဋ္ဌ။

အမ္ဗဋ္ဌက နှုတ်ပိတ်။

ဖြေလေ အမ္ဗဋ္ဌ။

သုံးကြိမ် စေ့တော့မယ်နော်။

ဗုဒ္ဓက သတိပေးသော်ငြား အမ္ဗဋ္ဌကား နကမှုတ်။

သိကြားမင်း ခံပြင်းခဲ့ပြီ။ ဘီလူးယောင် ဆောင်သည်။ ရဲရဲပြောင်ပြောင် သံတူကြီးကိုင်လျက် အမ္ဗဋ္ဌ၏ထိပ်ထက် ရပ်နေလိုက်သည်။

ဗုဒ္ဓမြင်၏။ အမ္ဗဋ္ဌမြင်၏။ အခြားမြင်သူ–နတ္ထိ။

အမ္ဗဋ္ဌကြောက်သည်။ အမ္ဗဋ္ဌလန့်သည်။ ကြက်သီးမွေးညှင်း တဖျင်းဖျင်း။ မှီခိုရာကို ရှာသည်။ ပုန်းအောင်းရာကို ရှာသည်။ ဗုဒ္ဓထံပါး တိုးသွားတော့သည်။

ဗုဒ္ဓ– ထိုစကား ဘယ်လိုဆိုလိုက်သလဲ။ ပြန်မိန့်တော်မူပါ။

ခမျာမှာ မေးခွန်းကိုပင် မေ့သွားရှာသည်။

ကဏှာနွယ်ဝင်တို့ရဲ့သမိုင်း ဘယ်သူက စခဲ့သလဲ။ ဗွေဆော်ဦး ယောကျ်ားက ဘယ်သူလဲ အမ္ဗဋ္ဌ။

အမ္ဗဋ္ဌသည် ဗုဒ္ဓမေးခွန်းကို စဉ်းစားသည်။ ခေါင်းကုတ် ညာဏ်ထုတ်သည်။ သြော်–ဗုဒ္ဓ မိန့်တော်မူတဲ့ အတိုင်း ပါပဲလား။

ကဏှာနွယ်ဘွားတို့ကား ကျွန်မရဲ့သားများ ဖြစ်ကြပါတယ် ဗုဒ္ဓ။

ကဏှာသည်ပင် ကဏှာနွယ်ဝင်တို့ရဲ့ ဗွေဆော်ဦး ဖြစ်ပါတယ် ဗုဒ္ဓ။

ဤသို့ အမ္ဗဋ္ဌက လျှောက်လျှင် အိပ်မောကျနေသော တောအုပ်ကြီးပင် ပွဲတင်သံ ဟည်းလုခမန်း လုလင်တို့ ကြွေးကြော် သံတွေကြောင့် ပွက်ပွက်ညံသွားတော့သည်။

အမ္ဗဋ္ဌက–သူ့ကိုယ်သူ ကျွန်မသားတဲ့။

အမ္ဗဋ္ဌက–သူ့ကိုယ်သူမျိုးမသန့်သူတဲ့။

အမ္ဗဋ္ဌကို သူတို့ ဝိုင်း၍ လက်ညှိုးထိုးကြရာ ခမျာမှာ ပရိသတ်ကြီးအလယ် ညှိုးငယ်ငယ်။

( ခ )

ဗုဒ္ဓသည် အရာရာ၌ ဖြစ်ကြောင်းကုန်စင်သိပြီး မြင်ပြီး။ ကဏှာရသေ့က တန်ခိုးကြီး။ ထိုအမ္ဗဋ္ဌ၏ မျိုးနွယ် ကဏှာရသေ့၏စွမ်းအင်ကို ထိုလုလင်တွေ လုံးဝ မသိကြ။ သို့ကြောင့် ဗုဒ္ဓက အမ္ဗဋ္ဌဘက်မှ မားမားမတ်မတ် ရပ်သည်။ “အမ္ဗဋ္ဌကို အထင်မသေးကြနဲ့။ အမ္ဗဋ္ဌကို မတော်ရာ မပြောကြနဲ့” လုလင်တို့ကို ဟန့်သည်။ တဆက်တည်းပင် ကဏှာ၏ သမိုင်းကို ဤသို့ မိန့်သည်။

လုလင်တို့ ကဏှာရသေ့ကား တကယ့်ပညာရှင်။ မန္တန်အတတ်၌ တဘက်ကမ်းခတ်။

တနေ့တွင် ဥက္ကာကမင်းသို့ ချဉ်းကပ်သည်။ မဒ္ဒရူပီကား ရှုမငြီးသည့် ဘုရင့်သမီး။ မဒ္ဒရူပီကို လိုချင်သည်။ မရ မနေ။ သူ အတင်း တောင်းသည်။

ခမည်းတော် ဥက္ကာကမင်းမှာ ဒေါသခြောင်းခြောင်း။ ငါ့သမီး တောင်းရမလား။ ချက်ချင်း မြှားကိုဆွဲသည်။ ဇွဲနဘဲနှင့် တင်သည်။ မရ။ ခွန်အားဗလကုန် ချသည်။ မြှားက မကျ။

ရသေ့ကမူ ဟာသ။

ယင်းသို့ တင်လဲ မတင်နိုင်၊ ချလဲ မချနိုင်သည့် အခြေ ဥက္ကာကမင်းခမျာ အခက်ပွေလေပြီ။

နောက်ဆုံး ကဏှရသေ့၏ ခြေသလုံး ဖက်ရတော့သည်။ ခွင့်လွှတ်ပါ။ သည်းခံပါ။ တစာစာနှင့် တောင်းပန်ရရှာပြီ။

လုလင်တို့ ကဏှရသေ့ကား သနားတတ်ပါဘိ။ ဥက္ကာက မင်းအား ခွင့်လွှတ်ပါသည်။

အကယ်၍သာ မြှားကိုအောက်ချလျှင် ဝသုန်ဤမြေ ကျေပွ သွားမည် ကေန်။ သူ့နိုင်ငံတဝှန်းဗုံးဗုံးကျ ပျက်စီးသွားမည် မုချ။

သို့မဟုတ် မြှားကို အထက်ပစ်လျှင် သူ့နိုင်ငံတဝှန်းလုံး မိုးတပေါက်မျှ မကျ။ ခုနစ်နှစ်ဆက်တိုက် မိုးပြတ်တောက်မည် မုချ။

ဤအကြောင်းကို ဥက္ကာကမင်းခမျာ မသိရှာ။

လုလင်တို့ သို့ကြောင့် ကဏှရသေ့က မြှားကို အောက်လဲ မချစေ။ အထက်လဲ မပစ်စေ။ သားကြီးလက်ထဲထည့်ရန်သာ ဥက္ကာကမင်းအား ခိုင်းသည်။ ဘေးဝေးစေရန် နည်းလမ်းကို ညွှန်သလိုလိုနှင့် မန္တန်အတတ်ဖြင့် ခြောက်သည်။

ဥက္ကာကမင်းခမျာ အကြောက်ကြီး ကြောက်ပြီ။ မနေသာ တော့။ သမီးကလျာကို ကဏှရသေ့အား နှင်းအပ်လိုက်ရ တော့သည်။

ဤမျှ ကဏှာရသေ့ကား တန်ခိုးထွားပါတံ။ ကဏှာရသေ့အကြောင်း ဗုဒ္ဓက သိစေလိုက်သည်။

ကဏှာရသေ့၏ စွမ်းအင်ကို ကြားရသူ လုလင်တိုင်း ပီတိလှိုင်း။ ကဏှာကိုလဲ ကြည်ညို၊ အမ္ဗဋ္ဌကိုလဲ နှစ်လိုခဲ့ကြသော်။

( ၈ )

မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊ ကုန်သည် လယ်လုပ်မျိုး၊ အမျိုးလေးပါးတွင် ပုဏ္ဏားမျိုးသာ အမြတ်ဆုံးဟု အမ္ဗဋ္ဌက ထင်သည်။

အမ္ဗဋ္ဌ၏ အထင်နှင့် ဗုဒ္ဓအမြင် မတူ။ တကယ်တော့ လောကမှာ မင်းမျိုးသာ အမြတ်ဆုံး။ ဤသို့ ဗုဒ္ဓကအမ္ဗဋ္ဌအား နှလုံးပိုက်စေချင်သည်။ သို့ကြောင့် ဤမေးခွန်းကို ဆင်သည်။

(၁)* အမောင်အမ္ဗဋ္ဌ မင်းမျိုး သတို့သားနှင့် ပုဏ္ဏားမျိုး သတို့သမီးတို့ စုံဖက်ကြတဲ့အခါ ဖွားလာတဲ့သားကို ပုဏ္ဏားလောကက နေရာပေးခြင်း ရေပူ ရေအေးပေးခြင်းဖြင့် အသိအမှတ် ပြုကြရဲ့လား။

ကုဗ္ဗိုး ထမင်းကျွေးပွဲ၊ မင်္ဂလာ ထမင်းကျွေးပွဲ၊ ယဇ် ထမင်းကျွေးပွဲ၊ ဧည့်ခံထမင်းကျွေးပွဲ၊ ထမင်းကျွေးပွဲ အမျိုးမျိုးမှာ တက်ရောက်ခွင့်များ ရှိပါရဲ့လား။
-ဝေဒကျမ်းကိုကော သင်ခွင့်ရရဲ့လား။

-ပုဏ္ဏေးမ တယောက်ယောက်နှင့်ကော လက်ထပ်ပိုင်ခွင့် ရှိရဲ့လား။

ဗုဒ္ဓ-အရာရာ အသိအမှတ်ပြုကြပါတယ်။ အခွင့်အရေး အားလုံး ရကြပါတယ်။

ကောင်းပြီ။ မွေးလာတဲ့ သားကို မင်းမျိုးကကော မင်းအဘိသိက်သွန်းကြရဲ့လား။

ဗုဒ္ဓ–အမိဘက်က မသန့်စင်။ မင်းမျိုးထဲမဝင်တဲ့ အတွက် အဘိသိက်မသွန်းကြပါ။

အမောင်အမ္ဗဋ္ဌ- ဒါ့ကြောင် လောကမှာ မင်းမျိုးဟာ အမြတ်ဆုံး။

တဖန်။

(၂) * အမောင်အမ္ဗဋ္ဌ- ပုဏ္ဏားမျိုး သတို့သားနှင့် မင်းမျိုး သတို့ သမီးတို့ စုံဖက်ကြတဲ့အခါ ဖွားလာတဲ့သားကို ပုဏ္ဏားလောကက....

နေရာပေးခြင်း၊ ရေပူ ရေအေး ပေးခြင်းဖြင့် အသိအမှတ် ပြုကြရဲ့လား။

ပြုကြပါတယ် ဗုဒ္ဓ။

ထမင်းကျွေးပွဲ အမျိုးမျိုးမှာကော တတ်ရောက်ခွင့်ရှိရဲ့လား။

တက်ရောက်ခွင့်ရှိပါတယ် ဗုဒ္ဓ။

ဝေဒကျမ်းကိုကော သင်ခွင့်ရရဲ့လား။

သင်ခွင့်ရပါတယ် ဗုဒ္ဓ။

ပုဏ္ဏားမ တယောက်ယောက်နှင့်ကော လက်ထပ်ခွင့် ရှိရဲ့လား။

ရှိပါတယ် ဗုဒ္ဓ။

ကောင်းပြီ။ မွေးလာတဲ့ သားကို မင်းမျိုးတို့က အဘိသိက်ကော သွန်းကြရဲ့လား။

အဖဘက်က မသန့်စင်။ မင်းမျိုးထဲဝင်တဲ့အတွက် အဘိသိက် မသွန်းကြပါ ဗုဒ္ဓ။

အမောင် အမ္ဗဋ္ဌ — ဒါ့ကြောင့် ယောကျ်ားချင်း ယှဉ်ယှဉ်။ မိန်းမချင်း ယှဉ်ယှဉ်။ လောကမှာ မင်းမျိုးသာအမြတ်ဆုံး။

ရှေ့ဆက်ပါဦးမည်။

(၃) * အမောင်အမ္ဗဋ္ဌ အပြစ်တခုခုကြောင့် ပုဏ္ဏား တယောက်ယောက်ကို ပုဏ္ဏားမျိုးက ဝိုင်းပယ်ပြီး ဆိုကြပါစို့။ ဦးခေါင်းရိတ်ကာ ပြာဖြူးကာဖြင့် တိုင်းပြည်မှ နှင်ပြီဆို ပါစို့။ အဲဒီပုဏ္ဏားဟာ ပုဏ္ဏားတို့ လောကမှာ နေရာရရဲ့လား။ ရေ ရရဲ့လား။

ဘာမှမရပါ ဗုဒ္ဓ။

ထမင်းကျွေးပွဲအမျိုးမျိုးမှာကော တက်ရောက်ခွင့် ရှိရဲ့လား။

မရှိပါ ဗုဒ္ဓ။

ဒေဝကျမ်းကိုကော သင်ခွင့်ရရဲ့လား။

မရပါ ဗုဒ္ဓ။

ပုဏ္ဏေးမ တယောက်ယောက်နှင့်ကော လက်ထပ်နိုင်ရဲ့လား။

လက်မထပ်နိုင်ပါ ဗုဒ္ဓ။

ကောင်းပြီ အမ္ဗဋ္ဌ။ အဲဒီအချက်မှတ်ထား။

(၃) * အမောင်အမ္ဗဋ္ဌ အပြစ်ဘခုခုကြောင့် မင်းမျိုး မင်းနွယ် တယောက်ယောက်ကို မင်းမျိုးက ဝိုင်းပယ်ပြီ ဆိုကြပါစို့။ ဦးခေါင်းရိပ်ကာ ပြာဖြူးကာဖြင့် တိုင်းပြည်မှ နှင်ပြီဆိုကြပါစို့။အဲဒီမင်းသားဟာပုဏ္ဏားတို့လောကမှာ နေရာ ရရဲ့လား။ ရေ ရရဲ့လား။

ရပါတယ် ဗုဒ္ဓ။

ထမင်းကျွေးပွဲ အမျိုးမျိုးမှာကော တက်ရောက်ခွင့် ရှိရဲ့လား။

ရှိပါတယ် ဗုဒ္ဓ။

ဝေဒကျမ်းကိုကော သင်ခွင့်ရရဲ့လား။

ရပါတယ် ဗုဒ္ဓ။

ပုဏ္ဏေးမ တယောက်ယောက်နှင့်ကော လက်ထပ်နိုင်ရဲ့လား။

လက်ထပ်နိုင်ပါတယ် ဗုဒ္ဓ။

အမောင်အမှု၅-ဒါ့ကြောင့်လဲ မင်းမျိုးဟာ လောကမှာ အမြတ်ဆုံး။ မင်းသားတယောက်ယောက်ကို မင်းမျိုးက ဘယ်လိုပယ်ပယ်၊ ပုဏ္ဏားလောကက လက်ခံကြတဲ့ အတွက် မင်းမျိုးသာ အထက်တန်းကျဆုံး။

အမောင်အမှု၅ - အတိုချုံးရလျှင် အမျိုးအနွယ်ကို အားကိုးကြတဲ့ လူ့လောကမှာ မင်းမျိုးဟာ အမြတ်ဆုံး။ ဒါပေမဲ့ နတ်လူတို့လောကမှာတော့ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံသူသာ အမြတ်ဆုံးဟု နိဂုံးချုပ်မှတ်။

( ဿ )

အမှု၅ လုလင်သည် ဗုဒ္ဓဟောသမျှ သဘောကျနေပြီ။ အဘယ်အရာမှ သံသယမခွ။ သို့သော် ဝိဇ္ဇာ စရဏနှင့် ပတ်သက်၍တော့ သဘောမတွေ့။

ဝိဇ္ဇာဆိုတာ ဘာလဲ။

စရဏဆိုတာ ဘာလဲ။

ဝိဇ္ဇာ-စရဏနှင့် ပြည့်စုံအောင် ဘယ်လို ကျင့်ဆောင်ရမလဲ။

နတ်လူတို့လောက က အမြတ်ဆုံးလို့ အသိအမှတ်ပြုထားတဲ့ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံသူဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ။

ဤအချက် ထိုအချက်တို့ကိုမူ သူမသဲကွဲ။

သို့ဖြင့် ဗုဒ္ဓအားမေးသည်။
သို့ဖြင့် ဗုဒ္ဓကဖြေသည်။
အမှု ဟု ဦးစွာခေါ်သည်။ အမှုသည် အာလုပ် ပုဒ်။

အမောင် အမှု။

အိမ်ရာ တည်ထောင် လူတို့ဘောင်မှာ ကိစ္စတွေက များ ပြောင်လှသည်။ သမီးယူ၍ ထိမ်းမြားရသည်။ သမီးပေး၍ ထိမ်း မြားရသည်။ ထိုထို ကိစ္စတို့၌ ဇာတ်နှင့် ပတ်သက်၍လည်း မစွဲ လန်းနှင့်။ အမျိုးအနွယ်နှင့်ပတ်သက်လည်း မစွဲလန်းနှင့်။

စွဲလန်းမှု ဟူသမျှ ပယ်။ မာန်ဟူသမျှပယ်။ သို့မှ အသိဉာဏ် ဝိဇ္ဇာနှင့်လဲပြည့်စုံ အကျင့် စရဏနှင့်လည်း ကုံလုံမည်။

အမောင် အမှု။

အကျင့်စရဏဟူသည် ယုံကြည်မှု သဒ္ဓါကို အခြေခံရသည်။ ဗုဒ္ဓကို ယုံကြည် ဓမ္မကို ယုံကြည်။ သံဃာကို ယုံကြည်။ ယုံကြည်မှု စရဏ တည် ည်။

ထိုသဒ္ဓါကိုအခြေခံ၍သာသနာ့ဘောင်သို့ဝင်။ ပါတိမောက္ခ သံဝရသီလကိုထိန်း။ အလုံးစုံ အေးငြိမ်းအောင် အပြစ်ကလေး အသေးအဖွဲကိုပင် ဘေးဟု ရှု။ အရာရာ သတိသမ္ပဇဉ်နှင့်ယှဉ်။ ထိုပြင် ဋ္ဌနြွှခြောက်ပါး တံခါးခြောက်ပေါက်တို့ကိုအလုံပိတ်။ ရောင့်ရဲစိတ်ကို မွေး။

သူ့အသက် မသတ်ရ။ သူ့ဥစ္စာ မခိုးရ။ အသေးစား အလတ်စား အမြတ်စား။ စူဠ မဇ္ဈိမ မဟာ။ သီလဟူသမျှ ဆောက်တည်။ တောတောင်စသည့် ဆိတ်ငြိမ်ရာကို မှီ။

မက်မောခြင်း အဘိဇ္ဈာ။ ပျက်စီးစေလိုခြင်း ဗျာပါဒ။ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ။ ပျံ့လွင့်ပူပန်ခြင်း ဥဒ္ဓစ္စကုက္ကုစ္စ ယုံမှားခြင်း ဝိစိကိစ္ဆာ။ ထိုနီဝရဏ ငါးမျိုးသည် ရန်သူ။ ရန်သူကို သတိမူ။

ထိုရန်သူ နီဝရဏတို့ကို သတ်ရန် ဆိတ်ငြိမ်တောတွင်း သစ်ပင်ရင်းသို့ ကပ်။ ထက်ဝယ်ဖွဲ့ခွေ နေ။ ကိုယ်ကို ဖြောင့်ဖြောင့်ထား။ ကမ္မဋ္ဌာန်းတရား ရှေးရှု။ ဝီရိယပြဋ္ဌာန်း၍ စီးဖြန်း။

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပထမဈာန် ရအောင်ကျင့်။ တဆင့် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့တက်။

ဤအချက် ဤအချက်တို့သည် ကျင့်စဉ် စရဏများ ဖြစ်သည်။

အမောင် အမ္ဗဋ္ဌ။
ဝိဇ္ဇာကို ဆက်မည်။

ဝိဇ္ဇာဟူသည် အသိဉာဏ်။ တနည်း အလင်းဓာတ်။

ပထမဈာန်ပိုင်ပြီ။ ဒုတိယဈာန်ပိုင်ပြီ။ တတိယဈာန်ပိုင်ပြီ။ စတုတ္ထဈာန်ပိုင်ပြီ။ ဈာန်လေးပါးရအောင် ကျင့်ဆောင်ပြီးသူသည်—

ငါ့ကိုယ်မှာ ရုပ်ရှိ၏။ ငါ့ကိုယ်သည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏။ ငါ့ကိုယ်သည် မိဘတို့မှပေါက်ဖွား၏။ ငါ့ကိုယ်သည် ထမင်းမုန့်တို့ဖြင့် ကြီးထွား၏။ ငါ့ကိုယ်သည် မမြဲ။

ပြုံကွဲခြင်းသဘောရှိ၏။ ထိုပြင် ဝိညာဉ်ကလည်း ငါ့ကိုယ်ကို မှီးတွယ်နေ၏။ ငါ့ကိုယ်နှင့် ဆက်စပ်နေ၏။

စသည် စသည်ဖြင့် ယထာဘူတကျကျသိသည်။ စိတ်တည်ကြည်ပြီ။ စိတ်စင်ကြယ်လေပြီ။ ညစ်ကြေးမတင်သည့် ထိုစိတ်ကို ဝိပဿနာဉာဏ်အမြင်အလို့ငှာရှေးရှုပို့ဆောင်လိုက်လျှင်ဝိပဿနာဉာဏ်အမြင်သည် ကြည်ကြည်လင်လင်။ မံနေ့တွင် သန့်သန့်စင်စင်ကြီး ထင်လာတော့သည်။ ထိုအသိထိုအလင်းခေတ်သည် ဝိပဿနာဉာဏ်။

နောက် စိတ်အလိုအတိုင်း ပြီးခြင်း မနောမယိဒ္ဓိဉာဏ်။ ကိုယ်ပျောက်ကိုယ်ထင် တန်ခိုးအမျိုးမျိုး ဖန်ဆင်းပြနိုင်ခြင်း ဣဒ္ဓိဝိဓဉာဏ်။ နီးနီးဝေးဝေး အသံဟူသမျှ ကြားနိုင်ခြင်း ဒိဗ္ဗသောတဉာဏ်။ပုဂ္ဂိုလ်သတ္တဝါ အမျိုးမျိုးတို့၏ စိတ်အမျိုးမျိုးတို့ကိုပိုင်းခြား သိနိုင်ခြင်း စေတောပရိယဉာဏ်။ အသိန်းသန်းမက ရှေးရှေးက ဘဝများစွာတို့ကို အသေးစိတ် အောက်မေ့နိုင်ခြင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုသိနိုင်မြင်နိုင်ခြင်း စုတူပပါတဉာဏ်။ အာသဝေါတရားတို့မှ လွတ်မြောက်၍ မဂ်ဖိုလ်ပေါက် ဆိုက်ခြင်း အာသဝက္ခယဉာဏ်။

ထိုဉာဏ် ရှစ်ပါးကို အလင်းခေတ် ဝိဇ္ဇာ-ဟု မှတ်။

ထိုအကျင့်စရဏ ထိုအသိဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံသူကို နတ်လူတို့လောကက အမြတ်ဆုံးဟု သုံးနှုန်း ပညတ်ခဲ့ကြောင်း-နားလည်။

(၄)

အမ္ဗဋ္ဌလုလင်မှာ ဗုဒ္ဓဟောသည့် ဓမ္မရေယာဉ်ကြော-မျှော ချင်တိုင်းမျှော။ ဘဝင်ခိုက်အောင် အကြည်ဆိုက်နေသည်။

သို့သော် အတွေးနက်နက်နှင့် ဆက်စဉ်းစားသည်။ ဝိဇ္ဇာ စရဏတို့နှင့် ပြည့်စုံမှုရှိသလို ပျက်စီးမှုလဲ ရှိရမည်-မလွဲ။ ဝိဇ္ဇာ-စရဏတို့ ပျက်စီးကြောင်းက ဘာလဲ။ သဲသဲကွဲကွဲ မသိသေး တဲ့အတွက် သူ့မှာ အခက်။ တွေနေသည်။ ဝေနေသည်။

ထိုအခိုက် ဗုဒ္ဓက အမ္ဗဋ္ဌ၏ နှလုံးသားကို ဖမ်းသည်။ စမ်း သည်။ သြော်-ဝိဇ္ဇာစရဏတို့ ပျက်စီးကြောင်း လေးပါးကို သိချင်နေရှာသကိုး။ ဉာဏ်တော်ဖြင့် ထိုးထွင်းမြင်သည်။

သို့ဖြင့်။

အမောင်အမ္ဗဋ္ဌ။

ဝိဇ္ဇာစရဏတို့ ပျက်စီးကြောင်း ခြင်းရာမှာ လေးမျိုး။ ထို လေးမျိုးကိုမှတ်။

၁။ အချို့သော သမဏ ဗြာဟ္မဏတို့သည် ထိုထိုဝိဇ္ဇာ စရဏ တို့နှင့် မပြည့်စုံနိုင်တော့သည့်အဆုံး ''ကြွေကျသော သင်သီးကို သာ စားတော့မည်'' ဟု နှလုံးပိုက်လျက် ပရိက္ခရာတို့ကိုထမ်းပြီး တောကြီးမျက်မဲထဲသို့ဝင်ခြင်း။ လက်လျှော့ခြင်းတမျိုး။

၂။ အချို့ကမူ ဝိဇ္ဇာစရဏတို့နှင့်လည်း မပြည့်စုံနိုင်၊ ကြွေ ကျသော သစ်သီးကိုသာ စားသူအဖြစ်ဖြင့်လည်း မကျင့်သုံးနိုင် တော့သည့်အဆုံး ''သစ်ဥ သစ်ဖု သစ်မြစ် သစ်သီးတို့ကိုသာ တူး

စားတော့မည်''ဟု နှလုံးပိုက်လျက် ပေါက်တူး ခြင်းတောင်းတို့ကိုယူပြီး တောနက်ကြီးထဲ ဝင်ခြင်း။ လက်လျော့ခြင်းတမျိုး။

၃။ အချို့ကမူ သစ်ဥ-သစ်ဖု-သစ်မြစ်-သစ်သီးတို့ကိုတူးစားသူအဖြစ်ဖြင့်ပင် မကျင့်သုံးနိုင်တော့သည့်-အဆုံး ''ရွာနီဂုံးအနီးမှာ နေပြီး မီးကိုသာ လုပ်ကျွေးတော့မည်''ဟု နှလုံးပိုက်လျက် ညဉ့်နံနက်မီးကိုသာ ပူဇော်နေခြင်း။ လက်လျော့ခြင်းတမျိုး။

၄။ အချို့ကမူ မီးကိုပူဇော်သူအဖြစ်ဖြင့်ပင် မကျင့်သုံးနိုင်တော့သည့်အဆုံး ''အရပ်လေးမျက်နှာမှ လာလာသမျှ သမဏ ဗြာဟ္မဏတို့ကိုသာ စွမ်းအားရှိသလောက် ပူဇော်တော့မည်''ဟု နှလုံးပိုက်လျက် ရွာလယ်၌ အိုးနှင့်အိမ်နှင့်နေခြင်း။ လက်လျော့ခြင်း တမျိုး။

အမောင် အမ္ဗဋ္ဌ။

ငါ-မေးမယ်။

မှန်မှန်ဖြေ။

သင်လုလင်နှင့် ဆရာ ပေါက္ခရသာတိ ပုဏ္ဏားကြီးတို့ဟာ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏတို့နှင့် ပြည့်စုံသူတို့ စာရင်းထဲ ဝင်ရဲ့လား။

မဝင်ပါ ဗုဒ္ဓ။

ဒါဖြင့် ကြွေကျသော သစ်သီးကိုသာ စားသူတို့ စရင်းထဲကော ဝင်ရဲ့လား။

မဝင်ပါ ဗုဒ္ဓ။

ဒါဖြင့် သစ်ဥ သစ်ဖု သစ်မြစ် သစ်သီးတို့ကို တူး စားသူတို့ စာရင်းထဲကော ဝင်ရဲ့လား။

မဝင်ပါ ဗုဒ္ဓ။

ဒါဖြင့် ရွာနိဂုံးတို့အနီးမှာနေပြီး မီးကို အမြဲလုပ်ကျွေးနေသူတို့စာရင်းထဲကော ဝင်ရဲ့လား။

မဝင်ပါ ဗုဒ္ဓ။

ဒါဖြင့် အရပ်လေးမျက်နှာမှ လာလာသမျှ သမဏ ဗြာဟ္မဏတို့ကို စွမ်းအားရှိသလောက် ပူဇော်နေကြသူတို့ စာရင်းထဲကော ဝင်ရဲ့လား။

မဝင်ပါ ဗုဒ္ဓ။

အမောင် အမ္ဗဋ္ဌ။

ဒီလိုဆို သင်ရော သင့်ဆရာပါ ဝိဇ္ဇာစရဏတို့မှလည်း ယုတ်။ တောသို့ဝင်ခြင်းစတဲ့ လေးမျိုးတို့မှလည်းဆုတ်။ ယင်းသို့ တောဝင်ခြင်း မီးပူဇော်ခြင်း စတဲ့ သူတော်စင်ဓမ္မတို့ကို ကိုယ်တိုင်မဖြည့်စွမ်းနိုင်ကြပဲလျက် [ဗြာဟ္မာရဲ့ ခြေစမိုးမှ ပေါက်ဖွားတဲ့ ဦးပြည်းရဟန်းညံ့များ]ဟု မသရော်နှင့်။ သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားကြီး၏ ပျော့ကွက် ဟာကွက် ချွတ်ယွင်းချက်တို့ကို သာ ပြန်ရှု။

အမ္ဗဋ္ဌခမျာ ခေါင်းငိုက်ဆိုက်။

အမောင် အမ္ဗဋ္ဌ။

ဆက်အုံးမယ်။

သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားကို ပသေနဒီ ကောသလမင်းက ရာကြီး ထူးကြီးဖြင့် မြှောက်စားထားသည်။ သို့သော်

ပသေနဒီ ကောသလမင်းက မျက်နှာချင်း မဆိုင်။ တိုင်ပင်သော အခါမှာပင် ကန့်လန့်ကာ ခြားထားသည်။ ဘာ့ကြောင့်လဲ။ တရားနှင့်အညီ ပေးထားတဲ့ ရိက္ခာတော်စားအား ပြည့်ရှင်မင်းက ဘာကြောင့် မျက်နှာချင်းဆိုင်ခွင့်ကို မပေးသလဲ။ သင့်ဆရာပေါက္ခရသာတိ ပုဏ္ဏားကြီး၏ ပျော့ကွက် ဟာကွက် ညံ့ဖျင်းချက်တို့ကိုသာ ပြန်ရှု။

အမ္ဗဋ္ဌမျာ ခေါင်းငိုက်ဆိုက်။

(စ)

အမောင် အမ္ဗဋ္ဌ။

ဆက်မေးမယ်။

ဒီအရာ ဘယ်လို ထင်သလဲ။

ပသေနဒီကောသလမင်းကြီးဟာ ညီလာခံသဘင်မှာ မှူးမတ်တို့နှင့် တိုင်ပင်တယ်။ မင်းညီမင်းသားတို့နှင့် ဆွေးနွေးတယ်။ ပြီးတော့ ညီလာခံမှ ဆင်းသွားတယ်။

နောက် ဆင်းရဲသားတယောက်က ထိုညီလာခံသို့ တက်ပြီး ပသေနဒီ ကောသလမင်းကြီးပြောတဲ့ စကားလုံးတို့ကိုပဲ ပြောတယ်။ မင်းကြီးပြုမူသလိုပဲ ပြုမူတယ်။

အဲဒီ ဆင်းရဲသားကို ပြည့်ရှင်မင်းလို့ ဆိုနိုင်ပါမလား။

မဆိုနိုင်ပါ ဗုဒ္ဓ။

ဒါဖြင့် ရှေးရှေးက အဋ္ဌက ရသေ့၊ ဝါမက ရသေ့၊ ဝါမဒေဝ ရသေ့၊ ဝေဿာမိတ္တရသေ့၊ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသ ရသေ့၊ ဘာရဒွါဇ ရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပရသေ့၊ ဘဂုရသေ့ကြီးတွေဟာ ပုဏ္ဏားတို့ရဲ့ လက်ဦးဆရာများ ဖြစ်ကြတယ်။ ဝေဒကျမ်းတို့ကို သူတို့ပဲ စီရင်ခဲ့ကြတယ်။

နောက်နောက် ပုဏ္ဏားတို့က ထိုရသေ့ကြီးတွေရဲ့ ရှေးဟောင်းဝေဒကျမ်းတို့ကို လိုက်၍ ဝုပေါင်း ရွတ်ဖတ်ကြတယ်။ ပို့ချနည်းအတိုင်း လိုက်၍ ပို့ချကြတယ်။

အဲဒီနောက် နောက် ပုဏ္ဏားတို့ကို ရသေ့တွေဟု ဆိုနိုင်ပါမလား။ ရသေ့ဖြစ်အောင် ကျင့်ဆောင်နေကြသူတွေဟုလည်း ဆိုနိုင်ပါမလား။

ရသေ့ဟုလည်း မဆိုနိုင်ပါ ဗုဒ္ဓ။

ရသေ့ဖြစ်အောင် ကျင့်ဆောင်နေကြသူတွေဟုလည်း မဆိုနိုင်ပါ ဗုဒ္ဓ။

ထိုရှေးရှေးက အဋ္ဌက စတဲ့ ရသေ့ကြီးတွေဟာ သင့်ဆရာ ပေါက္ခရသာတိ ပုဏ္ဏားလို ပန်းမှုန်နံ့သာခြယ်သ ဝတ်ကောင်းစလှ ဝတ်ဆင်ပြီး ကာမဂုဏ်ငါးပါးကို ခုံခုံမင်မင် လိုက်စားခဲ့ကြတယ်လို့ ကြားဖူးသလား။

မကြားဖူးပါ ဗုဒ္ဓ။

သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားလို သလေးထမင်းနှင့် စမဲဟင်းလျာခွက်များစွာနှင့် ထယ်ထယ်ဝါဝါ စားခဲ့ကြတယ်လို့ကော ကြားဖူးသလား။

မကြားဖူးပါ ဗုဒ္ဓ။

သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏားလို နုနုငယ်ငယ် ပျိုပျို ရွယ်ရွယ်လေးတွေနှင့် ကာမယစ်မူး အပျော်ကြူးကြတယ်လို့ ကော ကြားဖူးသလား။

မကြားဖူးပါ ဗုဒ္ဓ။

ကောင်း အမ္ဗဋ္ဌ။

ဒီလိုဆို သင်ရော သင့်ဆရာပါ ရသေ့လည်းမဟုတ်။ ရသေ့ဖြစ်အောင် ကျင့်ဆောင်နေသူတွေလည်းမဟုတ်။ ငြင်း ချက် ထုတ်နိုင်ပါအုံးမလား။

မထုတ်နိုင်။ မငြင်းနိုင်ပါ ဗုဒ္ဓ။

ကောင်းပြီ အမ္ဗဋ္ဌ။ ငါ့မှာလည်း တာဝန်။ သင့်မှာလည်း တာဝန်။ တာဝန်ကိုယ်စီနှင့် ဖြစ်သည်။

ငါဘုရား၌ သို့လော သို့လော တွေးတော ယုံမှားလျှင် ငါဘုရားကို မေးမြန်းခြင်းဖြင့် ထိုယုံမှားမှုကို ဖျောက်။ ထို အပိုင်းသည် ယုံမှားသူ သင့်တာဝန်။

ငါဘုရားက ပြန်ဖြေကြားမည်။ ဖြေကြားခြင်းဖြင့် ယုံမှား တွေးတောမှုကို သုတ်သင်မည်။ ထိုအပိုင်းသည် ငါ့တာဝန်။

ဤသို့မိန့်ပြီး ဗုဒ္ဓသည် ကျောင်းတော်မှ ကြွသည်။ စင်္ကြံ ဆီသို့ ခြေဦးတည်သည်။

အမ္ဗဋ္ဌလုလင်က နောက်မှ လိုက်ချင်း ဗုဒ္ဓကိုလေ့လာသည်။ ၃၂ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာကို ရှာသည်။ သေသေချာချာ ကြည့်သောအခါ သုံးဆယ်ကိုသာ မြင်သည်။ ပုရိသနိမိတ်နှင့် လျှာ။ ထိုနှစ်ပါးကိုကား မမြင်။

မမြင်ရသော ပုရိသနိမိတ်အတွက် သို့လော သို့လော။ လျှာအတွက် သို့လော သို့လော။ တွေသည်။ ဝေသည်။ တန်ခိုးဖန်ဆင်းပြရင် ကောင်းမှာပဲ။ ဤသို့ အတိုင်းအတာအထိ ဆန္ဒဓာတ်အားကြီးထွားခဲ့သည်။

ဗုဒ္ဓသည် ဉာဏ်တော်ရှင်။ အမ္ဗဋ္ဌလုလင်မြင်သာအောင်ပုရိသနိမိတ်ကို တန်ခိုးဖြင့် ပြသည်။ လျှာတော်ကိုလည်း ထုတ်လျက်နားတွင်းနှစ်ဖက် နှာခေါင်းပေါက် နှစ်ဖက်တို့၌ အပြန်အပြန်သုံးသပ်ပြရုံမျှမက နဖူးပြင် တခုလုံးကိုပင် လျှာဖြင့် ဖုံးအုပ်ပြလိုက်သေးသည်။

ထိုအခါ။

အမ္ဗဋ္ဌ၏ စိတ်ထဲ လိပ်ခဲတည်းလည်း မရှိတော့။ ရှင်းသွားပြီ။ ဗုဒ္ဓအစစ်၊ ဗုဒ္ဓအစစ်။ လက်ဖျစ်တီး၍ အံ့ချီးသည်။

ဗုဒ္ဓအား ဝပ်တွားသည်။ ဗုဒ္ဓအားရှိခိုးသည်။ ပြန်ခွင့်ပြုရန်ခွင့်ပန်လျှင်။

ပြန်ရန်မှာ သင့်ဆန္ဒအတိုင်းဟုဗုဒ္ဓက မိန့်တော်မူလိုက်သော်။

( ၁ )

ဥက္ကဋ္ဌတမြို့လုံး အုံးအုံးကျက်ကျက်။ အိုးစည်ဗုံမောင်းသံတွေ ပွက်ပွက်ညံ။

အမ္ဗဋ္ဌလုလင် လာနိုး-လာနိုး။

ဥယာဉ်တော်ထွက်၍ စောင့်ကြိုနေသည့် ဆရာ ပေါက္ခရ သာတိပုဏ္ဏားကို အမ္ဗဋ္ဌလုလင်ရှိခိုးသည်။ ခြေတော်၌ ဦးတိုက်သည်။

ချစ်သား အမ္ဗဋ္ဌ။ ဗုဒ္ဓကို တွေ့ခဲ့ရဲ့လား။ ပေါက္ခရသာတိပုဏ္ဏားကြီးက စမေးသည်။

တွေ့ခဲ့ပါတယ် ဆရာ။

ချစ်သားအမ္ဗဋ္ဌ။ ဗုဒ္ဓမှာ ၃၂ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာ တကယ်ပါရဲ့လား။

ပါ ပါတယ် ဆရာ။

ချစ်သား အမ္ဗဋ္ဌ။စကားထွေလာများ ပြောခဲ့သေးသလား။

အမ္ဗဋ္ဌသည် ဗုဒ္ဓနှင့်ပြောခဲ့သမျှ တလုံးတပါးမကျန် ပြန်ပြောပြလျှင်။

ပေါက္ခရသာတိပုဏ္ဏားကြီးမှာ နှလုံးမသက်သာ။ ဒေါသ ဟုန်းဟုန်း ထသည်။ ထိန်းမနိုင် သိမ်းမရ။

ဟယ် ပညာရှိ မိုက်ပါဘိ။

အမ္ဗဋ္ဌ အရိုင်း။

ဗုဒ္ဓအား မဟုတ်မဟတ် ပုတ်ခဲ့တဲ့အတွက် တို့အပြစ်ကို ဗုဒ္ဓက ထုတ်ဖေါ်ခြင်း။

အမ္ဗဋ္ဌမိုက်လေစွ။ အမ္ဗဋ္ဌ မှောင်လေစွ။ နောက်ဘဝရောက်မည့် လူ့ဗါလ။

အမ္ဗဋ္ဌကို အော်ငေ့ါသည်။ ခြေဖြင့် လှိမ့်၍လှိမ့်၍ ကန်သည်။

အမ္ဗဋ္ဌခမျာ မသက်သာ။ မိုက်ပြစ်ကို လက်ငင်းခံရရှာပြီ။

ထိုအခိုက်။

ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ သန္တာန်၌ဗုဒ္ဓထံပါးချက်ချင်း သွားလိုသည့် ဆန္ဒတွေက တဖွားဖွား။

မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကိုယာဉ်၌တင်သည်။ မီးရှူးတန်ဆောင် ဆောင်သည်။ ဥက္ကဋ္ဌမြို့မှထွက်သည်။ဣစ္ဆာနင်္ဂလတောအုပ်သို့ရှေးရှု။ ယာဉ်ဖြင့် သွားနိုင်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွားသည်။ ခြေလျင် လျှောက်သင့်သော အရပ်မှ ခြေလျင်လျှောက်သည်။

ဗုဒ္ဓခြေတော်ရင်း ချဉ်းကပ်သည်။ အမှတ်ရဖွယ်ဝမ်းမြောက်ဖွယ် စကားတို့ကို ဆိုသည်။ ပြီး တခုသောနေရာ၌ ထိုင်ရင်း။

အမ္ဗဋ္ဌက မိုက်ပါ၏။ မဲပါ၏။ မှောင်ပါ၏။ မှိုင်းပါ၏။ အရှင်း အမ္ဗဋ္ဌကို ခွင့်လွှတ်တော်မူပါ။ တောင်းပန်စကား လျှောက်သည်။

အမ္ဗဋ္ဌ ချမ်းသာစေသတည်း။

အမ္ဗဋ္ဌ ချမ်းသာစေသတည်း။

ဗုဒ္ဓက အမ္ဗဋ္ဌအား သည်းခံတော်မူခဲ့ပါသည်။

ပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌနှင့် မခြား။ဗုဒ္ဓ၏ ၃၂ပါးသော လက္ခဏာတော်တို့ကို စိစစ်ရင်း ပုရိသနိမိတ်နှင့် လျှာ လက္ခဏာနှစ်ပါး၌ သံသယဝင်သည်။ သို့လော သို့လောဖြစ်သည်။

တန်ခိုးရှင် ဗုဒ္ဓက တန်ခိုးပြမှ ထိုသံသယ ကင်းပသွားခြင်း။

ဗုဒ္ဓနှင့် ပေါက္ခရ။ ဆရာ ဒကာ ပို၍ ပို၍ ရင်းနှီးခဲ့ပြီ။ ဗုဒ္ဓအား အကြွင်းမဲ့ ယုံကြည်ခဲ့ပြီ။ ဆွမ်းဒကာ ခံသည်။ဆွမ်းအလှူ ပေးသည်။

ပေါက္ခရသည် ဗုဒ္ဓအား မှန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့် ရောင့်ရဲသည်အထိ တားမြစ်သည်အထိ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်သည်။ ကိုယ်တိုင် ကိုယ်ကျ လုပ်ကျွေးသည်။

ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ။ ဗုဒ္ဓ၏ဒေသနာတော်တို့ကို ရိုရိုသေသေ နာသည်။

ဗုဒ္ဓသည် ပေါက္ခရသာတိပုဏ္ဏားကြီး၏ စိတ်အစဉ်ကို မြင်သည်။ သင့်လျော်သောစိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင်နီဝရဏမှ ကင်းစင်သောစိတ်၊ တက်ကြွသောစိတ်၊ ယုံကြည်သောစိတ်၊ အထွတ်အထိပ် ရောက်နေကြောင်းကို သိသည်။

ဆက်၍....ဗုဒ္ဓတို ကိုယ်တိုင်ထုတ်ဖော်သိမြင်ပြီးသည့် သာမုတ္တသိက ဒေသနာကို ဟောသည်။ ဆင်းရဲခြင်း ဒုက္ခ၊ ဆင်းရဲကြောင်း သမုဒယ၊ ဆင်းရဲချုပ်ရာ နိရောဓ၊ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း လမ်းစဉ် မဂ္ဂ။ သစ္စာလေးပါး တရားကို ပြလျှင်။

အဝတ်ဖြူဖြူကို ဆိုးရည်တင်သောအခါ ချက်ချင်းထင်သလို ပေါက္ခရသာတိပုဏ္ဏားကြီး၏ စိတ်အစဉ်၌ ကိလေသာ အညစ်အကြေး ကင်းဝေးသည့်တရားမျက်စိသည် လွယ်လွယ်ပင် ထင်ခဲ့ပါပြီ။

ပေါက္ခရသာတိ သောတာပတ္တိ။

(၉)

# ဝိသာကာရပုဏ္ဏား

## အောင်နိုင်ရေးလမ်းညွှန်

အရှင်အနန္ဒာနာသည် ဗုဒ္ဓထံမှ ဤသို့ ကြားနာရသည်။ ဤသို့ မှတ်သားခဲ့ရသည်။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ပေါ် သီတင်းသုံးတော်မူခိုက်။

မဂဓတိုင်း ဘုရင်အဇာတသတ်က နှုတ်မှ တဖွဖွ။ တန်ခိုးအာနုဘော်ကြီးသော ဝဇ္ဇီမင်းတို့ကို ငါမျိုးဖြုတ်မယ်။ ငါဖျက်ဆီးပစ်မယ်။အကျိုးမဲ့ဖျက်စီးရမယ်ဟုပြောရင်း သူ့အမတ်မင်း ဝိသာကာရပုဏ္ဏားကိုခေါ်သည်။ဗုဒ္ဓအားလျှောက်ထားစေသည်။

ဝဿကာရ လာ။ ဗုဒ္ဓထံပါး သွား။ ငါ့စကားကိုလျှောက်ထား။ အနာကင်းကြောင်း ကျန်းမာကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို ဦးစွာမေး။ နောက်- ဘုရင်အဇာတသတ်က ဝဇ္ဇီမင်းတို့ကို အပြတ်ရှင်းလိုကြောင်း၊ မျိုးဖြုတ်မယ် ဖျက်ဆီးမယ်လို့လဲ နှုတ်မှ တဖွဖွပြောနေကြောင်း လျှောက်။ အဲဒီအခါ ဗုဒ္ဓက ပြန်မိန့်လိမ့်မယ်။ ဗုဒ္ဓမိန့်ကြားတဲ စကား မှတ်ထား။ ဗုဒ္ဓတို့မည်သည် ချွတ်ယွင်းသော စကားဖျင်းကို လုံးဝမပြော။

ကောင်းပါပြီ အရှင်။

ဝဿကာရပုဏ္ဏားက ဝန်ခံသည်။ ဘုရင်အဇာတသတ်၏ စကား မြေဝယ်မကျစေရ။ တစမကျန်ဗုဒ္ဓအား လျှောက်သည်။

ထိုစဉ်။

အရှင်အာနန္ဒာက ဗုဒ္ဓအား ယပ်လေအေး ပေးနေသည်။ ဗုဒ္ဓကလည်း အာနန္ဒာအား မေးနေပါသည်။

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ မပြတ်မပြတ် ဆွေးနွေးကြပါရဲ့လား။ စည်းဝေးကြရဲ့လား။

မှန်ပါ့။ မပြတ်မပြတ် စည်းဝေး ဆွေးနွေးကြပါတယ်ဗုဒ္ဓ။

အာနန္ဒာ။ ဟုတ်ပြီ။ အဲဒီလိုစည်းဝေးဆွေးနွေးနေကြသမျှ ဝဇ္ဇီမင်းတို့မှာ ကြီးပွားရန်သာ ရှိတယ်။ ပျက်စီးဖို့ လုံးဝမရှိ။ [၁]

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ တိုင်းရေးပြည်ရာကို ညီညီညာညာ ဆောင်ရွက်ကြရဲ့လား။

မှန်ပါ့။ ညီညီညာညာ ဆောင်ရွက်နေကြပါတယ် ဗုဒ္ဓ။

အာနန္ဒာ။ ဟုတ်ပြီ။ အဲဒီလို ညီညီညာညာ ဆောင်ရွက်နေကြသမျှ ဝဇ္ဇီမင်းတို့မှာ ပျက်စီးဖို့ မမြင်။ ကြီးပွားရန်ကိုသာ မြင်တယ်။ [၂]

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ စဉ်လာဟောင်းကိုလည်း မဖျက်။ စဉ်လာသစ်ကိုလည်း မစွက်။ ရှေးဟောင်းဝဇ္ဇီကျင့်ထုံးအတိုင်း စွဲသုံးကြရဲ့လား။ လိုက်နာကျင့်ဆောင်ကြရဲ့လား။

မှန်ပါ။ လိုက်နာ ကျင့်သုံးကြပါတယ် ဗုဒ္ဓ။

အာနန္ဒာ။ ဟုတ်ပြီ။ အဲဒီလို ရှေးဟောင်းဝဇ္ဇီကျင့်ထုံးကို စွဲသုံးကျင့်ဆောင်နေကြသမျှ ဝဇ္ဇီမင်းတို့မှာ ကြီးပွားရန်သာ ဖြစ်တယ်။ နစ်မွန်းဖို့ လုံးဝမရှိ။ [၃]

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ သက်ကြီးရွယ်မားတို့ကို လေးစားကြရဲ့လား။ ဆုံးမစကား လိုက်နာကြရဲ့လား။

မှန်ပါ။ လေးစားကြပါတယ်။ လိုက်နာကြပါတယ်။ ဗုဒ္ဓ။

အာနန္ဒာ။ ဟုတ်ပြီ။ သက်ကြီးရွယ်မားတို့ကို လေးစား၊ ဆုံးမစကားကို လိုက်နာနေကြသမျှ ဝဇ္ဇီမင်းတို့မှာ တိုးတက်ဖို့ရန်သာ မြင်တယ်။ ပျက်စီးဖို့ လုံးဝမမြင်။ [၄]

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ အပျိုသော အအိုသောမရှောင်။ အနိုင်အထက် ဖျက်ဆီးနေကြသလား။

မှန်ပါ။ ဝဇ္ဇီမင်းတို့ဟာ ကိုယ်ကျင့် ကောင်းကြပါတယ်။ သူ့အိမ်ရာ သူ့သားမယား လုံးဝ မစော်ကားကြပါ ဗုဒ္ဓ။

အာနန္ဒာ။ ဟုတ်ပြီ။ အဘယ်အမျိုးသမီးကိုမှ အနိုင်အထက် မဖျက်ဆီးကြသမျှ ဝဇ္ဇီမင်းတို့မှာ ကြီးပွားရန်သာ ဖြစ်တယ်။ နစ်မွန်းပျက်စီးရန် လုံးဝ မမြင်။ [၅]

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ မြို့တွင်းမြို့ပြင်ရှိ နတ်ကွန်း စေတီတို့ကို ရိုရိုသေသေ ပူဇော်ကြရဲ့လား။ ပြုမြဲဗလိနတ်စာ ဝတ်ကို မချွတ် ပြုကြရဲ့လား။

မှန်ပါ၊ နတ်ကွန်းစေတီတို့ကို ရိုရိုသေသေလည်း ပူဇော် ကြပါတယ်။ ဗလိနတ်စာဝတ်ကိုလည်း မချွတ် ပြုနေကြပါ တယ် ဗုဒ္ဓ။

အာနန္ဒာ။ ဟုတ်ပြီ။ အဲဒီလို နတ်ကွန်းစေတီတို့ကို ကြည်ညို ပူဇော်နေကြသမျှ ဝဇ္ဇီမင်းတို့မှာ တိုးတက်ကြီးပွားရန်သာ ဖြစ်တယ်။ ဆုတ်ယုတ်ပျက်ပြားရန် လုံးဝ မဖြစ်။ [၆]

အာနန္ဒာ။ ဝဇ္ဇီမင်းတို့ဟာ အရိယာသူတော်စင်တို့အား လိုလိုချင်ချင် ရှိကြရဲ့လား။ မြတ်နိုး ရိုကျိုးမှု ပြုကြရဲ့လား။ ဘေးရန် ရှန်ရှင်းအောင် လုံလုံခြုံခြုံ ပြည့်ပြည့်စုံစုံ စောင့် ရှောက်ကြရဲ့လား။

မှန်ပါ၊ အရိယာ သူတော်စင်တို့ကို ရှိခိုး ဦးတင်ကြပါ တယ်၊ ငြိမ်းချမ်းအောင် ပြည့်စုံအောင် ထောက်ပံ့စောင့် ရှောက်ကြပါတယ် ဗုဒ္ဓ။

အာနန္ဒာ၊ ဟုတ်ပြီ။ အဲဒီလို ရဟန္တာအရှင်မြတ်တို့ကို ရိုရိုသေသေ ဆည်းကပ် လေးလေးမြတ်မြတ် စောင့်ရှောက် နေကြသမျှ ဝဇ္ဇီမင်းတို့မှာ တိုးတက်ကြမယ်။ ကြီးပွားကြ မယ်။ ဆုတ်ယုတ်ပျက်စီးဖို့ လုံးဝ မရှိ၊ [၇]

ဤသို့ ဗုဒ္ဓနှင့် အာနန္ဒာတို့ မေးလိုက် ဖြေလိုက် မိန့်လိုက်၊ ထိုအခိုက် ဝဿကာရပုဏ္ဏားကာ သောတ အာရုံစိုက်။ ဓမ္မတော်၌ လွှန်နှစ်ခြိုက်၊

ဗုဒ္ဓ။ အံ့ဖွယ် ရှိပေစွ။

ဗုဒ္ဓ။ နှစ်သက်ဖွယ် ကောင်းပေစွ။

ဗုဒ္ဓ။ ဝဇ္ဇီမင်းတို့မှာ ဤအပရိဟာနိယတရား ခုနစ်ပါး အနက် တပါးပါးနှင့် ပြည့်စုံနေလျှင်ပင် ပျက်ပြားဖို့မမြင်။ ခုနစ်ပါးလုံးနှင့်ပြည့်စုံနေလျှင်မူ အဘယ်မှာ ဆိုဖွယ်ရှိမည်နည်း။

ဗုဒ္ဓ။အဇာတသတ်ဟာ ဝဇ္ဇီမင်းတို့ကို အချင်းချင်းသွေးကွဲ အောင် ဖြားယောင်းနိုင်ပါမှ နိုင်တော့မည့်အခြေ။ စစ်ဗျူဟာ ကျင်းရုံမျှဖြင့် ဝဇ္ဇီနိုင်ငံကို ပိုင်ဖို့မလွယ်။

ဗုဒ္ဓ။ တပည့်တော်မှာ ပြုဖွယ်ကိစ္စတွေက များစွာ။ ပြန်ခွင့် ပြုတော်မူပါ။

ကောင်းပြီ ဝဿကာရ။ သွားရန်မှာ သင့်ဆန္ဒအတိုင်းပင်။ သင့်ကိစ္စ သင်သာသိ။

(ဤအတ္တုပ်ရနိကာယ် ဝဿကာရသုတ္တန် ကို လေ့လာလျှင် ....

ညီညွတ်ခြင်းသည် အား။ စည်းရုံးခြင်းသည် အား။ ထို စည်းရုံးညီညွတ်ခြင်းသည် တိုးတက်ကြီးပွားရေးအတွက် အထက် ဆုံးသော လက်နက် ဖြစ်ကြောင်း ဤသုတ္တန်က ဖော်ဆောင် သည်။

ဝဇ္ဇီမင်းကလည်း အနိုင်မခံ။

အဇာတသတ်ကလည်း အရှုံးမပေး။

သူနိုင် ငါနိုင် အပြိုင်ကြဲလိုသောအခါ အဇာတသတ်က အောင်နိုင်ရေးနည်းကို ရှာသည်။ ဝဿကာရ ပုဏ္ဏားကြီးမှ တဆင့် ဗုဒ္ဓထံမှ အရယူခဲ့ကြောင်း သိရသည်။

ဗုဒ္ဓသည် ဝဿကာလ ပုဏ္ဏားအား အနားမှာထား၍ အာနန္ဒာအား ကိုယ်စားမူခဲ့သည်။ တိုးတက်ကြီးပွားရေး အပရိဟာနိယတရား ခုနစ်ပါးကို ဟောသည်။ ခုနစ်ပါးမှာ........

၁။ ညီညီညွတ်ညွတ် စည်းဝေး တိုင်ပင်ခြင်း။
၂။ ညီညီညွတ်ညွတ် စုပေါင်း ဆောင်ရွက်ခြင်း။
၃။ ရှေးထုံး မပယ်ခြင်း။
၄။ သက်ကြီးရွယ်မားတို့ကို လေးစားခြင်း။
၅။ သူ့သားမယား မပြစ်မှားခြင်း။
၆။ နတ်ကွန်းစေတီတို့ကို ပူဇော်ကြည်ညိုခြင်း။
၇။ သူတော်စင် သူတော်မြတ်တို့ကို ဆည်းကပ်ရိုကျိုးခြင်း။

ဤသုတ္တန် ဤအပရိဟာနိယတရားသည် မင်းတို့ကျင့်စဉ်ကို ပြည့်နှန်သည်။ သို့သော် လူသားတရပ်လုံးနှင့်ဆိုင်သည်။ ဝဇ္ဇီမင်း အဇာတသတ်မင်းတို့ကို ဦးတည်ထားသော်ငြား လူသားတရပ်လုံးအား အကျိုးပြုနေသည်။

ဘဝဟူသည် တိုက်ပွဲ။

လူသားတိုင်း အောင်နိုင်လိုကြသည်ချည်း။ လူသားတိုင်း တိုးတက် ကြီးပွားလိုကြသည်ချည်း။

တဘက်ရန်သူတို့ကို အနိုင်နှိမ်လိုလျှင် စစ်သည် နည်းဗျူဟာ။ ရန်သူအချင်းချင်း သွေးကွဲအောင် ခွဲပစ်ခြင်းသည် မဟာဗျူဟာ။

ဤသဘောကို ဝဿကာရပုဏ္ဏားက နားလည်သည်။ သို့ကြောင့် စစ်ဗျူဟာ ကျင်းရုံမျှဖြင့် ဝဇ္ဇီနိုင်ငံကို ပိုင်ဖို့-မလွယ်ဟု ဗုဒ္ဓအား လျှောက်ထား လိုက်ခြင်း မဟုတ်လော။

ဗုဒ္ဓသည် ဝေသာလီပြည် သာရန္ဒဒ စေတီ၌ သီတင်း သုံးတော်မူခိုက် ဝဇ္ဇီမင်းတို့အား ဤအပရိဟာနိယတရား ခုနစ်ပါးကို ဟောတော်မူခဲ့သည်။

အပရိဟာနိယဟူသည် မပျက်စီး မဆုတ်ယုတ်စေနိုင်သော ကျင့်စဉ်။ တိုးတက်ကြီးပွားရေး လမ်းညွှန်ဟု အဓိပ္ပါယ်ရှိသည်။

ယင်း အပရိဟာနိယ တရားတို့မှာ များစွာ။

၁။ မင်္ဂ၏အကြောင်း သတိသမ္ဗောဇ္ဈင်ကို ပွားနေသူမှာကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ဖို့မမြင်။

၂။ မင်္ဂ၏အကြောင်း ပညာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားနေသူမှာ ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ဖို့ မမြင်။

၃။ မင်္ဂ၏အကြောင်း အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်ကို ပွားနေသူမှာ ကြီးပွားရန်သာ ရှိသည်။ ဆုတ်ယုတ်ဖို့မမြင်။

၄။ မင်္ဂ၏အကြောင်း နှစ်သိမ့်မှု ပီတိသမ္ဗောဇ္ဈင်ကို ပွားနေသူမှာ ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ဖို့မမြင်။

၅။ မင်္ဂ၏အကြောင်း ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားနေသူမှာ ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ဖို့မမြင်။

၆။ မင်္ဂ၏အကြောင်း တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်ကို ပွားနေသူမှာ ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ဖို့ မမြင်။

၇။ မဂ်၏အကြောင်း လစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ကိုပွား
နေသူမှာ ကြီးပွားရန်သာ ရှိသည်။ ဆုတ်ယုတ်ဖို့မမြင်။

ဤသို့ ဤသို့လည်း အပရိဟာနိယ တရား ခုနစ်ပါး ကိုဟော ကြားခဲ့သည်။

ထို့ပြင်။

၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။
၂။ မကောင်းမှုမှ ရှက်ခြင်း။
၃။ မကောင်းမှုမှ ကြောက်ခြင်း။
၄။ အကြားအမြင် များခြင်း။
၅။ ဇွဲလုံ့လ ထက်သန်ခြင်း။
၆။ သတိ ခိုင်မြဲခြင်း။
၇။ ဉာဏ်ပညာအား ကြီးမားခြင်း။

ဤသို့လည်း အပရိဟာနိယတရား ခုနစ်ပါးကို ဗုဒ္ဓ ဟော ကြားခဲ့သည်။

တိုးတက်ကြီးပွားစေဖို့ နည်းလမ်းတွေရှိသလို ဆုတ်ယုတ်ပျက် ပြားစေတတ်သည့် အကြောင်းရပ်များလည်း ရှိသည်။

ဆုတ်ယုတ်ပျက်ပြားစေတတ်သည့် ခြင်းရာတို့ကို ပရိဟာနိယ တရားဟု ဆိုသည်။

ယင်း....ပရိဟာနိယတရား ခုနစ်ပါးမှာ—

၁။ ရဟန်းတော်တို့ကို မဖူးမြော်လိုခြင်း။
၂။ သူတော်တရားကို မနာကြားလိုခြင်း။

၃။ သီလ မစောင့်ခြင်း။
၄။ ရတနာသုံးပါး၌ ကြည်ညိုမှု ခေါင်းပါးခြင်း။
၅။ အပြစ်ရှာလိုစိတ်ဖြင့် တရားနာခြင်း။
၆။ သာသနာ့ပြင်ပက အလှူခံကို ရှာခြင်း။
၇။ ထိုသာသနာ့ ပြင်ပက အလှူခံကို ဦးဦးဖျားဖျား လှူခြင်း-ဟူ၍-တနည်း။

နောက်တနည်းမှာ....

၁။ ဗုဒ္ဓကို မရိုသေ။
၂။ ဓမ္မကို မလေးမြတ်။
၃။ သံဃာကို မဆည်းကပ်။
၄။ သီလသိက္ခာကို မစောင့်သိ။
၅။ သမာဓိကို တန်ဖိုးမထား။
၆။ အရှက်အကြောက်ကို အလေးမမူ။
၇။ တုပ်ဝပ်ခြင်း ရိုကျိုးခြင်း အလျဉ်းမရှိ။

ဤသို့တွက်မှ အပြန်—ပျက်စီးစေတတ်သည့် ခြင်းရာများကို လည်း မှတ်သားရန် ဟူ၍။)

(၁၀)

# နေဦးနီပုလ္လား

## ဗြဟ္မာပြည်ရောက်ချင်သလား

တချိန်။

ငါဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးခိုက်။

အရှင်သာရိပုတ္တရာက ဒက္ခိဏာဂိရိ ဇနပုဒ်သို့ ဒေသစာရီကြွသည်။

ဒေသခံရဟန်းတို့မှာ ဝမ်းသာမဆုံး။ အရှင်သာရိပုတ္တရာထံ ဖူးမြော်ရန် ရောက်လာကြသည်။ အရှင်သာရိပုတ္တရာနှင့် ဝမ်းမြောက်ဖွယ် ဆိုသည်။ အမှတ်ရဖွယ်စကားတို့ကို ပြောသည်။

အလ္လာပ သလ္လာပ ပြောကြရာက တဏ္ဍုလပါလိ တံခါးအနီး နေ ဓနုဥ္စာနီပုဏ္ဏားကြီးအကြောင်းဆီ ရောက်သွားသည်။

ပုဏ္ဏားကြီး ခန့်ကျန်းရဲ့လား။

ပုဏ္ဏားကြီး တရားမြဲရဲ့လား။

အရှင်သာရိပုတ္တရာက စိတ်ဝင်စားစွာဖြင့်ဓနုဥ္စာနီပုဏ္ဏားကြီး အကြောင်းကို ဒေသခံတို့အား မေးသည်။

ဓနုဥ္စာနီ အနာကင်းပါသည်။

ဓနုဥ္စာနီ ရောဂါရှင်းပါသည်။

ဒါပေမဲ့ မိုက်လွန်းသည်။ မှောင်လွန်းသည်။ ဒုမြခေါင်းကြီး လုပ်နေပါသည်။ နောက်ပြီး ပထမအိမ်ထောင် ပျက်စီးသွား တဲ့အတွက် ဒုတိယအိမ်ထောင် ဆက်ပြုသည်။ ထို ဒုတိယအိမ် ထောင်ကလည်း ပထမအိမ်ထောင်လို အမျိုးပျက်။

ဓနုဥ္စာနီ အကြောင်းကစိတ်မကောင်းဖွယ်ရာ ချည်းပါလား။ ကြားရသူ အရှင်သာရိပုတ္တရာမှာ များစွာစိတ်မချမ်းသာခဲ့။

ဒေသစာရီ အစီအစဉ်အရ ထို ဒက္ခိဏာဂိရိဇနပုဒ်မှ ရာဇဂြိုဟ် ပြည်သို့ ကြွသည်။ ဗုဒ္ဓကို ဖူးတွေ့သည်။ ဗုဒ္ဓနှင့်အတူ ဝေဠုဝန် ကျောင်းတော်မှာပင် သီတင်းသုံးသည်။

နေ့တနေ့။ ဆွမ်းစားပြီးစ အချိန်မှာ ဓနုဥ္စာနီ ပုဏ္ဏားကြီးနှင့် သွားတွေ့ရ။

ပုဏ္ဏားကြီးက ခြံပဌ် နွားတို့ကို နို့ညှစ်ဆဲ၊ ဆွမ်းစားရာမှ ဖဲခဲ့သော အရှင်သာရိပုတ္တရာကို ခပ်လှမ်းလှမ်းကပင် မြင်ရ သည်။ ရေးကြီးသုတ်ပျာ။ အရှင်သာရိပုတ္တရာထံ ချဉ်းကပ်

သည်။ နွားနို့ သစ်သစ်တို့ဖြင့် ပင့်သည်။ ကြွရန်လျောက်သည်။

တော်ပြီ။ ပြည့်စုံပြီ ဒကာ။ ဟု သစ်ပင်ရင်းသို့သာ လိုက်ခဲ့ပါ။ အရှင်သာရိပုတ္တရာက ခေါ်သည်။

သတိတရား မြဲရဲ့လား မနုဉ္စာနိ။

မှန်ပါ၊ အမိအဖကိုလည်း လုပ်ကျွေးရ၊ သားမယားကိုလည်းလုပ်ကျွေးရ။ ကျေးကျွန်ကိုလည်း လုပ်ကျွေးရနှင့် ကိစ္စတွေက များပါဘိ။ ထိုပြင် မိတ်ဆွေကိစ္စ ဆွေမျိုးကိစ္စ ဧည့်သည်ကိစ္စ။ ကိစ္စမျိုးစုံတို့ဖြင့် ပိနေပါ၏။ မင်းလည်း မင်းလျောက်နတ်လည်း နတ်အလျောက်။ ဘယ်အရာမှ မေ့ မေ့ ပျောက်ပျောက်ထား၍ မဖြစ်။ ဘဝတပါး ပြောင်းသွား သူတို့အတွက်လည်း ဝတ်မပျက် ဆောင်ရွက်ဆဲ။ မိမိကျန်းမာရေး အတွက်လည်း နေ့စဉ်ရက်ဆက် ဂရုစိုက်မြဲ။ တာဝန်များလှသည့်လူသားပါ အရှင်။

ကောင်းပြီ-မနုဉ္စာနိ။ ပုစ္ဆာတို့ကို မေးမည်။ သင့်အထင်တင်ပြ။

လောက၌ အချို့သော လူသားသည် အမိအဖ အတွက်သို့မဟုတ် သားမယားအတွက် သို့မဟုတ် ကျေးကျွန်အတွက်သို့မဟုတ် မိတ်ဆွေအတွက် သို့မဟုတ် ဆွေမျိုးအတွက် သို့မဟုတ်ဧည့်သည်အတွက် သို့မဟုတ်ဘဝတပါး ပြောင်းသွားသူအတွက်မသို့ဟုတ် မင်းအတွက် သို့မဟုတ် ရိုးရာနတ်အတွက် သို့မဟုတ်မိမိအတွက်....

မကောင်းမှုပြုသည်။ ဒုစရိုက် လိုက်သည်။ မတရားသော နည်းဖြင့် စီးပွားဖြစ်စေသည်။

ထိုမကောင်းမှုကြောင့် သူ့ကို ငရဲထိန်းတို့က ငရဲထဲ ဆွဲချသောအခါ....

သူကိုယ်တိုင်က ဖြစ်ဖြစ်၊ မိဖ သား မယား ကျေးကျွန် ဆွေမျိုးသားချင်း စသူတို့က ဖြစ်ဖြစ်၊ ငရဲထိန်းတို့ကို တောင်းပန်ကြသော် လွတ်ငြိမ်းခွင့် ပေးလိမ့်မည်ဟုများ ထင်သလား မနုဿာနီ။

မဖြစ်နိုင်။ မရနိုင်။ ငရဲထိန်းတို့ကလွတ်ငြိမ်းခွင့်လုံးဝမပေး။ ထိုလူမိုက် ငိုကြွေးနေခိုက်မှာပင် ငရဲထဲ ဇွတ်ဆွဲချမည် ကေန်ပါ အရှင်။

ကောင်းပြီ-ဟုတ်ပြီ မနုဿာနီ။ မေးခွန်းတခုကို ဆက်ဦးမည် ဖြေ။

လောက၌ အမိအဖ သားမယား ကျေးကျွန် မိတ်ဆွေသားချင်း စသည်တို့အနက် တဦးတယောက်အတွက် မကောင်းမှုပြုသူနှင့် မပြုသူ။ မည်သူက မြတ်သလဲ။ ဒုစရိုက် လိုက်သူနှင့်မလိုက်သူ။ မည်သူက မြင့်သလဲ။ မတရားသောနည်းဖြင့် စီးပွားရှာသူနှင့် မရှာသူ။ မည်သူက သာသလဲ မနုဿာနီ။

ဘန္တေ။ မကောင်းမှုမပြုသူက မြင့်သည်။ ဒုစရိုက်မလိုက်သူက မြတ်သသည်။ မတရားသောနည်းဖြင့် စီးပွားမရှာသူက သာပါသည် အရှင်။

ဒါဖြင့် ''တရားလက်စွဲ သတိမြဲ''ဟူတော ဩဝါဒဖြင့် အရှင်သာရိပုတ္တရာက ဓဒသနာကို နိဂုံးအုပ်လိုက်သည်။

ဓနဉ္စာနိ ပုဏ္ဏားကြီးမှာ အတိုင်းမသိ ပီတိ။ အရှင်၏ ဒေသနာကို နှစ်နှစ်ကာကာ လက်ခံပြီး သူ့နွားခြံသို့ ပြန်တော့သည်။

နေ့ကိုမူ ရက်စားပြီ။ သို့သော်-

ရက်ကိုမူ လမစားသေး။

ဓနဉ္စာနိပုဏ္ဏား အဖျားကြီးခဲ့သည်။ အသည်း အသန် မာမကျန်း ဖြစ်သည်။ သို့ဖြင့် ဗုဒ္ဓကိုလည်းပင့်သည်။ အရှင်သာရိပုတ္တရာကိုလည်း ပင့်သည်။ အချိန်မီ ကြွရောက်တော်မူကြပါရန် တမန်လွှတ်သည်။

အရှင်သာရိပုတ္တရာသည် သင်းပိုင်ကိုပြင်ဝတ်သည်။ သပိတ်ကိုပိုက်သည်။ ချက်ချင်း ဓနဉ္စာနိပုဏ္ဏားထံသွားသည်။ နေရာကအဆင်သင့်။ ခင်းထားရာ၌ထိုင်သည်။ ရောဂါအခြေအနေကိုမေး အပြီး သူ့စိတ်အစဉ်ကို ဤသို့ ဤသို့ စစ်ယူလိုက်သည်။

-ငရဲသားနှင့်တိရိစ္ဆာန် ဘာက မြတ်သလဲ။

တိရစ္ဆာန်က မြတ်ပါတယ် အရှင်။

-တိရစ္ဆာန်နှင့် ပြိတ္တာ ဘာက မြတ်သလဲ။

ပြိတ္တာက မြတ်ပါတယ် အရှင်။

-ပြိတ္တာနှင့် လူ ဘာက မြတ်သလဲ။

လူက မြတ်ပါတယ် အရှင်။

-လူနှင့် စာတုမဟာရာဇ်နတ် ဘာကမြတ်သလဲ။

စတုမဟာရာဇ်နတ်က မြတ်ပါတယ် အရှင်။

-စာတုမဟာရာဇ်နှင့် တာဝတိံသာ ဘာကမြတ်သလဲ။

တာဝတိံသာ နတ်က မြတ်ပါတယ် အရှင်။

-တာဝတိံသာနှင့် ယာမာ ဘာက မြတ်သလဲ။
ယာမာနတ်က မြတ်ပါတယ် အရှင်။
-ယာမာနှင့် တုသိတာ ဘာက မြတ်သလဲ။
တုသိတာနတ်က မြတ်ပါတယ် အရှင်။
-တုသိတာနှင့် နိမ္မာနရတိ ဘာက မြတ်သလဲ။
နိမ္မာနရတိနတ်က မြတ်ပါတယ် အရှင်။
-နိမ္မာနရတိနှင့် ပရနိမ္မိတဝသဝတ္တိ ဘာက မြတ်သလဲ၊
ပရနိမ္မိတဝသဝတ္တိနတ်က မြတ်ပါတယ်အရှင်။
-ပရနိမ္မိတဝသဝတ္တိနှင့် ဗြဟ္မာ့ပြည် ဘာကမြတ်သလဲ။

ထိုမေးခွန်း၌ ဓနဉ္စာနိ၏ပါးစပ် ရပ်သွားသည်။ ခေတ္တဘန့် သွားသည်။ ဗြဟ္မာ့ပြည်တဲ့လား။ ဗြဟ္မာ့ပြည်တဲ့လား။နောက်မှ ထိုစကားကို တဖွဖွပြောလာသည်။

အရှင်သာရိပုတ္တရာက သိပြီ။ သြော်-ဓနဉ္စာနိ ဗြဟ္မာ့ပြည့် ရောက်ချင်သကိုး။ သူ့စိတ်အစဉ် ဗြဟ္မာ့ပြည်သို့ ညွတ်နေသကိုး။ ဒီတော့ ဗြဟ္မာ့ပြည် ရောက်ကြောင်း တရား ဟောမှဟု အကြံရ သည်။ သို့ဖြင့် ချက်ချင်း ဓနဉ္စာနိအား ဗြဟ္မာ့ပြည် ရောက် ကြောင်းတရားကို ဟောတော့သည်။

အရပ်ဆယ်မျက်နှာ၌ ရှိရှိသမျှ သတ္တဝါတို့အပေါ် ပြန့်ပြော သောမေတ္တာ မြင့်မြတ်သောမေတ္တာ ကြောင့်ကြမှုကင်းမဲ့သော မေတ္တာ။ မေတ္တာစိတ်ဖြင့် ပြန့်နေလျှင်။

ကရုဏာစိတ်ဖြင့် ပြန့်နေလျှင်။
မုဒိတာစိတ်ဖြင့် ပြန့်နေလျှင်။

ဥပေက္ခာစိတ်ဖြင့် ပြန့်နေလျှင် ဗြဟ္မာတို့၏ အပေါင်းအဖော် ဖြစ်မည် ကေန်။ ဗြဟ္မာ့ပြည်သို့ ရောက်မည် အမှန် ဟူ၍။

ဗြဟ္မာ့ပြည်။ ဗြဟ္မာ့ပြည်။ ငါ သဘောကျနေသည့်ကလည်း ဗြဟ္မာ့ပြည်။

ဓနဉ္စာနီသည် ဗြဟ္မာ့ပြည် ဒေသနာကို နာပြီးသည့်နောက် ဗုဒ္ဓအား ဦးတိုက်လိုက်ကြောင်းကို အရှင်သာရိပုတ္တရာမှတဆင့် လျှောက်ထားသည်။

မကြာ။

အရှင်သာရိပုတ္တရာ ဗုဒ္ဓထံ ပြန်သွားချိန်နှင့် ပုဏ္ဏားကြီးဗြဟ္မာ့ ပြည်သို့ သွားချိန်တို့ကား ပါဒ် ဗီဇနာမျှ ခြားအံ့မထင်။

မှန်သည်။ သာရိပုတ္တရာ။

ဓနဉ္စာနီ ယခု လူ့ပြည်မှာ မရှိတော့။

ဗြဟ္မာ့ပြည်သို့ ရောက်နေပေါ့ဟု အရှင်သာရိပုတ္တရာ၏ဒေသ နာတော်ကို ဗုဒ္ဓက ထောက်ခံ ဖော်ဆောင်လိုက်သော။

ဤ**ဓနဉ္စာနီသုတ္တန်**ကို လေ့လာလျှင်....

(လူလေးမျိုးရှိသည်။ သူယုတ်မာ၊ သူယုမာထက် ယုတ်မာသူ သူတော်ကောင်း၊ သူတော်ကောင်းထက် တော် ကောင်းသူ။

သူယုတ်မာက ကိုယ်တိုင်သာ ဒုစရိုက်မှု ပြုသည်။ သူယုတ် မာထက် ယုတ်မာသူကကိုယ်တိုင် ဒုစရိုက်မှု ပြုရုံမက သူတပါး ကိုလည်း ပြုစေသည်။

သူတော်ကောင်းက ကိုယ်တိုင်သာ သုစရိုက်၌ ပျော်ပိုက် သည်။ သူတော်ကောင်းထက် တော်ကောင်းသူက ကိုယ်တိုင်

သူစရိုက်၌ ပျော်ပိုက်ရုံမက သူတပါးကိုလည်း ပျော်ပိုက်စေသည်။

အရှင်သာရိပုတ္တရာသည် သာသနာတော်၌ နေလိုလလို ပညာအရာ၌ အထူးချွန်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

သံသရာ ဝဋ္ဋဒုက္ခ မီးတောက်ကြီး အငြိမ်းတိုင် ငြိမ်းပျောက်သွားထိုက်သော ဝေနေယျတယောက်အား ထိုဝဋ္ဋဒုက္ခ မီးတောက်ကြီး အငြိမ်းတိုင် ငြိမ်းပျောက်သွားစေရန် သို့မဟုတ် မြင့်သောဘုံ မြတ်သောဘုံသို့ ရောက်ထိုက်သော သတ္တဝါတယောက်အား ထိုမြင့်ရာ မြတ်ရာဘုံသို့ ခဏချင်း ရောက်သွားစေရန် ပြင်းပြသော ဆန္ဒဓာတ်တို့သည် သူတော်ကောင်းထက်တော်ကောင်းသူတို့၏ သန္တာန်၌ အပြည့်။

မနုဥ္စာနီပုဏ္ဏားကြီးအား မြင့်ရာ မြတ်ရာဘုံသို့ ပို့ပေးခဲ့သူမှာ အရှင်သာရိပုတ္တရာ။

ကယ်တင်ရှင်တို့မည်သည်လဲ သတ္တဝါတို့၏အလိုဆန္ဒ သိရမြဲ။ အကြိုက်လိုက်၍ တရားပြရမြဲ။

မနုဥ္စာနီ ဘာကိုမက်သလဲ။ သူနှစ်သက်ရာအချက်ကို မတွေ့တွေ့အောင် ရှာသည်။ လူ ချမ်းသာလား။ နတ် ချမ်းသာလား။ ဗြဟ္မာ ချမ်းသာလား၊ နိဗ္ဗာန် ချမ်းသာလား။ အရှင်သာရိပုတ္တရာက အလေးအနက်ထား၍ စိစစ်သည်။

အကယ်၍သာ မနုဥ္စာနီက နိဗ္ဗာန်ရွှေပြည်ကို မက်လျှင် နိဗ္ဗာန်ရွှေပြည်ရောက်ကြောင်း မဂ္ဂင်လမ်းကောင်းအထိ ပြမည် ဧကန်။ သို့သော် ဗြဟ္မာ့ပြည်ဟု ဆိုလိုက်လျှင်ပင် မနုဥ္စာနီ

ကြည်လာသည်။ စိတ်အစဉ်အတန်းမှာ ပီတိတွေ ဖြန်းဖြန်း ထခဲ့သည်။

သည့်အတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မဝိဟာရလေးပါးဖြင့် ဓနဉ္စာနိအား ဗြဟ္မာ့ပြည်သို့သာ တက်စေလိုက်ခြင်း။

ဤ သုတ္တန်သည် ကယ်တင်ရှင်တို့၏ သဘောတံထွာကိုပြရင်း ဗြဟ္မာ့ပြည်ရောက်ကြောင်းနည်းလမ်းကောင်းတို့ကို ဖော်ဆောင်သည်။

၁။ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု။
၂။ အဗျာပဇ္ဈာ ဟောန္တု။
၃။ အနီဃာ ဟောန္တု။
၄။ သုခီ အတ္တာနံ ပရိဟရန္တု။
၅။ ဒုက္ခာ မုစ္စန္တု။
၆။ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
၇။ ကမ္မဿကာ။

ဤမေတ္တာပို့ကို ဗုဒ္ဓဝါဒီတိုင်း နှုတ်တက်ရွရွ ရကြပြီး ဖြစ်သည်။ ခုနစ်မျိုးအနက် –

ရှေ့ ၄ ချက်သည် မေတ္တာ ကမ္မဋ္ဌာန်း။
အမှတ် ၅ သည် ကရုဏာ ကမ္မဋ္ဌာန်း။
အမှတ် ၆ သည် မုဒိတာ ကမ္မဋ္ဌာန်း။
အမှတ် ၇ သည် ဥပေက္ခာ ကမ္မဋ္ဌာန်း စီးဖြန်းနည်းတို့ကို ပြဆုန်သည်။

E-10. (Thu Rain)

သမထကမ္မဋ္ဌာန်း လေးဆယ်ရှိရာ ကသိုဏ်းဆယ်ပါးနှင့် အာနာပါန သတိ ကမ္မဋ္ဌာန်းတို့က စျာန်ငါးမျိုးလုံးကို ရစေနိုင်သည်။

အသုဘ ဆယ်ပါးနှင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့က ပထမစျာန်ကိုသာ ရစေနိုင်သည်။

မေတ္တာ ကရုဏာ မုဒိတာ ကမ္မဋ္ဌာန်းသုံးမျိုးကမူ အောက်စျာန်လေးမျိုးကိုသာ ရစေနိုင်၍ ဥပေက္ခာ ကမ္မဋ္ဌာန်းကသာ အထက် ပဥ္စမစျာန်အထိ ရစေနိုင်သည်။

ရူပါဝစရစျာန်တွေ့ရလျှင် ရူပါဝစရ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ပြီလေ။

သူ့အသက်သတ်သည်။ သူ့ဥစ္စာခိုးသည်။ သူ့သားမယား ပြစ်မှားသည်။ ထိုသို ဒုစရိုက်ကောင်တို့ကို ဝေးဝေးရှောင်။ သူတို့သူတို့ကို ငရဲထိန်းတို့က လွှဘ်ငြိမ်းခွင့် လုံးဝမပေး။

မိဖအတွက်သော၊ ဆရာ့အတွက်သော၊ သားသမီးအတွက်သော။ မည်သူ့အတွက်ခဆို မည်သည့်မကောင်းမှုကိုမျှ မပြုရ။ ပြုခဲ့ ကျင့်ခဲ့လျှင် ငရဲထိန်းတို့ လက်ထဲ ရင်နှင့်အောင် ခံရမည်မလွဲ။

ဓနဉ္စာနိ သုတ္တန်သည် ဒုစရိုက်သမားနှင့်သုစရိုက်သမားတို့၏ နယ်ခြားဖြစ်သည်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်-သုဂတိဘုံတို့နှင့် ဒုဂ္ဂတိ-ဘုံငရဲတို့၏ လမ်းခွဲဖြစ်သည်။

ရလာသော လူ့ဘဝတန်ဖိုးရှိရှိ အသုံးချဖို့လိုသည်။ သတိလက်မလွှတ်နဲ့။ အစမှ မဖက်နဲ့။ မတရားသဖြင့် ကြီးပွားလျှင် ကြီး ပွားသည် မမည်။ စည်းစိမ်တိုးသည် မမည်။

ကြီးပွား တိုးတက်သည့် အရာတွေက စည်းစိမ် ဥစ္စာ အစစ် မဟုတ်။ ငရဲအတွက် လောင်စာတွေသာ ဖြစ်ကြောင်း။ ဤ သုတ္တန်က စာရေးသူတို့အား သတိမူစေသည်။

စိန်ရခဲ့သည်။ ပတ္တမြားရခဲ့သည်။ ပုလဲ ရခဲ့သည်။

ဗုဒ္ဓတွေ့ရ ခဲ့သည်။ ဓမ္မနာရ ခဲ့သည်။ သူတော်ကောင်း ပေါင်းရခဲ့သည်။

ဓနဉ္စာနိ ပုဏ္ဏားကြီး၏ဘဝကို ပြန်ကြည့်လျှင် အရှင်သာရိ ပုတ္တရာနှင့် မတွေ့မီက ပုံစံတမျိုး။ သူခိုး ဒမြခေါင်းဆောင် ကြီး ဖြစ်ခဲ့သည်။ ပထမ အိမ်ထောင်ကလည်း မျိုးနွယ်မမှန်။ ဒုတိယ အိမ်ထောင်ကလည်း ခပ်ပြန်ပြန်။ မမှန်သောဘဝ ကြင်ဖော်နှင့်လက်တွဲလျှောက်ခဲ့ရာ ဂျာက်ထဲ ကျတော့မည့်ဆဲဆဲ အခြေကိုတွေ့ရမည်။

အရှင်သာရိပုတ္တရာနှင့် တွေ့ပြီ။ ဓနဉ္စာနိ ကြည်လာသည်။ ဓနဉ္စာနိပြုံးလာသည်။ ဓနဉ္စာနိရွှင်လာသည်။ ဓနဉ္စာနိလန်း လာသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းစီးဖြန်းလိုက်သောအခါ ဗြဟ္မာ့ပြည်သို့ပင် သွားရာ ရှိခဲ့သည်။

ဝန်းကျင်ကိုဆင်ခြင်။ ကောင်းမှ ပေါင်းဟူ၍..... ...)

# ဝါသေဋ္ဌနှင့်ဘာရဒွါဇပုဏ္ဏား

## ဗြဟ္မဏကို လေ့လာလျှင်

စင်္ကီပုဏ္ဏား- တာရုက္ခပုဏ္ဏား- ပေါက္ခရသာတိပုဏ္ဏား-ဇာဏုသောဏိပုဏ္ဏား-တောဒေယျပုဏ္ဏားတို့ကားပုဏ္ဏား လောကတွင် အကျော်အမော်များဖြစ်သည်။

ဝါသေဋ္ဌသည် ပေါရက္ခသာတိ ပုဏ္ဏားကြီး၏တပည့်။ ဘာရဒွါဇသည် တာရုက္ခပုဏ္ဏားကြီး၏တပည့်။

နှစ်ဦးလုံး သဒ္ဒါဗျာကရုဏ်း၌ ပိုင်သည်။ ပုဒ်ဝါကျ၌ နိုင်သည်။ ဗေဒင်သုံးရပ်၌ တဘက်ကမ်းခတ်။

သို့သော်....။

အမိဖက်မှလဲ ဇာတ်သန့်သည်။ အဖဖက်မှလည်း ဇာတ်သန့်သည်။ ဘိုးဘေးခုနစ်ဆက်တိုင် ဇာတ်နှင့် စပ်၍ အကဲ့ရဲ့မခံရ။ ဤအရည်အချင်းရှိသူကို ဗြာဟ္မဏဟု ဘာရဒွါဇကဆိုသည်။

သီလနှင့်လည်းပြည့်သည်။ ဝတ်အကျင့်ကိုလည်းဖြည့်သည်။ သီလအကျင့်ကောင်းသူကို ဗြာဟ္မဏဟု ဝါသေဋ္ဌကဆိုသည်။

သို့ဖြင့် ဗုဒ္ဓထံ သူတို့ရောက်ကြသည်။ ဗုဒ္ဓသီတင်းသုံးတော်မူရာမှာ ဣစ္ဆာနင်္ဂလနိဂုံး-ဣစ္ဆာနင်္ဂလတောအုပ်။ ထိုတောအုပ်သို့ အရပ်တပါးက ထင်ရှားကျော်ကြားသည့် ပုဏ္ဏားသင်္ဃေးများစွာတို့ပါ ရောက်နေကြသည်။

ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ဗုဒ္ဓနှင့် ဝမ်းမြောက်ဖွယ်စကားတို့ကိုဆိုသည်။ အမှတ်ရဖွယ်စကားတို့ကို ပြောသည်။ နောက် ဗြာဟ္မဏနှင့်ပတ်သက်၍ မတူညီသော သူတို့အယူကို လျှောက်သည်။

အမျိုးဇာတ်ကိုစွဲ၍ ဗြာဟ္မဏ ခေါ်ပါသလား။
မိမိပြုသောအမှုကို စွဲ၍ ဗြာဟ္မဏခေါ်ပါသလား။
ဆုံးဖြတ်ချက်ချပေးရန် ဗုဒ္ဓအားတောင်းပန်သည်။

ထိုအခါ ဗုဒ္ဓက။

ဝါသေဋ္ဌ–ထိုထိုမြက်သစ်ပင် တို့၏ ပုံသဏ္ဌာန်သည်အမျိုးဇာတ်အရဖြစ်ကြသည်။ မှန်၏။ ပိုးပရန်–နှံစသည့် သေးသေးငယ်ငယ်သတ္တဝါတို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အရဖြစ်ကြသည်–မှန်၏။

ဝါသေဋ္ဌ–နွားစသော ကုန်းသတ္တဝါ၊ ငါးစသောရေသတ္တဝါ၊ ငှက်စသော ကောင်းကင်သတ္တဝါ။ ထိုထိုသတ္တဝါတို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အရ–ဖြစ်ကြသည် မှန်၏။

ဝါသေဋ္ဌ–သို့သော် လူတို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အရ ကွဲပြားခြားနားခြင်းအလျဉ်းမရှိ။ အခြား အခြားသတ္တဝါတို့လို အမျိုးဇာတိအရ မဖြစ်ကြ။

ဝါသေဋ္ဌ–လူတို့၌ ဆံပင် ဦးခေါင်း နား လျှာ နှာခေါင်း မျက်စိ မျက်ခုန်း အလုံးစုံတို့ဖြင့်လဲ ကွဲပြားခြင်း မရှိ။ လည်ပင်း ရင်ဘတ် ခြေ လက် ပေါင် ခါး ကျောကုန်း အလုံးစုံတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ။ မေထုန်မှုပြုပုံချင်းပင် တူကြသည်သာ။

ဝါသေဋ္ဌ– လယ်ယာအလုပ်ဖြင့် အသက်မွေးသူသည် လယ်သမားသာ။ ဗြာဟ္မဏမဟုတ်။ နှုတ်မှု လက်မှု တခုခုဖြင့် အသက်မွေးသူသည် ပညာသည်သာ။ ဗြာဟ္မဏမဟုတ်။ ကုန်ရောင်းဝယ်ဖြင့် အသက်မွေးသူသည် ကုန်သည်သာ။ ဗြာဟ္မဏ မဟုတ်။ အခိုင်းအစေဖြင့် အသက်မွေးသူသည် အိမ်ဖော်သာ။ ဗြာဟ္မဏ မဟုတ်။ ပုရောဟိတ်အတတ်ဖြင့် အသက်မွေးသူသည် ပုရောဟိတ်သာ။ ဗြာဟ္မဏ မဟုတ်။ လက်နက်ဖြင့် အသက်မွေးသူသည် စစ်သားသာ။ ဗြာဟ္မဏမဟုတ်။ တိုင်းပြည်အုပ်ချုပ်မှုဖြင့် အသက်မွေးသူသည် မင်းသာ။ ဗြာဟ္မဏမဟုတ်။

ဝါသေဌ–အတိုချုပ်ဆိုရသော် လူတို့၌ ကွဲလွဲချက် အစစ်မရှိ။ ပညတ်အားဖြင့်သာ ကွဲလွဲနေကြခြင်း။

ဝါသေဌ–မျိုးရိုးဇာတိအရ ဖြစ်ကာမျှဖြင့်လဲ ဗြာဟ္မဏဟု ငါမဟော။ အမိဝမ်းတိုက်၌ ဖြစ်ကာမျှဖြင့်လည်း ဗြာဟ္မဏဟု ငါမပြော။ ကြောင့်ကြမှုထွေ ရှိနေသေးသူဟူသမျှ ဘောဝါဒီသာ။ ကြောင့်ကြမှုလဲကင်း စွဲလန်းမှုလဲ ရှင်းသူမှ ဗြာဟ္မဏ။

ဝါသေဌ– ဗြာဟ္မဏဟူသည် သည်းခံမှု အားကောင်းသူ၊ ကိလေသာခါထွက်မှု မုတင်အကျင့်ရှိသူ၊ မိုးကြိုးစက်ကဲ့သို့ထက်မြက်သော ပညာရှိသူ၊ ဝတ္ထုကာမကိလေသာကာမတို့၌ မကပ်ငြိသူ၊ သံယောဇဉ်ဟူသမျှ ဖြတ်တောက်ဩဃလေးပါးကို လွန်မြောက် နိဗ္ဗာန်ကမ်းတဘက်သို့ရောက်သူ။

ရှေးကနေဘူးသော ဘဝအဆက်ဆက်ကိုလဲသိ၊ နတ်ရွာလမ်းကြောင်း ကောင်းမြတ်သော လမ်းစဉ်ကိုလဲမြင်၊ သစ္စာလေးပါးကို ပိုင်ပိုင်ထင်ပြီးသောသူ။

ဗုဒ္ဓ၏ ဒေသနာကို ဝါသေဌက လည်း နှစ်နှစ်ကာကာ။ ဘာရဒွါဇကလည်း နှစ်နှစ်ကာကာ နာယူနေကြလျက်။

ငါသေဌ– ဆက်ဦးမည်။ ဗြာဟ္မဏ ဟူသောအမည်၊ ဝါသေဌ၊ ဟူသောအမည်၊ ဘာရဒွါဇ ဟူသောအမည်။ အမည်ဟူသမျှ ပညတ်သာ။ အဆင့်ဆင့် ခေါ်ဂေါ်ပြောဆိုခဲ့ကြသဖြင့်တွင်နေခြင်းသာ။

ဝါသေဋ္ဌ– အမှားကြာလျှင်အမှန်လိုလိုဖြစ်မြဲ။ ဗြာဟ္မဏဟူသည် ဇာတ်အားဖြင့် ဖြစ်သည်ဟု မသိနားမလည်သူတို့ကအစဉ်အဆက် ပြောဆိုခဲ့ကြခြင်းသာ။

ဝါသေဋ္ဌ–ဇာတ်ကြောင့်ဗြာဟ္မဏမဖြစ်။ဇာတ်ကြောင့်ဗြာဟ္မဏမှတပါး အခြားသူမဖြစ်။ မိမိပြုသော အလုပ်ကြောင့်သာ ဗြာဟ္မဏဖြစ်သည်။ မိမိပြုသော အလုပ်ကြောင့်သာ ဗြာဟ္မဏမှတပါးအခြား အခြားသူဖြစ်သည်။

ဝါသေဋ္ဌ- လောက၏လက်သည်မှာ ကံ။ ကံကြောင့် သတ္တဝါတွေဖြစ်ရခြင်း။ သွားနေသော ရထားကို နားပန်းစွန်းက ထိန်းချုပ် နေသလို သတ္တဝါတို့ကို ကံက သိမ်းအုပ်နေသည်။ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ရသည်မဟုတ်ပါလော။ ပဋိစ္စသမုပ္ပါဒ်ကိုရှုမြင်။ ကံကို ယထာဘူတကျကျဆင်ခြင်။

ဒေသနာတော်ဆုံးလျှင် ဝါသေဋ္ဌကလည်း ဘဝင် ကျ။ ဘာရဒွါဇကလည်း ဘဝင်ကျ။ အလွန်နှစ်သက်ဖွယ် ရှိပေစွ-ဟု နှစ်ဦးလုံးက ဖော်ဆောင်ကြသည်။

ဗုဒ္ဓကိုလည်း ကြည်ညို။ ဒေသနာတော်ကိုလည်း နှစ်လို။ အမှောင်တိုက်ထဲ၌ တန်ဆောင်ဆီမီး ညှိတွန်းပြီး ပြသလိုပါဘုရား။ ဗုဒ္ဓအား လျှောက်ထားကြသည်။

ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ သရဏဂုံ ကိုယ်စီကိုယ်စီ ခံယူပြီး ရသက်ပန် ဥပါသကာဟု မှတ်တော်မူပါရန်လည်း တောင်းပန်နေကြသော။

(ဤဝါသေငသုတ္တန်ကို လေ့လာလျှင်....

အမည်သည် အနွတ္တအမည်။ ရှုဋ္ဌိအမည် ဟု နှစ်မျိုးရှိသည်။

အသားဖြူသူကို မောင်ဖြူဟု မှည့်ခြင်းသည် အနွတ္တ။ မောင်မဲဟု ခေါ်ခြင်းသည် ရှုဋ္ဌိ။

ထိုရှုဋ္ဌိမှာလည်း အထွင်ရှုဋ္ဌိ အဘင်ရှုဋ္ဌိ အထင်ရှုဋ္ဌိ ဟု သုံးမျိုး ကွဲပြန်သည်၊ ရှိစေ။

ငိုခြင်းသည် ကလေးတို့၏အား။

အမျက်ထွက်ခြင်းသည် မိန်းမတို့အား။

လက်နက်သည် သူခိုးတို့၏အား။

နိုင်ငံသည် ပြည့်ရှင်မင်းတို့၏ အား။

ကြုံကြုံဖန်ဖန်ကွဲရဲခြင်းသည် လူမိုက်တို့၏ အား။

စူးစူးစိုက်စိုက် ဆင်ခြင်ခြင်းသည် ပညာရှိတို့၏ အား။

အပန်ဖန်စဉ်းစားဆင်ခြင်ခြင်းသည် ဗဟုသုတရှိသူတို့၏အား။

သည်းခံခြင်းသည် ရဟန်းပုဏ္ဏားတို့၏ အား။

အားရှစ်မျိုးကို အင်္ဂုတ္တရနိကာယ်၌ ဗုဒ္ဓဟောသည်။ရဟန်းနှင့် ပုဏ္ဏား သူတော်စင်တို့ကိုးစားရာ အားသည်သည်းခံမှု။

ရဟန်းနှင့် ပုဏ္ဏားကို တွဲဖက်သုံးသည်။ ထိုရဟန်းနှင့်ပုဏ္ဏား သည် အတူတူပဲသား။ ဘယ်ပါဠိက လာတဲ့ စကားလဲစသည့် စသည့် စိစစ်ဖွယ်တွေနှင့် ဤသုတ္တန်က နွယ်နေသည်၊

ရဟန်းဟူသည် သာသနာ့ပြင်ပကာလ၌ ရသေ့။ သာသနာ တွင်းကာလ၌ ဗုဒ္ဓ၏ သားတပည့်။ ပါဠိလို သမဏ။ မသမဏကို ရသေ့ရဟန်းဟု မြန်မာမှု ပြုကြသည်။

ပုဏ္ဏားဟူသည် ဗြာဟ္မဏ ဟူသော ပါဠိ စကားကို မြန်မာမှု ပြုထားခြင်း။ ပါဠိလို ဗြာဟ္မဏ။ မြန်မာလိုပုဏ္ဏား။ ထိုဗြာဟ္မဏ နှင့်ပတ်သက်၍ ဤသို့တွက်က စိစစ်ထားသည်။

တကယ်သော်-ဗြာဟ္မဏသဒ္ဒါ၏ အနက်ရင်းမှာ မကောင်းမှု အပပြုပြီးသူဟူ၍ဖြစ်သည်။ ရာဂ ဒေါသ မောဟ ကိလေသာ ဟူသမျှ ကင်းစင်ပလျှင် ဗြာဟ္မဏ။

ထို့ကြောင့် ဗြာဟ္မဏ သဒ္ဒါကို မကောင်းမှု အပပြုပြီးသူ ဟု မြန်မာမှု ပြုလျှင် အနတ္ထ။ ပုဏ္ဏားဟု မြန်မာမှု ပြုလျှင်ရှဠ်။ (အတ္တနောမတိ)

ကမ္ဘာဦးကဖြစ်သည်။

ကမ္ဘာဦးသူ လူသားတို့သည် ကိုယ်ကျင့်တရားကိုယ်စီနှင့်။ နောက်သော် ဖေါက်ပြားခဲ့ကြသည်။ တစတစခေါင်းပါးလာ ကြပြီး မင်းမြောက်ရသည့် အထိသူတို့ ပျက်စီးမှု အခြေကြီး မြင့်ခဲ့ပါ၏။

ထိုအခြေအနေတွင် တချို့က....

"လောကကြီး ပျက်စီးပြီပကော။ မင်းဖြင့်အုပ်ချုပ်ရသည့် အတိုင်းအတာအထိ မကောင်းမှုတွေထူသပ်ပြီပကော။ ထိုဒုစရိုက် သမားတွေနဲ့ တို့အတူမနေလို။ တို့တောကိုမှီးမယ်။ တောင်ကို ကပ်မယ်။ မကောင်းမှုဟူသမျှ မရှိစေရ။ မျှောပစ်မယ်...."

စသည့်စသည်ဖြင့် ကြံ၍ တောအရပ်ကိုကပ်သည်။ ဈာန် တရားကို မရ-ရအောင် ပွားသည်။ ထိုပုဂ္ဂိုလ်မျိုးကို ဗြာဟ္မဏ ဟု ခေါ်ကြောင်း ဒီဃနိကာယ် အဂ္ဂည သုတ္တန်၌ဟောသည်။

ကြေကျသောသစ်သီး သို့မဟုတ် အလှူခံရသော ဆွမ်းသည် ပြာဟ္မဏတို့၏ အစာ။

ဂုဏ်က မြင့်သည်။ အကျင့်က ကြီးသည်။ ပြာဟ္မဏသဒ္ဒါက ထွက်သော အနက်နှင့် သူတို့ သူတို့၏ ဂုဏ်အကျင့်က ထပ်တူထပ်မျှ ဖြစ်နေသည်။ သို့ကြောင့် ထိုပြာဟ္မဏကို ဂုဏပြာဟ္မဏ ဟု ဆိုရသည်။

ကာလ ရှည်လျားခဲ့ပြီ။

ထိုဂုဏပြာဟ္မဏတွေ အဝင်အပေါ် အချို့တို့သည် စျာန်မဝင်စားကြ။ အားမထုတ်ကြ။ မြို့နား ရွာနားသို့ လာသည်။ မြို့ဦး ရွာဦးကျောင်းမှာနေသည်။ ဗေဒင်ကျမ်းစာတို့ကို ရေးသည်။ တပည့်တို့အားသင်ပေးသည်။

သူတို့သူတို့ကား မကောင်းမှုအပ ပြုရန် စျာန်အားမထုတ်ကြသော်ငြား ပြာဟ္မဏဟူသောအမည်ကိုမူ ခံယူကြလျက်ပင်။

ထိုပြာဟ္မဏသည် အမည်ခံသာ။ တကယ်ပြာဟ္မဏ ဖြစ်ထိုက်သည့် ဂုဏ် မရှိ။ ဂုဏပြာဟ္မဏမဟုတ်။ ဂုဏပြာဟ္မဏတို့မှ ဆင်းသက်လာသည့် အမျိုးအနွယ်အဆင့်သာ ရှိသည်။ သို့ကြောင့် ထိုအမည်ခံ ပြာဟ္မဏကို ဇာတိပြာဟ္မဏဟု ဆိုကြခြင်း။ ဇာတိပြာဟ္မဏဟု တွင်ခဲ့ခြင်း။

ထိုဇာတိပြာဟ္မဏတို့ကို စျာန်ရအောင် အားမထုတ်နိုင်သည့်အတွက် ထိုခေတ်က အညံ့စားတွေ ဟု အသိအမှတ် ပြုခဲ့ကြသော။

ကာလရှည်လျှားခဲ့ပြန်ပြီ။

ဇာတိ ဗြာဟ္မဏတို့သည် ချွန် အားမထုတ်စေနိုင်ကာမှု ဗေဒင်ကျမ်းဂန် ပိုင်သည်။ အများအားသင်ပြနိုင်သည်။ ထိုစွမ်းအင်တို့ကြောင့် အမြတ်စားဟု သူတို့ခံယူခဲ့ကြသည်။ခေတ်ကလဲ အမြတ်ဟု အသိအမှတ်ပြုကြပါသည်။

လူ့အရပ်ရပ် နတ်အထွေထွေ။

အချို့ အချို့ ဇာတိ ဗြာဟ္မဏတို့ကား အများ၏ အထင်ကြီးမှု ခံလိုကြသည်။ အလိုဆိုးတွေနှိပ်စက်သည်။ မြစ်ချောင်းများသို့ ဆင်းသည်။ ရေစိမ်၍ အညစ်အကြေးတို့ကိုမျှောပစ်ဟန်ပြုသည်။ သို့သော် တကယ် ကိလေသာတို့ကို ပယ်ထုတ်နိုင်ကြသည် မဟုတ်။ အနေယာင်ဆောင်၍ အများအား ပြစားကြခြင်းသာ။

ဘူရိဒတ် ဇာတ်တော်၌....။

ဘူရိဒတ် နဂါးမင်းသည် သီးတင်း သီလနှင့် ဥပုသ် မပြတ်စောင့်နေကျဖြစ်သည်။ တနေ့တွင် အချိန်မီ နေရပ်ဌာနီသို့ ပြန်မလာ။ ထိုအခါ ညီနောင်တို့က လိုက်ရှာကြသည်။

နေသာဒပုဏ္ဏားသည် နဂါးမင်းအား ပြစ်မှားမိသော အပြစ်တွေ ကြေစေ၊ အညစ်အကြေးတွေ လွှင့်စေ၊ စင်ကြယ်အောင်ဆေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ယမုနာမြစ်ထဲ ရေစိမ်နေသည်။

ညီတော် သုဘောဂ နဂါးသည်။ ထို ယမုနာမြစ်ကြောင်းအတိုင်း လိုက်၏၊ လျှောက် ရှာခဲ့၏။ နေသာဒပုဏ္ဏားကို တွေ့

လျှင် တွေ့ခြင်းအမျိုးမျိုး ညွှင်းဆဲသည်။ အားရမှ နဂါးပြည်သို့ ခေါ်ဆောင်သွားသည် ဟူ၍။

ခြုံရသော်....။

"သည်ခံခြင်းသည် ပုဏ္ဏားတို့၏အား" ဟူသော အင်္ဂုတ္တရ နိကာယ်ဒေသနာသည် ဇာတိဗြာဟ္မဏကို မရည်ညွှန်း။ ဂုဏဗြာဟ္မဏကိုသာ ရည်ညွှန်းသည်။

ထိုပြင် ဗြာဟ္မဏဟု၏ မြင့်မြတ်သော ဂုဏ်အင်္ဂါတို့ကို ဖော်ပြလျက် ၄၂ ဂါထာတို့ဖြင့် ဗြာဟ္မဏဝဂ်ဘဝဂ် ဖွဲ့ထားသည့် ဓမ္မပဒဒေသနာ၊ အဂ္ဂညသုတ္တန်ဒေသနာ တို့သည်လည်း ဇာတိ ဗြာဟ္မဏကိုမရည်ညွှန်း။ ဂုဏဗြာဟ္မဏကိုသာ ရည်ညွှန်းသည်။

ဟားဟားသမျှ ဗြာဟ္မဏတို့သည် ဂုဏဗြာဟ္မဏ ချည်းသာ ဖြစ်သည်။

ထို ဂုဏဗြာဟ္မဏတို့မှာ ထပ်ကွဲခြင်းမရှိ။ ဇာတိဗြာဟ္မဏတို့ကသာ အမျိုးမျိုး ကွဲပြားကြခြင်း။

ပုဏ္ဏား။ ပုဏ္ဏား - ဟောဟာရကို စာပလွှင်ခန်း၌ အာစရိယဝါဒပြခဲ့ပြီ။

(ဤ ဝါဒသင့် သုတ္တန်၌...

ဗြာဟ္မဏ၏ မူရင်းအနက်၊ ဗြာဟ္မဏ၏ အဓိပ္ပါယ်ဗြာဟ္မဏ၏ သဘော၊ ဗြာဟ္မဏ၏ အမူအကျင့်၊ ဗြာဟ္မဏ၏ ဂုဏ်အင်။ ဗြာဟ္မဏနှင့်စပ်သက်သည့် ခြင်းရာဟူသမျှကို ဝါသေဋ္ဌလည်း ရေရေလည်လည်မသိ။ ဘာရဒွါဇသည်း ရေရေလည်လည်မသိ။

ဗြာဟ္မဏဟူသည် အမျိုးဇာတ်ကိုစွဲ၍ ခေါ်တဲ့ ဝေါဟာရ လား။

ဗြာဟ္မဏဟူသည် မိမိပြုသော အမှုကိုစွဲ၍ခေါ်တဲ့ ဝေါဟာရလား။

သူတို့မခဝခွဲနိုင်ကြ။ သူတို့ ဉာဏ်မလင်းကြ။ ဗုဒ္ဓထံတော်မှောက် ရောက်ကြခြင်း။ သံသယကို ပယ်ဖျောက်ပေးရန် လျှောက်ထားကြခြင်း။

ဗုဒ္ဓဖြေလှာတို့တွင်....။

ကြောင့်ကြမှု စွဲလန်းမှုတွေရှိနေသူ ဘောဝါဒီ။ ကြောင့်ကြမှုလည်းကင်း စွဲလန်းမှုလည်းရှင်းသူ ဗြာဟ္မဏ။

ဝတ္ထုကာမ ကိလေသာကာမတို့ကို ပယ်၍ အိမ်ရာမထောင် ရဟန်းဘောင်သို့ဝင်၊ ကာမ ဘ ဝ ဟူ သ မျှ ကင်း စင် ပြီး သူ ဗြာဟ္မဏ။

ဓုတင် ဆောက်တည်သူ၊ မေတ္တန်အကျင့်ရှောင်သူ၊ သီလစောင့်သူ၊ ဣန္ဒြေ တံခါးပိတ်ထားသူ၊ စင်ကြယ်သော ကံထူးကြောင့် ချီးမွမ်းအပ်သူ ဗြာဟ္မဏ။

သာမန်လူနတ် ဂန္ဓဗ္ဗတို့ မသိကြသည့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုပင် သိသူ၊ အာသဝေါကုန်၍ ပူဇော်အထူးကို ခံယူထိုက်သူ ဗြာဟ္မဏ။

ဗြာဟ္မဏဘွဲ့ထူး ရပိုင်သူတို့ကို ဗုဒ္ဓက ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့အား တိတိကျကျရှင်းပြသည်။

ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့ နားရှင်သွားကြသလိုကျွန်တော်တို့လည်း ဗြာဟ္မဏ၏ အဓိပ္ပါယ်ကို ရေရေလည်လည် နားလည်ရသည်။ ခတ္တိယမျိုး ဗြာဟ္မဏမျိုး ဝေဿမျိုး သုဒ္ဒမျိုးဟူသော အမျိုးအနွယ်တို့သည် ပညတ်ချက်များသာ။ ဇာတ်ကြီးလေးမျိုးဟူသည် သင်္ကေတ ဒဝါဟာရများသာ။ သတ္တဝါဟူသည်ကံကြောင့် ဖြစ်ရသူချည်း။ စင်စစ်ကွဲလွဲမှုမရှိ။ ထိုထိုသတ္တဝါတို့တွင် မိမိကိုယ်မှ ကိလေသာဟူသမျှ ကင်းစင်အောင်ပြုနိုင်သူ ဗြာဟ္မဏဟု သံသယမဲ့ မှတ်ရပါသည်။ )

(၁၂)

# စက်ပုဏ္ဏား

## မင်ဖိုလ် လှေကား

နေ့တနေ့။

ဗုဒ္ဓသည် ကောသလတိုင်း ဩပါသာဒရွာ အင်ကြင်တော တွင် မွေ့လျော်စဉ်။

ဩပါသာဒရွာသားတို့မှာ မိုးမမြင်လေမမြင်။ ဗုဒ္ဓကိုဖူးမြင်ရတော့မည်ဖြစ်၍ အကြည်တွေ့နေကြသည်။ သရဏဂုံပန်းကိုလည်း သူတို့ဆင်မြန်းကြမည်။ ရည်ရွယ်ချက်ဖြင့် အင်ကြင်းတောဆီသို့ ဦးတည်ကြသည်။ လူတန်းကြီးမှာ မျက်စိတဆုံး။ ပုဏ္ဏားတိုင်း ပုဏ္ဏားတိုင်း တပွုံးပွုံး။

ဩပါသာဒရွာက စိုစိုပြေပြေ။ မြက် ထင်း ရေပေါသည်။ ဆန်ဆီစပါးများသည်။ လယ်ယာကိုင်းကျွန်း ထွန်းသည်။

ပသေနဒီကောသလဘုရင်သည် ရေမြေ့သခင်။ သူက တို့ရွာကို စင်္ကီပုဏ္ဏားအား အပိုင်စား ပေးထားသည်။

စင်္ကီပုဏ္ဏားသည် ရွာသားတွေသွားကြလာကြ လှုပ်ရှားကြဟန်ကို မြင်သည်။ ထူးဆန်းထွေလာ အံ့ဖွယ်ရာပါလား။ ရွာသားတို့နှင့်အတူ ဗုဒ္ဓကို သူလည်းဖူးချင်လာသည်။

နေကြအုံး။ နေကြအုံး။ ဗုဒ္ဓထံ ငါလဲလိုက်မယ်။

ထိုစကားကြားရသော ပုဏ္ဏားအချို့က အရှင်စင်္ကီပုဏ္ဏား စဉ်းစားပါ၊ ဗုဒ္ဓထံ ချဉ်းကပ်ရန် လျော်ကန်မည်မထင်ပါ။

အရှင်စင်္ကီပုဏ္ဏားမှာ ပညာလည်းရှိ၊ သီလလည်းရှိ၊ စည်းစိမ်လည်းရှိ။ အရာရာ ပြီးပြည့်စုံပါဘိ။

ပသေနဒီကောသလမင်းကြီးကပင် အရှင်၏ လုပ်ရည် ကိုင်ရည် ပညာရည်တို့ကို သဘောကျသဖြင့် မြို့စားရွာစားအဖြစ် တော်ကောက် ချီးမြှောက်ထားသည် မဟုတ်လော။

ဗုဒ္ဓထံ ဖူးမြော်ရန် မသွားထိုက်။ အမှန်မှာ ဗုဒ္ဓကသာ အရှင်စင်္ကီပုဏ္ဏားထံချဉ်းကပ်ရန်လာရပါမည်။ ဤသို့ ဤသို့ပြောကြဆိုကြ ကန့်ကွက်ကြသည်။

သို့သော် စင်္ကီပုဏ္ဏားက သူတို့ကန့်ကွက်ချက် လက်မခံ။

အမောင်တို့ ဗုဒ္ဓက ပညာလည်းမြင့်၏၊ သီလလည်းရင့်၏၊ စည်းစိမ်လည်းတင့်၏။ အရာရာငါ့ထက် ဝင့်ထယ်သည်ချည်း။

အမောင်တို့ ဗုဒ္ဓက အဆင်းလှ၏။ ရူချင်ဖွယ်ရှိ၏။ ကြည်ညိုဖွယ်ဖြစ်၏။ ခန့်ညား၏။ ရွှေအဆင်းလို ဝင်းဝင်းပ။

အမောင်တို့ဗုဒ္ဓက အမိဘက်မှလည်းသန့်။ အဖဘက်မှလည်း သန့်၏။ ဘိုးဘေး ခုနစ်ဆက်တိုင် ဇာတ်နှင့်ပတ်သက်၍ ဆင်ခြေဆင်လက် တက်ဖွယ်မရှိ။ အမျိုးဇာတ်သန့်သန့်စင်စင်။

အမောင်တို့ ဗုဒ္ဓက လူယဉ်ကျေး။ ပြောလည်းချိုချိုသာသာ။ ဟောသည်း ချိုသာသာ။ အသံတော်က အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်။ သူပြော ဟောသမျှ အကောင်းချည်း။ အမှန်ချည်း။

အမောင်တို့ ဗုဒ္ဓမှာ ရွှေမရှား။ ငွေမရှား မြေပေါ်မှာလည်း တင်းကျမ်း။ မြေအောက်မှာလည်းတင်းကျမ်း။ ထိုရွှေငွေတို့ကို မခင်တွယ်။ ရှိရှိသမျှ စည်းစိမ်ဥစ္စာတို့ကို စွန့်ပယ်ပြီး ရဟန်းဘောင်သို့ အသွင်းပြောင်းခဲ့သည့်ဗုဒ္ဓ။ အသက်ဘွက်စစ်လျှင် သုံးဆယ်ဝန်းကျင်။

အမောင်တို့ ဗုဒ္ဓ၏ အရည်အချင်းတွေကဒုနှင့်ဒေး။ အရဟံ ဂုဏ်တော်လည်းရှိ၏။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်လည်းရှိ၏။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်လည်းရှိ၏။ ဘုန်းတော် ကံတော် ဉာဏ်တော်တွေက အနန္တ။

အမောင်တို့ ဗုဒ္ဓကို ဗိမ္ဗိသာရမင်း မိဖုရားတို့ကလည်း အသက်နှင့်အပ်၍ ပသေနဒီကောသလမင်း မိဖုရားတို့ကလည်း အသက်နှင်းအပ်၍၊ ပေါက္ခရသာတိပုဏ္ဏားကြီးနှင့်ဇနီးတို့ကလည်း အသက်နှင့် အပ်၍ ကိုးကွယ် ဆည်းကပ်ကြသည်။

အမောင်တို့ ဗုဒ္ဓကို လူကလည်းကြည်ညို။ နတ်ကလည်း နှစ်လို။ လူနတ် ပြဟ္မာ သတ္တဝါတိုင်းက သူ့ကို ကိုင်းရှိုင်းကြ သည်ချည်း။

အမောင်တို့- ဗုဒ္ဓက ခက်ခဲသော ပြဿနာကိုလည်း ဖြေနိုင်သည်။ နက်နဲသော ပြဿနာကိုလည်း ဖြေနိုင်သည်။ မဖြေနိုင်တာ သူ့မှာ နတ္ထိ။

အမောင်တို့- ဗုဒ္ဓ၏ဂုဏ်တို့ကို ဤမျှသာ ငါသိ၏။ ငါ မသိသော ဂုဏ်တွေက အတိုင်းမသိ ရှိ၏။ ထိုဂုဏ်အင်တွေကို ကုန်စင်အောင် ငါမပြောပြနိုင်။

အမောင်တို့- ဗုဒ္ဓကား ပုဏ္ဏားအမျိုးသားတို့၏ အကျိုးစီးပွားကို တကယ်လိုလားသည့် အမှန်။

အမောင်တို့- ကံ့ကို လက်ခံသော ဗုဒ္ဓ။ အကြောင်းကို လက်ခံသော ဗုဒ္ဓ။ ဗုဒ္ဓသည် ယခုအင်ကြင်းတောမှာ မွေ့လျော်နေသည်။ တကယ်တော်သူကား ဧည့်သည်တော်။ ဧည့်သည်တော်ကို ဒေသခံတို့က အရိုအသေပြုရမည် မဟုတ်လော။ တို့တာဝန်။

အမောင်တို့- အဆိုပါ အကြောင်းကြောင်းကြောင့် ဗုဒ္ဓရှိရာ သွားကြစို့။ ဗုဒ္ဓက ငါ့ထံ ချည်းကပ်ရန် အလျင်းမထိုက်။ ငါကသာ ဗုဒ္ဓထံပါး အခစား ဝင်ရသည်။ လာ- အင်ကြင်းတောဆီ ဦးတည်ကြစို့။

အုံ့အုံ့ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းမှိုင်း၊ အကိုင်းချင်း ယှက်သည်။ အခက်ချင်း ယှက်သည်။ ရွက်ထပ်တွေ ရွက်ညှပ်တွေနှင့် စိုစိုပြေပြေ။ အင်ကြင်းတောက သာမောဖွယ်အပြည့်။

အင်ကြင်းတောက အေးမြမြ။ ဗုဒ္ဓ အရိပ်က အေးမြမြ။

စင်္ကီပုဏ္ဏား အမှူးပြုသော ပုဏ္ဏားထုကြီးသည် တကယ့် အေးရိပ်ကို ခိုလှုံနေကြပြီ။

ဗုဒ္ဓနှင့် စင်္ကီပုဏ္ဏားတို့ နှုတ်ဆက်စကား ပြောသည်။ ခမ်း မြောက်စကား ဆိုသည်။ စိုးစဉ်းစိုးစဉ်း အောက်မေ့ဖွယ် စကားတို့ကို သွင်းသည်။ ဆရာနှင့် ဒကာ ရင်းရင်းနှီးနှီး။

ထို ပုဏ္ဏားပရိသတ်ကြီးတွင် ကာပဋိက လုလင်လည်း ပါသည်။ လုလင်ကား ၁၆-နှစ်ပင် ရှိသေးသော်ငြား ပညာစုံသည်။ ဗေဒင်တတ်၏။ လက္ခဏာတတ်၏။ သဒ္ဒါပိုင်၏။ အဘိဓာန်ပိုင်၏။ အလင်္ကာ သူ့ကို နိုင်သူမရှိ။ စာတတ် စကားတတ်ဖြစ်၍ ဗုဒ္ဓနှင့် စင်္ကီတို့ကြား ဖြတ်၍ ညှပ်၍ ခဏ ခဏ ပြောခဲ့သည်။

ဗုဒ္ဓက မကြိုက်။ ကာပဋိက ကြားဖြတ်မပြောနဲ့။ ကြား ဖြတ်မပြောနဲ့။ တားသည်။

စင်္ကီပုဏ္ဏားမှာ နားမချမ်းသာ။ ဗုဒ္ဓက ကာပဋိက လုလင် ကို တားတဲ့အတွက် စိတ်မသက်သာခဲ့။

ဗုဒ္ဓ ကာပဋိကကို မမောင်းမဲပါနဲ့။ ကာပဋိကဟာ အမျိုး ကောင်းသားပါ။ ပညာဗဟုသုတ စွယ်စုံသူပါ။ ဗုဒ္ဓနှင့်ခွန်းတုံ့ လှယ်ပြောဖို့ သူ ဝန်မလေးပါ။

စင်္ကီပုဏ္ဏားကြီး လျှောက်ထားသည့် ထိုစကား အရိပ်အ ခြည်ကို ဗုဒ္ဓက သိပြီ။ သြော် ငါနဲ့စကားစစ်ထိုးဖို့ ကာပဋိက

လုလင်ကို သူတို့ ရှေ့ခဆောင် တင်ခဲ့ကြသကိုး။ အကြံတော်ပေါ်သည်နှင့်တပြိုင်နက် ကာပဋိကဘက် စိုက်ကြည့်လိုက်သည်။

ဗုဒ္ဓနှင့်ကာပဋိကတို့ စကားစစ်ထိုးပွဲကြီး စတော့မည်။

ကာပဋိကက မေးလိုက်။ ဗုဒ္ဓက ဖြေလိုက်သည်။ ဗုဒ္ဓက မေးလိုက်။ ကာပဋိကက ဖြေလိုက်။

ဗုဒ္ဓက ငါ့ကို စိတ်ဝင်စားလာပြီ။ ပြဿနာကို ငါက စ, မေးမှပဲ အကြံဖြင့်။

ဗုဒ္ဓ– ဗေဒင်သည် ပုဏ္ဏားတို့၏ ရိုးရာပညာ ဖြစ်သည်။ အဆက်ဆက် ဆောင်လာခဲ့သည်။ ကျမ်းဂန်အခိုင်အမာရှိသည်။ ထိုရှေးဟောင်းဝေဒကျမ်းတို့ဖြင့် "ဤစကားသာ အမှန်။ အခြားစကား– အမှား"ဟု ပုဏ္ဏားတို့ တဘက်သတ် ဆုံးဖြတ်ကြသည်။ ဤအရာ၌ ဗုဒ္ဓက ဘယ်လိုမြင်သလဲ။

ကာပဋိက– သင့်ကိုမေးမယ်။ "အကြောင်းကို ငါသိ၏။ ဤအကြောင်းကို ငါမြင်၏။ ဤအယူသာမှန်၏။ အခြားအယူက အမှား"ဟု ပုဏ္ဏား တယောက်တလေကများ ပြောခဲ့သလား။

ဗုဒ္ဓ– မပြောခဲ့ပါ။

ကာပဋိက– ဒါဖြင့် အထက်အထက် ဆရာ့ဆရာ ခုနစ်ဆက်တိုင်အောင် ဆရာ့ဆရာတွေကရော ပြောခဲ့သလား။

ဗုဒ္ဓ– မပြောခဲ့ပါ။

ကာသပဋိက–ဒါဖြင့်အဋ္ဌက၊ ဝါမက၊ ဝါမဒေဝ၊ ဝေဿာမိတ္တ၊ ယမတဂ္ဂိ၊ အင်္ဂီရသ၊ ဘာရဒွါဇ၊ ဝါသေဋ္ဌ၊ ကဿပ၊ ဘဂု။ ရှေးရှေးရှင်သေ့ကြီးတွေကကော ပြောခဲ့သလား။

ဗုဒ္ဓ– မပြောခဲ့ပါ။

ကာသပဋိက– ဒါဖြင့် ပုဏ္ဏားတို့ဆိုစကားဟာ အခြေအမြစ်လုံးဝ မရှိဖူးပေါ့။ အဆက်ဆက်ကွယ်ခဲ့သော သူကန်းမျိုးနွယ်နှင့် တူနေပြီ။ ရှေ့ဆုံးကလူလည်း မမြင်၊ အလယ်လူလည်း မမြင်။ နောက်ဆုံးလူလည်း မမြင်။ ဤအရာကို သင်ကကော ဘယ်လိုထင်မြင်သလဲ။

ဗုဒ္ဓ– ပုဏ္ဏားတို့သည် ယုံကြည်ချက်ဖြင့်သာ ဆည်းကပ်သည် မဟုတ်။ တဆင့်ကြား ဖြင့်လည်း ဆည်းကပ် ကြပါသည်။

ကာသပဋိက– သင့်စကား ရှုပ်သွားပြီ။ အစက ယုံကြည်ချက်၊ ယခု တဆင့်ကြား။ အပြောင်းအလဲ များလှချည့်လား။

ကာသပဋိက– အသေအချာ မှတ်။

(၁) ယုံကြည်ခြင်း၊

(၂) နှစ်သက်ခြင်း၊

(၃) တဆင့်ကြားခြင်း၊

(၄) ကြံဆခြင်း၊

(၅) အယူကို စူးစူးစိုက်စိုက်ကျေနပ်ခြင်း။

ဤငါးမျိုးသည် မျက်မှောက်ဘဝ၌ပင် [ဟုတ်-မဟုတ်] နှစ်ပါးသော အကျိုးတို့နှင့် ဆက်ဆံနေကြသည်။

ကာပဋိက- ဆက်ရှင်းမည်။ အသေအချာ နားစိုက် -

- အချို့ ယုံကြည်ထားသော်လည်း အလွဲအမှား ဖြစ်တတ်သည်။

  အချို့ မယုံကြည်သော်လည်း အဟုတ်အမှန် ဖြစ်တတ်သည်။

- အချို့ နှစ်သက်ထားသော်လည်း အလွဲအမှား ဖြစ်တတ်သည်။

  အချို့ မနှစ်သက်သော်လည်း အဟုတ်အမှန် ဖြစ်တတ်သည်။

- အချို့ တဆင့်ကြားထားသော်လည်း အလွဲအမှား ဖြစ်တတ်သည်။

  အချို့ တဆင့် မကြားသော်လည်း အဟုတ်အမှန် ဖြစ်တတ်သည်၊

- အချို့ ကြံဆ သော်လည်း အလွဲအမှား ဖြစ်တတ်သည်၊

  တချို့မကြံဆထားသော်လည်းအဟုတ်ဖြစ်တတ်သည်။

- အချို့ စူးစူးစိုက်စိုက် ဆင်ခြင် ကျေနပ်ထားသော်လည်း အလွဲအမှားဖြစ်တတ်သည်။

အချို့ မဆင်ခြင် မကျေနပ်သော်လည်း အဟုတ်အမှန်ဖြစ်တတ်သည်။

ကာပဋိက– ဒါကြောင့်သစ္စာကို အစဉ်စောင့်သိ၍ သိ၊ ကြား၊ လိမ္မာသော သူသည် ဤအရာ၌ ငါ့အယူသာ မှန်။ အခြား အယူကား အမှား ဟု တရားသေမဆုံးဖြတ်ကြ။

နက်နဲသော ဗုဒ္ဓ။ ခက်ခဲသောမေး။ ဗုဒ္ဓ၏မေး၌ ကာပဋိကက ကေဂ္ဂတာ ကျနေသည်။ ရှင်ဝယ်စွဲငြိ ပီတိဖြစ်ခဲ့သည်။ သို့ဖြင့် သိလိုသောအချက်တို့ကို ဆက်တော့သည်။

ဗုဒ္ဓ– အဘယ်အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်ရှောက်သည် မည်ပါသလဲ။ အဘယ် အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်သူ ဖြစ်ပါသလဲ။

ကာပဋိက– မူလက မည်သို့ပင် ယုံကြည် ထားစေကာမူ၊ နှစ်သက်ထားစေကာမူ သို့မဟုတ် မည်သို့ပင် စူးစူးစိုက်စိုက် ဆင်ခြင်ထားစေကာမူ "ဤအယူသာ အမှန်၊ အခြား အယူကား အမှား" ဟု တရားသေ ဆုံးဖြတ်ခြင်းသို့ မရောက်သေး။ ထိုအတိုင်းအတာအထိ သစ္စာကို စောင့်ရှောက်သည် မည်ပါ၏။ ထိုသူကို သစ္စာစောင့်ရှောက်သူဟု ဆိုနိုင်ပါ၏။

ဗုဒ္ဓ– ရှင်းသွားပါပြီ။
အဘယ်အတိုင်းအတာအထိ သစ္စာကိုထိုးထွင်း၍သိခြင်း ဖြစ်ပါသလဲ။

ကာပဋိက–အသေအချာ နားစိုက်အုံး။

လောဘ ဒေါသ မောဟ ထူပြောသူနှင့် ခေါင်းပါးသူ မတူ။

လောဘ ဒေါသ မောဟ ထူပြောသူသည် မသိပဲ သိလေဟန်၊ မမြင်ပဲ မြင်လေဟန်ဆောင်သည်။ သူတပါးအား အကျိုးမဲ့ကို ဖြစ်စေသည်။

လောဘ ဒေါသ မောဟ ခေါင်းပါးသူမှာ ထိုခြင်းရာမျိုးမရှိ။ ကိုယ် နှုတ် စိတ် အမူအရာအားလုံး ယဉ်ကျေးဘိခြင်း။ သူ့တရားက ခက်ခဲသည်။ သိမ်မွေ့သည်။ ပညာရှိမှ သိနိုင်သည့် တရားဖြစ်သည်။

ကာဋိက– ထိုလောဘ ဒေါသ မောဟ ကင်းစင်ပသည့် ပုဂ္ဂိုလ်ကို တွေ့မြင်ရသဖြင့် ထိုပုဂ္ဂိုလ်၌ သက်ဝင် ယုံကြည်ခဲ့သည်။ ယုံကြည်ရာမှ ချဉ်းကပ်သည်၊ ချဉ်းကပ်ရာမှ ဆည်းကပ်သည်။ ဆည်းကပ်ရာမှ စကားနားထောင်သည်။

ကာပဋိက – တဆက်တည်းပင်။ တရားနာသည်။ တရားဆောင်သည်။ တရား၏ အနက်သဘော စူးစမ်းသည်။ စူးစမ်းရာမှ ရှုဆင်ခြင်ခြင်းငှာခံ့သည်။

ကာပဋိက– ရှုဆင်ခြင်ရန်ခံ့သဖြင့် အလိုဆန္ဒဖြစ်သည်။ အလိုဆန္ဒဖြစ်သဖြင့် အားထုတ်သည် နောက် အာရုံ၌ စူးစူးစိုက်

စိုက် နေလိုက်သော် သစ္စာကို ကိုယ်ဖြင့်လည်းမျက်မှောက် ပြုနိုင်ခဲ့သည်။ ပညာဖြင့်လည်းထိုးထွင်းသိမြင်တော့သည်။

ကာပဋိက–ထိုအတိုင်းအတာအထိသည်၊ မဂ်သစ္စာက လျော်စွာ သိခြင်း မည်ပါ၏၊ ထိုသူသည် မဂ်သစ္စာကို လျော်စွာ သိသူဖြစ်ပါ၏။ သို့သော် ဖိုလ်ကိုမူ မျက်မှောက် မပြု နိုင်သေး။

ဗုဒ္ဓ– ရှင်းသွားပြန်ပါပြီ။
အဘယ့်ကြောင့်ဖိုလ်ကို မျက်မှောက်ပြုနိုင်သလဲ။ ဖိုလ်သို့ အစဉ်ရောက်နိုင်သလဲ။

ကာပဋိက–ထိုတရားတို့ကို ပွားသည်။ ထုံသည်၊ ကြိမ်ဖန်များစွာ လေ့လာသည်။ သို့ကြောင့် ဖိုလ်ကိုမျက်မှောက်ပြုရသည်။ ဖိုလ်သို့ အစဉ်ရောက်ရသည်။ မဂ်ရောက်သဖြင့် ဖိုလ် ပေါက်ရသည်။

ဗုဒ္ဓ– ရှင်းပြန်ပြီ။
ဖိုလ်ဆိုက်အောင် ဘယ်လိုအားထုတ်ရမလဲ။

ကာပဋိက–အသေးအချာမှတ်။
ဖိုလ်ဆိုက်အောင် မဂ်ကိုပွား မဂ်ရအောင် အရောရာနှိုင်း ချိန်။
နှိုင်းချိန်နိုင်အောင် တရားအလုပ် အားထုတ်။
အားထုတ်နိုင်အောင် ပြုလိုမှု ဆန္ဒမွေး။
ဆန္ဒပေါ်အောင် ကျေနပ်သည်အထိ ရှု၊

ကျေနပ်လာအောင် တရားသဘော စူးစမ်း။
စူးစမ်းတတ်အောင် တရားကို ဆောင်။
ဆောင်နိုင်အောင် ကြပ်ကြပ်တရားနာ။
တရားနာချင်အောင် အသေအချာ နားစိုက်။
နားစိုက်ချင်အောင် ဓမ္မကထိကကို ဆည်းကပ်။
ဆည်းကပ်ချင်အောင် ချဉ်းကပ်ရိုကျိုး။
ချဉ်းကပ်ချင်အောင် သဒ္ဓါရှေ့ထား။
မဂ်ဖိုလ်နိဗ္ဗာန်ရအောင် သဒ္ဓါရှေ့ဆောင်လေ။

ဗုဒ္ဓ၏ လျှာတော်က သွက်သည်။ တရာတော်က ကျသည်။ နက်နဲသောဓမ္မတို့ကို ကြားရသူတိုင်း ပီတိ။ နာရသူတိုင်းပီတိ။ ပုဏ္ဏားအားလုံး လှိုင်းလိုဘိ။

ကာပဋိက က မှု ...။

မေးတိုင်း မေးတိုင်း ပြဿနာတို့ကို အပိုမပါ အလိုမရှိဗုဒ္ဓက တိတိကျကျဖြေပြသည်။ ဖြေကြားချက်ဟူသမျှ သဘောလည်း ကျ၏။ နှစ်လည်း နှစ်သက်၏။

တပည့်သည်ရှေးအခါက အမှားမြင်၍ အမြင်မှားခဲ့ပါသည်။

ဦးပြည်းရဟန်းဟူသည် အလကား။ ဗြဟ္မာမင်း၏ခြေမှဖွားသဖြင့် အပေါစား။ မည်းသည်။ ညစ်သည်။ တရာ အနှစ်ကို ဘယ်မှာသိနိုင်အံ့နည်း။ တပည့်၏ အမှားက ကြီးကျယ်ပေစွ။ ထိုအမှားကို ခွင့်လွှတ်တော်မူပါ ဗုဒ္ဓ။

တောင်းပန်စကား နှင့် တဆက်ဘည်းပင် ရာသက်ပန် ဥပသကာအဖြစ် ခံယူလိုပါသည် ချီးမြှင့်တော်မူပါ။

ဤသို့ ဤသို့ ကျော်ကြားသော ကာပဋိကအား ဗုဒ္ဓက သရဏဂုံ ဦးစိုက်ပန်း သုံးခိုင်တို့ဖြင့် မြှိုင်စေ တင့်စေလိုက်သော။

(ဤ စင်္ကီ သုတ္တန် ကို လေ့လာလျှင်

စင်္ကီပုဏ္ဏားမှာလိုလားအပ်သောအရည်အချင်းတွေအပြည့်။

အမိဘက်မှလည်းဇာတ်သန့်သည်။ အဖဘက်မှလည်းဇာတ်သန့်သည်။ အထက်ဘိုးဘေးခုနစ်ဆက်တိုင် မျိုးရိုးဇာတ်အနေ ကဲ့ရဲ့စရာလုံးဝမရသယို လောကကြောင်း အနေဖြင့်လည်းအပြစ်တင်ဖို့ရာ မမြင်ရလောက်အောင် ပြည့်စုံသူဖြစ်သည်။

စင်္ကီပုဏ္ဏားမှာ စည်းစိမ်ဥစ္စာပေါသည်။ အခြေအရံများသည်။ ဗြဟ္မာမင်းနှင့်တူသော အဆင်းကြောင့် ရှုချင်ဖွယ်ရှိသည်။ အပြောအဆိုချိုသာသည်။ အသွားအလာ အနေအထိုင် သိပ်သည်းသည်။ ကိုယ်ကျင့်သီလနှင့် သမာဓိနှင့် ရည်မွန်သူ တယောက် ဖြစ်သည်။

အဘိဓာန် အလင်္ကာ သဒ္ဒါ ဣတိဟာသ ကျမ်းစုံတတ်သည်။ ဗေဒင်သုံးပုံ၌ တဘက်ကမ်းခတ်။ လောကာယတကျမ်း မဟာပုရိသ လက္ခဏာကျမ်းတို့၌ အကြွင်းမဲ့။ ဗျာကရုဏ်း၌ ပိုင်သူ ရှုံး။

များစွာသောတပည့်တို့၏ဆရာ။ များစွာသော ဆရာတို့၏ ဆရာ့ ဆရာ။

ပသေနဒီ ကောသလဘုရင်က စင်္ကီပုဏ္ဏား၏အရည်အချင်း တို့ကို တန်ဘိုးထားရသလိုသြပါသာဒ တနယ်လုံးကလည်းစင်္ကီ ပုဏ္ဏားကို လေးစားကြရသည်။ ကြည်ညိုကြပါသည်။

ဤမျှ မြင့်မားသော စက်ဂိပုဏ္ဏားသည် ဗုဒ္ဓအပေါ် မာနမထား ငါတကားဟု မပလွှား။ အများသူငါ တားမြစ် တောင်းပန်နေသည့်ကြားမှပင် ဗုဒ္ဓထံ မရောက် ရောက်အောင် သွားသွားခဲ့သည်။

စက်ဂိပုဏ္ဏားသည် ဗုဒ္ဓကို လေ့လာသော အခါ အရှိအရှိအတိုင်း မြင်သည်။ အမှန်အမှန် အတိုင်းသုံးသပ်သည်။ သူ့ကို မျက်နှာလုပ်လိုသူ၊ ဗုဒ္ဓကို မဟုတ် မဟုတ် ပြောဆိုသူတို့၏စကားကို နားမယောင်ခဲ့။ သမာဓိ တကယ်တည်လှသော စက်ဂိပုဏ္ဏား။

ထိုစက်ဂိပုဏ္ဏားကို ကျွန်ုပ်တို့ အတုယူရသည်။ လေးစားထိုက်သူကို လေးစားသော အကျင့်၊ နှိမ့်ချတတ်သူကို နှိမ့်ချသောအကျင့် ရင့်ကျက်အောင် စိတ်ကိုမြှင့်ပေးရမည် ဖြစ်သည်။

စက်ဂိပုဏ္ဏားသည် ဗုဒ္ဓ၏ ဂုဏ်တို့ကို ဖေါ်ကျူးရာ၌ "ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို ဤမျှသာ ငါသိ၏။ ငါမသိသောဂုဏ်တော်တွေက အတိုင်းမသိရှိ၍၊ ထိုဂုဏ်အင်တို့ကို ကုန်စေအောင် ငါမပြောပြနိုင်" ဟု နောက်ဆုံးနိဂုံးချုပ်သည်။ ထိုနိဂုံးစကားဖြင့် ဗုဒ္ဓအား စက်ဂိပုဏ္ဏား၏ လေးစားမှု ထုထယ်ကို ချင့်ထွက်သိနိုင်ပြီ။

စက်ဂိပုဏ္ဏားသည် ဓမ္မရေးရာ၌သာ အသိကြွယ်သူမဟုတ်။ လောကရေးရာ၌လဲ တကယ်အမြင်ကြွယ်သူဖြစ်သည်။

"တကယ်သော် ဗုဒ္ဓကား ဩဇသည်တော်။ ဩဇသည်တော်ကို ဒေသခံတို့က အရှိအသေပြုရမည် မဟုတ်သော။ တို့ မှာ တာဝန်"။

ထိုအဆုံးစွန်စကားကို ပြောကြားပြီ ဗုဒ္ဓထံသူအရောက်သွား ခဲ့သည်။ထိုစကားဖြင့်သည်း စင်္ကီပုဏ္ဏားမှာလူမှုရေးအသိတွေနှင့် ပြည့်နေကြောင်းသိရသည်။ စင်္ကီပုဏ္ဏားကို ကျွန်တော်တို့ လေး လည်းလေးစား အတုလည်းယူရပါမည်။

သစ်ပင်ရိပ် ဆွေမျိုးအရိပ် ဆရာ့အရိပ် မိဖအရိပ် ဗုဒ္ဓအရိပ်။ အရိပ်တကာတို့တွင် ဗုဒ္ဓအရိပ်သည် အအေးမြဆုံး။

ထိုအရိပ်အောက် ပုဏ္ဏားတွေ ခိုလှုံရန် ရောက်နေကြပြီ။ ထို ပုဏ္ဏားထုကြီးတွင် ကာပဋိကလုလင်သည် အသက်ငယ်ငယ်နှင့် တကယ်ပညာကြွယ်သည်။ စာဘတ် စကားဘတ် ဖြစ်သည်။

စင်္ကီသုတ္တန်တွင် သူက နေရာများများယူထားသည်။ဗုဒ္ဓနှင့် သူ စကားအပြန်အလှန်ပြောခန်းက ကျယ်ကျယ် ဝန်းဝန်းပါ နေသည်။

ကာပဋိကသည်လုလင်။ အသက်စစ်လျှင် ၁၆ နှစ်အရွယ်ပင် ရှိသေးသည်။

လုလင်ဟူသည် လုလင်တို့၏သဘာဝကို မလွန်ဆန်။ လုလင် တို့၏ အပြုအမူတို့အတိုင်း ပြုမူမြဲ။ ဒီအထဲ ပရိဗိုဇ် အစီအစဉ် ဗေဒင်ကိုလည်း သင်ပြီး ဘတ်ပြီးဖြစ်တော့ စကားဝိုင်းမှာ ကြား ဖြတ်ဖြတ်ပြောသောအကျင့်က အစွန်းထွက်ခဲ့သည်။ အမဲကွက် ပေါ်ခဲ့သည်။ လုလင်ဟူသည် လုလင်ပင်။ လူ့သဘောအရာရာ နားမကျေနိုင်သေး။

ကာပဋိကသည် ဗုဒ္ဓနှင့်မတွေ့မီက "ဦးပြည်းရဟန်းဟူသည် လကား။ ဗြဟ္မာမင်း၏ခြေမှဖွားသဖြင့် အပေါစား။ မည်းညစ်

လွန်းသည့် အတွက်တရားအနှစ် ဘယ်မှာသိနိုင်မည်နည်း”ဟု သူ အမြင်မှားခဲ့သည်။

မှန်၏။

ဗုဒ္ဓခေတ်က ပုဏ္ဏားတို့သည်....

“ပုဏ္ဏားမျိုးသာမြတ်၏။ အခြားအမျိုးသည်ယုတ်၏။ပုဏ္ဏား မျိုးသာဖြူစင်၏။ အခြားအမျိုးသည် ခည်းညစ်၏။ပုဏ္ဏားအမျိုး သာ စင်ကြယ်၏။ အခြားအမျိုးသည် မစင်ကြယ်။ ပုဏ္ဏားမျိုး သာ ဗြဟ္မာ၏သားရင်း၊ ဗြဟ္မာ၏ ခံတွင်းမှပေါက်ဖွားကြသူ များဖြစ်သည်။ ဗြဟ္မာဖန်ဆင်ထားသူတို့မှာ ပုဏ္ဏားများသာ-”

ဤသို့ ဤသို့ယူကြသည်။ ဤသို့ ဤသို့ စွဲမှတ်ကြသည်။

သူတို့ဝါဒ တကယ်သဘာဝကျသလော။ မကျ။ သူတို့ အစွဲ တကယ်ခိုင်မြဲသလော။ မခိုင်မြဲ။အဘယ်ကြောင့်ဆိုသော် ...

ပုဏ္ဏားလောကကို ကြည့်ပါ။ ပုဏ္ဏေးမတွေရှိသည်။ဥတုလာ ၏။ ကိုယ်ဝန်ဆောင်၏၊ သားဖွား၏၊ နို့တိုက်၏။ သားနှင့် သမီးနှင့် ပျော်ပျော်ရွှင်ရွှင်နေကြ၏။ ထိုပုဏ္ဏေးမတို့၏ အင်္ဂါ ဇာတ်မှ မွေးဖွားလာကြသည့် ပုဏ္ဏားချည်းသာ။

ပုဏ္ဏေးမတို့၏ အင်္ဂါဇာတ်သည် ဗြဟ္မာမင်း၏ ခံတွင်းနှင့် တူးတညာ ဖရုံတညာ။

(မဇ္ဈိမနိကာယ်)

ဗုဒ္ဓသည် ကာပဋိကမေးသမျှ အချက်ကျကျ ဖြေပြသည်။ ကာပဋိက ကျေနပ်သည်အထိ သုံးသပ်ပြသည်။

အခြေခံမှာ"ငါ့စကားသာ အမှန်၊ အခြားစကားအမှား" ဟူသော ပုဏ္ဏားတို့၏ တဘက်သတ်အစွဲမှ စသည်။ ယုံကြည်ချက်မှ ပျိုးသည်။

နောက် တဆင့်ကြား။

နောက် သစ္စာတရား။

နောက် မင်္ဂလိုလ်လှေကား။

ထို့ပြင် ဗုဒ္ဓခေတ်က ပုဏ္ဏားတို့သည်....

အမှန်ဆိုခြင်းသည် ပထမတရား။

ခြိုးခြံသော အကျင့်သည် ဒုတိယတရား။

မေထုန်မှုကြဉ်ခြင်းသည် တတိယတရား။

ဗေဒသင်ယူခြင်းသည် စတုတ္ထတရား။

စွန့်ကြဲခြင်းသည် ပဥ္စမတရားဟု ကိုယ်စီကိုယ်စီ ခံယူထားကြသည်။ စွဲမှတ်ခဲ့ကြသည်။

ထိုအစွဲ ထိုခံယူချက်သည်လည်း ကာပဋိကလုလင်၏ "ငါ့စကားသာအမှန်၊ အခြားစကား အမှား" ဟူသော ယုံကြည်ချက်လိုပင်။ ဘာမျှအခြေအမြစ်မရှိ။

ဗုဒ္ဓက ထိုပုဏ္ဏားတို့၏ အစွဲဟူသမျှကို အသေးစိတ်စိစစ်သည်။ တရားငါးပါး ဟောသောပုဏ္ဏား ယနေ့ရှိသလား။ အထက်အထက် ဆရာ့ ဆရာခုနစ်ဆက်တို့ကကော ဟောခဲ့သလား။အဋ္ဌက ဝါမက ဝါမဒေဝ စသည့်လက်ဦး ဆရာ ရသေ့ကြီးတွေကကော ဟောခဲ့သလား။ ကာပဋိကလုလင်ကို မေးသည်။

သုဘလုလင်ကိုလည်း မေးသည်။

ကာပဋိက လုလင်ကလည်း မဟောခဲ့တဲ့။
သုတလုလင်လည်း မဟောခဲ့တဲ့။
သည့်အတွက် ထိုခေတ်က ထိုပုဏ္ဏားတို့၏ အစဲ့ကို ဗုဒ္ဓက သူကန်းအစဉ် သူကန်းအမြင်များဟု မှတ်ချက်ချလိုက်ခြင်း။ (မဇ္ဈိမနိကာယ်ပင်)
ဗုဒ္ဓ၏ ဒေသနာပြီးပြီ။
ကာပဋိကသည် ဗုဒ္ဓနှင့်တွေ့၊ ဓမ္မနှင့်မေ့ ရပြီ။ အင်ကြင်းတောရိပ်ထက် ဗုဒ္ဓအရိပ်က တကယ်အေးမြပါလား ဟူသော အတွေ့နှင့် သူ့စိတ်အစဉ်ကြည်ကြည်လင်လင်။
တဆက်တည်းပင် အမွှားကိုမြင်သည်။ အလကား အပေါစားများ ဟု ရှေးရှေးက ထင်မှားမိသမျှတို့ကို ခွင့်လွှတ်ပါရန် ဗုဒ္ဓအား တောင်းပန်နေရသော ...
သာမန်လူသားသည် ပန်းရိုးရိုးခေါင်းမှာ စိုက်ထိုးသည်။ နံ့သာအမွှေးတို့ဖြင့် ကိုယ်ကို လိမ်းကျံသည်။
သူတော်စင်လူသားကိုမူ သရဏဂုံ ဦးစိုက်ပန်းနှင့်၊ နံ့သာသီလနှင့် တင့်တင့်တယ်တယ်ခြယ်သသည်။
ကပဋိက၏ ဦးခေါင်းထက်ကြည့်လိုလျှင်....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဦးစိုက်ပန်းတခိုင်၊
ဓမ္မံ သရဏံ ဂစ္ဆာမိ ဦးစိုက်ပန်းတခိုင်၊
သံဃံ သရဏံ ဂစ္ဆာမိ ဦးစိုက်ပန်းတခိုင်။

ပန်းသုံးခိုင်တို့ဖြင့် မွှိုင်မွှိုင်ကြီး။)

## (၁၃)

# ဇာဏုသောဏိ ပုဏ္ဏား

## အမျှဝေက–တကယ်ရ

ကုသိုလ်ပြုသည်။ အမျှဝေသည်။ ထိုကုသိုလ် ထိုအမျှကို သေသူတွေ တကယ်ရမှ ရပါ့မလား....

သူ့ရင်တွင်း မရှင်းမရှင်း။ သို့ဖြင့် ဗုဒ္ဓထံ သူချဉ်းကပ်သည်။

လျှောက်ပတ်သော အရပ်ကနေပြီး ထိုအချက်ကို သူ မေးလျှောက်သည်။ သူကား.... ဇာဏုသောဏိ ပုဏ္ဏား။

မိဖဆွေမျိုးများ ဘဝတပါး ပြောင်းသွားကြပြီး။ သူတို့ကို ရည်မှန်း၍ အလှူအတန်း ပေးသည်။ ကုသိုလ်ထမင်း ကျွေးသည်။ သုံးဆောင်ကြပါစေ။ ကုသိုလ်အမျှ ရကြပါစေ။ ပေးဝေသည်။ ထိုကုသိုလ်-ထိုအမျှကို ဘဝ

တပါးပြောင်းသွားကြသည့် မိဘဆွေမျိုးများ တကယ် ရပါသလား။တကယ်ရောက်ပါသလား ဗုဒ္ဓ။

ဇာတကသောကာ– အချို့အရပ်၌ ရောက်သည်။ အချို့အရပ်၌ မရောက်။ အချို့ရသည်။ အချို့မရ။

ရောက်နိုင်သည့်အရပ်ရနိုင်သည့်ပုဂ္ဂိုလ်၊ မရောက်နိုင်သည့် အရပ် မရနိုင်သည့် ပုဂ္ဂိုလ်တို့ကို ရှင်းပြပါဦး ဗုဒ္ဓ။

ဇာတကသောကာ– သူ့အသက် သတ်သည်။ သူ့ဥစ္စာ ခိုးသည်။ သူ့သားမယား ပြစ်မှားသည်။ မုသားပြောသည်။ ကုန်း ချောသည်။ ကြမ်းကြမ်းတမ်းတမ်း ဆိုသည့်။ ပြိန်ဖျင်း စကားရှိသည်။ အဘိဇ္ဈာများသည်။ ဖျက်ဆီးလိုစိတ်မွေး သည်။အယူမှားသည်။ ထိုသူတို့ကား နောက်ဘဝ ငရဲ သို့မဟုတ် ပြိတ္တာ တဘုံဘုံ၌ ဖြစ်ရမည်မှာ သေချာ သည်။

ဇာတကသောကာ – ငရဲဘုံသို့ ရောက်သွားသော ငရဲသားသည် ငရဲသားတို့၏ အစာ အာဟာရဖြင့်သာ မျှတရသည်။ ထို အာဟာရဖြင့်သာ ငရဲ၌ တည်ရသည်။ ကုသိုလ်အမျှ လုံးဝ မရ။ ပေးတာ ကျွေးတာ မစားရ။

ဇာတကသောကာ–ထို့အတူပင် တိရစ္ဆာန်ဘုံသို့ ရောက်သွားသော တိရစ္ဆာန်တွေလဲ ကုသိုလ်အမျှကို လုံးဝမရချေ။ ပေးတာ ကျွေးတာ မစားရလေ။ တိရစ္ဆာန်တို့၏ အစာအာဟာရ ဖြင့်သာ မျှတရသည်။ ထို အာဟာရဖြင့်သာ တိရစ္ဆာန် ဘုံ၌ တည်ရသည်။

ဇာဏုသောဏိ– သူ့အသက် မသတ်။ သူ့ဥစ္စာမခိုး။ သူ့သားမယားမပြစ်မှား။ မကောင်းမှုဟူသမျှ ရှောင်ကြဉ် အမှန်မြင်သဖြင့် လူ့ဘုံသို့မဟုတ် နတ်ဘုံ၊ တဘုံဘုံ၌ တည်ရမည်မှာသေချာလည်း။

ဇာဏုသောဏိ– လူ့ဘုံ၌ လူဖြစ်သွားသူသည် လူတို့၏ အစားအစာဖြင့် မျှတရသည်။ ထိုအစာ ထိုအာဟာရဖြင့်သာ လူ့ဘုံ၌တည်ရသည်။ ကုသိုလ်အမျှ လုံးဝမရ။ နတ်ဘုံရောက်နတ်သား-နတ်သမီးတို့မှာလည်း ဤနည်းနှင်နှင်။ ကုသိုလ်အမျှလုံးဝမရကြ။ ပေးတာကျွေးတာ မစားရ။

ဇာဏုသောဏိ–သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူ့သားမယားပြစ်မှား စသည့် အကုသိုလ်တွေကြောင့် ပြိတ္တာဘုံသို့ရောက် ပြိတ္တာ ဖြစ်သွားသူများမှသာ ကုသိုလ်အမျှရသည်။ ပေးတာ ကျွေးတာ စားကြရသည်။

ရှင်းပါပြီ ဗုဒ္ဓ။

သို့သော်....

ကွယ်လွန်သူမိဘဆွေမျိုးတို့သည်ထိုပြိတ္တာဘုံသို့မရောက်။ မရောက်သဖြင့် ကုသိုလ်အမျှ မခံစားရ။ မခံစားရလျှင် ထိုဒါနကို ဘယ်သူက ခံစားရပါသလဲ ဗုဒ္ဓ။

ဇာဏုသောဏိ– ထိုပြိတ္တာဘုံသို့ရောက်နေကြသည့် အခြား အခြားသော ဆွေမျိုးသားချင်းတို့က ထိုဒါနကို ရသည်။ ကုသိုလ်အမျှ သုံးဆောင် ခံစားကြသည်။

မိဘဆွေမျိုးတို့လည်း ပြိတ္တာဘုံသို့ မရောက် အခြား အခြားသော ဆွေမျိုးသားချင်းတို့လည်း ပြိတ္တာဘုံသို့ မရောက်။ မရောက်လျှင် ထိုကုသိုလ်အမျှကို ဘယ်သူ ရပါသလဲ ဗုဒ္ဓ။

ဇာဏုသောဏိပုဏ္ဏား— ဘဝသံသရာသည် ရှည်လျား ပါဘိ။ ကျင်လည် ကျက်စားရသည့် အချိန်ကာလတွေက များ လှပါ၏။ ထိုသံသရာ ထိုကာလတို့အတွင်း ကွယ်လွန်သူ မိဘဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာ ဘုံဌာန ရှိရာ ၏ဟု မစဉ်းစားသင့်။ အရာမဟုတ်-အကြောင်း မဟုတ်။

ဇာဏုသောဏိပုဏ္ဏား— ဆက်မည်။ ဘဝတပါး ပြောင်းသွား သူသည် မလိုလားအပ်သော ဘုံ၌ဖြစ်သော်ငြား မိမိ ပြုသောဒါန၏ အစွမ်းကား အလကားမဖြစ်၊

ဇာဏုသောဏိပုဏ္ဏား— သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူ့သား မယား ပြစ်မှားသည့် မကောင်းမှုတွေကိုလည်း တပိုင်း ပြုသည်။ ရဟန်း ပုဏ္ဏားတို့အား ပေးခြင်း ကမ်းခြင်း လှူဒါန်းခြင်း စသည့် ကောင်းမှုတွေကိုလည်း တပိုင်း ပြုသည်။ ထိုသူသည် မကောင်းမှုကြောင့် ဆင်-မြင်း- နွေး-နွား တိရစ္ဆာန်ဖြစ်သွားသော်ငြားလည်း ကုသိုလ် ကောင်းမှုကြောင့် နေစရာ ထိုင်စရာ အဆင်တန်ဆာ အစား အသောက် လုံလုံလောက်ရသည်။ ပြည့်ပြည့်ဝဝ ဖြစ်သည်။

ဇာဏုသောဏိပုဏ္ဏား– သူ့အသက် မသတ်၊ သူ့ဥစ္စာ မခိုး၊ သူ့သားမယား မပြစ်မှား။ မလိုလားအပ်သည့်မကောင်းမှု ဟူသမျှ မပြု။ ကိုယ်ကျင့်သီလလည်း မြဲသည်။ ရဟန်းပုဏ္ဏားတို့အား ပေးသည်။ လှူသည်။ ကျွေးမွေးသည်။ ဒါနဥ္စလည်းလက်ရဲဇက်ရဲရှိသည်။ ထိုသူသည် လူ့ဘဝဖြစ်သော်တင့်တင့်တယ်တယ်။ နတ်ဘဝရောက်သော် ဝင့်ဝင့်ထယ်ထယ်။ လောကီအာရုံကာမဂုဏ်တို့ပြည့်ပြည့်စုံစုံသုံးစွဲမကုန် စံစားရသည်။

သာဓု ဘန္တေ။ ဘန္တေ သာဓု။

ဇာဏုသောဏိပုဏ္ဏား–ကောင်းချီးပြုသည်။ သာဓု အနုမော်ခေါ်သည်။ ဩော်- နှစ်သက်ဖွယ် အပြည့်။ နှုံးအတိုင်းမသိ-ပီတိဖြစ်သည်။ တဆက်တည်း - ရာသက်ပန် ဥပါသကာ အဖြစ်မှတ်တော် မူပါရန် ဗုဒ္ဓအား တောင်းပန် လျှောက်ထားနေသော။

ဤတွင်- ဇာဏုသောဏိသုတ္တန် ပြီးပြီ။

(ဇာဏုသောဏိသုတ္တန်ကိုသေ့လာလျှင်....

ဇာဏုသောဏိသုတ္တန်တွင် အမျဝေက တကယ်ရကြောင်းဖြင့် အစချီသည်။ ဒုစရိုက် ၁၀မျိုး သုစရိုက် ၁၀ မျိုး၊ အလှူ ၁၀ မျိုးနှင့် ဒါနအကျိုးတို့ဖြင့် မွမ်းမံသည်။ အိမ်ဖွဲ့ထားသည်။

သုစရိုက် ၁၀မျိုးမှာ–

(၁) သူ့အသက် မသတ်ခြင်း။
(၂) သူ့ဥစ္စာမခိုးခြင်း။
(၃) သူ့သားမယားမပြစ်မှားခြင်း။
(၄) မုသားမပြောခြင်း။
(၅) ကုန်းမချောခြင်း။
(၆) ကြမ်းကြမ်းတမ်းတမ်းမဆိုခြင်း
(၇) ပြိန်ဖျင်းသော စကားရှောင်ခြင်း။
(၈) အဘိဇ္ဈာမများခြင်း။
(၉) ပျက်စီးစေလိုစိတ် မရှိခြင်း။
(၁၀) အယူအမြင် သန့်စင်ခြင်း။

လှူဖွယ်ပစ္စည်း ၁၀ မျိုးမှာ–

(၁) ထမင်း။
(၂) အဖျော်။
(၃) အဝတ်။
(၄) ယာဉ်။
(၅) ပန်း။
(၆) နံ့သာ။
(၇) နံ့သာပျောင်း။
(၈) အိပ်ရာ။
(၉) နေရာ။
(၁၀) ဆီမီး။

"အမျှဝေ"ခြင်းနှင့် ပတ်သက်၍....

ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊
မျိုးနွယ်စဉ်ဆက်၊ မပျက်တည်ရန်၊
ပေးဝေအမျှ၊ ခနဲ့မွှခံ၊
ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သား ပုတ္တံ။

[ရှစ်လုံးဘွဲ့ဂါထာ]

မိဘနှစ်ပါးတို့သည်သေယ်ဇောနှင့်မြောနေကြပြီ။ထိုအခိုက်မသင့်သော အာရုံကို ခံမင်မိသည်။ ထိုအာရုံကြောင့် ပြိတ္တာဘုံသို့ ရောက်သွားကြပြီဆိုကြပါစို့။

သူတပါးပေးမှ ကျွေးမှအသက်ရှင်ရသည့် ပရဒတ္တုပဇီဝိက ပြိတ္တာမျိုး။ သို့မဟုတ် အမြဲပြတ်ငတ်နေသည့် ခုပ္ပိပါသိက ပြိတ္တာမျိုး၊ သို့မဟုတ် အစဉ်ပူပင်လောင်မြိုက်နေသည့် နိဇ္ဈာမတဏှိက ပြိတ္တာမျိုး။ တမျိုးမျိုး၌ဖြစ်ခဲ့ပြီဆိုကြပါစို့။

ထိုပြိတ္တာဘုံရောက် မိဘတို့ကိုအဘယ်သူက ကယ်နိုင်သနည်း။

ကျန်ရစ်သူ သားသမီးတို့ကသာ ကယ်နိုင်သည်။ ကယ်နည်းမှာ ဘဝတပါး ပြောင်းသွားကြသည့် မိဘနှစ်ပါးတို့ကို ရည်းစူး၍ ကုသိုလ်ပြုခြင်း၊ အမျှဝေခြင်း။ထိုပုံစံဖြင့် သာ ပြိတ္တာဘုံရောက် မိဘတို့ကို သားသမီးတို့က ကယ်ကြရမည်ဖြစ်သည်။

သို့ကြောင့် ပေးဝေအမျှဟုဆိုရခြင်း။ သားသမီးတို့၏ ကျင့်ဝတ် ငါးဖြာတွင် "ကုသိုလ်ပြုအမျှဝေ"မှုကို တခုအနေဘည့် သွင်းထားခြင်း။

သားသမီးတို့ ပြုသော ထိုကုသိုလ် ထိုအမျှကိုမရသမျှပြိတ္တာ မိဘတို့မှာ ရင်နင့်အောင်ခံရရှာသော။

ပြိတ္တာတို့မှာ ဓမ္မပဒ အဋ္ဌကထာ၌နှစ်ကျိပ်ဟုဆိုသည်၊ သံယုတ္တနိကာယ်၌မူ ပြိတ္တာနှစ်ကျိပ်တစ် ဟု တမျိုးမိန့်သည်။

ရှိခေ။

ပြိတ္တာတို့ကား အကြောင်းကံမကောင်း။ အသေးအသား ခန်းခြောက်သည်။ အရိုးငေါငေါအကြောပြိုင်းပြိုင်းနှင့်ကြောက်ဖွယ်ဖြစ်သည်။ ဘုရားတဆူနှင့် တဆူကြား အငတ်တော် အပြတ်ပြတ်။ နှစ်ပေါင်း သိန်းသန်းကြာသော်ငြား ထမင်းတလုပ်မျှ မစားရ။ ရေတပေါက်မျှ မသောက်ရ။ သူတို့ဒုက္ခက ရောမ။

အချို့မှာ တံထွေး အန်ဖတ်နှပ်နှင့်သာ။ အချို့မှာ မြွေသေ ခွေးသေ လူသေ အကောင်ပုပ်နှင့်သာ။ အချို့မှာ သွေးပြည် မစင်ကျင်ကြီးနှင့်သာ အာဟာရကိစ္စပြီးကြရသည် ဟူ၍။

ငရဲကြီး ရှစ်ထပ်၏ အထက် ဟိမဝန္တာဝန်းကျင်က ဝိဥ္စျာဋ္ဌဝီတောအုပ်သည် ပြိတ္တာမြို့။ ထိုပြိတ္တာမြို့ကို တန်ခိုးရှင် မဟိဒ္ဓိက ပြိတ္တာကြီးက ပိုင်စိုးသော ဟူ၍။

ဤဇာတကသောဏီ သုတ္တန်တွင် "ကုသိုလ်ပြု အမျှ ဝေလျှင် ပြိတ္တာဘုံရောက် မိဘဆွေမျိုးများ တကယ်ရကြသည်" ဟု သာမန်သာ ဟောသည်။

အခြား အခြား ဒေသနာတို့မှာမူ ပြိတ္တာအမျိုးမျိုးအနက် ..

[၁] ပရဒတ္တူပဇီဝိက ပြိတ္တာမျိုး။

[၂] ဥပ္ပပါတိက ပြိတ္တာမျိုး။
[၃] နိဇ္ဈာမတဏှိကပြိတ္တာမျိုး။

သုံးမျိုးတွင် တမျိုးမျိုး၌ ဖြစ်ပါမှ ကုသိုလ်အမျှကို အရယူနိုင်ကြောင်းမိန့်သည်။

ထိုမိန့်ဆိုချက် ထို ဒေသနာတို့ကိုမှီး၍လဲ....

မိလိန္ဒမင်းကြီးအမေး။ ။မိဘ ဆွေမျိုးတို့ကို ရည်စူး၍ပြုသော ကုသိုလ်အမျှကို ထိုမိဘဆွေမျိုးတို့ တကယ်ရကြသလား။

ရှင်နာဂသိန် အဖြေ။ ။ ငရဲဘုံ တိရစ္ဆာန်ဘုံ လူဘုံ နတ်ဘုံ။ ထိုထိုဘုံသို့ ရောက်နေကြသော် မရ။ ပြိတ္တာဘုံရောက် ပြိတ္တာများမှသာ ကုသိုလ်အမျှ ရသည်။ ပြိတ္တာတို့တွင်လဲပရဒတ္တူပဇီဝိက ပြိတ္တာမျိုးမှာ အမျှဝေသည့် ခုနစ်ရက် အတွင်း၌ပင် ရနိုင်သည်။ ဥပ္ပပါတိကပြိတ္တာ နိဇ္ဈာမတဏှိကပြိတ္တာတို့မှာမူ ခုနစ်ရက်အတွင်း ချက်ချင်းမရ။ ကာလကြာမှရသည်။ ပြိတ္တာဘဝမှ ကျွတ်သည်။ လွတ်သည်။

[မိလိန္ဒပဥှာပါဠိတော်]

သို့ကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်။ အပါယ်လေးဘုံအနက် ပြိတ္တာဘုံရောက်ခဲ့လျှင် လူဖြစ်ဖို့ မဝေးတော့ကြောင်း ပြိတ္တာသည် ငရဲ တိရစ္ဆာန်တို့ထက် မြင့်ကြောင်း စာရေးသူတို့ မှတ်ချက်ဘမျိုး တိုးခဲ့ရသည်။

အမျှဝေလျှင် ပြိတ္တာမိဘတို့ တကယ်ရကြသည် အမှန်။

ရှင်သာရိပုတ္တရာ၏ ဘဝဟောင်းက မယ်တော် ဖြစ်ခဲ့သည် သက်သေပုံစံ။

နေရာ –ရာဇဂြိုဟ်ပြည်အနီး။
မထေရ် –အရှင်သာရိပုတ္တရာ။
–အရှင်မဟာ မောဂ္ဂလာန်။
–အရှင် အနုရုဒ္ဓါ။
–အရှင် သပ္ပိန။
ဒါကာ –ရာဇဂြိုဟ်ပြည်သား သဌေးပုဏ္ဏား။

ပုဏ္ဏားသဌေးသည် အလှူရေစက် လက်နှင့် မကွာသူ ဖြစ်သည်။သမဏ ဗြာဟ္မဏတို့အား အဝတ်သက်န်း မနွမ်းစေရ။ထီး ဖိနပ် မလပ်စေရ။ ဒါနဝတ်ကို မပြတ်ပြုနေကျ။ သို့ကြောင့် မိုးသောက်လျှင် သူ့အိမ်ပေါက် ရှေ့ရောင် တောက်နေတော့သည်။

နေ့တနေ့။ ကိုယ်ရေးကိုယ်တာ ပေါ်လာသည်။ ပုဏ္ဏားကြီး ခရီးသွားရမည်။ မမေ့နဲ့။ ပြုနေကျ ဒါနဝတ်ကို မချွတ်စေနဲ့။ ချစ်ဇနီးကို အကြိမ်ကြိမ် မှာသည်။

ထုံးစံ။ သမဏ ဗြာဟ္မဏတွေ ဆွမ်းခံ ကြွလာကြပြီ။ ပုဏ္ဏေး မက တံခါးပိတ် အိပ်တုန်း။ ဘုန်းဘုန်းတို့ ကန်တော့ဆွမ်း၊ ကန်တော့ဆွမ်း။ ဤသို့တံခါးဝ ထွက်၍ အသံပင်မမြွက်နိုင်ခဲ့။

နေ့လယ်ပိုင်း ဖုန်းတောင်း ယာစကာတွေ ရောက်လာကြသည်။ တံခါးဝမှာ တိုးလား ဝှေ့လား။

နင်တို့ကို နေရာပေးမယ်။ နောက်မဘားက အိမ်သာပျက်သို့ သွား။ ထိုအိမ်သာထဲက မစင်တွေကိုစား။ ယုတ်ယုတ်ပတ်ပတ် ပြောသည်။ ရိုင်းရိုင်းပျပျဆိုသည်။

ပုဏ္ဏားကြီးတို့ စုံတွဲမှာ အဖြူနှင့် အမည်း။

သူ့မှာ လူ့ကံဟုန် ကုန်ပြီ။ ပုဏ္ဏေးမခမျာ နောက်ဘဝ ပြိတ္တာ။

ရုပ်ပုံလွှာက အဝတ်မပါ။ အိမ်ရာက အိမ်သာ။ ကျင်ငယ် ကို သောက်ပြီး ကျင်ကြီးကို စားရသည်။ တံထွေး နှပ် ချွဲတို့က သရေစာခဲ။

နှုတ်သရမ်း၏၊ သို့ကြောင့် ကြမ်းကြမ်းခံရ၏။ နှုတ်ထွက်နှင့် ဒဏ်ချက် လိုက်ဘက်ပါဘိ။

သို့သော် ပြိတ္တာမက သာမာန်မဟုတ်။ လွန်ခဲ့သော ငါးခု မြောက် ဘဝက အရှင်သာရိပုတ္တရာ၏ မယ်တော်။

ကြီးကျယ်နေသောသားကို သူမြင်သည်။ သားထံသွားရန် ကြိုးစားသည်။ ကျောင်းတံခါးဝ၌မတ်တတ်။

မဝင်ရ။ မဝင်ရ။ ကျောင်းစောင့်နတ်တို့က တားသည်။

ဝင်ခွင့်ပြုပါ။ ဝင်ခွင့်ပြုပါ။ အရှင်သာရိပုတ္တရာ၏ မယ် တော်ဖြစ်ခဲ့သူပါ။ ပြိတ္တာမက အသနားခံနေစဉ်....

အရှင်သာရိပုတ္တရာက ပြိတ္တာမကို မြင်၏ ကရုဏာတော် နှိုးဆော်ခဲ့၏။ လာ- လာ။ ရှေ့တော်ခေါ်၏၊

ပြိတ္တာမက ဝမ်းသာ အယ်လဲ။ နှုတ်ကလည်း ထက်ထက်။ လျှာကလည်း သွက်သွက်။ ရင်နှင့်ဖွယ်ဖြစ်အင်ကို တင်ပြ၏။

ပြိတ္တာဘဝမှ လွတ်ငြားအံ့လား မသိ။ ကုသိုလ်ပြုပါ။ အမျှဝေပါ အမျှဝေသံ နာခံလိုပါသည် ဘုရား။

အရှင်သာရိပုတ္တရာ မျက်ခွံတောင် တခတ်ခတ်။ ခေါင်းတဆတ်ဆတ်။

နောက် တနေ့။

လာ– ရှင်မဟာမောဂ္ဂလာန်။ လာ– ရှင်အနုရုဒ္ဓါ။ လာရှင်ကပ္ပိန။ သုံးပါးကိုခေါ်၍ ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်ကြွသည်။ ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ပရိက္ခရာ ပစ္စည်းပဒေသာတို့ကို မင်းကြီးက လှူသည်။ လှူ-လှူသမျှ မယ်တော်ပြိတ္တာမကြီးအတွက်ချည်း။ အရှင်သာရိပုတ္တရာကရည်စူးသည်။ တဆင့်သံဃာတော်အားပြန်လှူသည်။ သံဃိကဒါန ရေစက်ချသည်။

ဘဝဟောင်းက မယ်တော်။

မယ်တော် သာဓုခေါ်ပါ အမျှဝေသံ ပြုသည်။

အရှင်သာဝိပုတ္တရာက အမျှ-အမျှ-အမျှ။

မယ်တော်ပြိတ္တာမကြီးက သာဓု-သာဓု-သာဓု။

အရှင် မောဂ္ဂလာန်မှာ ရင်သပ်ရှုမော။ ဩဘာနိမိတ် ဖိတ်ဖိတ်လက်လက်နှင့်။ ငါ့ကို ရှိခိုးနေသူက ဘယ်သူလဲ။

နတ်စည်းစိမ်က ကြီးကျယ်ပါသည်။ နတ်ချမ်းသာက ခမ်းနားပါသည်။ တပည့်တော်မကား အရှင်သာရိပုတ္တိရာ၏ တဖြစ်လဲ မယ်တော်နတ်သမီးပါ ဘုရား။

ထိုပြင်- ထိုပြင် အမျှဝေက တကယ်ရသည့်အပြင် ဤသုတ္တန်က သိစေသည်မှာ....

သူ့ အသက်သတ်၊ သူ့ ဥစ္စာခိုး၊ ဒုစရိုက်အိုး ဖြစ်ခဲ့လျှင် အပါယ်ငရဲ။ သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုး သုစရိုက်မျိုး ဖြစ်ခဲ့လျှင် လူ့ဘုံ၊ နတ်ဘုံ တဘုံဘုံ။ ခိုလှုံရမည် ကောန် ဟူ၍။

ထမင်း၊ အဖျော်၊ အဂတ်၊ ယာဉ်၊ ပန်းနံ့သာ။ ဘာလှူ လှူ။ ဆင်၊ မြင်း၊ ကျွဲ၊ နွား ဖြစ်ငြား အရာရာ ပြည့်ပြည့် စုံစုံ။ လူ သို့မဟုတ်- နတ် တဘုံဘုံ ဖြစ်ခဲ့လျှင်လည်း လောကီ အာရုံ ကုံကုံလုံလုံ ခံစားရမည် အမှန် ဟူ၍...။)

(၁၄)

# ဝေရဥ္စပုဏ္ဏား

## အကြီးဆုံးလူ

နေ့တနေ့။

ဝေရဥ္စာပြည် နဠေရုတမာပင် အနီး ဗုဒ္ဓသီတင်း သုံးခိုက်။ ဝေရဥ္စပုဏ္ဏားက ဗုဒ္ဓထံချဉ်းကပ်သည်။ နှုတ်ဆက်စကား ပြောသည်။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ဆိုသည်။ နောက် ဤစကားကို လျှောက်သည်။

အရှင်ဂေါတမ–ဤစကား ကျွန်ုပ်ကြားဘူးသည်။ ရဟန်း ဂေါတမသည်သက်ကြီးရွယ်မား ပုဏ္ဏားတို့ကို ရှိလဲမခိုး။

F-13. (Thu Rain)

ခရီးဦးလဲ မကြို။ နေရာထိုင်ခင်းဖြင့်လဲမဖိတ် ဟုကြားကူးပါသည်။

ထိုစကား တကယ်မှန်နေသလား။

သက်ကြီးရွယ်မား ပုဏ္ဏားတို့ကို ယင်းသို့ ရှိခိုးမှု မပြုခြင်း စသည်သည် လုံးဝမတော်။

ဝေရဥ္စပုဏ္ဏား-နတ်နှင့်တကွ၊ မာရ်နတ်နှင့်တကွ၊ ဗြဟ္မာနှင့်တကွသော ဩကာသလောက၌ ငါရှိခိုးရမည့်သူ မမြင်။ သမဏ ဗြဟ္မဏနှင့်တကွ၊ မင်းများ လူများနှင့်တကွသော သတ္တလောက၌ ငါခရီးဦးကြိုပြုမည့်သူ မမြင်။ တယောက်ယောက်ကိုငါရှိခိုးလိုက်လျှင်၊ ခရီးဦးကြိုးပြုလိုက်လျှင်၊ နေရာထိုင်ခင်းဖြင့် ဖိတ်လိုက်လျှင် ထိုသူ၏ ဦးခေါင်းပြတ်ကျလိမ့်မည်။

အရှင်ဂေါတမ- အရှင်သည် အရသာကင်းသော သဘောရှိ၏။

ဝေရဥ္စပုဏ္ဏား-ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာ၊ရသာရုံ ဖောဋ္ဌဗ္ဗာရုံ။ အာရုံငါးမျိုးတို့၌ သာယာခြင်းကို ငါပယ်ပြီးပြီ။ အဝိဇ္ဇာ တဏှာအမြစ်ကိုလဲအကြွင်းမဲ့ ငါဖြတ်ပြီးပြီ။ နောင်အခါ ပြန်ဖြစ်ခြင်းသဘော ငါ့မှာ မရှိတော့။ ဤ လို နည်းပရိယာယ်မျိုးဖြင့် ရဟန်းဂေါတမသည် အရသာကင်းသော သဘောရှိ၏ဟု ပြောလိုမူ ပြောနိုင်သည်။

သင်ပုဏ္ဏား ရည်ရွယ်ရင်း နည်းပရိယာယ်မျိုးကား ငါ့မှာ ကောန် မရှိ။

အရှင်ဂေါတမ-အရှင်သည် သုံးဆောင်ခြင်းမရှိ။

ဝေရဥ္စပုဏ္ဏား-အာရုံငါးပါးတို့၌ သုံးဆောင်ခြင်းကို ငါပယ်ပြီးပြီ။ အဝိဇ္ဇာတဏှာအမြစ်ကိုလည်း အကြွင်းမဲ့ငါဖြတ်ပြီးပြီ။ နောင်အခါ ပြန်ဖြစ်ခြင်းသဘော ငါ့မှာမရှိတော့။ ဤလိုနည်းပရိယာယ်မျိုးဖြင့် "ရဟန်းဂေါတမသည် သုံးဆောင်ခြင်း မရှိ" ဟုပြောလိုမူ ပြောနိုင်သည်။

သင်ပုဏ္ဏား-ရည်ရွယ်ရင်း နည်းပရိယာယ်မျိုးကား ငါ့မှာ ကေန်မရှိ။

အရှင်ဂေါတမ-အရှင်သည် မပြုထိုက်ဟူသော အယူအကိရိယဝါဒ ရှိ၏။

ဝေရဥ္စပုဏ္ဏား-ကာယ ဝစီ မနော။ ထိုဒုစရိုက်သုံးပါးကိုမပြုထိုက်ဟု ငါဟောသည်။ ထိုထိုအကုသိုလ်တို့ကိုလည်းမပြုထိုက်ဟု ငါဟောသည်။ ဤလိုနည်းပရိယာယ်မျိုးဖြင့် "ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အကိရိယာဝါဒရှိ၏" ဟု ပြောလိုမူ ပြောနိုင်သည်။

သင်ပုဏ္ဏား-ရည်ရွယ်ရင်း နည်းပရိယာယ်မျိုးကား ငါ့မှာ ကေန်မရှိ။

အရှင်ဂေါတမ-အရှင်သည် ဖြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒ ရှိ၏။

ဝေရဥ္စပုဏ္ဏား- ရာဂ ဒေါသ မောဟတို့ကို ဖြတ်အပ်၏ ဟုငါဟောသည်။ ထိုထိုအကုသိုလ် ဓမ္မကိုလည်းဖြတ်အပ်၏ ဟုငါဟောသည်။ ဤလိုနည်းပရိယာယ်မျိုးဖြင့် "ရဟန်း

ဂေါတမသည် ဖြတ်အပ်၏ ဟူသော အယူဥစ္စာဒဝါဒ ရှိ၏'' ဟုပြောလိုမူ ပြောနိုင်သည်။

သင်ပုဏ္ဏား-ရည်ရွယ်ရင်း ပရိယာယ်မျိုးကား ငါ့မှာ ကောန် မရှိ။

အရှင်ဂေါတမ-အရှင်သည် စက်ဆုတ်ခြင်း သဘောရှိ၏။

ဝေရဥ္စပုဏ္ဏား – ကာယ ဝစီ မနော။ ထိုဒုစရိုက်သုံးမျိုးတို့ကို လည်း ငါစက်ဆုတ်၏။ ထိုထိုအကုသိုလ်ဓမ္မတို့ကိုလည်း ငါစက်ဆုတ်၏။ ဤလိုနည်းပရိယာယ်မျိုးဖြင့် ''ရဟန်း ဂေါတမသည် စက်ဆုတ်ခြင်းသဘောရှိ၏''ဟု ပြောမူ ပြောနိုင်သည်။

သင်ပုဏ္ဏား–ရည်ရွယ်ရင်း နည်းပရိယာယ်မျိုးကားငါ့မှာ ကောန် မရှိ။

ရဟန်းဂေါတမ–အရှင်သည် ဖျက်ဆီးတတ်၏။

ဝေရဥ္စပုဏ္ဏား-ရာဂ ဒေါသ မောဟတို့ကို ဖျက်ဆီးရန် ငါဟော သည်။ ထိုထိုအကုသိုလ်တို့ကိုလဲ ဖျက်ဆီးရန် ငါဟော သည်။ ဤလို နည်းပရိယာယ်မျိုးဖြင့် ''ရဟန်းဂေါတမ သည် ဖျက်ဆီးတတ်၏''ဟု ပြောလိုမူ ပြောနိုင်သည်။

သင်ပုဏ္ဏား–ရည်ရွယ်ရင်းမျိုးကား ငါ့မှာကောန်မရှိ။

ရဟန်းဂေါတမ–အရှင်သည် ပူပန်စေတတ်သောသဘောရှိသည်။

ဝေရဥ္စပုဏ္ဏား-ကာယ ဝစီ မနော။ ထိုဒုစရိုက်သုံးမျိုးတို့ကိုပူပန် စေတတ်သော တရားများဟု ငါဟောသည်။ ထို ထို

ဓမ္မတို့ကိုလည်း ပူပန်စေတတ်သော တရားများ ဟု ငါ ဟောသည်။

ထိုပြင် အကုသိုလ်ဓမ္မတို့ကိုအကြွင်းမဲ့ပယ်ပြီးသူ။ အဝိဇ္ဇာ တဏှာအမြစ်ကို အကြွင်းမဲ့ နှုတ်ပြီးသူ။ နောင်အခါဖြစ် ခြင်းသဘော လုံးဝမရှိတော့သော သူတို့ကိုလည်း ပူပန် စေတတ်သောအကျင့်ရှိသူ ဟုငါဟောသည်။

ဤလို နည်းပရိယာယ်မျိုးဖြင့် ''ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရ၏''ဟုပြောလိုမူ ပြောနိုင် သည်။

သင်ပုဏ္ဏား–ရည်ရွယ်ရင်းမျိုးကား ငါ့မှာ ကေန်မရှိ။

ရဟန်းဂေါတမ-အရှင်သည် နတ်ပြည်မရောက်ထိုက်။

ဂေရဉ္စပုဏ္ဏား· တဖန် ပဋိသန္ဓေနေခြင်းကင်းသူ တဖန်ဘဝသစ်၌ ဖြစ်ခြင်းကိုအကြွင်းမဲ့ ဖြတ်ပြီးသူတို့ကိုပဋိသန္ဓေနေခြင်း ကင်း၏ ဟုငါဟောသည်။

တဖန်ပဋိသန္ဓေနေခြင်း တဖန်ဘဝသစ်၌ ဖြစ်ခြင်းကိုလဲ ငါပယ်ပြီးပြီ။ အဝိဇ္ဇာတဏှာ အမြစ်ကိုလဲ အကြွင်းမဲ့ ငါဖြတ်ပြီးပြီ။ နောင်ဖြစ်ခြင်းသဘောငါ့မှာ မရှိတော့ ပြီ။

ဤလိုနည်းပရိယာယ်မျိုးဖြင့် ''ရဟန်းဂေါတမသည် နတ်ပြည်မရောက်ထိုက်''ဟုပြောလိုမူ ပြောနိုင်သည်။

သင်ပုဏ္ဏား–ရည်ရွယ်ရင်း နည်းပရိယာယ်မျိုး ငါ့မှာ ကေန်မရှိ။

ဝေရှဥ္စပုဏ္ဏား သင့်ကိုငါးမေးမည်။

ဝပ်ကြက်မသည် မိမိဥဆယ်လုံးကိုအငွေ့ကောင်းကောင်း ပေးသည်။ အနံ့ကောင်းကောင်းပေးသည်။ ထိုဥတွေထဲက ကြက်သူငယ်တို့တွင် ဥခွံကို ခြေသဲဖျား သက်သဲဖျားတို့ဖြစ် ဖေါက်ခွဲပြီး ချမ်းချမ်းသာသာဦးစွာပေါက်လာသော ကြက်ငယ်ကို အကြီးလို့ဆိုမလား။ အငယ်လို့ဆိုမလား။

ရဟန်းဂေါတမ-မှန်ပါ့။ အကြီးဖြစ်ပါသည်။

အကြီးဟုဆိုရပေါမည်။

ဝေရှဥ္စပုဏ္ဏား- ဤအတိုင်းပင်။ အဝိဇ္ဇာဥခွံဖြင့် မြှေးယှက်နေသည့် သတ္တဝါတို့တွင် ထိုအဝိဇ္ဇာဥခွံကို ဦးစွာဖေါက်ခွဲ၍ အတုမရှိသည့် သမ္မာသမ္ဗောဓိဉာဏ်ကို ငါထိုးထွင်းသိပြီ။ သို့ကြောင့် ငါသည် လောကမှာအကြီးဆုံး။ ငါအမြတ်ဆုံး။

ဝေရှဥ္စပုဏ္ဏား- ငါ-ဇွဲနပဲကြီးကြီးဖြင့် အားထုတ်ပြီးပြီ။ ငါ-သတိ-ကောင်းကောင်းကြီးထင်ပြီ။ င်မှာ ပူပန်မှုမရှိငြိမ်းပြီ။ အေးပြီ။ ငါ့စိတ်သည် တခုတည်းသောအာရုံ၌ ခိုင်ခိုင်ကြီး စွဲမြဲတည်ပြီ။

ဝေရှဥ္စပုဏ္ဏား- ကြက်ငယ်သည် ဥခွံထဲမှ ဖောက်ခွဲ ထွက်လာသလို ညဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရပိုင်ခြင်းသည်အဝိဇ္ဇာဥခွံမှ ငါပထမ ဖောက်ခွဲထွက်ခြင်း။

ကြက်ငယ်သည် ဥခွံထဲမှ ဖောက်ခွဲထွက်လာသလို သန်းကောင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ် ရပိုင်ခြင်းသည် အဝိဇ္ဇာဥခွံမှ ဒုတိယ ဖောက်ခွဲထွက်ခြင်း။

ကြက်ငယ်သည် ဥခွံထဲမှ ဖောက်ခွဲထွက်လာသလို မိုးသောက်ယံ၌ အာသဝက္ခယဉာဏ် ရပိုင်ခြင်းသည် အဝိဇ္ဇာဥခွံမှ တတိယ ဖောက်ခွဲထွက်ခြင်း။

ရဟန်းဂေါတမ- ကြီးမြတ် ပါပေစွ။ အရှင်ဂေါတမသာ အကြီးဆုံး။ အရှင်ဂေါတမသာ အမြတ်ဆုံး။

ရဟန်းဂေါတမ- ကျွန်ုပ်အား ဥပါသကာလို့ မှတ်တော်မူပါ။ ကျွန်ုပ် ဥပါသကာပါဘုရား။

(ဝေရဉ္ဇသုတ္တန်ကို လေ့လာလျှင်....

ဆန့်ကျင်ဘက် မြင်ကွင်းနှစ်ခုကို တွေ့ရမည်။ ဗုဒ္ဓ၏ရည်ရွယ်ချက်ကတမျိုး၊ တိတ္ထိတက္ကတွန်းတို့၏ ရည်ရွယ်ချက်ကတမျိုး၊ ဗုဒ္ဓနှင့် တိတ္ထိတို့ အခြေခံချင်း မတူကြပုံ အထင်အရှားမြင်ရမည်။

ဝေရဥ္ဇပုဏ္ဏားက ဗုဒ္ဓအား လျှောက်သည်။ ကြားဘူးသည့်အတိုင်း တင်ပြသည်။

သက်ကြီးရွယ်အိုတို့ကို မလေးစားသော ဗုဒ္ဓ။
အရသာကင်းသည့် ဝါဒသဘောရှိသော ဗုဒ္ဓ။
သုံးဆောင်ခြင်းကင်းသည့် ဝါဒသဘောရှိသော ဗုဒ္ဓ။
အကိရိယာ ဝါဒသဘောရှိသော ဗုဒ္ဓ။
ဥစ္ဆေဒ ဝါဒသဘောရှိသော ဗုဒ္ဓ။

စက်ဆုတ်ခြင်း ဝါဒသဘောရှိသော ဗုဒ္ဓ။
ပူပန်စေတတ်သည့် ဝါဒသဘောရှိသော ဗုဒ္ဓ။
နတ်ပြည်မရောက်ထိုက်သော ဗုဒ္ဓ။

ဗုဒ္ဓကို ပုရာဏကဿပ နိဂဏ္ဍနာဋပုတ္တ စသောဂိုဏ်းဆရာကြီးတို့က ဤသို့ သေ့လာကြသည်။ ဤသို့-ဤသို့ မြင်ကြသည်။ ဝေရဥ္စပုဏ္ဏားမှ၏ စကားကလည်း ထိုဂိုဏ်းဆရာကြီးတို့၏ နှုတ်ထွက်မှတ်ချက်များသာ။

တိတ္ထိတက္ကတွန်းတို့သည် ဗုဒ္ဓနှင့်အရာရာ ဖီလာဖြစ်မြဲ၊ ဗုဒ္ဓက အဖြူဆိုလျှင် သူတို့က အမည်း။ ဗုဒ္ဓက အလင်းဆိုလျှင် သူတို့က အမှောင် ပြောင်ပြောင်ကြီး ထိပ်တိုက်ခင်မြဲ။

ကျီးသည် ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏။ ကျီးသည် ရဲတင်း၏။ ကျီးသည် တဏှာကြီး၏။ ကျီးသည် အစားကြီး၏။ ကျီးသည် ကြမ်းကြုတ်၏။ ကျီးသည် သနားခြင်းကင်း၏။ ကျီးသည် အားနည်း၏။ ကျီးသည် မြည်တွန်တတ်၏။ ကျီးသည်သတိမေ့တတ်၏။ ကျီးသည် မစုဆောင်းတတ်။

ကျီးမှာ ထိုခြင်းရာ ဆယ်မျိုးတို့နှင့် ပြည့်စုံသလို။

တက္ကတွန်းတို့သည် ယုံကြည်မှုမရှိကြ။ တက္ကတွန်းတို့သည်သီလမရှိကြ။ တက္ကတွန်းတို့သည် အရှက်မရှိကြ။ တက္ကတွန်းတို့သည် အကြောက်မရှိကြ။ တက္ကတွန်းတို့သည် သူတော်ကောင်းနှင့်မပေါင်းကြ။ တက္ကတွန်းတို့သည် မိမိကိုယ်ကို ချီးမြှောက်ပြီး သူတပါးကိုနှိမ့်ချကြသည်။ တက္ကတွန်းတို့သည် မိမိအမြင်အတိုင်း

အမွှားကို သုံးသပ်ကြသည်။ တက္ကတွန်းတို့သည် စွဲစွဲမြဲမြဲယူ၊ ထို အယူကို စွန့်နိုင်ခဲကြသည်။ အံ့ဖွယ်ပြုတတ်သည်မှာ တက္ကတွန်း များ။ အလိုဆိုးရှိကြသည်မှာ တက္ကတွန်းများ။

တက္ကတွန်းတို့မှာလည်း ထိုခြင်းရာဆိုး ဆယ်မျိုးနှင့် ပြည့်စုံ ကြသည်။

ဒက္ခိဏာတိုင်း ဇနပုဒ်တို့မှာ အရိုးဆေးပွဲတွေ့ရှိသည်။ ပွဲတော် ချိန်ခါ ရောက်ပြီ ဆိုလျှင် တတိုင်းလုံး ပျော်မဆုံး။ မိုးမမြင်လေ မမြင် ပျော်ကြရွှင်ကြသည်။

ထမင်းပါ၏။ အဖျော်ပါ၏။ ခဲဖွယ်ပါ၏။ စားဖွယ်သောက် ဖွယ် မျိုးစုံ အကအခုန်အကုန်။

ထိုအရိုးဆေးပွဲကား အမှန်အားဖြင့် အယုတ်။ ပုထုဇဉ်တို့၏ အလုပ်သာ။ရွာသူတို့၏ဓလေ့ ပျော်မွေ့ခြင်းသာ။ အကျိုးစီး ပွားမဲ့မှုနှင့်စပ်သည်။ တပ်မက်ခြင်း တဏှာကင်းရန်၊ တဏှာမှ ထွက်မြောက်ရန်၊ နိဗ္ဗာန် အကျိုးငှာ လုံးဝမဖြစ်။

ထိုထို တက္ကတွန်းတို့၏ အယူဝါဒတွေကလည်း အရိုးဆေးပွဲ နှင့်မခြား။ လားလားမျှ မဂ်ဖိုလ်နိဗ္ဗာန်နှင့်မစပ်။ မအပ်တာဟူ သမျှကြံသည်။ မမှန်တာ ဟူသမျှယူသည်။ ဗုဒ္ဓ၏ ပရိသတ် ခြောက်ကပ်ကပ် ဖြစ်သွားဖို့သည်သာ သူတို့၏ အဓိကမူ၊

သို့ကြောင့် ဗုဒ္ဓကို အမျိုးမျိုး ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုကြ ခြင်း။ စွဲချက်အမျိုးမျိုး တင်ကြခြင်း။

ဝေရဉ္စာပုဏ္ဏားကြီးမှာ ဗုဒ္ဓ၏ ကျော်စောသတင်းတို့ကိုမူလ ကပင် ကြားပြီး သိပြီးဖြစ်သည်။ သို့သော် တဘက်တိတ္ထိတို့က

ဤသို့ ဤသို့ ဆိုနေကြပြန်သည်။ ဘယ်နှယ်ပါလိမ့်။ ခများမှာ မဝေခွဲနိုင်ခဲ့။

ဿနေ့ကား အခြေအနေပေးပြီ။ အချိန်အခါ ရောက်ပြီ။ နဋ္ဌေရုတမာပင်ရင်းမှာ ဗုဒ္ဓ ယခု သီဘင်းသုံးနေသည်။ ချက်ချင်း ထံတော်ရင်း ချဉ်းကပ်သည်။ မရှင်း မရှင်း ဖြစ်နေသည့် ဤအချက်တို့ကို မေးလျှောက်လိုက်ခြင်း။

**သက်ကြီးရွယ်မားတို့ကို မလေးစားသော ဗုဒ္ဓ တဲ့။ ဤအချက်သည် ပထမ။**

ဗုဒ္ဓသည် မည်သူ့ကိုမျှလည်း မရှိခိုး။ ခရီးဦးလည်းမကြို နေရာထိုင်ခင်းဖြင့်လည်း မဖိတ်။

ဘာ့ကြောင့်လည်း။

လူ့လောက–နတ်လောက ဗြဟ္မာ့လောက။ လောကသုံးရပ်လုံးတွင် ဗုဒ္ဓသည် ထိပ်ဆုံးကဖြစ်သည်။ ဗုဒ္ဓနှင့်တူသော လူမရှိ ဗုဒ္ဓနှင့်တူသော နတ်မရှိ။ ဗုဒ္ဓနှင့်တူသော ဗြဟ္မာမရှိ။ ဗုဒ္ဓထွတ်ခေါင်သည် လောကသုံးပါးလုံး၏ ဥသျှောင်။ ထို့ကြောင့် မည်သူ့ကိုမျှ ဂါရဝမပြုခြင်း။

ဗုဒ္ဓကိုဆိုထားဘိ။ မယ်တော်မာယာ၏ ဝမ်းကြာတိုက်သည်ပင် ခစတီထိုက်ကြောင်း တိတ္တိတို့ မသိရှာကြ။

ဗုဒ္ဓမပွင့်သေး။ ထိုအခါ လူတို့သည် ရသေ့ကို ရှိခိုး၏။ ပရိဗိုဇ်ကို ရှိခိုး၏။ ရှေ့ဦး ဆောင့်ကြောင့်ထိုင်၍ သီလ ခံယူကြမြဲဖြစ်၏

မယ်တော်မာယာသည် အလောင်းတော် ပဋိသန္ဓေမတည်မီ ကာဠုဒေဝိလရသေ့ထံ သီလခံယူနေကျ။

အလောင်းတော် ပဋိသန္ဓေ စွဲနေသောအခါမှစ၍ ကာဠုဒေဝိလရသေ့ထံလည်းတပည့်မခံတော့။ ခည်သူ့ခြေရင်းမှလည်း မဝပ်စင်းတော့။ သီလကို ကိုယ်တိုင်သာ ဆောက်တည်သည်။ ကိုယ်တိုင်သာ ဆင်ခြင်သည်။

ထို့ပြင် မိမိလင်ကိုသည်း ရာဂရမက်ခဖက်။ အခြားအခြား ယောကျ်ားကိုလည်း မစွဲမက်။ ဓမ္မတာဖြစ်သည်။

မယ်တော်မာယာ၏ ရုပ်ဆင်းပြင်လျာက အပြစ်တင်စရာမြူ မျှမရှိ။ ပန်းချီပန်းပု ကမ်းဆုံးရောက် တတ်မြောက်သည့်ပညာ ရှင်ကြီးတို့ပင် ပုံတူထု ပုံတူရေးဆွဲခြင်းငှာ မစွမ်းနိုင်ကြ။ အံ့မခန်း လှသည်။ အံ့မခန်း ဆန်းသည်။

ရှုကြသူတိုင်း–ရှုရုံမျှဖြင့် အားမရ။ ကြည့်ရုံမျှဖြင့်မရောင့်ရဲ။ ရာဂစိတ်တွေ တဖွဲဖွဲ။

ထိုစိတ်ယုတ်မာဖြင့် မယ်တော်အပေါ်ကျပ်မည် ဟု ကြံရွယ်ခဲ့ မူ သူ့ခြေသည် ထိုနေရာမှ မထနိုင်တော့ မကြွနိုင်တော့။ ခြေ နှစ်ဖက်လုံး နတ်ထိပ်ထုံး ခတ်ထားသည့်နှယ်။

ဗုဒ္ဓ၏ မယ်တော်သည်ပင် ဤမျှ ဤမျှ စွမ်းအင်ထက်သည်။ ပွင့်တော်မမူသေး။ ဗုဒ္ဓလောင်းလျာသည် ဤမျှ ဤမျှ ပမာဏ ကြီးခဲ့သည်။

သက်ကြီးရွယ်မားတို့ကို မလေးစားသော ဗုဒ္ဓဘဲ့ဟူသော စွဲချက်ကား တိတ္ထိတို့ခသိနိုးနားမှု၏ အမှတ်အသားသာ။

နောက် အရသာကင်းဝါဒ။ သုံးဆောင်ခြင်းကင်းဝါဒ၊ အကိရိယဝါဒ၊ ဥစ္ဆေဒဝါဒ၊ ဝါဒအမျိုးမျိုးဖြင့် ဗုဒ္ဓကိုစွပ်စွဲကြပြန်သည်။

ကျီး အစားကြီးသလို တိတ္ထိတို့အလိုဆိုးကြီးကြသည်။ ကျီးလက်ရဲဇက်ရဲသလို တိတ္ထိတို့လဲ ဗုဒ္ဓကို ပြောင်ပြောင်တင်းဘင်း စွပ်စွဲ နိုင်ကြသည်။

အရသာကင်းစွဲချက်၌ ဗုဒ္ဓက ကာမဂုဏ်ဘရား အာရုံငါးပါးတို့ကို ရည်ရွယ်သော်ငြား သူတို့ကမူ တခြား။ ဗုဒ္ဓ၏တရားမှန်သမျှ အရသာကင်းသလိုလို ဗုဒ္ဓပင် အရသာကင်း သလိုလိုမတော်ရာကို ရည်ရွယ်ကြမည်။

သုံးဆောင်ခြင်းကင်း စွဲချက်၌လဲ ဗုဒ္ဓက လောကီအာရုံငါးပါးတို့ကို ရည်ညွှန်းသော်ငြား သူတို့ကမူ တခြား။ ဗုဒ္ဓလိုလို ဓမ္မလိုလို မတော်ရာကို ရည်ညွှန်းကြမည်။

ကျန်–အကိရိယာဝါဒ ဥစ္ဆေဒဝါဒ စသည်တို့၌လဲ ဤသဘောပင်။ ဗုဒ္ဓနှင့် ထိပ်တိုက်ဝင်ကြမဲ့ အခြေခံချင်း ဆန့်ကျင်ဘက် ဖြစ်ကြမဲ့။

နောက်ဆုံး–အရှင်သည် နတ်ပြည်မရောက်ဆိုက်တဲ့။

အရိုးဆေးပွဲကို မြဲမြဲကြီးလက်ခံကျင့်သုံးကြသူတို့၏ အစွဲကဖွဲ့!! အလားတူပင် တိတ္ထိ၏ ထိုစွဲချက်ကလဲ ဖွဲ့။

ဗုဒ္ဓသည် နတ်ပြည်ကိုလဲလွန်သည်။ ဗြဟ္မာ့ပြည်ကိုလဲလွန်သည်။ ဝိသုဒ္ဓိနတ်တို့၏ စံရာ နိဗ္ဗာန်ဓေမာသို့ ဦးစွာအရောက်

သွားနိုင်ခဲ့သူဖြစ်သည်။ သို့ကြောင့် ဝပ်ကျင်းမှ ဦးစွာ ပေါက်လာသော ကြက်နှင့်ဗုဒ္ဓက သူ့ကိုယ်သူ ဥပမာမူခြင်း။

လောကမှာ ဗုဒ္ဓသာ အကြီးဆုံး။ ခဇဗ္ဗောဟမသ္မိ လောကဿ ဟုရှိသည် မဟုတ်လော။

နောက်-ဝေရဥ္ဇပုဏ္ဏားကား သာသနာကို ပေးတဲ့ လှူတဲ့ သာသနာ့ ဒါယကာ။—)

(၁၅)

## လောဟိစ္စပုဏ္ဏား

### တရားနဲ့လို တရားပြလိုလျှင်

တချိန်။

ဗုဒ္ဓသည်ကောသလတိုင်းသို့ဒေသစာရီကြွသည်။ နောက်တော်က ရဟန်းသံဃာ ငါးရာပါသည်။ ခရီးစဉ်မှာ သာလဝတိကာရွာ။

လောဟိစ္စပုဏ္ဏားကြီးသည် ထိုသာလဝတိကာရွာ၏ ဦးစီးဖြစ်သည်။

ဗုဒ္ဓကြွလာတော်မူသည်နှင့် တပြိုင်နက် တရွာလုံးက အား

တက်ကြသည်။ နှစ်သက်ကြသည်။ ဗုဒ္ဓ၏ ဩဘာစကားတို့ကို ထောမနာ ကြားကြသည်။

အရဟံဂုဏ်နှင့် ပြည့်စုံသော ဗုဒ္ဓ။

သမ္မာသမ္ဗုဒ္ဓ ဂုဏ်နှင့်ပြည့်စုံသော ဗုဒ္ဓ။

ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်နှင့် ပြည့်စုံလေသော ဗုဒ္ဓ။ ဗုဒ္ဓ၏ဂုဏ်တော်တို့မှာ အနန္တ။

ဗုဒ္ဓကို လူကလည်း ဦးခိုက်သည်။ နတ်ကလည်းဦးခိုက်သည်။ လောကတရပ်လုံးက ညွတ်ရုံး ရှိကျိုးကြသည့်ဗုဒ္ဓ။

ဗုဒ္ဓသည် သာမည မဟုတ်။ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် ရှင်တော်ဂေါတမ။

ဤသို့ ဤသို့ ဗုဒ္ဓ၏ ဂုဏ်ရောင်တို့ကိုသာ သူတို့ဖော်ဆောင်ကြသည် မဟုတ်သေး။

တပည့်သား သာဝကတွေက ပြီးပြည့်စုံသော၊ စင်ကြယ်သော၊ရည်မွန်သောအကျင့်မြတ်တို့ကိုလည်းပြည့်နှင့်တော်မူနိုင်ကြသည်။ အဓိသီလ-အဓိစိတ္တ-အဓိပညာ-သိက္ခာသုံးရပ်တို့ကို ဗုဒ္ဓအလိုတော်ကျ ရိုရိုသေသေလည်းဖြည့်ကျင့်ဘော်မူကြသည်သီလဂုဏ် သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်၊ဂုဏ်အလုံးစုံတို့နှင့်လဲ ကုံလုံတော်မူကြသည်။ ထိုအရိယာ သာဝကတို့ကို ဖူးမျှော်ရဖို့က ဒုလ္လဘ ဟု ရဟန္တာတို့၏ ဂုဏ်ရောင်တို့ကိုပါ သူတို့ ဖော်ဆောင်နေကြသော။

ထိုအသံဘလ်တွေက လောဟိစ္စပုဏ္ဏားကြီး၏ နား၀ လှိုင်းထနေလေပြီ။

သို့ဖြင့်....

အချင်းဧရာသိကာ လာ။ ဗုဒ္ဓထံသွား။ နက်ဖြန်နံနက်ရဟန်းသံဃာတို့နှင့် အတူ ဆွမ်းအလှူခံကြွရန် ဗုဒ္ဓအား ပင့်ချေ။ သူ့ဆတ္တာသည်ကို စေသည်။

ကောင်းပါပြီ အရှင်။ ဆတ္တာသည်က ဝန်ခံသည်။ ဗုဒ္ဓထံပါးသွားသည်။ လောဟိစ္စပုဏ္ဏား၏ ဆွမ်းအလှူခံ နက်ဖြန်ကြွဖို့လျှောက်သည်။

ဗုဒ္ဓက-ဆိတ်ဆိတ်။ ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကြောင်းသိစေသည်။

လောဟိစ္စပုဏ္ဏားကြီးမှာပျော်ဆုံး။ ချွေးတလုံး။ ဘောဇဉ်ကို ကိုယ်တိုင်စီမံသည်။ ဟင်းလျာကို ကိုယ်တိုင်စီမံသည်။ ချိုချဉ်စပ်ငန် ခါးအဖန် ခြောက်ဘန်အရသာနှင့် ပြည့်စုံစေသည်။ တညလုံးမှိတ်လဲမမှိတ်။ အိပ်လဲမအိပ်။

အချင်း ဧရာသိကာ ဆွမ်းပြင်ပြီးလေ။ ဗုဒ္ဓကိုသွားပင့်ချေ။ ဆတ္တာသည်ကို စေပြန်သည်။

ဗုဒ္ဓကရှေ့တော်မှ။

သာဝကများကနောက်ပါးမှ။

လမ်းခွတ်လတ်တွင် ဧရာသိကာ ဆတ္တာသည်က ဗုဒ္ဓအားညွှတ်ညွှတ်လျှောက်သည်။

"လောဟိစ္စပုဏ္ဏားကား အယူမှား၍ အမှားယူနေသူဖြစ်သည်။ လောက၌ သမဏဖြစ်ဖြစ် ဗြာဟ္မဏဖြစ်ဖြစ် ဘယ်သူမဆိုကုသိုလ်ပြုလျှင် ကုသိုလ်ရသည်ချည်း သို့သော်ရပြီးသောကုသိုလ်

တရားကို ဘယ်သူမှ မဟောပြောသင့်။ ဟောပြောခြင်းသည် အနှောင်အဖွဲ့ဟောင်းကို ဖြတ်၍ အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့်မခြား။ သို့ကြောင့် ထိုဟောပြောခြင်းကို လောဘတရားဟု သူဆိုသည်။ တယောက်က တယောက်ကို ဘယ်လိုနည်းနဲ့မှ အကျိုးမပြုနိုင်တဲ့။ ထိုဝါဒကို ခိုင်ခိုင်မြဲမြဲ စွဲမှတ်ထားသည့်လောဟိစ္စပုဏ္ဏားဖြစ်သည်။ ထိုလောဟိစ္စပုဏ္ဏားအား အမှန်မြင်၍ **အမြင်မှန်စေရန်တောင်းပန်ပါသည်** ဗုဒ္ဓ။

ရှောသိကာ။ ဖြစ်နိုင်ကောင်းပါ၏။

ရှောသိကာ။ ဖြစ်နိုင်ကောင်းပါ၏။

ဗုဒ္ဓသည် ဤသို့မိန့်အပြီး ပုဏ္ဏားကြီး၏ အိမ်သို့ ချဉ်းသည်။ ခင်းထားသောနေရာ၌ ထိုင်သည်။

လောဟိစ္စပုဏ္ဏားသည် ဗုဒ္ဓအမှူးရှိသော ရဟန်း သံဃာတို့အား ကိုယ်တိုင်ကိုယ်ကျ ကပ်သည်။ သာဟတ္ထိကမြောက် လှူသည်။ ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည်တိုင်အောင်ဆွမ်းအလှူကြီးပေးသည်။

ဆွမ်းစားပြီးပြီ။ သပိတ်တော်မှ လက်တော်ကို ဖဲပြီ။ နိမ့်သောနေရာမှာ နေရာယူပြီးလက်အုပ်ချီနေသည့် လောဟိစ္စပုဏ္ဏားအား ဗုဒ္ဓက ဤသို့မေးသည်။

လောက၌ သမဏဖြစ်ဖြစ်၊ ဗြာဟ္မဏဖြစ်ဖြစ် ဘယ်သူမဆို ကုသိုလ်ပြုလျှင် ကုသိုလ်ရသည်ချည်း။ သို့သော် ရပြီးသော ထိုကုသိုလ်ကို သူတပါးအား မဟောပြောသင့်။ ဟောပြောခြင်းသည် အနှောင်အဖွဲ့ဟောင်းကိုဖြတ်၍ အနှောင်အဖွဲ့သစ်ကိုပြု

သည်နှင့် မခြား။ သို့ကြောင့် ထိုဟောပြောခြင်းမျိုးကို လောဘဘာရေးဟု သင်တရားသေစွဲမှတ်နေသည် ဆိုတာ မှန်သလား။

မှန်ပါသည် ဗုဒ္ဓ။

ထို့ပြင် တယောက်သောသူက တယောက်သော သူအား ဘယ်လိုနည်းနဲ့မှ အကျိုးမပြုနိုင် ဟူသော ဝါဒလိုလည်း သင် ခိုင်ခိုင်မြဲမြဲ စွဲမှတ်ထားသည်ဆိုတာကော မှန်သလား။

မှန်ပါသည် ဗုဒ္ဓ။

သို့ဖြင့်....

လောဟိစ္စ။ သင်သည် သာလဝတိကာရွာကို အုပ်ချုပ်နေရသည် မဟုတ်လော။

ဟုတ်ပါသည် အုပ်ချုပ်နေရပါသည်။ ဗုဒ္ဓ။

လောဟိစ္စ။ သာလဝတိကာရွာမှ ရရသမျှအခွန်တို့ကို လောဟိစ္စပုဏ္ဏားကြီးတယောက်တည်းသာ သုံးဆောင်ရမည်။ အခြားမည်သူမျှမပေးရ။ မသုံးဆောင်ရဟု တယောက်ယောက်ကတားပြီဟု ဆိုကြပါစို့။ ထိုတားတဲ့သူသည် သင့်ကိုမှီပြီး အသက်မွေးနေကြသူကို၏ လာဘ်ကို ပိတ်ရာ မရောက်လော။

ပိတ်ရာရောက်ပါသည် ဗုဒ္ဓ။

လောဟိစ္စ။ လာဘ်ကိုပိတ်ရာရောက်ခဲ့လျှင် ထိုသူတို့၏စီးပွားကို လိုလားသူဟုဆိုရမလား။ ဖျက်ဆီးသူဟု ဆိုရမလား။

စီးပွားကို မလိုလား။ ဖျက်ဆီးသူဟုသာ ဆိုရပါမည် ဗုဒ္ဓ။

လောဟိစ္စ။ အကျိုးစီးပွားကိုမလိုလား။ ဖျက်ဆီးသူအား ထိုသူတို့အပေါ် မေတ္တာစိတ်ဖြစ်မလား။ ရန်သူစိတ်ဖြစ်မလား။

ရန်သူစိတ် ဖြစ်ပေါ်ပါမည် ဗုဒ္ဓ။

လောဟိစ္စ။ ရန်သူစိတ်ဖြစ်ပေါ်ခြင်းသည် မိစ္ဆာဒိဋ္ဌိမှားသော အယူလား။ သမ္မာဒိဋ္ဌိ မှန်သောအယူလား။

မိစ္ဆာဒိဋ္ဌိပါ ဗုဒ္ဓ။

လောဟိစ္စ မှန်သည်။ မှန်သည် လောဟိစ္စ။ မိစ္ဆာဒိဋ္ဌိ ရှိသူအား ငရဲ သို့မဟုတ် တိရစ္ဆာန်။ တပါးပါးသောဂတိလားရာရှိ၏ ဟု ငါဗုဒ္ဓဟောသည်။

—လောဟိစ္စက ခေါင်းတညိတ်ညိတ်။

—ဆက်ဦးမည် လောဟိစ္စ။

ပသေနဒီ ကောသလမင်းသည် ကာသိတိုင်း လောသလတိုင်းတို့ကို အုပ်စိုးရသူ မဟုတ်လော။

ဗုဒ္ဓ။ အုပ်စိုးရသူ ဖြစ်ပါသည်။

ကောင်းပြီ။ ကာသိတိုင်း ကောသလတိုင်းတို့မှ ရရသမျှ အခွန်တို့ကို ပသေနဒီ ကောသလမင်းကြီး တပါးတည်းသာ သုံးဆောင်ရမည်။ အခြားမည်သူမျှမပေးရ။ မိဖုရား သားတော် သမီးတော်တို့ပင် မသုံးဆောင်ရဟု တယောက်ယောက်က တားပြီ ဆိုကြပါစို့။ ထိုတားတဲ့သူသည် ကောသလမင်းကြီးကိုမှီပြီး အသက်မွေးနေကြသူတို့၏ လာဘ်ကို ပိတ်ရာမရောက်လော၊ လောဟိစ္စ။

ဗုဒ္ဓ ပိတ်ရာရောက်ပါသည်။

လာဘ်ကို ပိတ်ရာရောက်ခဲ့လျှင် ထိုမိဖုရားသားတော် သမီးတော် စသူတို့၏စီးပွားကို လိုလားသူဟုဆိုရမလော လောဟိစ္စ။

ဗုဒ္ဓ လိုလားသူဟု မဆိုရ၊ ဖျက်ဆီးသူသာ ဖြစ်ပါသည်။

အကျိုးစီးပွားကို မလိုလား၊ ဖျက်ဆီးသူဖြစ်ခဲ့လျှင် ထိုသူတို့အပေါ် မေတ္တာစိတ် ထားရာ ရောက်သလော။ ရန်သူစိတ်မွေးရာ ရောက်သလော လောဟိစ္စ။

ဗုဒ္ဓ ရန်သူစိတ် မွေးရာရောက်ပါသည်။

ရန်သူစိတ် မွေးခြင်းသည် မိစ္ဆာဒိဋ္ဌိလော–သမ္မာဒိဋ္ဌိလော လောဟိစ္စ။

ဗုဒ္ဓ မိစ္ဆာဒိဋ္ဌိပါ။

မှန်သည် လောဟိစ္စ။ မိစ္ဆာဒိဋ္ဌိရှိသူအား ဂရုတိရစ္ဆာန်။ ထိုဂတိနှစ်ပါးမှာ တပါးပါးလျှင် လားရာဂတိရှိသည်ဟု ငါဗုဒ္ဓ ဟောသည်။

လောဟိစ္စက ခေါင်းတညိတ်ညိတ်။

ဆက်ဦးမည် လောဟိစ္စ။

ဆက်မည့် ဒေသနာခရီးက သင်ပုဏ္ဏားကြီးနှင့် ယှက်နွယ်နေသည်။ သင်ပုဏ္ဏားကြီးအတွက် ဖြစ်သည်။ သေသေချာချာ နားရှက်။

အသင်းပုဏ္ဏားကား "သာလဝတိကာရွာမှ ရရသမျှ အခွန်တို့ကို အခြားမည်သူမျှ မသုံးရ"ဟု တားတဲ့သူနှင့် ထူးမခြားနား။

အသင်းပုဏ္ဏားကား "ကာသိတိုင်း၊ ကောသလတိုင်းတို့မှ ရရသမျှ အခွန်တို့ကို အခြားမည်သူမျှ မသုံးရ"ဟု တားတဲ့သူနှင့် ထူးမခြားနား။

သင့် မူလ အစွဲကို ဖျောက်လေ။

ဘယ်သူမဆို ကုသိုလ်ပြုလျှင် ကုသိုလ်ရသည်ချည်း သို့သော် ရပြီးသော ကုသိုလ်ကို ဘယ်သူ့အားမျှ မဟောကြားသင့်။ ဟောကြားခြင်းသည် လောဘတရားဟူသော အယူမှား။ ထို့ပြင် တယောက်က တယောက်အား အဘယ်နည်းနှင့်မျှ အကျိုးမပြုနိုင်ဟူသော အမြင်မှား။

ထိုအယူမှား အမြင်မှားသူသည် တရားတော်ကို အကြောင်းပြု၍ သောတာပန် သကဒါဂါမ် ရဟန္တာ အဆင့်သို့ရောက်မျက်မှောက်ပြုနိုင်မည့် သူတို့၏လာဘ်ကိုလည်း ပိတ်ရာရောက်ခဲ့သည်။ နတ်ဘဝခန္ဓာ ရကြမည့်သူတို့၏လာဘ်ကိုလဲဆို့ရာရောက်ခဲ့သည်။

တဆက်တည်းပင် အစီးအပွားကို မလိုလားသူလဲဖြစ်ခဲ့သည်။ ရန်သူစိတ်မွေးရာလဲ ရောက်ခဲ့သည်။ မိစ္ဆာဒိဋ္ဌိအယူရှိသူတို့စာရင်းတွင်လည်း သက်ဝင်ခဲ့သည်။

ထိုမိစ္ဆာဒိဋ္ဌိအယူမှား အမြင်မှားသူသည် ငရဲတိရစ္ဆာန် ဂတိနှစ်ပါး တပါးပါးမှာ လားရာရှိသည်။ ငါဗုဒ္ဓ ဟောသည်။

လောဟိစ္စသည် ခေါင်းတညိတ်ညိတ်။ စိတ်အစဉ် ငြိမ့်ငြိမ့်လှင်လှင်။ "နရက်ချောက်ထဲ ကျမည့်ဆဲဆဲ ဆွဲတင်လိုက်သည့် ဒေသနာတော် ယဉ်ပါတကား" တရားတော်ကို စွဲမက် မဆုံးနိုင်ခဲ့။

ဗုဒ္ဓသည် လောဟိစ္စ၏ အရိပ်အခြည်ကို သိပြီး။ သို့ဖြင့်အပြစ်တင်ထိုက်သော ဆရာသုံးဦးကို ဆက်ဟောလိုက်သည်။

လောဟိစ္စ။ လောက၌ အပြစ်တင်ထိုက် စောဒနာထိုက်သော ဆရာသုံးဦးရှိသည်။ ထိုဆရာတို့ကို တယောက်ယောက်က ဝေဖန်ခဲ့ အပြစ်တင်ခဲ့လျှင် ထိုအပြစ်တင်ချက်သည် ဓမ္မနှင့်လိုက်ဖက်၏။ ဟုတ်၏။ မှန်၏။ အပြစ် စိုးစဉ့်မျှ မရှိ။

သုံးဦးဟူသည်....။

မိမိက သာမညဖလကို မရသေး။ တရားအမြင်မသန့်စင်သေး။ သို့ပါလျက် တပည့်တို့အား အစီးအပွားများကြောင်း ချမ်းသာကြောင်း တရားတို့ကို ဟောသည်။ တပည့်တို့က နာယူသလော။ မနာယူ။ သိရန် စိတ်ဝင်စားကြသလော။ လုံးဝစိတ်မဝင်စား။ [ထိုဆရာမျိုးကား မိမိကို မမက်တဲ့အတွက် မျက်နှာလွှဲသွားတဲ့ အမျိုးသမီးကို နောက်မှ ဇွတ်ပွေ့ဖက်သူနှင့် မခြား] သို့ကြောင့် ထိုပြောဟောခြင်းမျိုးကို ယုတ်မာသော လောဘတရားဟု ငါဆိုသည်။ ဟောသူက နာသူအား ဘာအကျိုးပြုနိုင်မည်နည်း။ ဤသို့ ဤသို့ အပြစ်တင်ထိုက်သည်။ စောဒနာရမည်။ စောဒနာ။(ပထမ)

မိမိက သာမညဖလကို မရသေး။ တရားအမြင် မသန့်စင်သေး သို့ပါလျက် တပည့်တို့အား အစီးအပွားများကြောင်း ချမ်းသာကြောင်း တရားတို့ကို ဟောသည်။ ဟောသည့်အတိုင်း တပည့်တို့က နာယူကြသည်။ သိရန် စိတ်ဝင်စားကြသည်။ ကျင့်လဲ

ကျင့်ကြသည်။ ထိုဆရာမျိုးကား[မိမိလယ်ယာကိုစွန့်၍ သူတပါး လယ်ယာကို ပေါင်းသင်ပေးသူနှင့်မခြား။] သို့ကြောင့် ထိုဟော ပြောခြင်းမျိုးကို ယုတ်မာသော လောဘတရားဟု ငါဆိုသည်။ ဟောသူက နာသူအား ဘာ အကျိုးပြုနိုင်မည်နည်း။ ဤသို့ အပြစ်တင်ထိုက်သည်။ စောဒနာရမည်။ စောဒနာ။ (ဒုတိယ)

မိမိက သမဏဓမ္မကို ရသည်။ တရားအမြင် သန့်စင်သည်။ သို့ ကြောင့် တပည့်တို့အား အစီးအပွားများကြောင်း ချမ်းသာ ကြောင်း တရားတို့ကို ဟောသည်။ ဟောသည့်အတိုင်း တပည့် တို့က နာယူကြသလော။ မနာယူ။ သိရန် စိတ်ဝင်စား ကြသ လော။ မကျင့်။ [ထိုဆရာမျိုးကား အနှောင်အဖွဲ့ ဟောင်းကို ဖြတ်၍ အနှောင်အဖွဲ့သစ်ကို ပြုသူနှင့်မခြား။] သို့ကြောင့် ထို ပြောဟောခြင်းမျိုးကို ယုတ်မာသော လောဘတရားဟု ငါဆို သည်။ ဟောသူက နာသူအား ဘာ အကျိုးပြုနိုင်မည်နည်း။ ဤသို့ ဤသို့ အပြစ်တင်ထိုက်သည်။ စောဒနာရမည်။ စောဒနာ။ (တတိယ)

နှစ်သက်ဖွယ် ရှိပေစွ။ နှစ်သက်ဖွယ်ရှိပေစွ။ လောဟိစ္စက ဒေသနာတော်ကို ထောမနာသည်။ တဆက်တည်းပင် အပြစ် မတင်ထိုက်သော ဆရာများ ရှိပါသေးသလား ဗုဒ္ဓအား မေး လျှောက်သည်။

ထိုအခါ ဗုဒ္ဓက....။

ဆရာသည် သီလနှင့်လဲပြည့်စုံ သမာဓိနှင့်လဲပြည့်စုံ၊ ပညာနှင့် လဲပြည့်စုံသည်အတွက် ပထမစျာန်ကို ရသည်။ တတိယစျာန်ကို

ရသည်။ စတုစတ္ထစျာန်ကို ရသည်။ ဝိပဿနာဉာဏ်အမြင် အလို ငှာ စိတ်ကို ရှေးရှု ပို့ဆောင်ပေးနိုင်ရုံမက မဂ်ကိစ္စအတွက်ပင် ပြုဖွယ်အချက် မရှိတော့ပြီ။

ထိုပထမစျာန်ရသည့်ဆရာ၊ ဒုတိယစျာန်ရသည့်ဆရာ၊တတိယ စျာန် ရသည့်ဆရာ။ ဆရာ့ဆရာတို့ထံ နည်းခံသဖြင့် တရားထူး ကို ပိုင်နိုင်သည် ဆိုလျှင် ထိုဆရာတို့ကို အပြစ်မတင်ထိုက်။ စောဒနာရန် လုံးဝမထိုက်။ အပြစ်တင်ခဲ့သော် အပြစ်တင်သူမှာသာ အပြစ်။ တရားနှင့်မလျော်ကန် မမှန်သည့်အဘွက် ပြစ်ချက်မ သက်သာ ဟူ၍။

ဒေသနာတော်ပဲ အပြီး။

လောဟိစ္စ ပုဏ္ဏားလဲ ရှာသက်ပန် ဥပါသကာကြီး။

(၃) လောဟိစ္စသုတ္တန်ကို လေ့လာလျှင်...

ဘုရား ဘုရားဟူသော အသံကို ကြားရသူ၏ နှလုံးသား။ တရား တရား ဟူသော အသံကို ကြားရသူ၏ နှလုံးသား။သံဃာ သံဃာဟူသော အသံကို ကြားရသူ၏ နှလုံးသားသည် ဇမ္ဗူဒိပ် တကျွန်းလုံးကို သိမ်းရုံးစိုးအုပ်ရသူ၏ ပီတိသုခထက် အဆအရာ မက သာလွန်ရမည် မွန်လှသည်ဟု ဒေသနာ ရှိသည်။

ဗုဒ္ဓသည် သာလဝတိကာရွာသို့ ကြွသည်။ ထိုရွာသား ပုဏ္ဏား တို့မှာ ဘုရား တရား သံဃာ ဟူသော အသံတို့ကို ကြားရရုံ

မျှမက ဗုဒ္ဓကိုလဲ ဒိဋ္ဌ ဖူးရသည်။ ဓမ္မကိုလဲ နားဆတ်ဆတ် နာရသည်။ နောက်တော်ပါ အရိယာသံဃာတို့ကိုလဲ မျက်ဝါးထင်ထင် ဖူးမြင်ရသည်။ သာလဝတိကာရွာသား ပုဏ္ဏားတို့ကားလူ့ဘဝ အရတော်ပါပေစွ။

လောဟိစ္စပုဏ္ဏားကြီးက ရွာ့မျက်နှာ။

ခမျာကားအယူမှား၍ အမှားယူခဲ့သည်။ ဓမ္မကို ပြောင်းပြန်မြင်နေသည်။ အပြစ်တင်ထိုက်သူ အပြစ်မတင်ထိုက်သူကိုပင် ယသာဘူတကျကျ မဝေခွဲနိုင်ရှာ။ ထို့ပြင် ကုသိုလ်တရားကိုလဲ လူတိုင်း လူတိုင်းအား တဆင့်ပြန်ဟောရဟု တရားသေမှတ်ထားရှာသည် သူကား ဗုဒ္ဓနှင့် မတွေ့မီက အမှောင်တိုက်ထဲ အဝဲဲ၊ ချောက်ငရဲထဲ ကျတော့မည့် ဆဲဆဲ။

သို့သော် ယခုဗုဒ္ဓနှင့်လဲ တွေ့ရပြီ။ အရိယသံဃာတို့ကိုပါ မျက်ဝါးထင်ထင် ဖူးမြင်ရပြီ။ လောဟိစ္စ အသို့ရှိခဲ့သနည်း။ ဗုဒ္ဓ၏ လောဟိစ္စ ချွတ်ခန်းသည် မျက်မှန်းမဟုတ်။ လက်တွေ့ကို သက်သေတည်သည်။ သာလဝတိကာ ရွာအုပ် သူ့ကိုယ်တိုင် ခံစားရချက်နှင့် ကာသိတိုင်း ကောသလတိုင်းဘုရင် ပသေနဒီကောသလ၏ ဖြစ်အင်တို့ကို ပုံစံတင်၍ ယှဉ်ပြသည်။

သည်တော့မှ လောဟိစ္စ၏ ပညာမျက်စိသည် အကောင်းပကာဘိ ပြန်ရှိခဲ့ခြင်း။ သူ့ရင်တွင်းရှင်းရှင်းလင်းလင်း။ ဦးနှောက်လဲ မနောက်။ ချောက်ငရဲလဲ မရောက်။

သို့ကြောင့် ဓမ္မ၏ အရသာသည် ကျွန်းလုံးရာဇာ၏ စည်းစိမ်ချမ်းသာထက် အဆအရာမက သာလွန်တောင်းဟူ၍ စာရေးသူတို့ မှတ်ယူရသည်။

အနှောင်အဖွဲ့ဖြေဟောင်း ဖြတ်၍ အနှောင်အဖွဲ့သစ် ပြုသူကို လောဟိစ္စအား ကွဲကွဲပြားပြား ဗုဒ္ဓက သိသွားစေချင်သည်။ "အပြစ်ထင်ထိုက် စောဒနာထိုက်သူသုံးမျိုးနှင့် လုံး၀ အပြစ် မတင်ထိုက် စောဒနာရန် လုံး၀မထိုက်သူများ" ဟူသော ရှေ့ ဆက် ဒေသနာသည် ထိုဆန္ဒမှ စိတ်ဖြာသည်။ ရည်မှန်းသော ထိုဓမ္မတ္တာ ထိုစေတနာတို့မှ စီးဆင်းလာသည်။

သမ္မာ ဓမ္မဟူသည် ရဟန်းတရား။
သာမညဖလဟူသည် ရဟန်းပြုရကျိုး။

ဤ၌ သမ္မာဓမ္မဟု သာမညပင် ဆိုလိုက်သည်။ ရဟန်းတရားဟူသည် စူဠသီလ မဇ္ဈိမသီလ မဟာသီလ တို့နှင့် ပြည့်စုံခြင်း။ ရဟန်းပြုရကျိုးဟူသည် ထိုထိုသီလ သမာဓိပညာတို့နှင့် ပြည့်စုံသည့်အတွက် ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တို့ကိုသာမက ဝိပဿနာဉာဏ် မနောမယိဒ္ဓိဉာဏ် ဣဒ္ဓိဝိဓဉာဏ် ဒိဗ္ဗသောတဉာဏ် စေတောပရိယဉာဏ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် စုတူပပါတဉာဏ် အာသဝက္ခယဉာဏ်တို့ကိုပါထိုးထွင်းသိမြင်ခြင်း။

ဤကား သင်တို့၏ အစီးအပွားအလို့ငှာဖြစ်သည်။ ဤကား သင့်တို့၏ ချမ်းသာကြီးခြင်းအလို့ငှာဖြစ်သည်။စသည်စသည်ဖြင့် တပည့်တို့အား တရားပြလိုလျှင် နာသူကလဲ ဓမ္မကို တကယ်

သက်ဝင်ရမည်။ လိုလိုချင်ချင်ဖြင့် နာရမည်။ ပြသူဟောသူက လည်း သမဏ ဓမ္မ သီလသမာဓိ ပညာတွေ ပြည့်စုံနေရမည်။ တရားအမြင် ကြည်လင်နေဖို့လိုသည် ဟုတရားနာသူတို့ သန္တာန် ရှိထားရမည့် အခြေခံသဘောတို့ကို ဤသုတ္တန်က ဖော်ဆောင် သည်။

ခေါင်းကောင်း ဖြစ်လိုသလား။ နောက်လိုက်ကောင်း ဖြစ် အောင် ဦးစွာကြိုးစား။

အပြောကောင်း ဖြစ်လိုသလား။ ကောင်းကောင်း နား ထောင်သူဖြစ်အောင် ဦးစွာ ကြိုးစား။

ဤဥပဒေသအတိုင်းပင်။ တကယ်တရားထူးကို ရပိုင်လိုသ လား။ တရားကို လိုလားသည့် ဆန္ဒ အဓိပတိတပ်ဖို့ အရေးကြီး သည်။ အာသာ ပြင်းပြနေရမည်။ စားလဲ တရားနားလို သည့် စိတ်၊ သွားလဲတရားနာလိုသည့် စိတ်၊ အထွတ် အထိပ်အခေါင် အဖျား ရောက်နေပါမှ ဓမ္မ၌ မွေ့မည်။ ဓမ္မ၌ သက်ဝင်မည်။ ဓမ္မအရသာကို ထိတွေ့နိုင်မည် ဖြစ်သည်။

မိမိ၌ သီလ သမာဓိ ပညာပြည့်စုံရဲ့လား။ ပြည့်စုံလျှင်တရား ပြ။

မိမိ၌ ဓမ္မအမြင် ကြည်လင်ရဲ့လား။ ကြည့်လင်လျှင် တရား ပြ ဟူ၏။ )

# (၁၆)

## သောဏဒဏ္ဍပုဏ္ဏား

### ပုဏ္ဏားဆိုတာ

(က)

စမ္ပာမြို့သည် အင်္ဂတိုင်း၏ မျက်နှာဖြစ်သလို ဂဂ္ဂရာရေကန်သည်လည်း စမ္ပာမြို့၏ မျက်နှာ။

အခါတပါး၌ ဗုဒ္ဓသည် ထိုဂဂ္ဂရာ ရေကန်နား၌ သီတင်းသုံးသည်။

စမ္ပာတမြို့လုံး အုံးအုံးကျွက်ကျွက်။ အချို့က တံခွန်လုံး၊ အချို့ကငှက်ပျောအုန်း။ ဗုဒ္ဓအားလှူရန်တမ်းရန် ဖူးမျှော်ရန် ဂဂ္ဂရာရေကန်ဆီသို့ သူတို့ ဦးတည်နေကြသည်။

သောတာဒဏ္ဍာပုဏ္ဏားသည် စမ္ပာမြို့စား။ ထိုခြင်းရာထိုသွင်ပြင်ကိုမြင်သည်။ သူ ဘဝင်မြူးခုန်ကြွ။ အားရသည်။ နှစ်သက်သည်။ မြို့သူမြို့သား တို့လို ဗုဒ္ဓကိုသူလဲ ဖူးမြော်ချင်ခဲ့သည်။ မဏာမ စေတနာ အယဉ်တွေက တသွင်သွင်။ သို့ဖြင့်....

နေကြအုံး။ စောင့်ကြအုံး။ ငါလဲလိုက်မယ်။

စမ္ပာမြို့သည်စည်၏၊ သာယာ၏။ ငြိမ်းချမ်း၏။ ခြေခင်းလက်ခင်းရှင်း၏။ အတိုင်းတိုင်း အပြည်ပြည်က ညော့သည်တော်တွေ ဝင်လာမစဲ တဖွဲဖွဲ။

ထိုအခိုက်။

ညော့သည် ပုဏ္ဏား ငါးရားကိုက တားသည်။ မြို့စားသောတာဒဏ္ဍ၊ ဗုဒ္ဓထံ ပါး မသွားပါနဲ့။ မြို့စားမင်းက ဗုဒ္ဓထံ ချဉ်းကပ်ရန်အလျင်းမသင့်၊ မြို့စားမင်း၏ ကျော်စောသတင်းဆုတ်၊အပုပ်နံ့သာ သင်းပျံ့လာစရာ။ အမှန်မှာ ဗုဒ္ဓကသာ မြို့စားမင်းထံ ချဉ် ကပ်ရပါမည်။

ညော့သည်တော်တွေက ပြောကြဆိုကြပြီ။ တားကြ ဟန့်ကြသည်။ သောတာဒဏ္ဍာ့ကား နားထဲ ကန့်လန့်။

အချင်း ညော့သည်တော်တို့။ ငါ့စကား နား ထောင်ကြဦး။

သာကီဝင် ဆွေတော်မျိုးတော်အပေါင်းကို စွန့်ပယ်၍ရဟန်းပြုခဲ့သောဗုဒ္ဓ။

မြေပေါ် မြေအောက် မြောက်မြားစွာသော ရတနာ ရွှေငွေတွေကို စွန့်ပယ်၍ ရဟန်းပြုခဲ့သော ဗုဒ္ဓ။

ပျိုမျစ်နုနယ် ပထမအရွယ်မှာပင် ဆံ မုတ်ဆိတ်ကို ပယ်၍ ရဟန်းပြုခဲ့သော ဗုဒ္ဓ။

ခမည်းတော်က မလိုလား။ မယ်တော်ကမလိုလား။ သူတို့မျက်ရည်စို့ရွဲ ငိုဆဲမှာပင် ပုဆိုးကိုချွတ် ဖန်ရည်ဆိုး ဝတ်ခဲ့သော ဗုဒ္ဓ။

ဗုဒ္ဓက အဆင်းလှသည်။ ရှုချင်စဖွယ် ရှိသည်။ ဗြဟ္မာမင်း ခန့်ညားသည်ထက် ပို၍ ပို၍ ခန့်ညားသည်။

ဗုဒ္ဓ၏ စကားက ပီရိပါသည်။ ချိုချိုသာသာ ပြောတတ် ဆိုတတ်သည်။ အရာရာ ယဉ်ကျေးပါဘိ။

ဗုဒ္ဓမှာ မြင့်သော သမာဓိ ရှိ၏။ များစွာသော သူတို့၏ ဆရာလဲ ဖြစ်၏။

ဗုဒ္ဓသည် ကံကိုယုံကြည်၏။ အကြောင်းကိုယုံကြည်၏။ တို့-ပုဏ္ဏားပရိတ်သတ်၏ အကျိုးကို အမြဲလိုလား၏၊

ဝတ္ထုအာရုံ ကာမဂုဏ်မှ အဆုံးစွန် ထွက်မြောက်နိုင်သူမှာ ဗုဒ္ဓ။ ဗုဒ္ဓမှာ တပ်မက်ခြင်း မရှိ။ လျှပ်ပေါ်ခြင်း နတ္ထိ၊

ထောင်သောင်းမကသော နတ်ဗြဟ္မာအပေါင်းတို့က အသက်နှင်းအပ်၍ ကိုးကွယ်ဆည်းကပ်ခြင်း ခံရသူမှာ ဗုဒ္ဓ။

တိုင်းနိုင်ငံအသီးသီးမှ လူတို့မေးသမျှပုစ္ဆာ ပြဿနာတွေကို ကျေကျေနပ်နပ်ကြီး ဖော်ပြနိုင်သူမှာ ဗုဒ္ဓ။

ဗုဒ္ဓသည် သံဃာနှင့်ပြည့်စုံသည်။ ဂိုဏ်းနှင့် ပြည့်စုံသည်။ ဂိုဏ်းဆရာလဲ ဖြစ်သည်။ အယူဝါဒကို တည်ထောင်ကြ သူတို့တွင် အမြတ်ဆုံးက ဗုဒ္ဓ။

ဗုဒ္ဓကို မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်း မိဖုရား ပရိသတ်တို့က လဲ အသက်နှင်း၍။ ပသေနဒီကောသလမင်းမိဖုရား ပရိတ်သတ်တို့ကလဲ အသက်နှင်း၍။ ပေါက္ခရသာတိ ပုဏ္ဏားကြီးနှင့် ဇနီး ပရိသတ်တို့ကလဲ အသက်နှင်း၍ ကိုးကွယ်ကြသည်။ ဆည်းကပ်ကြသည်။

ဗုဒ္ဓသည် အကြင်ရွာနိဂုံး၌ သီတင်းသုံး၏။ ထိုရွာနိဂုံး၌ မိစ္ဆာနတ်ဘီလူးတွေ လုံးလုံး မညှင်းဆဲ။

စသည်စသည်ဖြင့် မြို့စား သောဏဒဏ္ဍက ညှော်သည်ပုဏ္ဏားတို့အား ဗုဒ္ဓဂုဏ်ရောင်တို့ကို သိသမျှ ဖော်ဆောင်ပြလိုက်သည်။

ညှော်သည်တွေ ကြိုက်သွားပြီ။

ဒီလိုဆို ယူဇနာတရာပင် ဝေးဝေး။ ဗုဒ္ဓကို အပြေး ချဉ်းကပ်သင့်သည်သာ။ ရိက္ခာထုပ်ဆောင်၍ ပင် ဗုဒ္ဓထံပါး အမြန်သွားသင့်သည်သာ။

လာ တို့တတွေ ဗုဒ္ဓကို ဖူးမြော်နေကြစို့။ ဗုဒ္ဓထံပါးခုသွားကြစို့။ ဤသို့ ဤသို့ပင် အလောသုံးဆယ် ဖြစ်လာကြသည်။

(ခ)

ကန်ရေသည် ကြည်၏။ အေး၏။ ချို၏။ မွှေး၏။ ကြာပေါင်းခသည့် မြကန်သာ။

သရက်ရှိသည်။ ပိန္နဲရှိသည်။ နန္ဒ မာလကာ ထောက်ရှာ။ သီမျိုးစုံ ပင်မျိုးစုံဖြင့် ဝေဝေဆာဆာ။

ဂဂ္ဂရာကန်၏ ဝန်ကျင်ကား နုပျိုပျို။ စိမ်းစိုစို။

သောဏဒဏ္ဍပုဏ္ဏား ဦးဆောင်လာသော ပုဏ္ဏားပရိတ်သတ်ကြီးသည် ထိုကန်ဆီသို့ ချဉ်းကပ်မိပြီ။

ရှေ့မှာ ကျောင်းတိုက်။ ကျောင်းတိုက်ထဲဝင်ရန် ခြေလှမ်းပြင်ခိုက် သောဏဒဏ္ဍခမျာ အကြံအိုက်သွားရှာသည်။

"ငါက ဗုဒ္ဓကို ပြဿနာတခုမေးသည်။ ငါမေးသောပြဿနာ နည်းသမ်းကျလျှင် တော်ရဲ့။ လွဲခဲ့ချော်ခဲ့လျှင် သောဏဒဏ္ဍ ဒီအရာ ဒီလို မမေးထိုက်။ ဒီလို ဒီလိုသာ မေးထိုက်တယ်လို့ ဗုဒ္ဓက ထောက်ပြမည်။ ထောက်ပြခဲ့လျှင် ပရိတ်သတ်က ငါ့ကိုကဲ့ရဲ့ကြမည် မလွဲ။ သောဏဒဏ္ဍကား အမိုက်အမဲ ပြဿနာကိုသဘာဝကျကျ မေးနိုင်သူ မဟုတ်လို့ အပုပ်ချကြမည်မှာ သေချာသည်။ တဆက်တည်းပင် ငါ့ဂုဏ်သတင်းလဲ ဆုတ်။ စည်းစိမ်ဥစ္စာလဲ ယုတ်။ စင်စစ် ငါကား စည်းစိမ်ဥစ္စာတို့ကို ဂုဏ်သတင်းကျော်စောခြင်းကြောင့် ရနေသူသာ"

သို့မဟုတ်။

ဗုဒ္ဓက ငါ့ကို ပြဿနာတခုမေးသည်။ ငါ့အဖြေ မှန်လျှင် တော်ရဲ့။ မှားခဲ့လျှင် သောဏဒဏ္ဍ၊ ဒီအရာ ဒီလိုမဖြေရ။ ဒီလိုသာ ဖြေလို့ ဗုဒ္ဓက ထောက်ပြမည်။ ထောက်ပြခဲ့လျှင် ပရိတ်သတ်က ငါ့ကို ကဲ့ရဲ့ကြမည်မလွဲ။ သောဏဒဏ္ဍကား အမိုက်အမဲ။ သဘာဝကျကျ ဖြေစွမ်းနိုင်သူ မဟုတ်လို့ အပုပ်ချကြမည်မှာ သေချာသည်။ တဆက်တည်းပင် ငါ့ဂုဏ်သတင်းလဲ

ဆုတ်၊ စည်းစိမ်ဉစ္စာလဲယုတ်။ စင်စစ် ငါ့ကား စည်းစိမ်ဉစ္စာတို့ကို ဂုဏ်းသတင်း ကျော်စောခြင်းကြောင့် ရနေသူသာ။'

သို့မဟုတ်။

ဗုဒ္ဓအနီးသို့ ငါရောက်နေပြီ။ ဗုဒ္ဓကို မဖူးပဲ လှည့်ပြန်သွားခဲ့သော် ပရိသတ်က ငါ့ကို သရော်ကြမည်။ သောဏဒဏ္ဍလူ့ဗာလ။ မှိုမာနအိုး။ ဗုဒ္ဓနှင့် မျက်နှာချင်းပြိုင် မဆိုင်ရဲ။ လက်ဦးထိုးကြမည်မလွဲ။ အများ၏ တံတွေးခွက် ပက်လက်မျောသူအား အဘယ်မှာ ဂုဏ်သတင်း ကြီးမည်နည်း။ ဂုဏ်သတင်းပျက်စီးသူအား အဘယ်မှာ စည်းစိမ်ဉစ္စာ ဖြစ်နိုင်မည်နည်း။ စင်စစ် ငါကား စည်းစိမ်ဉစ္စာတို့ကို ဂုဏ်သတင်း ကျော်စောခြင်းကြောင့် ရနေသူသာ'။

ခြေလှမ်းကမူ ခပ်တွန့်တွန့်။ မဝံ့တဝံ့နှင့်ပင် ကျောင်းတော်ထဲဝင်လိုက်ရသည်။

ဗုဒ္ဓသည် ရွှင်လန်းသော မျက်နှာရှိ၏။ ပေါ့ပါးသောနှုတ်ရှိ၏။ လာလေ့-ကောင်းသော်လာခြင်းတည်းဟု မြွက်လေ့ရှိ၏။ နှုတ်ဆက်စကား ဦးစွာ ပြောကြားတတ်၏။

ဗုဒ္ဓက နှုတ်ဆက်သော်ငြား သောဏဒဏ္ဍမှာကား အကြံအိုက်မြဲ။ အခြားအခြားသော ပြဿနာတို့ကိုမမေး ဗေဒနှင့် ပတ်သက်ပြီး မေးခဲ့လျှင် ကောင်းမှာဘဲ ဟူသော အကြံသစ် လှစ်ခနဲဝင်လာသည်။

ဗုဒ္ဓက အာရုံယူသည်။ သောဏဒဏ္ဍပုဏ္ဏား၏ စိတ်အကြံကိုသတိမူသည်။ ပင်ပန်းနေရှာသော သောဏဒဏ္ဍ။ သောဏဒဏ္ဍအား

အခြားအခြားသော တရားကို မေးလျှင် ပို၍ပို၍ ပင်ပန်းရှာချေမည်။ သူ့စိတ်အစဉ် သက်သာအောင် သူ့ဆရာ၏ ဗေဒင်ပညာရပ်ကိုမေးမှ ဟု မနေဘတွင် ထင်သည်။

## (၇)

သို့ဖြင့်.... ...

သောဏဒဏ္ဍ– ပုဏ္ဏားဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ။ ဘယ်လိုခြင်းရာ ဘယ်လို အင်္ဂါမျိုးနှင့် ပြည့်စုံမှ ပုဏ္ဏား ဟု ဆိုနိုင်သလဲ။

ဗုဒ္ဓ၏ မေးခွန်းတို့ ကြားရလျှင် ကြားရခြင်း သောဏဒဏ္ဍ၏ ရင်တွင်းပီတိ ယောက် ပွက်လောထခဲ့သည်။ ဗုဒ္ဓကို အကြွင်းမဲ့ ယုံကြည်ပြီ။ ဗုဒ္ဓသည် ငါ့အကြံကိုသိ၏။ ငါ့စိတ်အစဉ်ကိုမြင်၏။ သိမြင်သဖြင့်သာ ဗေဒင်ပြဿနာကို ငါ့အားမေးခြင်း။အံ့ဖွယ်ဗုဒ္ဓ။ အံ့ဖွယ်ဗုဒ္ဓဟု နှုတ်မှမြွက်ရင်း ကိုယ်နေလက်ထား ပြင်သည်။ရင်ကိုမတ်မတ်ထားသည်။ ပရိသတ်ဘက် စောင်းငဲ့လျက်။

ဗုဒ္ဓ – ပုဏ္ဏားဟူသည် ခြင်းရာငါးမျိုးနှင့် ပြည့်စုံရပါမည်။ ခြင်းရာ–အင်္ဂါငါးမျိုး စုံသူကိုမှ ပုဏ္ဏားဟု ဆိုနိုင်ပါသည်။

၁။ အမိဘက် အဘဘက်မှ မျိုးရိုးသန့်ခြင်း။ အထက်–ဘိုးဘေး ခုနစ်ဆက်တိုင် ဇာတ်အနေ ကဲ့ရဲ့မခံရခြင်း။

၂။ အဘိဓာန် အလင်္ကာ သဒ္ဒါ ဗျာကရုဏ်း ဗေဒင် လောကာယတ မဟာပုရိသလက္ခဏာ ကျမ်းပဒေသာ တို့ကို တဘက်ကမ်းခတ် တတ်မြောက်ခြင်း။

၃။ အဆင်းရူပလှခြင်း၊ ရှုချင်ဖွယ် ရှိခြင်း၊ ကြည်ညိုဖွယ် ကောင်းခြင်း၊ ကိုယ်ခန္ဓာ ခန့်ခြင်း။

၄။ ကိုယ်ကျင့်သီလကောင်းခြင်း၊ မြင့်မြတ်သော သီလနှင့် ပြည့်စုံခြင်း။

၅။ ဉာဏ်ပညာ အဆင့်မြင့်ခြင်း၊ ယစ်ပူဇော်ပွဲ၌ ပထမ သို့မဟုတ် ဒုတိယ နေရာယူနိုင်သည့် ပညာမျိုး ရှိခြင်း။

သောဏဒဏ္ဍ– ကောင်းပြီ။ ထိုခြင်းရာငါးမျိုးလုံးနှင့် ပြည့်စုံမှသာ ပုဏ္ဏားဟု ဆိုနိုင်သလော။ လေးမျိုး သို့မဟုတ် သုံးမျိုး သို့မဟုတ် နှစ်မျိုးနှင့် ပြည့်စုံသူ တို့ကိုကော ပုဏ္ဏားဟု မဆိုနိုင်တော့ပြီလော။

ဗုဒ္ဓ – ဆိုနိုင်ပါသည်။ လေးမျိုး သို့မဟုတ် သုံးမျိုး သို့မဟုတ် နှစ်မျိုးနှင့် ပြည့်စုံလျှင်လည်း ပုဏ္ဏားစာရင်းထဲ ဝင်ပါသည်။

လေးမျိုး၌ အဆင်းရူပလှခြင်း အင်္ဂါမပါ။

သုံးမျိုး၌ ဝေဒကျမ်း ဗေဒကျမ်း တတ်ကျွမ်းခြင်း အင်္ဂါမပါ။

နှစ်မျိုး၌ အမျိုးဇာတိ သန့်စင်ခြင်း ဇာတိအင်္ဂါမပါ။

သီလနှင့်ပညာ။ ထိုခြင်းရာနှစ်မျိုးနှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ပုဏ္ဏားလောကက ပညတ်ကြသည်။ ကာယကံရှင် ကိုယ်တိုင်က

ပင် ငါပုဏ္ဏားဟု ဆိုလျှင်လည်း အမှန်ဆိုခြင်း မည်ပါသည် ဗုဒ္ဓ။

သောဏဒဏ္ဍက ဤသို့ ဤသို့ ဗုဒ္ဓအား လျှောက်ထားသည့်အခါ အနားရှိ ပုဏ္ဏားတို့မှာ နားမချမ်းသာ။

အရှင်သောဏဒဏ္ဍ ဤသို့ မဆိုပါလင့်။
အရှင် သောဏဒဏ္ဍ ဤသို့ မပြောပါလင့်။
အရှင်သောဏဒဏ္ဍသည် အဆင်းကိုပယ်၏။
အရှင်သောဏဒဏ္ဍသည် ဝေဒကျမ်းကို ပယ်၏။
အရှင်သောဏဒဏ္ဍသည် ဇာတိကို ပယ်၏။
အရှင်သောဏဒဏ္ဍကား ဗုဒ္ဓ၏ ဘက်တော်သားဟု သောဏဒဏ္ဍကို ဝိုင်း၍ အုံ၍ နှုတ်လှန်ထိုးကြပြီ။

(ဃ)

သောဏဒဏ္ဍသည် ပညာမဲ့၏။ သုတနည်း၏။ စကားအရာမခြေငံ။ ဤအရာ၌ ဗုဒ္ဓနှင့် တုံ့ပြန်ပြောခြင်းငှာ မစွမ်းနိုင်ဟု သင်ပုဏ္ဏားတို့ ယူဆလျှင် သောဏဒဏ္ဍ ပုဏ္ဏားအား ရှိပါစေ။ သင်တို့နှင့်သာ စကားအနိုင်ပြိုင်ပြောမည်။ သို့မဟုတ်–

သောဏဒဏ္ဍသည် ပညာကြီး၏။ ဗဟုသုတများ၏။ စကားအရာ ခြေငံ၏။ ဤအရာ၌ ဗုဒ္ဓနှင့် တုံ့ပြန် ပြောဆိုခြင်းငှာ စွမ်းနိုင်၏ ဟု သင်ပုဏ္ဏားတို့ ယူဆလျှင် သင်တို့အသာနေကြ။

သောဏဒဏ္ဍ ပုဏ္ဏားနှင့်သာ ငါစကား တုံ့ပြန်ပြောမည်ဟု မိန့်သည်။

ဗုဒ္ဓဆိတ်ဆိတ်။ ဗုဒ္ဓ–ဆိတ်ဆိတ်။ အကျွန်ုပ်သာ ထိုပုဏ္ဏားတို့အား အကြောင်းနှင့်တကွ ပြန်ချေပပါမည်။ သောဏဒဏ္ဍက လျှောက်သည်။

အသင်ပုဏ္ဏားတို့။ ကျွန်ုပ်တို့ ဤသို့မဆိုလင့်။ ကျွန်ုပ်ကား အဆင်းကိုလဲမပယ်။ ဝေဒကျမ်းကိုလဲမပယ်။ ဇာတိကိုလဲမပယ်။

အသင်းပုဏ္ဏားတို့။ ငါ့တူ အင်္ဂကလုလင်ကိုကြည့်။ အင်္ဂကလုလင်သည် အဆင်းလှ၏။ ရှုချင်ဖွယ် ရှိ၏။ ဗုဒ္ဓမှတပါး အင်္ဂကလို လှသူ မရှိ။

အင်္ဂကလုလင်သည် ဝေဒကျမ်းကို ဆောင်၏။ အဘိဓာန် အလင်္ကာ ကျမ်းပဒေသာတို့ကို တတ်၏။ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ တဘက်ကမ်းခတ်။

အင်္ဂကလုလင်သည် အမိဘက်မှလည်း ဇာတိသန့်သန့်။အဘဘက်မှလည်း ဇာတိသန့်သန့်။ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် ဇာတိအနေ ကွဲ့ရဲ့စရာမရှိခဲ့။

အင်္ဂကလုလင်သည် အမိကို အမိမှန်းသိ၏။အဘကို အဘမှန်းသိ၏။

သို့သော်ငြား ..

အင်္ဂကလုလင်သည် သူ့အသက်သတ်၏။ သူ့ဥစ္စာ ခိုး၏။ သူ့သားမယားပြစ်မှား၏။ မုသားပြော၏။ မူးယစ်ထုံထိုင်း

သုံး၏။ သောက်၏။ ထိုကံငါးပါးလုံးကို ဖြစ်ဖြစ်၊ တပါးပါးကို ဖြစ်ဖြစ်၊ ဖြစ်မှားသည် ကြုလွန်သည် ဆိုကြပါစို့။

အဆင်းသည် အဘယ်မူအံ့နည်း။ အဆင်းက အပို။ ဝေဒကျမ်းသည် အဘယ်မူအံ့နည်း။ ဝေဒကျမ်းက အပို။ ဇာတ်သည် အဘယ်မူအံ့နည်း။ ဇာတ်ကအပို။

သို့ကြောင့်သီလနှင့် ပညာ ခြင်းရာနှစ်မျိုးနှင့် ပြည့်စုံသူကို ပုဏ္ဏားဟု ပုဏ္ဏားလောက ကပညတ်ကြခြင်း။ ကာယကံရှင်ကိုယ်တိုင်ကပင် ငါပုဏ္ဏားဟု ဆိုလျှင်လဲ အမှန်ဟု လက်ခံရခြင်း။ ပုဏ္ဏားဟူသည် သီလရှိသူ၊ ပညာရှိသူ။

သောဏဒဏ္ဍကား ဒေါင်ဒေါင်မြည်။ မျက်နှာထားက တင်းသည်။ အသံက ပြင်းသည်။ ဤသို့ ဤတို့ရှင်းပြလိုက်သောအခါ အခြားပုဏ္ဏားတွေ တွေသွားကြ၏။ မှိုင်သွားကြ၏။

သောဏဒဏ္ဍ၏ အောင်ပွဲ။

မည်သူမျှ မလှုပ်ရဲ။

(င)

ယင်းသို့ ပုဏ္ဏားတွေနုတ်ပိတ် ဆိတ်ဆိတ်နေခိုက် ဗုဒ္ဓက မူလမေးခွန်းကို ပြန်ဆက်လိုက်သည့်။

သီလနှင့် ပညာ။ ခြင်းရာနှစ်ပါးတွင် တပါးပါးနှင့်ပြည့်စုံလျှင် ပုဏ္ဏားဟု များ ဆိုနိုင်ပါသလား သောဏဒဏ္ဍ။

ဗုဒ္ဓ–သီလနှင့်ပညာသည်ခြေလက်ပမာဖြစ်သည်။ လက်တဘက်က အခြားလက်တဘက်ကို မှီတည်။ ခြေတဘက်ကအခြား ခြေတဘက်ကိုမှီသည်။လက်တဘက်ဖြင့် အခြားလက်တ ဘက်ကို ဆေးကြော ရသည်။ ခြေတဘက်ဖြင့် အခြား ခြေတဘက်ကို ဆေးကြောရသည်။

ဗုဒ္ဓ–ထို့အတူပင် သီလကို ပညာဖြင့် ဆေးရသည်။ ပညာကို သီလဖြင့် ဆေးရသည်။ သီလရှိသူအား ပညာရှိ၏။ ပညာရှိသူအား သီလရှိ၏။ လောက၌ အမြတ်ဆုံးမှာ သီလနှင့် ပညာ။

သောဏဒဏ္ဍ–သင့်စကားမှန်၏၊ သင့်အဆိုမှန်၏။ လောက၌ သီလ ပညာသာ အမြတ်ဆုံး သီလဆိုတာ ဘာလဲ။ ပညာဆိုတာ ဘာလဲ။ နားလည်သလောက်လျှောက်အုံး။

ဗုဒ္ဓ–တောင်းပန်ပါသည်။ သီလ၏ အကျယ်ကိုလဲ မသိ။ ပညာ ၏ ကျယ်ကိုလဲမသိ။ သီလပညာတို့၏ ခြင်းရာသဘော ကိုပင် မမြင်။ ဗုဒ္ဓသာ မိန့်တော်မူပါ။

သောဏဒဏ္ဍသည် ပွင့်၏။ လင်း၏။ ရှင်း၏။ ဘွင်းဘွင်း သမား။

သီလပညာတို့၏ သဘောက ကျယ်ပြောသည်။ ကျယ် ပြောသလောက် ဗုဒ္ဓက ဟောသည်။

စူဠသီလ မဇ္ဈိမသီလ မဟာသီလ။
ဈာန်အရာ ဝိပဿနာ ပညာ။

သောဏဒဏ္ဍပုဏ္ဏား-သီလစကားကို ကြားရပြီ။ပညာစကားကို နားရပြီ။သီလအကြောင်းကောင်းကောင်း၊ဝိပဿနာအကြောင်း ကောင်းကောင်း၊ သဘော ပေါက်သော အခါ သရဏဂုံ ကိုလည်း ဆောက်တည် လိုက်သည်။ ဥပသကာ အဖြစ်ကိုလည်း ခံယူလိုက်သည်။

ထို့ပြင် သောဏဒဏ္ဍသည် ဆွမ်းအလှူရှင်။

နက်ဖြန် ရဟန်းသံဃာတို့နှင့်အတူ ဆွမ်းအလှူခံကြွရန် ဗုဒ္ဓ အားတောင်းပန်လျှောက်ထားခဲ့သော။

ဗုဒ္ဓကလဲ ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကြောင်း သိစေခဲ့ သော။

ဆွမ်းအလှူပွဲပြီးပြီ။

ဆွမ်းအနုမောဒနာပြီးပြီ။

သို့သော် သောဏဒဏ္ဍမှာ ဗုဒ္ဓအား လျှောက်ထားစရာ ကျန်သေး။ ထိုလက်ကျန်မှာ ဤသို့။

ဗုဒ္ဓ–တပည့်တော်မှာ ပရိသတ်နှင့်နေရသည်။ ပရိသတ်အလယ် ရောက်နေသောအခါ ထ၍ ဗုဒ္ဓကို အရိုအသေပြုခဲ့လျှင် ပရိသတ်က ကဲ့ရဲ့ကြမည်မလွဲ။ တဆက်ထဲပင် ဂုဏ် သတင်းလဲ ယုတ် စည်းစိမ်ဥစ္စာလဲဆုတ် စင်စင်တပည့် တော်သည် ဂုဏ်သတင်း ကျော်စောခြင်းကြောင့်သာ စည်းစိမ်းဥစ္စာရနေရသူ ဖြစ်ပါသည်။

ဗုဒ္ဓ -တပည့်တော်သည် ပရိသတ် အလယ်ရောက်နေသောအခါ လက်အုပ်ချီလိုက်လျှင် ထိုင်ရာမှထ၍ ခရီးဦးကြိုပြုသည်

ဟုပင် မှတ်တော်မူပါ သို့မဟုတ် ဦးရစ်ကို ချတ်လိုက်
လျှင်လည်းဦးခေါင်းဖြင့်ရှိခိုးသည်ဟုပင်မှတ်တော်မူပါ။

ဗုဒ္ဓ-တပည့်တော်သည်ယာဉ်ထက်၌ ရောက်နေသောအခါနှင်တံ
ကိုမြှောက်လိုက်လျှင် ယာဉ်မှဆင်း၍ ခရီးဦးကြိုပြုသည်
ဟုပင် မှတ်တော်မူပါ။ သို့မဟုတ် ထီးကို ရုပ်လိုက်
လျှင်လဲ ဦးခေါင်းဖြင့် ရှိခိုးသည်ဟု မှတ်တော်မူပါ။

ဤကား သောဏဒဏ္ဍပုဏ္ဏား၏ အခန်း၄ ။

(ဤသောဏဒဏ္ဍသုတ္တန် ကိုလေ့လာလျှင်

သီလရှိလျှင် ပညာရှိဖို့ မခက်။ ပညာရှိလျှင် သီလရှိဖို့
မခက်။ သီလပညာနှစ်ပါးစုံလျှင် ပုဏ္ဏားဟု ခေါ်နိုင်သည်။

ပုဏ္ဏားဟူသော ဗမာစကားကို ပါဠိလို ဗြာဟ္မဏ။ ဗြာဟ္မဏ
၏ မူရင်းအနက်က မကောင်းမှု အပပြုပြီးသူ။ သို့ကြောင့်ပုဏ္ဏား
ဟူသည် ကိုယ်ပိုင်သီလ ကိုယ်ပိုင် ပညာတို့ဖြင့် အကောင်းအဆိုး
စိစစ်သည်။ အကောင်းအဆိုး တွက်ဆသည်။ မကောင်းမှု ဟူသ
မျှ လုံးဝရှောင်ကြဉ်သူ ဟု အဓိပ္ပာယ်သက်ရောက်သည်။

သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုး။ သူ့သားမယား မပြစ်
မှား။ ကာယ ဒုစရိုက်မျိုးကိုလဲ ပုဏ္ဏားတို့ရှောင်ကြသည်။

မုသားမပြော။ ကုန်းမချော၊ ကြမ်းကြမ်းမဆို။ ပြိန်ဖျင်း
စကား မပြောကြား ဝစီဒုစရိုက်မျိုးကိုလဲ ပုဏ္ဏားတို့ ရှောင်ကြ
သည်။

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ၊ ထိုမနောဒုစရိုက်မျိုးကိုသည်း ပုဏ္ဏားတို့ ရှောင်ကြသည်။

**၁။ ဗြဟ္မာနှင့် တူသော ပုဏ္ဏား**

အမိဘက် အဘဘက် နှစ်မျိုးလုံးမှ မျိုးရိုးသန့်သည်။ ဇာတ်ဖြင့် အကဲ့ရဲ့မခံရ။ အကျင့်မြတ်ကို ၄၈ နှစ်လုံး ကျင့်သည်။ ဝေဒကျမ်းကို သင်သည်။ တရားသဖြင့် ရသော ဥစ္စာဖြင့် ဆရာအား ပူဇော်သည်။ မိန်းမ မယူ။ ရဟန်းဘောင်သို့ ဝင်သည်။ ဗြဟ္မာစိုရ်ဘရား လက်စွဲထားသည်။ နောက်ဘဝ ဗြဟ္မာ့ပြည်သို့ ရောက်ရန် သေချာသည်၊ ထိုပုဏ္ဏားကား ဗြဟ္မာနှင့်တူသော ပုဏ္ဏား။

**၂။ နတ်နှင့်တူသောပုဏ္ဏား။**

အမိဘက် အဘဘက်၊ မျိုးရိုး ခုနစ်ဆက်တိုင် သန့်သည်။ ကောမာရ ဗြဟ္မစရိယ အကျင့်ကို ၄၈ နှစ်လုံးလုံး ကျင့်သည်။ ဝေဒကျမ်းကို သင်သည်၊ တရားသဖြင့် ရသော ဥစ္စာဖြင့် ဆရာအား ပူဇော်သည်။ ကာမဂုဏ် ခံစားချင် လွန်း၍ မဟုတ်သော် ငြား သား သမီးရရန် ရည်ညွှန်း၍ အိမ်ရာထောင်သည်။ သား သမီး ရသည်နှင့် တပြိုင်နက် ရဟန်းဘောင်သို့ ဝင်သည်။ တရားဓမ္မနှင့် ပျော်သည်။ နောက်ဘဝ နတ်သုဂတိရရန်သေချာသည်။ ထိုပုဏ္ဏားကား နတ်နှင့်တူသော ပုဏ္ဏား။

**၃။ စည်းကမ်းရှိသောပုဏ္ဏား။**

အမိဘက် အဘဘက်ဇာတ်သန့်သည်။ အကျင့်မြတ်ကို ၄၈ နှစ်လုံးလုံး ကျင့်သည်။ ဝေဒကျမ်းကို သင်သည်။ တရားသဖြင့်ရ

သော ဥစ္စာဖြင့် ဆရာအား ပူဇော်သည်။ ရေစက်ခွက်ဖြင့် စွန့်ပြီး ပုဏ္ဏေးမကိုသာ ရှာယူသည်။ ကိုယ်ဝန်ဆောင်စဉ် မသွားလာ။ နို့တိုက်စဉ် မသွားလာ။ သားသမီး ရသော်လဲ လူဝတ်ကြောင် ပယ် ရဟန်းဘောင်မဝင်။ ရှေးပုဏ္ဏားတို့၏ ကျင့်စဉ်စည်းကမ်း ကိုမူ လုံးဝမတိမ်းစေရ။ တရိုတသေ စောင့်ထိန်းရင်း သားသမီး တို့နှင့် အတူ ပျော်ပျော်နေသည်။ ထိုပုဏ္ဏားကား စည်းကမ်းရှိ သော ပုဏ္ဏား။

၄။ စည်းကမ်းပျက်ပုဏ္ဏား။

မျိုးရိုးသန့်သည်။ အကျင့်မြတ်ကို ၄၈ နှစ်လုံးလုံး ကျင့် သည်။ ဝေဒကျမ်းကို သင်သည်။ တရားသဖြင့်ရသောဥစ္စာဖြင့် ဆရာ့အား ပူဇော်သည်။ သို့သော် ပုဏ္ဏေးမကိုလဲပေါင်းဖော် သည်။ အခြားအမျိုးသမီးကိုလဲ ပေါင်းဖော်သည်။ ဥတုလာ တုန်းလဲ ပျော်။ နို့တိုက်တုန်းလဲ ပျော်။ ကာမအချိန်ရသရွေ့ ကာမဂုဏ်၌ မွေ့လျော်သည်။ ရှေးရှေးပုဏ္ဏားတို့၏ စည်း ကမ်းနှင့်ကျင့်စဉ် သူ့အဘိဓာန်တွင် မရှိ။ ထိုပုဏ္ဏားကား စည်း ကမ်းပျက်။

၅။ ဒွန်းစဏ္ဍားနှင့်တူသောပုဏ္ဏား။

မျိုးရိုးသန့်ခြင်း၊ အကျင့်မြတ်ကျင့်ခြင်း၊ ဝေဒကျမ်းရွတ် ဖတ်ခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံသော်ငြား တရားသည် မတ ရားသည် နားမလည်။ ရသမျှပစ္စည်းရှာသည်။ မိန်းမဟူသမျှ မယားပြုသည်၊ အလားတူစွာ အလုပ်ကြမ်း အလုပ်နု မခွဲခြား။

ထိုပုဏ္ဏားကား ဒွန်းစဏ္ဍားအလား။ (အင်္ဂုတ္တရနိကာယ်၊ ဒေါဏ ဗြာဟ္မဏ သုတ္တန်)

ရှေးဟောင်းပုဏ္ဏားတို့၏ သဘောက လွန်စွာ ပြန့်ပြော သည်။လွန်စွာဖြူစင်သည်။ ကြည်ညိုလေးမြတ်ဖွယ်ကောင်းသည်။ တကယ်တန်ဘိုးထားထိုက်ပါသည်။

ရှေးရှေးက ပုဏ္ဏားတို့ကား ပုဏ္ဏေးမကို သွားလာကြသည်။ ပုဏ္ဏေးမ မဟုတ်သူကို မသွားလာ။

ရှေးရှေးက ပုဏ္ဏားတို့ကား ရွှေ ငွေ စပါး မလိုလား။ ဥစ္စာ ပစ္စည်းမသိုမှီး။

ရှေးရှေးက ပုဏ္ဏားတို့ကား နံနက်စာ နံနက်ရှာ။ ညနေစာ ညနေမှာ ရှာစားကြသည်။

မည်မျှအလိုနည်းကြပါသနည်း။

မည်မျှ ရောင့်ရဲ လွယ်ကြပါသနည်း။

ဤအချက်ကို ဤသောဏဒဏ္ဍသုတ္တန်တ တစေ့တစောင်းဖော် ဆောင်သည်။ အရိပ်အခြည် မြွက်ဟသည်။

ပုဏ္ဏားဟူသည် သီလနှင့်။

ပုဏ္ဏားဟူသည် ပညာနှင့်။

ပုဏ္ဏား ဗြာဟ္မဏတိုင်းမှာ အကျင့်သီလကောင်းတွေ ထက် မြက်သော ဉာဏ်ပညာတွေကိုယ်စီကိုယ်စီ ရှိနေကြသည်။ ထိုသီလ

နှင့် ထိုပညာ နှစ်ပါးစုံ ပြည့်စုံမှလဲ ပုဏ္ဏား ဗြာဟ္မဏ စာရင်းထဲ ဝင်မည်။ သီလမရှိ။ ပညာနတ္တိဆိုလျှင်ကား အမည်ခံ ပုဏ္ဏား သာ ဟု ဗျာတိရေက အပြန်နည်းအရ မှတ်ချက်ချရသည်။

သောဏဒဏ္ဍပုဏ္ဏားသည် သီလ၏သဘော ပညာ၏သဘောတို့ ကို အကျယ်မသိသော်ငြား သာမန်မဟုတ်။ လိုလားအပ်သော အရည်အချင်းတွေနှင့် ပြည့်နေသူဖြစ်သည်။

မျိုးရိုးသန့်သည်။ စည်းစိမ်ဥစ္စာ ပေါသည်၊ ဝေဒကျမ်းကို ဆောင်သည်။ အဘိဓာန် နိဃဏ္ဍုကျမ်း၊ အလင်္ကာကေဋုဘ ကျမ်း၊ သဒ္ဒါ အက္ခရပ္ပဘေဒကျမ်း ငါးခုမြောက် ဣတိဟာ သကျမ်းနှင့်တကွ ဗေဒင်သုံးပုံ၌ တဘက်ကမ်းခတ် တတ်သည်။ ပဒကျမ်း ဗျာကရဏ်းကျမ်း မဟာပုရိသ လက္ခဏာကျမ်း တို့၌ လည်းအကြွင်းမဲ့။

သူ့ကိုယ်က ဗြဟ္မာနှင့်မခြား အလှန်ခန့်ညားသည်ဟုဆိုသည်။

စကားအရာ၌လည်း သောဏဒဏ္ဍကို မည်သူမျှမမှီ။ ချိုသာ သည်။ ပီသသည်။ သန့်ရှင်းသည်။ ကောင်းသောစကားကိုသာ ဆိုတတ်သည့် ပုဏ္ဏားဖြစ်သည်။

သောဏဒဏ္ဍသည် တပည့်များစွာတို့၏ ဆရာဖြစ်သည်။ ဆရာ့ ဆရာလည်းဖြစ်သည်။ ဗုဒ္ဓနှင့်တွေ့စဉ်မှာပင် လုလင်သုံးရာတို့ကို ဝေဒကျမ်းပို့ချဆဲ။

ဗုဒ္ဓနှင့် သောဏဒဏ္ဍ စာကြည့်လျှင် သောဏဒဏ္ဍသည်အိုပြီ။ ကြီးပြီ။ ရင့်ပြီ။ နောက်ဆုံးအရွယ်။

ဗုဒ္ဓကမူ နုနုငယ်ငယ်။

စမ္ပာမြို့၏မျက်နှာ ဂဂ္ဂရာရေကန်နားသို့ ဗုဒ္ဓကြွလာတဲ့သတင်း ကြားလျှင်ကြားခြင်း သွားသင့်မသွားသင့် ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်ချင့်သည်။ ဘယ်သူကဘယ်လိုတားတား ထည့်မစဉ်းစား။ နားမထောင်။ ကိုယ်ပိုင်ပြဿနာကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ကိုင်တွယ်သုံးသပ်ပြီး ဗုဒ္ဓထံ ချဉ်းကပ်ခဲ့သည်။ အတုယူစရာ တရပ်။

ဗုဒ္ဓက အသက်ငယ်၏။ သူက အသက်ကြီး၏။ တကယ်သော် အသက်သည် အရေအတွက်သာ။ အနှစ်အသားမဟုတ်။ အရွယ်သည်အရေအတွက်သာ၊ အနှစ်အသားမဟုတ်။ မိမိထက် အသက်ငယ်လို့ မသွားသင့်။ မိမိထက်အရွယ်နိမ့်လို့ မချဉ်းကပ်သင့်ဟုလုံးဝမတွက်။ ရိုသေရမည်။ လေးမြတ်ထိုက်ကလေးမြတ်ရမည် ဟူသော အဘိုးတန်အသိတွေလည်း သောဏဒဏ္ဍမှာ အပြည့်။ အတုယူဖွယ် လေးမြတ်ဖွယ်တရပ်။

သိလျှင်သိသည်။ မသိလျှင်မသိ။ အရှိကို အရှိအတိုင်းပင်။ ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံချန် သောဏဒဏ္ဍမှာ အသင့်။

ရိုးသားပွင့်လင်းသော သောဏဒဏ္ဍ၏ စိတ်ထားကို ဗုဒ္ဓက ဖော်ဆောင်သည့်အနေဖြင့် သီလ၏ အဓိပ္ပါယ်ကိုလည်း ဟောပြခဲ့ခြင်း။ ပညာ၏ အဓိပ္ပါယ်ကိုလည်း ဟောပြခဲ့ခြင်း။

သီလမှာ သုံးမျိုး။ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ။

စူဠသီလအုပ်စုတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မေထုန်ကျင့်ခြင်း၊ မုသားပြောခြင်း၊ ကုန်းချောခြင်း၊ ကြမ်းကြမ်းဆိုခြင်း၊ ပြိန်ဖျင်းစကားပြောခြင်း၊ နေလွဲညစာစားခြင်း

ပွဲသဘင်ကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ ရွှေငွေကိုင်ခြင်း စသည်တို့မှ ရှောင်ကြဉ်မှုများ ပါဝင်သည်၊

မဇ္ဈိမသီလအုပ်စုတွင် မျိုးစေ့ဖျက်ခြင်း၊ အပင်ဖျက်ခြင်း၊ သိုမှီခြင်း၊ ကစားခြင်း၊ မြင့်သောနေရာ၌နေခြင်း၊ မြတ်သောနေရာ၌နေခြင်း၊ လိမ်းခြယ်ဆင်ယင်ခြင်း၊ ဗိလာစကား ပြောခြင်း၊ အငြင်းပွားခြင်း၊ တမန်စေပါးခံခြင်း၊ လာဘ်ဆွယ်ခြင်းစသည်တို့မှ ရှောင်ကြဉ်မှုများ ပါဝင်သည်။

မဟာသီလအုပ်စုတွင် ဗိလာအတတ်ဖြင့် အသက်မွေးခြင်း၊ လက္ခဏာအတတ်ဖြင့် အသက်မွေးခြင်း၊ စစ်ပညာဖြင့် အသက်မွေးခြင်း၊ နက္ခတ်ပညာဖြင့် အသက်မွေးခြင်း၊ မိုးနှင့်ပတ်သက်သည့် လောကာယတ အတတ်ဖြင့် အသက်မွေးခြင်း၊ မန္တန်အတတ်ဖြင့် အသက်မွေးခြင်း၊ ဆေးကုခြင်းအတတ်ဖြင့် အသက်မွေးခြင်း စသည်တို့မှ ရှောင်ကြဉ်မှုများ ပါဝင်သည်။

သမဏ ဗြာဟ္မဏ ရဟန်း ပုဏ္ဏားဟူသည် ထိုထိုသီလတို့နှင့် ပြည့်စုံရမည့်အပြင် မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်။ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်လုံး လုံအောင် ပိတ်ရသည်။ အရာရာ စောင့်စည်း ထိန်းချုပ်ရသည်။

တက်ရာ ဆုတ်ရာ ကြည့်ရာ ကွေးရာ၌လည်း ဆင်ခြင်။ စားရာသောက်ရာ ကိုယ်လက်သန့်စင်ရာ၌လည်း ဆင်ခြင်။ လျှောင်းထိုင် ရပ် သွား ဣရိယာ ပုတ်လေးပါးလုံး၌လည်း ဆင်ခြင်။ အရာရာ သတိသမ္ပဇဉ် ယှဉ်ရမည်ဖြစ်သည်။

ထိုပြင် ကျေနပ်လျှင် စိတ်ချမ်းသာ။ စိတ်ချမ်းသာလျှင်သုခ။ သက်နိုး၍ရောင့်ရဲ။ ဆွမ်း၍ရောင့်ရဲ။ အသုံးအဆောင်၍ရောင့်ရဲ။ ရောင့်ရဲမှုတရား လက်ကိုင်ထားပါမှ သမဏ ဗြာဟ္မဏ ရဟန်း ပုဏ္ဏား။

ဗုဒ္ဓဟောသည့် ပညာ၏သရုပ်မှာ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်။ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ်တို့ဖြစ်သည်။

အတိုချုပ် အနှစ်ထုတ်ရသော်—

ထိုသီလပညာတို့နှင့် ပြည့်စုံမှ ဗြာဟ္မဏ ပုဏ္ဏား ဟူ၍။)

(၁၇)

## ဥဇ္ဇယ ပုဏ္ဏား

### သမ္မဒ္ဒါ–ရှစ်ပါး

-ဥဇ္ဇယ ပုဏ္ဏားမှာ ဂါဂုမ်းဆီထိ ပိတိစွန်လိုက်။
-ဘာကြောင့် ဤမျှ အကြည်ဆိုက်နေရပါလိမ့်။
-ဗုဒ္ဓထံပါး ဝပ်တွားနေသကိုး။
-ဗုဒ္ဓနှင့် ဝမ်းမြောက်ဖွယ်စကား ဆိုနေသကိုး။
-ဥဇ္ဇယသည် ဗုဒ္ဓနှင့် ရင်းနှီးခဲ့ပြီ။
-ထိုအခါ ဤစကားကို လျှောက်သည်၊

ဗုဒ္ဓ။ တပည့်တော် ခရီးသွားရပါဦးမည်။ မျက်မှောက်ဘဝ၌ ကြီးပွားရေး တမလွန်ဘဝ၌ ချမ်းသာရေး တရားတို့ကို ချီးမြှင့်တော်မူပါ။

ဥဇ္ဇယပုဏ္ဏား- လယ်ယာအလုပ်၊ အရောင်းအဝယ် ကုန်သွယ်အလုပ်၊ မင်းခစားအလုပ်။ ထိုထိုကောင်းသော အလုပ်တို့ဖြင့် အသက်မွေး၊ အလုပ်ကို ကျွမ်းကျင်ရမည်။ အလုပ်ကို မိုင်နိုင်ရမည်။ မပျင်းနဲ့။ ပြုလုပ်ရန်လည်းစွမ်း။ စီမံရန်လည်း စွမ်း။ ထထကြွကြွ လုံ့လရှိဖို့ အဓိက။ သို့မှ မျက်မှောက်ဘဝချမ်းသာကြီးပွားမည်။ (ဥဋ္ဌာနသမ္ပဒါ)

ဥဇ္ဇယပုဏ္ဏား- ထကြွလုံ့လရှိမှုကြောင့် ရသောပစ္စည်း၊ ချွေးဒီးဒီးကျအောင် ရှာမှီးမှုကြောင့် ရသောပစ္စည်း၊ တရားနှင့်အညီ လုပ်ဆောင်မှုကြောင့် ရသောပစ္စည်း။ ထိုပစ္စည်းတို့ကို အဘယ်ရန်သူမျိုးမှ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်လေ။ လုံခြုံစေ။ သို့မှ မျက်မှောက်ဘဝ ချမ်းသာကြီးပွားမည်။ (အာရက္ခသမ္ပဒါ)

ဥဇ္ဇယပုဏ္ဏား- ကြီးသော ငယ်သော မရွေးရ။ ကိုယ်ကျင့်ကောင်းသူ၊ သဒ္ဓါတရားရှိသူ၊ သီလရှိသူ၊ ပညာရှိသူ၊ ဒါနဝါသနာပါသူ တို့နှင့် အတူနေ အတူသွား။

အကျင့်ကောင်းသူကို အတုယူပြီး မိမိလဲ အကျင့်ကောင်းသူဖြစ်အောင် ကြိုးစား။

သဒ္ဓါ တရားရှိသူကို အတုယူပြီးမိမိလဲ သဒ္ဓါ တရားရှိသူအဖြစ်အောင်ကြိုးစား။

သီလရှိသူကို အတုယူပြီး မိမိလဲ သီလ ရှိသူဖြစ်အောင်ကြိုး
စား။

ပညာရှိသူကို အတုယူပြီး မိမိလဲ ပညာရှိသူဖြစ်အောင် ကြိုး
စား။

ဒါနဝါသနာပါသူကို အတုယူပြီး မိမိလဲဒါန ဝါသနာပါ
သူဖြစ်အောင် ကြိုးစား။

အတုယူစရာ မိတ်ကောင်းဆွေကောင်း ရှိပါစေ။ သို့မှ
မျက်မှောက်ဘဝ ကြီးပွားချမ်းသာမည်။ (ကလျာဏမိတ္တ
သမ္ပဒါ)

ဥဇ္ဇယပုဏ္ဏား–ချိန်ခွင်ကိုင်သည် ချိန်ခွင်အနေအထားကိုကြည့်ပြီ
အနိမ့် အမြင့် သိသလို မိမိ၏ ဝင်ငွေ ထွက်ငွေကို သိဖို့
လိုသည်။

ဝင်ငွေနှင့် ထွက်ငွေ မနည်းလွန်း မများလွန်း မျှတ
အောင် အသက်မွေး။

ဝင်ငွေနည်းပါးလျက် အသုံးအဖြုန်း မကြီးရ။ ဝင်ငွေ
များပါလျက် ညှိုးညှိုးငယ်ငယ်လဲ မသုံးရ။

ဝင်ငွေနှင့် ထွက်ငွေ အချိုးညီညီ ရှိစေ။ သို့မှ မျက်
မှောက်ဘဝ ကြီးပွား ချမ်းသာမည်။ (သမဇီဝိတာ)

ဥဇ္ဇယပုဏ္ဏား–ဤနေရာ၌ စကားတရပ်ညှပ်၍ ဟောဦးမည်။

– မိန်းမလိုက်စားသူ၊ သေသောက်ကြူးသူ၊ အလောင်း
အစားဘက်သူ၊ မိတ်ဆွေယုတ်နှင့် ပေါင်းသူ၊ ဤလူ
စားတွေ မကြီးပွား။ ရပြီးစည်းစိမ်မတည်။ မကြာ
မီ ပျက်စီးမည်။

မိန်းမ မလိုက်စား၊ သေသောက်မကြူး၊ အလောင်းအစားမဘက်၊ မိတ်ကောင်းနှင့်ပေါင်းသူ။ ဤလူစားမျိုးမှ တိုးပွားသည်။ ရပြီးစည်းစိမ် တည်၍ ချမ်းသာ ရှည်မည်။

ဥဇ္ဇယပုဏ္ဏား-သင့်မေးခွန်းပြန်ဆက်မည်။ တမလွန်ချမ်းသာရေးဟောမည်။

ဥဇ္ဇယပုဏ္ဏား-သဒ္ဓါတရားရှိ။ ဗုဒ္ဓဂုဏ်တော်တို့ကို ယုံကြည်။ သို့မှ တမလွန်၌ ချမ်းသာမည်။ (သဒ္ဓါ သမ္ပဒါ)

ဥဇ္ဇယပုဏ္ဏား-သူ့အသက် မသတ်နဲ့။ သူ့ဥစ္စာ မခိုးနဲ့။ သူ့သားမယား မပြစ်မှားနဲ့။ မုသား မပြောနဲ့။ မူးယစ်ဆေးဝါး မသုံးနဲ့။ သီလစောင့်။ ငါးပါးသီလကို လုံစေ။ သို့မှ တမလွန်၌ ချမ်းသာမည်။ (သီလသမ္ပဒါ)

ဥဇ္ဇယပုဏ္ဏား-လွတ်လွတ်စွန့်ကြဲသည်။ စွန့်ကြဲမှု၌ပျော်ပိုက်သည်။ လွတ်လွတ် ပေးကမ်းသည်။ ပေးကမ်းမှု၌နှစ်ခြိုက်သည်။ မစ္ဆရိယအညစ်အကြေး ကင်းကင်း။ စာဂသက်သက် ဖြင့်သန့်သန့်ရှင်းရှင်း အိမ်ကိုစိုးအုပ်နေ။ သို့မှ တမလွန်၌ချမ်းသာမည်။ (စာဂသမ္ပဒါ)

ဥဇ္ဇယပုဏ္ဏား။ ရုပ်ကိုသိသည်။ နာမ်ကိုသိသည်။ အဖြစ်အပျက်ကို ထွင်းဖောက်နိုင်သည်။ နိဗ္ဗာန်ရောက်ကြောင်း တရားကိုမြင်သည်။ ပညာကြီးပါစေ။ သို့မှ တမလွန်၌ ချမ်းသာမည်။ (ပညာသမ္ပဒါ)

(ဤ) **ဥဇ္ဇယဆုံတွန်း**ကိုလေ့လာလျှင်........
ဝိနည်းဒေသနာက ကရုဏာ ပြဋ္ဌာန်းသည်။ အဘိဓမ္မာဒေသနာက ပညာပြဋ္ဌာန်းသည်။ သုတ္တန်ဒေသနာက ကရုဏာ ပညာနှစ်ပါးစုံပြဋ္ဌာန်းသည်။ တနည်းဆိုရသော် ဗုဒ္ဓသည် ကရုဏာနှင့် ပညာကို ရှေ့သွားမူ၍ သုတ္တန်ဒေသနာကို ဟောတော်မူခဲ့ခြင်းဟု အဓိပ္ပါယ် ဖွင့်ရပါမည်။

ထပ်ဆင့်၍လဲ ဗုဒ္ဓသည် ဝိနည်းဒေသနာကိုအဘိဓမ္မာဒေသနာတို့၌ သတ္တဝါ ဝေနေယျတို့၏ အကြိုက်သို့ မလိုက်သော်ငြား သုတ္တန်ဒေသနာတော်၌ကား သတ္တဝါတို့၏ အလိုအကြိုက် လိုက်တော်မူလျက် အနာနှင့်ဆေး ကိုက်အောင်ပေးကာ တရားထူးကို ရပိုင်စေခဲ့သည် ဟုလဲ အဓိပ္ပါယ် ကောက်နိုင်ပါသေးသည်။

ဥဇ္ဇယပုဏ္ဏားသည် သမ္မာဒိဋ္ဌိ အမြင်မှန်ရှိသူ ဖြစ်သည်။ဘဝကိုလဲ လက်ခံသည်။ သံသယကိုလဲလက်ခံသည်။ ဤဘဝရှိသလို နောက်ဘဝရှိသည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သည်။

ဤဘဝ ကြီးပွားအောင် ဘာတွေလုပ်ရမလဲ။ နောက်ဘဝချမ်းသာအောင် ဘာဇတွေလုပ်ရမလဲ။ ဘဝသံသရာ ကြီးပွားချမ်းသာချင်သည့် ဆန္ဒဓာတ်တွေ သူ့မှာ အပြည့်။

သို့ကြောင့် ဗုဒ္ဓနှင့်တွေ့ခိုက် အခါန်ကိုတန်ဘိုးရှိရှိ အသုံးချလိုက်ခြင်း။ ဗုဒ္ဓကို မေးလျှောက်ခဲ့ခြင်း။

လူရှိသည်။ နတ်ရှိသည်။ ဗြဟ္မာရှိသည်။ လူမှာလဲ တောင်ကျွန်းသူ မြောက်ကျွန်းသူ စသည်ဖြင့် များစွာ။

မြောက်ကျွန်းသူက တောင်ကျွန်းသူနှင့် တာဝတိံသာနတ်တို့ထက်တပ်မက်မှု တဏှာ မရှိခြင်း၊ ငါ့ပစ္စည်းဟု သိမ်းဆည်းမှု

မရှိခြင်း၊ သက်တမ်း နှစ်တစ်ထောင်မြဲခြင်း၊ ဂုဏ်သုံးမျိုးတို့ဖြင့် သာသည်။

တောင်ကျွန်းသူတို့က မြောက်ကျွန်းသူနှင့် တာဝတိံသာ နတ်တို့ထက် ရဲစွမ်းသတ္တိရှိခြင်း၊ သတိခိုင်မြဲခြင်း၊ အကျင့်မြတ် မဂ္ဂင်ရှစ်ပါးကို ကျင်သုံးရခြင်း၊ စွမ်းအင်သုံးမျိုးတို့ဖြင့် သာသည်။

တာဝတိံသာနတ်တို့ကတောင်ကျွန်းသူနှင့် မြောက်ကျွန်းသူ တို့ထက် နတ်အသက်၊ နတ်အဆင်း၊ နတ်ချမ်းသာ။ ထိုစွမ်း ရည် သုံးမျိုးတို့ ဖြင့်သာသည်။

ဇမ္ဗူဒိပ်တောင်ကျွန်းသူ ဖြစ်ဖို့မလွယ်။ ဥတ္တရကုရုမြောက် ကျွန်းသူ ဖြစ်ဖို့ မလွယ်။ တာဝတိံသာနတ်ဖြစ်ဖို့မလွယ်။ လူ့ ချမ်းသာ နတ်ချမ်းသာဟူသည် ရခဲဘိတောင်း။ ဤအကြောင်း ကိုလဲ ဥဇ္ဇယ ပုဏ္ဏား နားလည်ထားသည်။

ဗုဒ္ဓက ဥဇ္ဇယပုဏ္ဏားအား ဟောပြထားသည့် သမ္ပဒါတို့မှာ ဤဘဝအတွက် လေးပါး။ နောက်ဘဝအတွက် လေးပါး။ ပေါင်းရှစ်ပါးဖြစ်သည်။

ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ ကလျာဏ မိတ္တသမ္ပဒါနှင့် သမဇီဝိတာ၊ ဤလေးချက်သည် ဤဘဝအတွက်။

သဒ္ဓါသမ္ပဒါ၊သီလသမ္ပဒါ စာဂသမ္ပဒါနှင့်ပညာသမ္ပဒါ။ ဤ လေးချက်သည် သံသရာအတွက်။

ဥဋ္ဌာနသမ္ပဒါဟူသည်ဝီရိယစိုက်ထုတ်မှုဖြစ်သည်။ဘဝအတွက် သမ္ပဒါလေးချက်တွင် ဥဋ္ဌာနသမ္ပဒါကို ဘာ့ကြောင့်များပထမ ထား ဟောရပါလိမ့်။

အဖြေမှာ— ....။

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံဟု ဘုံသုံးမျိုးရှိသည်။ ကံဉာဏ် ဝိရိယ ဟု တရား သုံးမျိုးရှိသည်။

ဗြဟ္မာ့ဘုံက ဉာဏ်ခရီး ဖြစ်သည်။ ဉာဏ်ဖြင့် တက်ရသည်။ ဉာဏ်ရှေ့သွားမှုမှ ဗြဟ္မာ့ဘုံရောက်မည်။

နတ်ဘုံက ကံခရီး ဖြစ်သည်။ ကံဖြင့်တက်ရသည်။ ကံကြီးကြီးသလောက် နတ်စည်းစိမ်ကို ရမည်။

လူ့ဘုံကမူ ဝိရိယကို ပဓာနမှူးရသည်။ အလုပ်လုပ်လေ ကြီးပွားလေ။ ဇွဲထုတ်လေအောင်မြင်လေ။ ဝိရိယရှိ ရှိသလောက် လူ့ချမ်းသာကို ရမည်။ လူ့ဘုံက ဝိရိယဘုံဖြစ်သဖြင့် ဝိရိယ ဥဋ္ဌာနသမ္ပဒါကို ပထမ မိန့်တော်မူခဲ့ခြင်း။

သဒ္ဓါ သမ္ပဒါ ဟူသည် ယုံကြည်မှု နှင့်ပြည့်စုံခြင်းဖြစ်သည်။ သံသရာအတွက် သမ္ပဒါလေးချက်တွင် သဒ္ဓါသမ္ပဒါကို ဘာ့ကြောင့်များ ပထမထားဟောရပါလိမ့်။

အရာရာသဒ္ဓါက ဦးဆောင်သည်။ ရတနာသုံးပါး၏ဂုဏ်ကို တကယ်သက်ဝင်ယုံကြည်မှုဒါနကိစ္စပြီးသည်။ သီလကိစ္စပြီးသည်။ ဘာဝနာကိစ္စပြီးသည်။ သဒ္ဓါသည် လက်။ သဒ္ဓါသည် အဓိက အချက်။ သို့ကြောင့် သဒ္ဓါကို ခေါင်းဆောင်တင်ရခြင်း- -။

# ဝေဠုဒ္ဒါရရွာသားပုဏ္ဏားများ

## သူတော်တရား ခုနစ်ပါး

ဝေဠုဒ္ဒါရရွာမှာ ဝမ်းသာမိုးရွာနေသည်။ တရွာလုံး ပျော်မဆုံး။ မော်မဆုံး။

"ဗုဒ္ဓ ဝေဠုဒ္ဒါရ ရွာ ကြွမလို့တဲ့" ဟူသော ရွှေတော်ပြေးသတင်းက အုံတ်အော်သောင်းတင်း။

အချင်းတို့ အချင်းတို့ တအိမ်တက် တအိမ်ဆင်းခေါ်ကြသည်။ ပျော်ကြသည်။

ကြီးကြီးငယ်ငယ် ရွယ်ရွယ် လတ်လတ်။ ရွှေ့တော်မှာ ပြည့်ကြပ်နေပါသည်။ ဗုဒ္ဓအား ဝပ်တွား၊ ဝမ်းသာစကား ပြောသူ

က ပြော။ တရားဟောရန် တောင်းပန်သူကတောင်းပန်။ ခေါင်းဆောင် ပုဏ္ဏားကြီးတို့ကမူ ဤစကားကိုလျှောက်သည်။

ဗုဒ္ဓ။ (၁)ကျွန်ုပ်တို့သည် သားမယားတို့နှင့် အတူ ကျဉ်းမြောင်းသောအိမ်မှာပင် နေလိုကြသည်။
(၂)ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင်လိုကြသည်။
(၃)ပန်းနံ့သာ ခြယ်သလိုကြသည်။
(၄)ရွှေငွေကို မက်မောကြသည်။
(၅)နောက်ဘဝ နတ်ပြည်ရောက်လိုကြသည်။
ထိုဆန္ဒ ပြည့်ဝစေနိုင်မည့် တရားဓမ္မကို ချီးမြှင့်တော်မူပါ။

ပုဏ္ဏားတို့-နာကြလော့။ ဟောမည်။ ဆန္ဒအပြည့် ဖြည့်မည်။ ဤခုနစ်ချက်ကိုသာ အသက်ထက်ဆုံးဆောင်။

ပုဏ္ဏားတို့-သူတပါးက ငါ့ကိုသတ်လျှင်ငါမကြိုက်။ ငါကသူတပါးကိုသတ်လျှင် သို့မဟုတ် အသတ်ခိုင်းလျှင် သူတပါးကလဲ မကြိုက်။ သို့ပါလျက် မိမိသူတပါး မနှစ်သက်သည့် အမှုမျိုးကို ဘာလို့ ပြုအံ့နည်း။ အရိယာတပည့်က ဤသို့ ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် အသက်ကို ကိုယ်တိုင်လဲ မသတ်နှဲ့။ သူတပါးကိုလဲအသတ်မခိုင်းနှဲ့။ ရှောင်ကြ။ [၁]

ပုဏ္ဏားတို့-သူတပါးက ငါ့ပစ္စည်းခိုးလျှင်ငါမကြိုက်။ ငါကသူတပါးပစ္စည်းခိုးလျှင် သို့မဟုတ် အခိုးခိုင်းလျှင် သူဘာပါးကလဲ မကြိုက်။ သို့ပါလျက် မိမိသူတပါး မနှစ်သက်

သည့် အမှုမျိုးကို ဘာလို့ပြုအံ့နည်း။ အရိယာ တပည့်က ဤသို့ ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် သူ့ဥစ္စာကို ကိုယ်တိုင်လဲ မခိုးနဲ့။ သူတပါးကိုလဲ အခိုး မခိုင်းနဲ့။ ရှောင်ကြ။ [၂]

ပုစ္ဆာ။ ။တို့-သူတပါးက ငါ့သားမယားကို ပြစ်မှားလျှင် ငါမှ ကြိုက်။ ငါကသူ တပါးသားမယားကို ပြစ်မှားလျှင် သို့မဟုတ် ပြစ်မှားခိုင်းလျှင် သူတပါးကလဲ မကြိုက်။ သို့ပါလျက် မိမိ သူတပါးမနှစ်သက်သော အမှုမျိုးကို ပြုအံ့နည်း။ အရိယာတပည့်က ဤသို့ ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် သူတပါးသားမယားကို ကိုယ်တိုင်လဲ မပြစ်မှားနဲ့ သူတပါးကိုလဲ ပြစ်မှားမခိုင်းနဲ့။ ရှောင်ကြ။ [၃]

ပုစ္ဆာ။ ။တို့-သူတပါးက ငါ့အား မုသားစကားပြောလျှင် ငါမ ကြိုက်။ ငါကသူတပါးကို မုသားစကား ပြောလျှင် ငါမကြိုက်။ ငါကသူတပါးကို မုသားစကားပြောလျှင် သို့မဟုတ် အပြောခိုင်းလျှင် သူတပါးကလဲ မကြိုက်။ သို့ပါလျက် မိမိ သူတပါးမနှစ်သက်သော စကားမျိုးကို ဘာလို့ပြောအံ့နည်း။ အရိယာတပည့်က ဤသို့ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် ကိုယ်တိုင်လဲ မုသားမပြောနဲ့။ သူတပါးကိုလဲ အပြောမခိုင်းနဲ့။ ရှောင်ကြ။ [၄]

ပုစ္ဆာ။ ။တို့-သူတပါးက ငါ့အား ကုန်းစကားပြောလျှင် ငါမ ကြိုက်။ ငါက သူတပါးကို ကုန်းစကားပြောလျှင် သို့မ

ဟုတ် အပြောခိုင်းလျှင် သူတပါးကလဲ မကြိုက်။ သို့ပါလျက် မိမိ သူတပါးမနှစ်သက်သော စကားမျိုးကို ဘာလို့ပြောအံ့နည်း။ အရိယာတပည့်က ဤသို့ ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် ကိုယ်တိုင်လဲ ကုန်းမချောနှဲ့။ သူတပါးကိုလဲ ကုန်းချောမခိုင်းနှဲ့။ ရှောင်ကြ။ [၅]

ပုဏ္ဏားတို့–သူတပါးက ငါ့အား ရိုင်းရိုင်းပျပျပြောလျှင် ငါမကြိုက်။ ငါက သူတပါးကို ရိုင်းရိုင်းပျပျပြောလျှင်သို့မဟုတ် အပြောခိုင်းလျှင် သူတပါးကလဲမကြိုက်။ သို့ပါလျက် မိမိ သူတပါး မနှစ်သက်သော စကားမျိုးကို ဘာလို့ ပြောအံ့နည်း။ အရိယာတပည့်က ဤသို့ ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် ကိုယ်တိုင်လဲ ရိုင်းရိုင်း ပျပျ မပြောနှဲ့။ သူတပါးကိုလဲ မပြောစေနှဲ့။ ရှောင်ကြ။ [၆]

ပုဏ္ဏားတို့–သူတပါးက ငါ့အား အပေါစား ပြိန်ဖျင်းစကား ပြောလျှင် ငါမကြိုက်။ ငါက သူတပါးကို ပြောလျှင် သို့မဟုတ် အပြောခိုင်းလျှင် သူတပါးကလဲ မကြိုက်။ သို့ပါလျက် မိမိ သူတပါးမနှစ်သက်သော စကားကို ဘာလို့ ပြောအံ့နည်း။ အရိယာ တပည့်က ဤသို့ ဤသို့ ဆင်ခြင်သည်။ သို့ကြောင့် ကိုယ်တိုင်လဲ အပေါစကား မပြောနှဲ့။ သူတပါးလဲ အပြောမခိုင်း ။ရှောင်ကြ။ [၇]

ပုဏ္ဏားတို့-နောက်ဆုံးနိဂုံးဟောတော့မည်။ အရိယာတပည့်သည် ရတနာ သုံးပါး၌ မတုန်လှုပ် ကြည်ညိုသည်။ သဒ္ဓါ တောင့်သည်။ ခိုင်သည်။ သူတော်စဉ်တို့ နှစ်သက်ကြသည့် သီလ

နှင့် ပြည့်စုံသည်။ ဤတော်ကောင်းတရား ခုနစ်ပါး စောင့်သဖြင့် အလိုရှိခဲ့သော် ထို လိုလားအပ်သော အကြောင်းတို့နှင့် ပြီးပြည့်ပြီး အပါယ်တံခါးပိတ် သောတာပန် အရိပ်အောက် ရောက်ပြီး ငါ သောတာပန်ဖြစ်ပြီဟု ပြောကြားနိုင်ပါသည်။

သာဓု သာဓု သာဓု။

ပုဏ္ဏားတို့က သာဓု နှုမော် ခေါ်တည်။ ကိုယ်စီ ကိုယ်စီ ဥပါသကာအဖြစ် ခံယူလိုက်ကြသည်။

(ဝေဠုဒွါရေယျသုတ္တန်ကို လေ့လာလျှင်....

တိုင်းကြီး ၁၆တိုင်း အနက် ကောသလသည်တတိုင်းအပါ အဝင် ဖြစ်သည်။

ဗုဒ္ဓသည် ဝေနေယျတို့အား အမြိုက်ရေစင် ဖျန်းရန် ဒေသစာရီ ကြွချီသည်။ ကောသလတိုင်းမှ မလ္လတိုင်း၊ မလ္လတိုင်းမှ ဝဇ္ဇီတိုင်း၊ ဝဇ္ဇီတိုင်းမှ ကာသိတိုင်း၊ ကာသိတိုင်းမှ မဂဓ တိုင်း၊ တိုင်းနှင့်ပြည့်နယ်အနှံ့ လှည့်သည်။ ဤသုတ္တန်သည် ကောသလတိုင်းတခွင် လှည့်လည်စဉ်ဖြစ်သည်။ ဝေဠုဒွါရရွာက ကောသလတိုင်းထဲမှာ အပါအဝင်။

ဆိုလိုသည်မှာ မိမိတို့တိုင်း မိမိတို့ရွာ မိမိတို့ဒေသ ဗုဒ္ဓကြွလာတော့မည် ကြွလာပြီ ဆိုလျှင် ပျော်မဆုံးနိုင်ကြ။ ပြန်ကြွပြီ အခြားတိုင်းသို့ ဒေသစာရီ ပြောင်းသွားပြီဆိုလျှင် များစွာယူကျုံးမရနိုင်ကြ။ ဗုဒ္ဓနှင့်နီးလေ ဝမ်းသာသော။ ဗုဒ္ဓနှင့်ဝေးလေ

ဆွေးလေ။ ထိုပရိသတ်တွေထဲမှာ ဝေဠုဒ္ဒါရုရွာက ပုဏ္ဏားတွေလည်း ပါသည်။

အိမ်ရာတည်ထောင်လူ့ဘောင်၌နေခြင်းသည် ကျဉ်းမြောင်း၏။ ကိလေသာ မြူထရာ ခရီးနှင့် တူ၏။ ရဟန်း၏ အဖြစ်သည် လွင်ပြင်နှင့် တူ၏ ဟု ဒေသနာတော် တရပ်ရှိသည်။ဗုဒ္ဓက လက်သမားဆရာကြီးတို့အား ထပတိသုတ္တန်ဟူသော အမည်ဖြင့် ဟောခဲ့ဘူးသည်။

ရှိစေ။ ပုထုဇဉ်ဟူသည် အကြိုက်ကိုယ်စီ။ တဦး၏ ဆန္ဒနှင့် တဦးဆန္ဒ တူမျှခဲသည်။ မဟုတ်လော။ အချို့က အိမ်မှာပင် တရားအလုပ်လုပ်သည်။ အချို့က တောတောင်သွား၍ တရားထိုင်သည်။ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ပုတ္တာဒါရသာ-သင်္ဂဟော မင်္ဂလာတော်ကရှိပါသေးသကော။ ကိုယ်ဖြင့်ကောင်းတာလုပ်ဖို့ နှုတ်ဖြင့် ကောင်းတာပြောဖို့၊ စိတ်ဖြင့် ကောင်းတာကြံဖို့သာ အဓိက ဟု ဝေဠုဒ္ဒါရုပုဏ္ဏားတို့ ယူဆကြဟန်။

သူတို့အယူကား သင့်သောအယူ ဖြူသောနှလုံး သူတော်ထုံးပင် ဖြစ်သည်။

သို့ကြောင့်လည်း ပုဏ္ဏားတို့အကြိုက် လိုက်ဖက်သည့် ဒေသနာတော်ကို ဟောခဲ့ခြင်း။ ကာယ ဒုစရိုက်သုံးပါး။ ဝစီ ဒုစရိုက်လေးပါးတို့ကို ရှောင်။ ထိုသီလကို အသက်ထက်ဆုံးဆောင်မိန့်ခဲ့ခြင်း။

သူတော်ကောင်းတရား ခုနစ်ပါးဟူသည် ဤ၌ သူ့အသက်မသတ်။ သူ့ဥစ္စာမခိုး။ သူ့သားမယား မပြစ်မှား။ မုသား

မပြော။ ကုန်းမချော။ နှုတ်မကြမ်း။ စကားဖျင်းမဆို။ ထိုခုနစ်မျိုးဖြစ်သည်။

ကာယဒုစရိုက် သုံးပါး လုံသဖြင့် ကိုယ်ကျင့်ကောင်းသူဖြစ်ပြီ။ ဝစီ ဒုစရိုက် လေးပါးလုံသဖြင့် နှုတ်ကျင့်ကောင်းသူ ဖြစ်ပြီ။လောဘစွန်းလည်းမထွက်။ ဒေါသစွန်းလည်းမထွက်။မောဟစွန်းလည်းမထွက်။သူတော်စင်စာရင်းထဲ သက်ဝင်လေတော့ပြီ။

သောတာပန်ဟူသည် ငရဲ ပဋိသန္ဓေကုန်၊ တိရစ္ဆာန်ပဋိသန္ဓေကုန်၊ ပြိတ္တာပဋိသန္ဓေကုန်၊ အပါယ်ပဋိသန္ဓေ ကုန်သူဖြစ်သည်။

ထိုသောတာပန် အဆင့်ရောက်အောင် သီလလှေကားထောင်ပြီး တက်ရသည်။

သီလရှိမှ စိတ်နှလုံး ရွှင်ပြုံးသည်။
စိတ်နှလုံးရွှင်ပြုံးမှ ဝမ်းသာဝမ်းမြောက် ဖြစ်သည်။
ဝမ်းသာဝမ်းမြောက်မှ နှစ်သက်မှု ပီတိဖြစ်သည်။
ပီတိဖြစ်မှ ကိုယ်စိတ် ငြိမ်းအေးသည်။
ကိုယ်စိတ် ငြိမ်းအေးမှ ချမ်းသာသုခ ရသည်။
ချမ်းသာသုခရှိမှ တည်ကြည်မှု သမာဓိပိုင်သည်။
သမာဓိတည်မှ ယထာဘူတကျကျသိသည်။
သထာဘူတကျကျသိမှ ငြီးငွေ့သည်။
ငြီးငွေ့မှ စွဲမက်မှုကင်းသည်။

စွဲမက်မှုကင်းမှ လွှတ်မြောက်ရာကိုရှာ။
လွှတ်မြောက်ရာကိုရသည်။

ဤသုတ္တန်၌ သီလ၏ စွမ်းအင်တို့ကို အစဉ်အတိုင်းမပြ။ သောတာပန်အဆင့်မှာပင် ရပ်ထားကြောင်း။)

(၁၉)

## ဂေါပက မောဂ္ဂလာန်ပုဏ္ဏား

### ကြည်ညိုဖွယ် ဆယ်ပါး

ပစ္စုပ္ပန်ရင်တားကိုလည်း မြဲမြဲမြံမြံ။ မြို့ရိုး တံတိုင်းကိုလည်း မြဲမြဲမြံမြံ။ သူရဲခို သူရဲပြေးတို့ပါ မကျန်။ အားလုံး တောင့်တောင့်တင်းတင်းရှိစေ။

'ဘုရင် အဇာတသတ်က ကျေညာသည်။ ခမျာမှာ စန္ဒပဇ္ဇောတမင်း၏ ရန်မီးတောက်ကြောင့် စိုးရိမ်မကင်း ကြောင့်ကြခြင်းကြီးစွာ ဖြစ်နေရှာသည်။

ထိုအချိန်....။

အရှင်အာနန္ဒာသည် ဂေါပက မောဂ္ဂလာန်ပုဏ္ဏားထံ သွားသည်။ သူ့အလုပ်ခွင် ဝင်သည်။

ဂေါပကမောဂ္ဂလာန်က ပျာပျာသလဲ။ မြင်လျှင်မြင်ခြင်း ရှိခိုးဦးတင်ပြုသည်။

အရှင်အာနန္ဒာ ကြွတော်မူပါ။ အရှင်၏ ကြွလာတော်မူခြင်းသည် လွန်စွာ ကောင်းမြတ်ပါပေသည်။ တပည့်ထံကြွလာဖို့ရန် အလှည့်ကို ကြာမြင့်မှပင် ပြုတော်မူပါသည်။ နေရာကို ခင်းထားပါသည်။ အရှင်အာနန္ဒာ ကိုင်တော်မူပါ။

အရှင်အာနန္ဒာက အမြင့်မှ။
ဒကာ ပုဏ္ဏားက အနိမ့်မှ။

ခွင့်ပြုတော်မူပါ။ မရှင်းသော အရာတို့ကို မေးလျှောက်ပရစေ။ ခွင့်ပန်သည်။

အရှင်အာနန္ဒာ– ဗုဒ္ဓသည် ပုဇော်အထူးကို ခံယူတော် မူထိုက်သော ဂုဏ်ရှိသည်။ တရားဓမ္မတို့နှင့် ပြည့်စုံသည်။ဗုဒ္ဓလို တရားဓမ္မတို့နှင့် ပြည့်စုံသည့် အခြားရဟန်းတပါးတလေ များ ရှိပါသလား။

ဒကာပုဏ္ဏား– ဗုဒ္ဓသည် မဂ်လမ်းကို သိတော်မူသည့် မဂ္ဂညူ။ ဗုဒ္ဓသည် မဂ်လမ်းကို ထင်ထင်ရှားရှား သိတော်မူသည့် မဂ္ဂဝိဒူ။ ဗုဒ္ဓသည် မဂ်လမ်းကို ကျွမ်းကျင်တော်မူသည့် မဂ္ဂကောဝိဒ ဖြစ်သည်။

ဒုကာပုဏ္ဏား – ယခုအခါ ရဟန်းတော်တို့ကား မဂ်လမ်းသို့ အစဉ် လိုက်နေကြသည်။ နောင် အခါ မဂ်နှင့် ပြည့်စုံ လျက်သာ နေကြမည်။

ဒုကာပုဏ္ဏား– ဗုဒ္ဓလို ဓမ္မဉာဏ် ပြီးပြည့်စုံသည့် အခြားရဟန်း တပါးမျှမရှိ။

ဤသို့မိန့်အပြီး ရှေ့ဆက်ဟောမည်အပြု ဝဿကာရပုဏ္ဏား ရောက်လာသည်။

အရှင်အာနန္ဒာအား ဝပ်တွားသည်။ ဝမ်းမြောက် ဖွယ် အမှတ်ရဖွယ် စကားတို့ကို ဆိုသည်။ လက်အုပ်ချီမိုး ရှိခိုးရင်း "အဘယ်စကားဖြင့် စုဝေးနေကြပါသလဲ။မပြီးမပြတ် ရပ်ထား သောစကားကဘာပါလဲ" မေးလျှောက်သည်။

ဒီလို–ဒီလိုပင်။ မောဂ္ဂလာန်ပုဏ္ဏား၏ အမေးနှင့် သူ့အဖြေ ကို အရှင်အာနန္ဒာက ပြန်ပြောသည်။

သို့ဖြင့် ....

ကျွန်ုပ်ဝဿကာရ မေးခွန်းဆက်ပါရစေ။

အရှင်အာနန္ဒာ-ဤရဟန်းကို ငါ့ကိုယ်စားဆည်းကပ်။ ဤရဟန်း ကို ငါ့ကိုယ်စား ဆည်းကပ်။ ဤရဟန်းကို ငါ့ကိုယ်စား ကိုးကွယ်ဟု ဗုဒ္ဓညွှန်ခဲ့သော ရဟန်း တပါးတလေများ ရှိပါသလား။

ဝဿကာရ– နတ္ထိ။ တပါးမျှ မရှိ။

အရှင်အာနန္ဒာ– ဒါဖြင့်ရင် သံဃာက သမုတ်ပေး။ မြောက်ထားတင်ထားသည့် မထေရ်ကြီးရဟန်း တပါးဘလေများ ရှိပါသလား။

ဝဿကာရ– တပါးမျှ မရှိ။ နတ္ထိ။

အရှင်အာနန္ဒာ- သို့ပါလျက် ရဟန်းတော်တွေ ဘာ့ကြောင့် ညီညွတ်နေရသလဲ။

ဝဿကာရ– တို့မှာ။ ကိုးကွယ်စရာမရှိ၊ မဟုတ်။ ရှိသည်။ ဆည်းကပ်စရာမရှိ မဟုတ်။ ရှိသည်။ တရားတော်သည် ကိုးကွယ်ရာ ဆည်းကပ်ရာ ဖြစ်သည်။

ဝဿကာရ– ဗုဒ္ဓက သိက္ခာပုဒ်တို့ကို ပညတ်တော်မူခဲ့ပြီး။ ပါတိမောက်ပြဖို့ ညွှန်းခဲ့ပြီး။ ၁၅ရက်တကြိမ် ပါတိမောက်ပြကြသည်။ စည်းစည်းရုံးရုံး ညီညီညွတ်ညွတ်ဖြင့် ရွတ်ကြသည်။ အာပတ်ရှိသော် ပျောက်အောင် ဖျောက်ခြင်းစသည်တို့ကို ထေရ်ကြီး ဝါကြီး ရဟန်းတော်ကြီးတွေက ပြုစေသည်မဟုတ် ဗုဒ္ဓ၏ တရားတော်က ပြုစေခြင်းသာ။

အရှင်အာနန္ဒာ- အကျယ်ခဲ့ျ၍ မိန့်ပါဦး။ ကြည်ညိုဖွယ် တရားတို့ကို ဆက်ပါဦး။

ဝဿကာရ–ကြည်ညိုဖွယ်တရားတို့ ဆယ်ပါး ရှိသည်။

၁။ ရဟန်းသည် သီလနှင့်ပြည့်စုံသည်။ ပါတိမောက္ခသံဝရသီလကို ထိန်းသည်။ အပြစ်နည်းနည်းလေးကိုပင် ဘေး

ဟု ရှုသည်။ သိက္ခာပုဒ်ကို ရိုရိုသေသေ ဆောက်တည်သည်။

၂။ အကြားအမြင်များသည်။ အကြားအမြင် စုဆောင်းသည်။ တရားတော်ကို များများ ကြားဖူး နာဖူးသည်။ နှုတ်ဖြင့် ဆောင်ထားသည်။ စိတ်ဖြင့် ဆင်ခြင်သည်။ ပညာဖြင့်လည်း ထိုးထွင်းသိသည်။

၃။ ဆွမ်း သင်္ကန်း ကျောင်း ဆေး။ ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲ လွယ်သည်။

၄။ မျက်မှောက်၌ ချမ်းချမ်းသာသာ နေရသည့် စျာန်လေးပါးကို အလိုရှိတိုင်း ရသည်။ မငြိုမငြင်ရသည်။ မပင်မပန်း ရသည်။

၅။ ရဟန်းတော်သည် မြေလျှိုး မိုးပျံနိုင်သည်။ လ-နေတို့ကိုပင် လက်ထဲဆုပ်ပြနိုင်စွမ်းရှိသည်။ ဣဒ္ဓိဝိဓအဘိညာဏ်နှင့် ပြည့်စုံသည်။

၆။ ရဟန်းတော်သည် နတ်ပြည်က စကား၊ လူ့ပြည်က စကား၊ အနီးက စကား၊ အဝေးက စကား။ စကားဟူသမျှ ကြားနိုင်သည်။ ဒိဗ္ဗသောတ အဘိညာဏ်နှင့် ပြည့်စုံသည်။

၇။ ရဟန်းတော်သည် လောဘစိတ် အလောဘစိတ် ဒေါသစိတ် အဒေါသစိတ် မောဟစိတ် အမောဟစိတ်။ စိတ်

ဟူသမျှ သိသည်။ သူတပါး၏ စိတ်အကြံကို ပိုင်းခြား၍ အမှန် သိသည်။ ပရစိတ္တ ဝိဇ္ဇာနန အဘိညာဏ်နှင့် ပြည့်စုံသည်။

၈။ ရဟန်းတော်သည် ဘဝ ရာထောင်ကို သိသည်။ ဘဝ သိန်းသန်းကို မြင်သည်။ အစဉ်လျှောက်၍ အသေးစိတ် အောက်မေ့နိုင်သည်။ ပုဗ္ဗေနိဝါသနုဿတိ အဘိညာဏ်နှင့် ပြည့်စုံသည်။

၉။ ရဟန်းတော်သည် ကံအားလျော်စွာ လစ်းကြသည့် သတ္တဝါတို့ကို မြင်သည်။ ယုတ်သူကိုလည်းမြင်၊ မြတ်သူကိုလည်းမြင်။ ဂတိကောင်းသူကိုလည်းမြင်၊ မကောင်းသူကိုလည်းမြင်။ သတ္တဝါဟူသမျှကို မြင်ရသည်။ ဒိဗ္ဗစက္ခုအဘိညာဏ်နှင့် ပြည့်စုံသည်။

၁၀။ ရဟန်းတော်သည် အာသဝေါ ကုန်သည်။ အာသဝေါ ကင်းသည်။ အရဟတ္တဖိုလ် ပညာကို မျက်မှောက်ပြုသည်။ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ ဝင်စားနိုင်သည်။

ဇကာဝဿကာရ– ဗုဒ္ဓက ဤကြည်ညိုဖွယ်တရား ဆယ်ပါးကို ဟောခဲ့သည်။ ထိုဆယ်ပါးနှင့် ပြည့်စုံသူကို ငါတို့ရှိခိုးကြသည်။ မြတ်နိုးကြသည်။ အရိုအသေပေး အလေးအမြတ်ပြုနေကြသည်။

ထိုအခါက....

ဝေဿကာရ ပုဏ္ဏားက မဂဓတိုင်း အမတ်ကြီး။ ဥပနန္ဒက စစ်သူကြီးဖြစ်သည်။ စစ်သူကြီး ဥပနန္ဒဘက်ကို မျက်နှာလှည့်လျက်။

ဘယ့်နှယ် စစ်သူကြီး။ အရှင်အာနန္ဒာရဲ့ ဒေသနာကိုဘယ်လိုသဘော ပေါက်သလဲ။

“ရဟန်းတော်တွေဟာ ရိုသေထိုက်သူကိုမှ ရိုသေကြတယ်။ ပူဇော်ထိုက်သူကိုမှ ပူဇော်ကြတယ်။ ကြည်ညိုဖွယ်တရား ဆယ်ပါးနဲ့ ပြည့်စုံသူကိုမှ မရိုသေရင် ဘယ်လို ပုဂ္ဂိုလ်မျိုးကို သူတို့ရိုသေကြအုံးမှာလဲ။ ရဟန်းတော်တွေရဲ့ မူ မှန်ပေစွ။”

ထောက်ခံစကား စစ်သူကြီးအား ပြောသည်။

စစ်သူကြီးကလည်း သဘောကျကျ။ သို့သော်ဘာမျှမဟ။

သို့ဖြင့် ဝဿကာရကပင် အရှင်အာနန္ဒာနှင့် စကားဆက်ရပြန်သည်။ချွန်နှင့် စပ်သော စကားတို့ကို လျှောက်သည်။

အကုသိုလ် ဓမ္မတခုခုကို အတွင်းပြု၍ ရှုခြင်းမျိုးကို ဗုဒ္ဓမချီးမွမ်း။ အကုသိုလ်တွေပိတ်။ နီဝရဏတွေဆိတ် ဝိတက်ဝိစာရ ပီတိ သုခ ကေဂ္ဂတာ၊ ထိုထိုချွန်အင်္ဂါတို့နှင့် တကွ ရောက်သည့်ချွန်မျိုးကိုသာ ဗုဒ္ဓ ချီးမွမ်းသည်။

ဤသို့အာနန္ဒာ ရှင်းပြချက်ကို စိတ်ထဲ စွဲစွဲမှတ်လျက် နှစ်သက်ခြင်းများစွာ ဖြစ်သည်။ နေရာမှထ ဖဲ့သွားခဲ့ပါသည်။

ဝဿကာရ အပြန်။ ဂေါပက မောဂ္ဂလာန်က မူလာကား ပြန်ဆက်ရန် အရှင်အာနန္ဒာအား တောင်းပန်သည်။

ဖြေပြီးပါကော။ ဝဿကာရကို ဟောပြလိုက်သည် ဟုတ်ပါလော။ အရှင်အာနန္ဒာက မိန့်တော်မူသည်။

(ဤ)ဂေါပက မောဂ္ဂလာန် သုတ္တန်ကိုလေ့လာလျှင် .

ဂေါပက မောဂ္ဂလာန် ပုဏ္ဏား၏ သဒ္ဓါတရားတို့ကအားကျဖွယ်ဖြစ်သည်။ အရှင်အာနန္ဒာအား လျှောက်ထားနေသော စကားတို့က မှတ်သားဖွယ် အတုယူဖွယ် ကောင်းသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အိမ်တိုင်း အိမ်တိုင်းမှာ ရဟန်းသံဃာတော်နှင့် မကင်းကြ။ ဆွမ်းခံထိုင် ကိုယ်တော် တပါးစ နှစ်ပါးစ အနည်း ရှိကြမြဲ။

ရဟန်းတော် သံဃာတော်တွေ အိမ်သို့ ကြွလာပြီဆိုလျှင် ဂေါပက မောဂ္ဂလာန် ပုဏ္ဏားက အရှင်အာနန္ဒာအား လျှောက်ထားသလို လျှောက်ထားဖို့။ နေရာထိုင်ခင်းလှူသလို လှူဖို့။ မရှင်းသောတရားဓမ္မတို့ကို မေးသလို မေးဖို့၊ ဓမ္မသဝနကုသိုလ် ယူတတ်ကြရန်လိုသည်။ ဆရာနှင့်ဒကာ ဆက်ဆံနည်း ပေးသွားသည့် မောဂ္ဂလာန်ဖြစ်သည်၊

အချိန်က ဗုဒ္ဓပရိနိဗ္ဗာန် စံပြီးစ။

ထိုအချိန်၌ မောဂ္ဂလာန်ပုဏ္ဏား ဝဿကာရပုဏ္ဏားတို့မှာ သာသနာရေးအတွက်ရတက် အေးကြဟန်ရှိသည်၊ သာသနာတော်ပို၍ ပို၍တည်စေစည်စေ ချင်သည်။ ရဟန်းတော်တွေ တိုး၍ တိုး၍

ညီညွတ်စေချင်သည်။ ပုဏ္ဏားကြီးတို့၏ ရည်မှန်းသော ဆန္ဒတို့ကို ဤသုတ္တန်၌ အထင်အရှား မြင်တွေ့ရသည်။

ဝိနည်းပိဋကသည် အာဏာ ဒေသနာ။

သုတ္တန်ပိဋကသည် ဝေါဟာရ ဒေသနာ။

အဘိဓမ္မာပိဋကသည် ပရမတ္ထ ဒေသနာ။

ရဟန်းသံဃာတော်တို့အား ဝိနည်းပိဋက က ဆုံးမသည်။ သုတ္တန်ပိဋက အဘိဓမ္မာပိဋကတို့က ပညာကြွယ်စေသည်။ ရဟန်း သံဃာတော်တို့သည် ဝိနည်းပိဋက၏ အဆုံးအမအောက်၌ ပိပိရိရိ နေ၍ တရားဓမ္မ တို့ကို ကြိုးကြိုးစားစား အားထုတ်နေကြ ကြောင်း တရားတော်က ဗုဒ္ဓကိုယ်စား ဆုံးမကြောင်း ကြည်ညိုရသည်။

"ရဟန်းဘောင်ဝတ်ဟာ ရှိသသထိုက်သူမှ ရှိသေကြတယ်။ ပူဇော်ထိုက်သူကိုမှ ပူဇော်ကြတယ်။ ကြည်ညိုဖွယ်တရား ဆယ်ပါးနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်ကိုမှ မရှိသေရင်ဘယ်လို ပုဂ္ဂိုလ်မျိုးကို သူတို့ ရှိသေကြအုံးမှာလဲ"

ဟူသော ဝဿကာရ ပုဏ္ဏားကြီး၏။ စကားသည် အရှင် အာနန္ဒာဟောပြသည့် "ကြည်ညိုဖွယ် ဆယ်ပါး" နာကြားရ သည့် စေတနာမှ မြစ်ဖျားခံသည်။ တကယ်ကြည် ညိုဖွယ် ဂုဏ်

တွေ့ပါကလား ဟု ကျေနပ် နှစ်သိမ့် လွန်းသော ပီတိမှပေါက်ဖွားလာသည့် အဆို။

အရှင်အာနန္ဒာကို ပုဏ္ဏားတွေက အလွန်ကြည်ညိုကြသကိုး အနာဂတ်သာသနာရေး ဤသို့ဤသို့ ဆွေးနွေးခဲ့ကြသကိုး။

(၂၀)

# ဥဏ္ဏာဘ ပုဏ္ဏား

## နိဗ္ဗာန်နောက်–ဘာမှမရှိ

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓ သီတင်းသုံး တော်မူခိုက်။

ဥဏ္ဏာဘပုဏ္ဏားက ဗုဒ္ဓအား ဝပ်တွားသည်။ ဝမ်းမြောက် ဝမ်းသာဆိုသည်။ ဤစကားကို လျှောက်သည်။

ဗုဒ္ဓ–စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ။ ထိုဣန္ဒြေငါးပါးတို့၏ မှီခိုရာက ဘာလဲ။ ဘယ်အရာက မှီခိုကြသလဲ။

ဥက္ကာဘ - ထိုဣန္ဒြေငါးပါးတို့သည် အာရုံအမျိုးမျိုးမှာ ကျက်စားကြသည် အချင်းချင်း၏ ကျက်စားရာ အာရုံကိုမခံစားကြ။ စိတ်ကို သူတို့ မှီခိုကြသည်။ စိတ်သည် ထိုဣန္ဒြေငါးပါးတို့၏ မှီခိုရာဖြစ်သည်။

ဗုဒ္ဓ - ထိုဣန္ဒြေငါးပါးတို့၏ ကျက်စားရာ အာရုံကို ဘာက ခံစားသလဲ။

ဥက္ကာဘ— စိတ်ကပင် ခံစားသည်။

ဗုဒ္ဓ စိတ်၏မှီခိုရာက ဘာလဲ။ ဘယ်အရာကို စိတ်ကမှီခိုသလဲ။

ဥက္ကာဘ— သတိကိုမှီခိုသည်။ သတိသည် စိတ်၏မှီခိုရာဖြစ်သည်။

ဗုဒ္ဓ - သတိ၏မှီခိုရာက ဘာလဲ။ ဘာကို သတိက မှီခိုသလဲ။

ဥက္ကာဘ— ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိကို မှီခိုသည် ဝိမုတ္တိသည် သတိ၏ မှီခိုရာဖြစ်သည်။

ဗုဒ္ဓ - ဝိမုတ္တိ၏ မှီခိုရာက ဘာလဲ။ ဘာကို ဝိမုတ္တိက မှီခိုသလဲ။

ဥက္ကာဘ— နိဗ္ဗာန်ကို မှီခိုသည်။ နိဗ္ဗာန်သည် ဝိမုတ္တိ၏မှီခိုရာ ဖြစ်သည်။

ဗုဒ္ဓ - နိဗ္ဗာန်၏ မှီခိုရာကတော့ ဘာလဲ။ ဘာကို နိဗ္ဗာန်က မှီခိုသလဲ။

ဥက္ကာဘ— ပြီးပြီလေ။ ဆုံးပြီလေ။ ပြဿနာ၏ အဆုံးကိုယူဖို့ သင်ပဏ္ဍာမစွမ်းနိုင်တော့။ နိဗ္ဗာန်၌သာ နောက်ဆုံးသက်ဝင်ကြတာမို့ ထိုနိဗ္ဗာန်သို့ ရောက်အောင်သာ အကျင့်မြတ်ကို ကျင့်သုံးလေ။

အာမဘန္တေ ပါဗုဒ္ဓ။ ဥဏ္ဏာဘက လျှောက်သည်။ ဝမ်းမြောက်ခြင်း များစွာဖြင့် လက်အုပ်ချီမိုး ရှိခိုးပြီး ရှေ့ခရီးကို ဆက်ကျင့်ပါတော့သည်။

ဥဏ္ဏာဘပုဏ္ဏား ထသွား၍အချိန်များများပင် မကြာသေး။ ဗုဒ္ဓက ဘိက္ခုတို့ကိုမိန့်သည်။

ဘိက္ခုတို့- ငါ မေးမည်။ အိမ်ဖြစ်ဖြစ်၊ ကျောင်းဖြစ်ဖြစ်၊အရှေ့ပြတင်းပေါက်မှ ဝင်လာသော နေ-လအလင်းရောင်သည် ဘယ်အရပ်၌ တည်သလဲ။

ဗုဒ္ဓ - အနောက်နံရံ၌ တည်ပါသည်။

ဘိက္ခုတို့- ဒီဥပမာအတိုင်းပင်။
ဥဏ္ဏာဘ ပုဏ္ဏား၏ ယုံကြည်မှုသဒ္ဓါသည် ငါ၌ တည်သည်။ ငါ ဗုဒ္ဓ၌ မြဲမြဲမြံမြံကြီး တည်သည်။ သမဏဖြစ်စေ၊ ပြာဟ္မဏဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ပြဟ္မာဖြစ်စေ၊ လောက၌တစုံတစ်ယောက်သောသူကမျှ မရွှေ့ပြောင်း နိုင်တော့။

ဘိက္ခုတို့ - ဒါ့ကြောင့် ဥဏ္ဏာဘပုဏ္ဏား ဘဝပြောင်းခဲ့မူ ဤလောက တဖန် ပြန်လာစေတတ်သည့် သံယောဇဉ်တွေ သူ ဖြတ်တောက်ပြီးပြီလေ။

(ဤဥဏ္ဏာဘသုတ္တန်ကို လေ့လာလျှင်—

ဣန္ဒြေဟူသည် အစိုးရခြင်း။ ဆိုင်ရာ ဆိုင်ရာ၌ ပိုင်ပိုင်နိုင်နိုင် ကျက်စားခြင်း အဓိပ္ပာယ် ရှိသည်။

စက္ခုန္ဒြေက ရူပါရုံကို၊ သောတိန္ဒြေက သဒ္ဒါရုံကို ဃာနိန္ဒြေက ဂန္ဓာရုံကို ဇိဝှိန္ဒြေက ရသာရုံကို ကာယိန္ဒြေက ဖောဋ္ဌဗ္ဗာရုံကို ပိုင်သည်။ အစိုးတရ ကျက်စားသည်။

စိတ်သည် ဆန်းကြယ်၏။ သတ္တိထက်၏။ အရှိန်အဝါကြီး၏ ဆင်းရဲကိုလည်းကြိုက်၏။ ချမ်းသာကိုလဲ ကြိုက်၏။ မြင်မြင်သမျှ အာရုံ ခုံမင်နှစ်ခြိုက်သည်မှာ စိတ်။

ဣန္ဒြေငါးပါးတို့က အာရုံငါးပါးကို အစိုးရကြသော်ငြား စိတ်ကသာ ထိုထိုအာရုံတို့ကို ခံစားသည်။

ယောက်မက ဟင်း၏ အရသာမသိ။ လျှာကသာ ကောင်း မကောင်းသိသလိုပင်။ စိတ်သည် သခင်။

"စိတ်၏မှီခိုရာက ဘာလဲ" ဟူသော ဥဏ္ဏာဘပုဏ္ဏား၏အမေးကို [သတိ]ဖြစ်ကြောင်း ဗုဒ္ဓက ဖြေသည်။

သတိက ဆားနှင့်တူသည်။ သတိမပါ အရာရာမပြီး။ အရေးကြီးဆုံးဖြစ်သောကြောင့်လည်း သတိနှင့်နေကြလို့ ဗုဒ္ဓကနောက်ဆုံးပိတ် မှာခဲ့ခြင်းမဟုတ်လော (ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ပစ္ဆိမဝစန)

သီးဖြူဆောင်း မင်းပေါင်း ထောင်သောင်းကို စကြာဝတေး မင်းက ကွပ်ကဲသည်။ ရှိရှိတမျှ တရားဓမ္မ ကိစ္စဟူသမျှကို သတိက စိုးအုပ်သည်။ ထိုသတိကို စိတ်ကမှီခိုသည်။ အရာရာ၌ သတိရှေ့သွားပြုပြီး စိတ်ကို ဖြစ်စေရမည်။

စိတ်၏အဆုံးသည်သတိ။ သတိ၏အဆုံးသည် ဝိမုတ္တိ၊ ဝိမုတ္တိ၏အဆုံးသည် နိဗ္ဗာန်ဖြစ်ကြသည်။ သတိခေါင်းဆောင်သော စိတ်ဖြင့် ကြိုးစားကျင့်ကြံမှု ကိုလောသာမှ လွတ်မြောက် မဂ်ဖိုလ် နိဗ္ဗာန်သို့ပေါက်ရောက်မည်ဟူသော အမြိုက်ဆေးကို ဥဏ္ဏာဘ ပုဏ္ဏားအား တိုက်ကျွေးလိုက်ခြင်း။

ဗုဒ္ဓက ညာဏ်တော်ရှင်။ ဥဏ္ဏာဘက အောက်ပိုင်း သံယောဇဉ် ကင်းစင်။

ဥဏ္ဏာဘ၏ သန္တာန်မှာ ခန္ဓာကိုယ်ကိုစွဲပြီး လွဲမှားသည့်အယူမျိုးလဲမရှိတော့၊ ရတနာသုံးပါး စသည့်၌ သို့လော သို့လော ဖြစ်မှုတွေလဲမရှိတော့။ ထိုသက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့သာ ပြတ်သည်ဟုတ်။ သီလဗ္ဗတပရာမာသ ကာမစ္ဆန္ဒ ဗျာပါဒတို့ပါ ပြတ်ခဲ့ပြီ။

သို့သော် ရူပရာဂ အရူပရာဂ မာန် ဥဒ္ဓစ္စအဝိဇ္ဇာ။ အထက်ပိုင်း သံယောဇဉ်ငါးမျိုးက ကျန်သေးသည်။ ထိုငါးမျိုးကိုလဲ ဇွဲနဘဲ ကြိုးကြိုးဖြင့် ပယ်ဖျောက် မြတ်ချိုးဦးမည် ဟု ဗုဒ္ဓက သိပြီ။

ဘာ့ကြောင့် သိသလဲ။

ဥဏ္ဏာဘပြဟ္မဏ သုတ္တန်သည် ဥဏ္ဏာဘ ပုဏ္ဏား၏ သဒ္ဓါတရားကို ဖော်ဆောင်သည်။ သတိအရေးကြီးကြောင်း ပြသည်။ ဣန္ဒြေငါးပါး အာရုံငါးပါး စိတ်တရား စသည့် အသိဓမ္မာသဘောတို့ကို အခြေခံသည်။

နိဗ္ဗာန်ရောက်လိုသလား။ ကိလေသာမှ လွတ်မြောက်အောင် ကျင့်။

ကိလေသာမှ လွတ်မြောက်လိုသလား။ သတိတရားရှေ့ထား။ အရာရာ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ကုသိုလ်သတိ ရှိပါမှ– သန္တိနိဗ္ဗာန် ဝင်စံနိုင်မည်ဟူ၍။

တဆင့်တက် ထက်ရလေ၍ နိဗ္ဗာန်၏နောက် ဘာမျှ မရှိ။ နိဗ္ဗာန်သည် နောက်ဆုံးခရီး ဟူ၍....။)

အဆင့်–မြင့်ကြပါစေ။

* ပေါင်းအမှတ် ၁၅ အဆုံးမျက်နှာ ၂၂၄။
ပေါင်းအမှတ် ၁၆ အစစာမျက်နှာ ၂၂၅ ဖြစ်ရမည့်အစား ၁၅၇ ဖြစ်သွားပြီး။ အခန်း(၁၇)ဥဇ္ဇုယပဋ္ဌာန်း၏ ဒုတိယ မျက်နှာတွင် စာမျက်နှာ ၂၆၀ဟု မှားယွင်းတတ်မိပါသည်။ ယင်း ၂၆၀မှ ဆက်လက်၍ မာတိကာကောက်သည်။

သုရိန် ပုံနှိပ်တိုက်

# အမှန်သို့ ပြင်ဆင်ခြင်း

| မျက်နှာ | ကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၉ | ၃၊၆ | ဖုံးလွှမ်း | ဖုံးလွှမ်း |
| ၃၉ | ၁၁ | (....) | အပိုဒ်(ဃ) |
| ၄၀ | ၅ | ပီတိ | ပီတိ |
| ၄၆ | ၁၅ | ကြေမည် | ကျေမည် |
| ၄၇ | ၁၆ | မဒ္ဒက | ဗုဒ္ဓက |
| ၄၈ | ၁၉ | မဂ္ဂလုလင်ကို | မဂ္ဂင်အလုပ်ကို |
| ၅၀ | ၅ | မဟာပုရိသ | မဟာပုရိသ |
| ၅၁ | ၂၁ | ကွန်ရက်ရှက် | ကွန်ရက်ယှက် |
| ၅၂ | ၁၂ | ေ ာင့် | ကြောင့် |
| ၅၆ | ၁၀ | ဆိုင်ကြဦး | ဆိုင်းကြဦး |
| ၅၈ | ၂ | မလွှတ်မြောက် | မလွှတ်မြောက် |
| ၅၉ | ၁ | သညာယတန | သညာယတန |
| – | ၄ | ကုန်းခန်းပြီ။ | ကုန်ခန်းပြီး |
| – | ၁၂ | ဗျာကဂုဏ်ကျမ်း | ဗျာကရုဏ်း ကျမ်း |
| ၆၀ | ၉ | အခြေခံဝါဒ္ဒ | အခြေခံဝါဒ |
| ၆၂ | ၁၀ | တိတ္တိုကြီး | တိတ္ထိုကြီး |
| ၆၅ | ၃ | သာဝတ္တိပြည် | သာဝတ္ထိပြည် |
| ၆၆ | ၇ | အသတ် | အသက် |
| ၇၅ | ၄ | တိုတမဏာ ပြဟ္မာဏာ | ထိုသာမဏာ ပြာဟ္မဏာ |
| ၇၆ | ၁၃ | မဝ္ဝတ်ပဲလဲ | မဝတ်ပဲလည်း |
| ၈၃ | ၆ | မဲနဲ | မဲနယ် |

| | | | |
|---|---|---|---|
| ၈၃ | ၁၀ | ဣရှု-ယဇ္ဇု- | ဣရှ-ယဇ္ဇု |
| ၈၄ | ၄၊၅၊၆၊၇ | သဗေဗာဇ္ဈင် | သမ္ဗောဇ္ဈင် |
| ၈၇ | ၁၇ | ဇာ:တ်နိမ်တွဲ | ဇာတ်နိမ့်တွဲ |
| ၈၈ | ၁၉ | ကကျွန္တတ်ဘွား | ကကျွန္တယ်ဖွား |
| ၉၁ | ၁၇ | ဇွဲနဘဲ | ဇွဲနပဲ |
| – | ၁၈ | မြွားကမကျ | မြွားကမကျ |
| ၉၂ | ၈ | မြွားကို | မြွားကို |
| – | ၉ | ဗုံးဗုံးကျ | ဗုန်းဗုန်းကျ |
| – | ၁၀၊၁၄ | မြွားသို | မြွားကို |
| ၉၅ | ၆ | ငင်းမျိုးထဲဝင် | မင်းမျိုးထဲမဝင် |
| ၉၉ | ၂ | ဥဒ္ဒဗကုက္ကုစ | ဥဒ္ဓစ္စကုက္ကုစ္စ |
| ၁၀၂ | ၂၀ | စရင်းထဲ | စာရင်းထဲ |
| ၁၀၃ | ၁၉ | ခေါင်းငိုက်ဆိုက် | ခေါင်းငိုက်စိုက် |
| ၁၀၆ | ၇ | မူဟုတ် | မဟုတ် |
| ၁၀၇ | ၁၆ | အုံးအုံးကျွက်ကျွက် | အုတ်အော်ကျက်ကျက် |
| ၁၁၂ | ၆ | ပုဒ္ဓမိန့်ကြွားတဲ | ဗုဒ္ဓမိန့်ကြားတဲ့ |
| ၁၂၄ | ၅ | မိဖ | မိဘ |
| ။ | ၂၂ | မြွတ်သသည် | မြွတ်သည် |
| ။ | ၂၂ | ဟူတော | ဟူသော |
| ၁၂၅ | ၂၀ | ဆတုမဟာရာဇ် | စာတုမဟာရာဇ် |
| ၁၂၇ | ၁၆ | သူယုမာထက် | သူ့ယုတ်မာထက် |
| ၁၂၈ | ၁၄ | မည်သည်လဲ | မည်သည်လည်း |
| ၁၂၉ | ၆ | ဤသူတ္ထန် | ဤသူတ္တန် |
| ။ | ၁၃ | ဒုက္ခမှုစ္စန္တါ | ဒုက္ခမှုစ္စန္တါ |
| ၁၃၀ | ၁၄ | မိဖ | မိဘ |

| | | | |
|---|---|---|---|
| ၁၃၁ | ၁၁ | ဂျောက်ထဲ | ချောက်ထဲ |
| ၁၃၃ | ၆ | ပေါရက္ခသာတိ | ပေါက္ခရသာတိ |
| ၁၃၄ | ၁ | အမိဖက်-အဖဖက် | အမိဘက်-အဘဘက် |
| ။ | ၃ | ဘာရဒွါ | ဘာရဒွါဇ |
| ။ | ၅ | ဗြသ္မဏ | ဗြဟ္မဏ |
| ၁၃၅ | ၅ | အခြားသတ္တိဝါ | အခြားသတ္တဝါ |
| ၁၃၆ | ၁၉ | ငါသေဋ္ဌ | ဝါသေဋ္ဌ |
| ၁၃၇ | ၁၂ | ပဋိစသမုပ္ပါဒ် | ပဋိစ္စသမုပ္ပါဒ် |
| ၁၃၈ | ၂၊၃၊၄၊၅ | အနန္တတ္တာ၊ ရူဋ္ဌိ | အနန္တတ္တ ရုဋ္ဌိ |
| ၁၃၉ | ၂၂ | ဒီဃနိကာယ် | ဒီဃံနိကာယ် |
| ၁၄၀ | ၁၅ | ဂုဏာဗြဟ္မဏ | ဂုဏဗြဟ္မဏ |
| ၁၄၁ | ၁၃ | ဘူရိဒတ် | ဘူရိဒတ် |
| ၁၄၂ | ၅ | နိကာယ် | နိကာယ် |
| ။ | ၆ | မည့်ညွန်းသည် | ရည်ညွှန်းသည် |
| ။ | ၁၅ | ဟောဟာရကို | ဝေါဟာရကို |
| ၁၄၅ | ၄ | အင်ကြွင် ;တာ | အင်ကြွင်းတော |
| ၁၄၆ | ၆ | ထူးဆန်ထွေလာ | ထူးဆန်းထွေလာ |
| ၁၄၆ | ၉ | စင်္ကီပုလ္လား | စင်္ကီပုဏ္ဏား |
| ၁၄၇ | ၁၆၊၁၇ | ဝိဇ္ဇာစဏသမ္ပန္န | ဝိဇ္ဇာစရဏသမ္ပန္နံ |
| ၁၄၈ | ၁၄ | တကယ်တော် | တကယ်သော် |
| ၁၅၆ | ၁၅ | နှစ်လည် | နှစ်လည်း |
| ၁၅၇ | ၃ | စင်္ကီသုတ္ထာန် | စင်္ကီသုတ္တန် |
| ။ | ၇ | မရသလို | မရှိသလို |

| | | | |
|---|---|---|---|
| ၁၅၇ | ၁၃ | တယာက် | တစ်ယောက် |
| ၁၅၈ | ၉ | အတူယူရသည် | အတုယူရသည် |
| ၁၅၉ | ၅ | မိဖ | မိဘ |
| ။ | ၁၈ | အမဲကျက် | အမည်းကွက် |
| ၁၆၀ | ၉ | ဖန်ဆင် | ဖန်ဆင်း |
| ။ | ၁၉ | မဇ္ဈိမနိကယ် | မဇ္ဈိမနိကာယ် |
| ၁၆၁ | ၁၇ | အသေးစိတ် | အသေးစိတ် |
| ၁၆၂ | ၁၈ | ကပဋိက | ကာပဋိက |
| ၀၆၃ | ၁ | ဇာတကုသောဏ | ဇာတကုသောဏိ |
| ။ | ၈ | မိဖ | မိဘ |
| ။ | ၉ | ကုမ္ဘီး | ကုဗ္ဘီး |
| ၁၆၉ | ၁၁ | ဥပ္ပိပါသိက | စုပ္ပိပါသိက |
| ၁၇၁ | ၁ | ။ | ။ |
| ။ | ၁၂ | ။ | ။ |
| ၁၇၂ | ၈ | အရှင်သပ္ပိန | အရှင်ကပ္ပိန |
| ။ | ၁၀ | ပုဏ္ဏ်ားသဌေး | ပုဏ္ဏားသဌေး |
| ၁၇၇ | အခန်း(၁၄) | ဝေရဥ္စပုဏ္ဏား ဝေရဥ္စာပြည် | ဝေရဥ္စပုဏ္ဏား ဝေရဥ္စာပြည် |
| ။ | ၉ | ရှိလဲမခိုး | ရှိလည်းမခိုး |
| ၁၇၈ | ၁ | ခရီးဦးလဲမကြို | ခရီးဦးလည်းမကြို |
| ။ | ၁၄ | ဂဒ္ဓာ | ဂန္ဓာ |
| ။ | ။ | ဗောဋ္ဌဗ္ဗာရုံ | ဖောဋ္ဌဗ္ဗာရုံ |
| ။ | ၁၈ | ရဟန်းပေါတမ | ရဟန်းဂေါတမ |
| ၁၈၃ | ၁၄ | တိတ္တိတို | တိတ္တိတို့ |